# သဘာဝ ဝိပဿနာကျမ်း



ဆရာကြီး ဦးကြည်

(သစ္စာဒီပက - မူလဓမ္မာစရိယ)

9
7

# သဘာဝဝိပဿနာကျမ်း

ဆရာကြီး ဦးကြည်
( သစ္စာဒီပက - မူလဓမ္မာစရိယ )

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၂၄၆/၂၀၀၄ (၄)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၄၅/၂၀၀၄ (၅)

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၄၊ မေလ

မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်သူ - ဦးမြင့်ဝေ (၀၂၉၀၇)
ရွှေပြည်တန် ပုံနှိပ်တိုက်
မန္တလေးမြို့။

ထုတ်ဝေသူ - ဦးမြင့်ဝေ (၀၁၆၆၈)
ရွှေပြည်တန် စာပေ
အမှတ် (၅၉၄/B)
၈၃ / ၄၁ လမ်းထောင့်၊
မန္တလေး။

အုပ်ရေ - ၁၀၀၀

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတ ၏ အမှာစာ | က |
| ၂။ | ဆရာကြီး ဦးကြည် ၏ အတ္ထုပ္ပတ္တိ အကျဉ်း | ဈ |
| ၃။ | ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း | ၁ |
| ၄။ | ဗုဒ္ဓသာသနာ | ၃ |
| ၅။ | သာသနာတော်၏ ပင်ရင်း | ၈ |
| ၆။ | ကျွန်ုပ်တို့ ကုသိုလ်ကောင်းသည် | ၁၀ |
| ၇။ | ဆရာရှာပါ | ၁၁ |
| ၈။ | သာသနာ သမ္ပဒါ ၃ ပါး | ၁၃ |
| ၉။ | ရတနာ အစစ်အမှန် | ၁၄ |
| ၁၀။ | တိုက်တွန်းချက် | ၁၅ |
| ၁၁။ | မှန်ကန်မှု၏ ရအပ်သော အကျိုး | ၁၇ |
| ၁၂။ | ပဋိပတ္တိ သာသနာ | ၁၉ |
| ၁၃။ | သတိပဋ္ဌာန် သာသနာ | ၂၄ |
| ၁၄။ | သတိပဋ္ဌာန် မှန်ရန် | ၂၅ |
| ၁၅။ | စရိုက်နှင့် သတိပဋ္ဌာန် | ၂၉ |
| ၁၆။ | ဧကာယနမဂ် | ၃၃ |
| ၁၇။ | မြတ်စွာဘုရား၏ မဟာကရုဏာတော် | ၃၆ |
| ၁၈။ | လက်တွေ့လုပ်နည်းပိုင်း | ၃၇ |
| ၁၉။ | ပရမတ် ဝိပဿနာ | ၃၇ |
| ၂၀။ | ခန္ဓာကို ရှုမြင်သောဉာဏ် | ၄၀ |
| ၂၁။ | ရှုဉာဏ် မိဖွဲ့မြဲ ပဋိပဒါ | ၄၄ |
| ၂၂။ | ဥပမာ - ၃ ချက် | ၄၇ |

| | | |
|---|---|---|
| ၂၃။ | ဩဃတရဏာသုတ် | ၅၁ |
| ၂၄။ | ပုန်းအောင်းသူနှင့် လွှန်ပြေးသူ | ၅၄ |
| ၂၅။ | အစွန်းတရားဟူသည် | ၅၅ |
| ၂၆။ | မဇ္ဈိမပဋိပဒါ | ၅၉ |
| ၂၇။ | လုပ်ငန်းခွင့်သတိ | ၆၁ |
| ၂၈။ | ဗြဟ္မဇာလသုတ် | ၆၂ |
| ၂၉။ | မဟာသီဝထေရ် | ၆၇ |
| ၃၀။ | ဆန္နထေရ် | ၇၀ |
| ၃၁။ | ဓမ္မာနုပဿနာ | ၇၆ |
| ၃၂။ | ဓမ္မာနုပဿနာကား | ၇၈ |
| ၃၃။ | ခန္ဓာကိုမြင်ပုံ | ၇၉ |
| ၃၄။ | ရှုကွက်အမှန်ခန္ဓာ | ၈၁ |
| ၃၅။ | ခန္ဓာသည် ပင်ကိုယ်အမှန်တရား | ၈၄ |
| ၃၆။ | ပညတ်ပရမတ် | ၈၇ |
| ၃၇။ | သတိတရားရရန် | ၉၀ |
| ၃၈။ | သက္ကာယဒိဋ္ဌိ | ၉၁ |
| ၃၉။ | မဇ္ဈိမပဋိပဒါ | ၉၆ |
| ၄၀။ | ဘာဝိတာ ဗဟုလီကတာ | ၁၀၀ |
| ၄၁။ | အပျက်ဆိုတာ ဘာလဲ | ၁၀၂ |
| ၄၂။ | အပျက်ရှုလျှင် ဆင်းရဲမြင် | ၁၀၈ |
| ၄၃။ | ဆင်းရဲမြင်က စိုးမရ | ၁၁၀ |
| ၄၄။ | ပရမတ် အနိစ္စ | ၁၁၃ |
| ၄၅။ | ပရမတ်ကြည့်မှ အမှန်သိရ | ၁၁၇ |
| ၄၆။ | ဥပေက္ခာနည်း | ၁၂၃ |

၄၇။ ဣန္ဒြိယ ဘာဝနာသုတ် ၁၂၈
၄၈။ အဆန်းမဟုတ်သော ရှုနည်း ၁၃၅
၄၉။ ဥပေက္ခာ ဝေဒနာ ၁၄၁
၅၀။ ဝိပဿနာ၏ ဥပဒေသ ၁၄၈
၅၁။ ဗာဟိယခေါ် ဒါရုစီရိယ ၁၄၉
၅၂။ စိစစ်ဝေဖန်ရန် ၁၅၁
၅၃။ ဝိပဿနာအစိက ဥပေက္ခာ ၁၆၃
၅၄။ သစ္စာနည်း ၁၆၇
၅၅။ သတိပဋ္ဌာန် ကျင့်လမ်းမှန် ၁၆၉
၅၆။ သစ္စာသိဖို့ ဦးတည်ရန် ၁၇၅
၅၇။ ဇာတိဒုက္ခ ၁၇၇
၅၈။ ဇာတိပိဒုက္ခာ ၁၈၁
၅၉။ ပဋိသန္ဓေ အနေဆင်းရဲ ၁၈၅
၆၀။ ဇရာပိဒုက္ခာ ၁၈၈
၆၁။ ဒုက္ခသစ္စာ ဤခန္ဓာ ၁၉၃
၆၂။ သက္ကာယဒိဋ္ဌိ ၁၉၇
၆၃။ နိဂုံးချုပ် ၂၀၃

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တစ်နေ့တွင် ရဟန်းဒါယကာဖြစ်သူ သစ္စာဒီပက ဆရာဦးကြည်၏ ဝိပဿနာအဖွဲ့ နာယကတစ်ဦးလည်းဖြစ်သော ဆရာဦးမောင်အုန်းသည် ရဟန်းဒါယိကာမ ဖြစ်သူ ဒေါ်ယဉ်အေးနှင့် အတူ "သဘာဝ ဝိပဿနာကျမ်း"ကို ယူဆောင်ကာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ရှိ နာယကချုပ်အဆောင်တော်သို့ ရောက်လာကြပါသည်။ ရှိခိုးဖူးမြင်ပြီးနောက် မဝံ့မရဲဖြင့် ဆရာတော် အလုပ်များကြောင်း သိရှိပါသည်။ သို့သော် တပည့်တော်များအား သနားသဖြင့် ဤ "သဘာဝဝိပဿနာ" ကျမ်းကို ဖတ်ရှုလေ့လာပြီး အမှာစာ ချီးမြှင့်ပေးစေလိုကြောင်း တောင်းပန်လျှောက်ထားလာပါသည်။ ကြာမြင့်မည်ဖြစ်ကြောင်း မိန့်ကြားသော်လည်း ကြာမြင့်ပါစေ ဘုရား တပည့်တော်များ အရှင်ဘုရား၏ အမှာစာကို ရယူလိုပါကြောင်း ထပ်မံလျှောက်ထားသဖြင့် လက်ခံရယူထားပါသည်။ "မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ" ဆိုသည့်အတိုင်း မိမိလက်ခံထားသည်ကို ပြုလုပ်ဆောင်ရွက်ပေးရမည့် တာဝန်ရှိလာပြီ၊ သို့ဖြစ်၍ကား အချိန်ယူ၍ တဖြည်းဖြည်း ဖတ်ရှုလေ့လာပြီး အမှာစာ ရေးသားခြင်းဖြစ်သည်။

(ခ)

ဤ "သဘာဝ ဝိပဿနာ" ကျမ်းပြုသူ ဆရာကြီး ဦးကြည်သည် မိမိကိုယ်တိုင် ငယ်စဉ်က ရှင်ရဟန်းပြုပြီး ပရိယတ္တိ စာပေများကို သင်ရိုးပေါက် သင်ယူဆည်းပူးခဲ့ပါသည်။ ထို့နောက် ဝေါမြို့ ကြံ့တူ ပရိယတ္တိစာသင်တိုက်၌လည်းကောင်း၊ ခရမ်းမြို့ စာသင်တိုက်၌လည်းကောင်း စာပေပို့ချပေးခဲ့ပါသည်။

ဘခမည်းတော် ဆုံးပါးသွားသောအခါ မယ်တော်ကြီးအား ပြုစုလုပ်ကျွေးရန် လူဝတ်လဲခဲ့ပါသည်။ လူထွက်ပြီး မိခင်ကြီးအား လုပ်ကျွေးရင်း တဖက်မှလည်း ဝိပဿနာ ပဋိပတ်လုပ်ငန်းများကို လူပညာရှိ ရဟန်းပညာရှိများထံ ချဉ်းကပ်ပြီး နည်းယူလေ့လာ လိုက်စား အထူးပင် အပတ်တကုတ် အားထုတ်ခဲ့ပါသည်။

၁၃၁၃ ခုနှစ်တွင် မိခင်နှင့်အတူ ကယားပြည်နယ် လွိုင်ကော်မြို့သို့ လိုက်ပါသွားခဲ့သည်။ မြို့သူ မြို့သားများနှင့် တရားဆွေးနွေးကြရင်းမှ အများဆန္ဒအရ တရားဟောပြောပေးပါရန် တောင်းပန်မှုကြောင့် သိရိမင်္ဂလာတောင်အနီး (၃) ဧကခန့်ကျယ်ဝန်းသော ကျွန်းတောကြီးအတွင်း "အသောကာရာမ ဝိပဿနာတိုက်" ကို တည်ထောင်ခဲ့ရာ ယခုတိုင် ထင်ရှားရှိနေပါသေးသည်။ မိမိကိုယ်တိုင် အားထုတ်ရရှိထားသော ဝိပဿနာ အသိဉာဏ်များကို သူတစ်ပါးတို့အား ဖြန့်ဖြူးဟောကြားပေးခဲ့ပါသည်။

ကိုယ်တိုင်အားမထုတ်ပဲ သိနိုင်ခဲသော ပရမတ္ထ သဘာဝတရားများကို ကိုယ်တိုင် အားထုတ်သဖြင့် တကယ်သိ တကယ်မြင် တကယ်ကို သဘောပေါက်ပြီး ဟောပြောပြသမှုများသည် နာကြားသူ အားထုတ်သူတို့အား တကယ်ကို သဘောပေါက် ထိရောက် အသိပေါက်စေပါသည်။ အသိပေါက်သဖြင့် ထိရောက်စွာ တရားအားထုတ် ကြသူ ယောဂီများသည် ပရမတ္ထအစစ် အနှစ်

ရောက်အောင် အသိပေါက်ကြသဖြင့် ဤတရားစစ် တရားမှန်များကို ကျမ်းတစ်ဆူအဖြစ် ရောက်အောင် ပြုစုပေးစေလိုသော ကုသိုလ် ဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်လာကြရပေသည်။

ယင်းပုဂ္ဂိုလ်များအနက် "ဂျစ်တူး ဗီဒီယို နှင့် ယိုစုံလုပ်ငန်း ပိုင်ရှင် ဦးကျော်ဦးသည်"တစ်ဦးအပါအဝင်ဖြစ်သည်။ ဦးကျော်ဦး သည် ဆရာကြီး ဦးကြည်၏ တိတ်ခွေများ နားကြားပြီးနောက် တရား အနှစ် ပရမတ္ထအစစ်ကို သိမြင်သဘောပေါက်လာသောကြောင့် ထိုတရားများကို မိမိသိသလို အခြားသူများအားလည်း သိစေလိုစိတ် ပြင်းစွာ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ဆရာကြီး ဦးကြည်အား သဘာဝတရားကို လူငယ်များပါ နားလည်သဘော ပေါက် နားလည်နိုင်လောက်သောနည်းဖြင့် ကျမ်းတစ်ဆူ ရေးသား ချီးမြှင့်ပေးပါရန် အနူးအညွတ် တောင်းပန်ခဲ့၍ ဤ "သဘာဝ ဝိပဿနာကျမ်း" ဖြစ်ပေါ်လာရပေသည်။

## ဆရာ့ယုံကြည်ချက်

ဆရာကြီး ဦးကြည်သည် အနယ်အနယ် အရပ်ရပ်သို့ ကြွ ရောက်ကာ ဟောပြောပြသမှု တာဝန်များ များလှသည့် ကြားမှ "သူတော်သဘော၊ လုပ်မှပြော" ဆိုသည့် ဆိုရိုးစကားအတိုင်း ဤကျမ်းကို ဖြစ်မြောက်အောင် အပတ်တကုတ် ကြိုးစား၍ ရေး သားခဲ့သည်။ ယင်းသို့ ရေးသားရာတွင် -

(၁) ပရိယတ်မှန်မှ ပဋိပတ်မှန်မည်။

(၂) ပဋိပတ်မှန်မှ ပဋိဝေဓခေါ် မဂ်, ဖိုလ်, နိဗ္ဗာန် ရနိုင်သည် - ဟု အမှန်ပင် သဘောပေါက်သဖြင့် ယင်းလမ်းစဉ်ကို အခြေခံပြုပြီး ရေးသားခဲ့ပေသည်။

(ဃ)

ယင်းသို့ ရေးသားရာတွင် သဘောပေါက်နားလည်ရုံမျှ သိမှုကား သာသနာ့လုပ်ငန်း၏ "အစသိ" (ဉာတပရိညာ) မျှသာ ဖြစ်၏။

မိမိခန္ဓာတွင် ဖြစ်ပေါ်နေသော ရုပ်, နာမ်ဘရားတို့ကို ဤကား ရုပ်, ဤကား နာမ်–ဟု ပရမတ္ထအစစ် တရားနှစ်ကို သဘာဝထိုက်အောင် ထပ်ခါတလဲလဲ လေ့ကျင့်သိကား "တီရဏ ပရိညာ" သာတည်း။

တီရဏပရိညာမှသည် ကြိမ်ဖန်များစွာ ထပ်ကာ ထပ်ကာ လေ့ကျင့်သဖြင့် ခန္ဓာ၏ သဘာဝအမှန် မမြဲသော သဘော အနိစ္စ၊ ဖြစ်ပျက်နှစ်တန်တို့ဖြင့် တရံမစဲ အမြဲနှိပ်စက်ခံနေရသော သဘောဒုက္ခနှင့် ခိုင်မြဲသောသဘော အနှစ်သာရဟု ဘာမျှရှာမရ ဓမ္မသဘာဝ သက်သက်မျှသာတည်း" ဟု သိမြင်လာသဖြင့် ငါ, ငါ့ဉစ္စာ, ငါ့လိပ်ပြာ" ဟု စွဲစရာမရ အနတ္တ ဟု တပ်အပ်သေချာ သိမြင်လာပါသည်။ ယင်းသို့ သိမြင်လာသောကြောင့် ဤဘဝ ဤခန္ဓာမှသည် မည်သည့်ဘဝ မည်သည့်ခန္ဓာကိုမျှ ရယူလိုစိတ်မရှိပဲ ပယ်သိ (ပဟာနပရိညာ) ပင်တည်းဟု အဆင့်ဆင့် သိလာပုံကို ရေးသားဖော်ပြထားသည်။

ပဟာနပရိညာဖြင့် သံသရာ ခန္ဓာစသည်မှာ ဘုံသုံးပါး၌ ဖြစ်သော ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းလွတ်မြောက်မှုကား "နိဗ္ဗာန်" တည်း ဟု မျက်မှောက်ထင်ထင် မြင်ခြင်းသည်သာ "သာသန သမ္ပဒါ" ဘုရားရှင်၏ အဆုံးအမ သာသနာပြည့်စုံသည်မည်၏။ နိဗ္ဗာန်သည် သာ သာသနာတော်၏ အဆုံးပန်းတိုင်ဖြစ်သည်။

ဤသို့ သာသနသမ္ဘဒါ ပြည့်စုံရန် ရည်ရွယ်၍ ဘုရားဟော ကျမ်းဂန် အသီးသီးမှ ကျမ်းဂန်နှင့်အညီ ဝိပဿနာအား ထုတ်ရာတွင် ပရမတ္ထတွင် ပရမတ္ထအစစ် သဘာဝအနှစ်ဆိုက်အောင် နည်းပေးလမ်းပြထားခြင်းသည် လူငယ် လူရွယ်များပင် သဘောပေါက်အောင် ရေးသားထားသဖြင့် ကျမ်းကောင်းတစ်ဆူအဖြစ် သက်သေထူထားသည်။

ဤကျမ်းတွင် ကာမသုခလ္လိကာနုယောဂတည်းဟူသော အစွန်း၊ အတ္တကိလမထာနုယောဂတည်းဟူသော အစွန်း နှစ်ဘက်လွတ်အောင် ကျင့်နိုင်မှ မဇ္ဈိမပဋိပဒါ ကျင့်စဉ်မည်ကြောင်း တင်ပြထားသည်။ တင်ပြထားပုံမှာ တိကျလှသည်။ မဇ္ဈိမပဋိပဒါ လမ်းစဉ်အတိုင်း လိုက်မှ နိဗ္ဗာန်ရနိုင်သည်။ သို့ဖြစ်၍ ယောဂီပုဂ္ဂိုလ်သည် ပရမတ္ထသဘာဝဆိုက်အောင် မည်သို့ ရှုမှတ်ပွားများရသည် - ဟု တိတိကျကျ တင်ပြထားသဖြင့် ဝိပဿနာအလုပ် အားထုတ်သူများ ကမ္မဋ္ဌာနာစရိယ ပုဂ္ဂိုလ်များ အထူးလေ့လာ ကျင့်ကြံအားထုတ်ရန် အားကိုးအားထား ထိုက်သော ကျမ်းမြတ်တစ်ဆူဖြစ်ကြောင်း ထောက်ခံရေးသားလိုက်ရပေသည်။

ထောက်ခံရေးသားရခြင်းမှာလည်း အကြောင်းမဲ့ မဟုတ်ပေ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ -

ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမာပိ ယေ ဣဓ။
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော

မိန့်ဆိုထား၍ ဖြစ်သည်။

ဤမြတ်စွာဘုရား သာသနာတော်၌ ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်ကို အလိုရှိကြသော ယောဂီပုဂ္ဂိုလ်တို့သည် ရုပ်, နာမ် သဘာဝ ပရမတ္ထ အစစ်အမှန်ဖြစ်သော တရားကို ဟုတ်တိုင်း မှန်စွာ

မသိပဲ ဘယ်လိုပင်အားထုတ်သော်လည်း နိဗ္ဗာန်ကို မရနိုင် - ဟု ဆိုထားသည်။

ရုပ်နာမ် သဘာဝကို ကျကျနန မသိပဲ ဝိပဿနာအလုပ် အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် အစလုပ်ငန်းဖြစ်သော သိမှုမမှန်၍ အလယ်ဖြစ်သော ကျင့်သိမှုလည်း မလွယ်ကူပါ။ အလယ်ကျင့်သိမှုမရှိသောကြောင့် အဆုံးသိမှုဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို မရနိုင်ပါ။

ရည်မှန်းချက်ပန်းတိုင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရက အချိန်ကုန်လူပန်းရုံသာ ရှိပါမည်၊ ယင်းသို့ မဖြစ်ရလေအောင် "ဤသဘာဝဝိပဿနာကျမ်း" ကို ပြုစုရေးသားခဲ့သည် ဟု ဆိုချင်ပါသည်။ အထောက်အကူလည်း ပေးကို ပေးပါလိမ့်မည်။

"မြတ်စွာဘုရား၏ အမှာစကား သတိထား"

"ခမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊
မာ အာမိသ ဒါယာဒါ"

သံသရာဘေးလာမည့်ရေးကို မြော်တွေးကြောက်ငြားချစ်သား ချစ်သမီးများတို့။ သင်တို့သည် ငါဘုရား၏ မဂ်, ဖိုလ်, နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာ တရားအမွေခံများ ဖြစ်ကြကုန်လော။ ပစ္စည်းအမွေခံများ မဖြစ်ကြကုန်လင့်-ဟု မိန့်တော်မူ၏။

ဆိုလိုသည်မှာ - ဘဝဖြစ်ခြင်း၊ ခန္ဓာဖြစ်ခြင်းတို့သည် အို-နာ-သေ ဒုက္ခတွေနှင့် အမြဲ တွေ့ကြုံခံစားနေရသည်။ ထိုသံသရာဒုက္ခကို တွေးကြောက်သည့် ငါ၏ ချစ်သား ချစ်သမီးများသည် မဂ်, ဖိုလ်, နိဗ္ဗာန် ဟု - ဆိုအပ်သော တရားအမွေခံများ ဖြစ်ကြပါ၊ ယခုငါဘုရားသာသနာရှိစဉ်အခါ၌ တရားအလုပ် အားထုတ်ပြီး မဂ်, ဖိုလ်

တရားထူးများ ရအောင်ယူကာ အမွေခံများ ဖြစ်ကြပါ – ဟု မိန့်ကြားခြင်းဖြစ်ပါသည်။

ထိုအမွေခံဖြစ်ဖို့ရန်မှာ – မဟာသတိပဋ္ဌာန် တရားလေးပါးတို့တွင် တစ်ပါးပါး လက်ကိုင်ထား အားထုတ်ရပါမည်။ အားထုတ်ရာတွင်လည်း ပြင်းထန်သော "အာရဒ္ဓဝီရိယ" မျိုးဖြင့် အားထုတ်ရမည်။ သို့မှသာ မဂ်,ဖိုလ် တရားထူးရပြီး ဘဝဇာတ်၊ ခန္ဓာဇာတ် သိမ်းပြီး အငြိမ်းကြီး ငြိမ်းသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုသော အားဖြင့် ရောက်ကြရ ရကြရမှာ ဖြစ်ပါသည်။

ထို့ပြင် တိုက်ရိုက်တရားအမွေခံ မဟုတ်သော်လည်း အဆင့်ဆင့် ကျင့်သောအားဖြင့် တရားမွေခံ ဖြစ်နိုင်သော နည်းလမ်းကိုလည်း ရှင်တော်ဘုရားက သွယ်ဝိုက်သော နည်းအားဖြင့် ဟောကြားခဲ့ပါသည်။ အဘယ်သို့ ဟောကြားသနည်းဆိုသော် ဝဋ်ကို မမှီသော (တနည်း) လောကီစည်းစိမ်ချမ်းသာဖြစ်သည့် လူစည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ စည်းစိမ်ချမ်းသာများကို မတောင့်တပဲ အို–နာ သေ ဒုက္ခတွေ တကယ်သိမြင်ပြီး တကယ် ကြောက်ကာ ထိုဝဋ်ဒုက္ခမှ အမှန် လွတ်မြောက်လိုသော စိတ်ဖြင့် ဒါန၊ သီလ၊ ဘာဝနာ စသော ကောင်းမှုများ ဆည်းပူးအားထုတ်သော သူသည် တစ်ဘဝထက် တစ်ဘဝ ပါရမီ အဆင့် မြင့်သည်ထက် မြင့်ကာ နောက်ဆုံး အရိယာ မဂ်ဖိုလ်တရားများ ရရှိပြီး သံသရာ ဝဋ်ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်ရသည်။

ဤနည်းဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားရသည်ကို တိုက်ရိုက်ဤဘဝ၌ မရပဲ ဘဝအဆက်ဆက် ကျင့်မှ ရနိုင်သည့်အတွက် သွယ်ဝိုက်သော နည်းဖြင့် တရားအမွေခံပင် ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဤဘဝ၌ မဂ်, ဖိုလ်, နိဗ္ဗာန်တည်းဟူသော တရားမွေခံ မဖြစ်နိုင်သူတို့သည် ထိုထို ဘဝတို့၌ တရားအမွေခံ ဖြစ်အောင် ဒါန, သီလ, ဘာဝနာ စသော ပါရမီ ကုသိုလ်များ ဖြစ်အောင် ဆည်းပူးအားထုတ်ပါက တရားအမွေခံ ဖြစ်သေးသည် ဟု နည်းလမ်းညွှန်ပြထားသည်မှာ အားထားစရာပင်ဖြစ်ပေသည်။

သစ္စာဒီပက ဆရာကြီး ဦးကြည်ကမူ ယခုဘဝ၌ပင် တရားအမွေခံဖြစ်လိုသူများသည် ကိလေသာအပူအလောင်တရား တို့ကို လောင်မြိုက်ကုန်စေတတ်သော ဝီရိယ၊ အသိဉာဏ်တို့ဖြင့် နည်းမှန် လမ်းမှန် အားထုတ်သွားပါက ဤဘဝ၌ပင် အရိယာ မဂ်, ဖိုလ်, တရားများ ရရှိကာ ဘဝဇာတ်ချုပ်ငြိမ်း အပူဓာတ်အလောင် ဓာတ်များ အေးငြိမ်းသည့် နိဗ္ဗာန ဓာတ်ကိန်း၍ တရားအမွေခံ ဖြစ်နိုင် ကြောင်း မီးမောင်းထိုးပြထားခြင်းဖြစ်သည်။

အထက်ဖော်ပြပါ အချက်အလက် အကြောင်းအရာများ ကြောင့် ဤဘဝ၌ပင် တရားအမွေခံ ဖြစ်လိုသူများ အားကိုး အားထားထိုက်သော ကျမ်းကောင်းတစ်ဆူဖြစ်ကြောင်း ထောက်ခံ ရေးသားချီးမြှောက်လိုက်ရပေသတည်း။

ဘဒ္ဒန္တ ဝဏ္ဏိတ
(အဂ္ဂမဟာပဏ္ဍိတ) နာယကချုပ်ဆရာတော်၊
နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေး ရန်ကုန်။



သစ္စာဒီပက မူလမြန်မာစရိယ

ဆရာကြီး ဦးကြည်





သစ္စာဒီပက မူလဓမ္မာစရိယ

ဆရာကြီး ဦးကြည်




ဆရာကြီး ဦးကြည်
တရားဟောပြောနေစဉ်





ဘဘလှိုင်၊ ဆရာကြီး ဦးကြည် နှင့် ဦးကျော်ဦး



ဆရာကြီး ဦးကြည် နှင့် ဦးကျော်ဦး

ရန်ကုန်မြို့၊ သစ္စာဒီပကဝိပဿနာ တရားပြအဖွဲ့ချုပ်ဦးစီးပဓာန နာယက၊
ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ၊ ပရိယတ္တိမာမက၊ ပဋိပတ္တိဝိသာရဒ၊
ပဋိပတ္တိသာသနာ့ဟိတဓရဘွဲ့ရ ကျမ်းပြုပုဂ္ဂိုလ် ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏

# အတ္တုပ္ပတ္တိ အကျဉ်း

## မိဘနှင့် ဖွားရာဇာတိ

ကျေးဇူးရှင်ဆရာကြီး ဦးကြည်သည် ပဲခူးတိုင်း ဝေါမြို့နယ်၊ ဘုရားပြိုရွာ၌ အဖ ဦးဖိုးဆိုင်၊ အမိ ဒေါ်သွယ် တို့မှ မြန်မာသက္ကရာဇ် ၁၂၇၈ ခု၊ တပေါင်းလပြည့်ကျော်တစ်ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်၍၊ သားသမီး (၄) ယောက်အနက် ဒုတိယသားဖြစ်ပြီး ငယ်စဉ်ကပင် ဉာဏ်ပညာထက်မြက်၍ ငယ်နာမည် မောင်ဉာဏ် ဟုခေါ်တွင်ခဲ့ပါသည်။

## ရှင်သာမဏေဘဝ

အသက် (၅) နှစ်အရွယ် ရွာရှိအစိုးရစာသင်ကျောင်း၌ စာပေသင်ကြားခဲ့ပြီး အသက် (၁၂) နှစ်အရွယ်တွင် အင်္ဂလိပ်–မြန်မာ သတ္တမတန်းကို အောင်မြင်ခဲ့ပါသည်။ ရွာ၏ မြောက်ဖက်ကျောင်းကြီးတွင် မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် ဆရာတော် ဦးအာဒိစ္စကို ဉပဇ္ဈာယ်ပြု၍ အရှင်ပဏ္ဍိစ္စဘွဲ့အမည်ဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့ပါသည်။ ထို့နောက် စာပေပရိယတ္တိကို အပတ်တကုတ် ကြိုးစားသင်ယူခဲ့ပါသည်။

## ရဟန်းဘဝ

၁၂၉၈ ခုနှစ်တွင် ရဟန်းဒါယကာ ဦးစိန်ဝင်း+ဒေါ်အေးခင် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဝေါမြို့ ကြံ့တူစာသင်တိုက်ဆရာတော်ကို ဉပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။

(ည)

## စာပေပရိယတ္တိသင်ယူခြင်း

၁၃၀၀ ပြည့်နှစ်၊ နယုန်လတွင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော်များဖြစ်သော အရှင်ကောဏ္ဍညာ၊ အရှင်ကောသလ္လ၊ အရှင်ရာဇိန္ဒတို့ထံတွင် သင်ရိုးပါဠိတော်၊ အဋ္ဌကထာ ဋီကာများ ပေါက်သည်အထိ စာပေသင်ယူခဲ့ပြီး၊ ဝေါမြို့၊ ကြံ့တူ စာသင်တိုက်၊ ခရမ်းမြို့ ဘုန်းတော်ကြီးကျောင်းတို့တွင် စာချ ဆရာတော်အဖြစ် စာပေပရိယတ္တိကို ပို့ချပေးခဲ့ပါသည်။ ထို့နောက် ဖခင်ကြီးကွယ်လွန် အနိစ္စရောက်ရှိခဲ့သည့်အတွက် မိခင်ကြီးအား ပြုစုစောင့်ရှောက်ရန် လူဝတ်လဲခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပြီးစတွင် ရန်ကုန်မြို့၊ စမ်းချောင်းဆိဆုံ လမ်းမှ ဖြစ်အဖြစ် မွေးစားသော ကယားပြည်နယ်၊ စော်ဘွားကြီး စဝ်လဝီ၏ အဒေါ် ကယားအမျိုးသမီးကြီး မိခင် ဒေါ်စိန်နု တို့နှင့် အတူ နေထိုင်ကာ အစိုးရစာပုံနှိပ်တိုက်၊ မြန်မာ့အလင်းသတင်းစာ တိုက်တို့တွင် လက်ထောက်စာပြင်ဆရာအဖြစ် လုပ်ကိုင်ခဲ့ပါသည်။

၁၃၀၆ ခုနှစ်တွင် ကြည့်မြင်တိုင်၊ ကွမ်းရွံတန်း နေလဝိဇ္ဇာ ဓါတ်ဆရာကြီး ဦးဘခိုင်ထံတွင် ဆေးပညာသင်ယူ၍ စမ်းချောင်း၊ ပဒုမ္မာလမ်း၌ လောကဓာတ်ဆေးတိုက်အမည်ဖြင့် ကိုယ်ပိုင်ဆေးတိုက် တည်ထောင်ကာ ကုသိုလ်ဖြစ်ဆေးကုခဲ့ပါသည်။

## သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁၃၁၀ ခုနှစ်တွင် ဟံသာဝတီကမ္မဋ္ဌာန်းတိုက်ဆရာကြီး ဆရာညိုထံ၌ တရားအားထုတ်ခဲ့ပြီး ဆရာကြီး ဦးဘခင်၊ ဦးစံသိန်း (ယူအီအေ) တို့နှင့်အတူ ဗုဒ္ဓသာသနာ ပဋိပတ္တိ အဖွဲ့ကြီးကို တည်ထောင်ဖွဲ့စည်း၍ ဥာဏစာရီဆရာတော်ဘုရားကြီးကိုပင့်ကာ စာပေဆွေးနွေးနည်းယူခြင်း၊ လုပ်ငန်းလက်ခံကျင့်သုံးခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ ၁၃၁၃ ခုနှစ်တွင် မိခင်နှင့်အတူ ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ လိုက်ပါသွားပြီး တရားဆွေးနွေးကြရင်းမှ အများ၏ ဆန္ဒအရ တရားဟောပြောပေးပါရန် တောင်းပန်မှုကြောင့် သီရိမင်္ဂလာ တောင်အနီး (၃) ဧကခန့်ကျယ်သော ကျွန်းတောကြီးတွင် အသောကာရာမဝိပဿနာတိုက်ကို တည်ထောင်၍ ကမ္မဋ္ဌာန်းတရားပြသခဲ့သည်။ ကယားပြည်နယ်အတွင်း လှည့်လည်ဟောပြောရင်း ၁၃၂၁ ခုနှစ်တွင်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းတိုက် ဆရာတော် ဦးဇာဂရ၏ ဖိတ်ခေါ်ချက်အရ ယင်းကျောင်းတိုက်တွင် ဆက်လက်ပြသခဲ့ပြန်သည်။

၁၃၂၂ ခုနှစ်တွင် ဒေါ်မြကြည်နှင့် အိမ်ထောင်ပြုခဲ့သည်။

ထို့နောက် မိမိနေထိုင်သော ရန်ကုန်မြို့၊ စမ်းချောင်း၊ လင်းလွန်းရပ်ကွက်ရှိ ကိုးနဝင်းကပ်ကျော်စေတီတော်ဘုရားတန်ဆောင်းတွင် ဂေါပကအဖွဲ့၏ တောင်းပန်ချက်အရ ဝါတွင်း-ဝါပဥပုသ်နေ့ ညတိုင်းတရားပြခဲ့သည်။ ဆက်လက်၍ တာမွေ၊ မလွကုန်း၊ အောင်တော်မူစေတီမွှာရုံတွင် နာယကကြီး ဦးထွန်း (နဝဒေးပုံနှိပ်တိုက်) - ဒေါ်ဒေါ်သန်း၊ ဦးလှဖေ နှင့် ကန်တော်ကြီး သိန်းဆုဌာန နှင့် သစ္စာပန်းမသိန်း ဆေးလိပ်ခုံပိုင်ရှင် ဒေါ်သိန်းနှင့် ဒေါ်သန်း စသော ယောဂီများ၏ တောင်းပန်ချက်အရ အပတ်စဉ်တရားပွဲများ ဟောကြားပြသခဲ့ပါသည်။

(၄)

## သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်တည်ထောင်ခြင်း

ယင်းသို့ လှည့်လည်တရားဟောပြောပြသရင်းမှ ကျေးဇူးဘောဂ်ရှင် မြတ်စွာဘုရား၏ တစ်ခုတည်းသော မူဖြစ်သည့် မဇ္ဈိမပဋိပဒါလမ်းကြောင်း လုပ်ငန်းလုပ်ကွက်ကို အဓိကထား၍ ပရမတ်ကို တိုက်ရိုက်ရှုကြည့်ရသော ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ပင်ရင်းဌာန တစ်ခုအနေဖြင့် အဓိကထားပြသဟောပြောလိုသည်ဖြစ်၍ သစ္စာ– အမှန်တရားတည်းဟူသော ခန္ဓာကိုယ်၏ ပရမတ္ထတရားတော်ကို၊ ဒီပက–တိကျစွာ ဖွင့်ထုတ် ပြသခြင်းဟူသော ဗျူပ္ပတ်အတိုင်း “သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်” ဟူသော အမည်နာမဖြင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာရွှေတောင်တိုက်သစ်ကျောင်း၊ ဆရာတော် ဦးသာဂရ၏ ခွင့်ပြုချက်အရ၊ ၎င်းကျောင်းတိုက်၌ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလတွင် စတင်တည်ထောင်ဖွင့်လှစ်ပြသခဲ့သည်။

ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဆရာကြီး ဦးကြည်သည် မိမိကိုယ်တိုင်တရားအားထုတ်ရာမှ တွေ့ရှိလာသော ခန္ဓာသဘာဝ၏ ဖောက်ပြန်မှု၊ ပျက်မှုပင်ကိုယ်သဘောတရားများကို မိမိသင်ယူခဲ့သော သင်ရိုးပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့် ညှိနှိုင်းတိုက်ဆိုင်၍ မြတ်စွာဘုရားရှင်၏ အာဘော်အတိုင်း အရပ်စကား၊ အရပ်နားဖြင့် လူပြိန်းနားလည်လွယ်သော စကားလုံး၊ ထိမိသော အသုံးအနှုန်း၊ ပေါ်လွင်သော ဥပမာ–ဥပမေယျစုံလင်စွာဖြင့် ဟောပြောတရားပြသခဲ့ရာ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသော တရားလိုလား အမျိုးကောင်းသားယောဂီသူတော်စင်တို့ဖြင့် နေရာထိုင်ခင်း အခက်အခဲရှိလာသောအခါ –

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်းနေ ဦးမြတ်စိုး၊ ဒေါ်ရီရီခင် (မလိခရုပ်ရှင်)၊ သား–ဒါရိုက်တာ အကယ်ဒမီ မလိခစိုးထိုက်အောင်တို့၏ မတည်လှူဒါန်းသော မြေနေရာ၊ ဓမ္မာရုံ အဆောက်အဦးနှင့် ယောဂီအလှူရှင်အများ ထည့်ဝင်လှူဒါန်းမှုဖြင့် ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၉/မြောက်ရပ်ကွက်၊ ရွာလယ် လမ်း၌ ၁၉၇၄ ခုနှစ်၊ ဇူလိုင်လတွင် "သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်" ကို ဖွင့်လှစ်ပြသခဲ့သည်။ ၎င်းဌာနတွင် ပရမတ်ကို တိုက်ရိုက်ပြသ သော၊ မဇ္ဈိမပဋိပါဒနည်းကျ ဓမ္မာနုပဿနာ ပင်ရင်းဌာနအဖြစ် ဝါတွင်း – ဝါပ တနင်္ဂနွေနေ့တိုင်း ပုံမှန်တရားပွဲများဖြင့်လည်းကောင်း၊ ဝါတွင်း တနင်္ဂနွေနေ့ – ဥပုသ်နေ့တိုင်း ပုံမှန်တရားပွဲများဖြင့် လည်းကောင်း၊ မဟာသင်္ကြန်အထူးတရားစခန်းပွဲ၊ တန်ဆောင်မုန်းလ အထူးတရားစခန်းပွဲများဖြင့်လည်းကောင်း၊ အလျဉ်းသင့်သလို ကြားဖြတ်ကျင်းပသော ကြားစခန်းငယ်များဖြင့်လည်းကောင်း၊ ပုံမှန် ဝင်ရောက် တရားအားထုတ်နေသော ယောဂီများဖြင့်လည်းကောင်း၊ တရားသံမဆိတ်၊ သာခုသံမစဲ၊ ကြေးစည်သံတဝေဝေဖြင့် ဖုံးလွှမ်းနေ ခဲ့ပါသည်။

ဆရာကြီးသည် ခန္ဓာသံသရာပြတ်ရေး၊ နိဗ္ဗာန်မျက်မှောက် ပြုနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်နေသော တရားလိုလား အမျိုး သားကောင်းတို့ အမှန်တကယ် သိဖို့လိုအပ်သော (တစ်နည်း) တရားအားထုတ်ရာတွင် မသိမဖြစ်သော –

– ရုပ်နာမ်ဟု မှတ်ရန် လို–မလို
– ဥပေက္ခာဝေဒနာဆိုတာဘာလဲ
– မဇ္ဈိမပဋိပါဒကျ – မကျ
– ပညတ်နှင့် ပရမတ် ဘယ်လိုကွဲအောင် ရှုရမလဲဆိုသည်

တို့ကို မြတ်စွာဘုရားရှင်၏ အာဘော်၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများအတိုင်း တိတိကျကျ၊ အပိုအလိုမရှိ ရှင်းလင်းပြတ်သားစွာ ဟောပြောခဲ့သော သူမတူသည့် ဆရာကြီးတစ်ဆူဖြစ်သည်။ ထို့ကြောင့်လည်း

"ဝိပဿနာသည် ခန္ဓာမှမဖြစ်၊ ဉာဏ်မှာဖြစ်သည်"
"အထိုင်ကြာဖို့မလို၊ အသိမြဲဖို့လိုသည်"
"ခန္ဓာထိုင်ဖို့ထက်၊ ဉာဏ်ထိုင်ဖို့လိုသည်"
"အာရုံပညတ် – စွဲယူမှတ် – ဖြစ်တတ်ကိလေသာ"
"ပရမတ်အာရုံ – ထိခိုက်ကြုံ – ပြတ်ကုန်ကိလေသာ"

စသော မြောက်မြားလှစွာသော ဆရာကြီး၏ အဆုံးအမများသည် တပည့်သာဝက ယောဂီများ၏ နားတွင် စွဲမြဲနေကြပေသည်။

ဆရာကြီးဦးကြည်သည် ရန်ကုန်မြို့၊ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်မှ တပည့် ယောဂီများ၊ မြန်မာပြည်တစ်နံတစ်လျားရှိ တရားဌာနပေါင်း (၅၀) ကျော်မှ သစ္စာဒီပက တပည့်ယောဂီများအား လှည့်လည်တရားဟောပြော ပြသခြင်း၊ မိမိနေထိုင်ရာ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းရပ်ကွက်ရှိ ဗုဒ္ဓပူဇနိယ အဂ္ဂဝန္တပရိတ်အသင်းကြီးနှင့် သာသနာနုဂ္ဂဟသဟာယ ဆွမ်းလောင်းအသင်းကြီးတို့၏ ဦးစီးနာယကအဖြစ် ဦးစီးဦးရွက်ပြုကာ သာသနာရေးကိစ္စဆောင်ရွက်ခြင်း၊ စာပေ–သဘင်–ဂီတအနုပညာရှင်တစ်ချို့၏ ဘာသာရေး၊ သာသနာရေးဆိုင်ရာ မေးမြန်းချက်တို့ကို ရှင်းလင်းဖြေကြားခြင်း၊ မိမိကိုယ်တိုင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထ န္တရ စာပေကျမ်းဂန်တို့ဖြင့် တိုက်ဆိုင်ညှိနှိုင်းအားထုတ်ပွားများခြင်း စသည့်များပြားလှသော သာသနာရေးဆိုင်ရာ တာဝန်များကြားမှ

ဝိပဿနာအားထုတ်လိုသော ယောဂီများအတွက်လည်းကောင်း၊ တရားထူး တရားမြတ် ဓမ္မပီတိ – ဓမ္မရသပွားများစိမ့်သောဌာ အချိန်ရခိုက် ကျမ်းစာအုပ်အမျိုးပေါင်း (၂၀) ကျော်၊ ဓမ္မဆောင်းပါး (၁၀၀) ကျော်၊ ဓမ္မသံဝေဂဆောင်ပုဒ်၊ လင်္ကာသံပေါက်ဆုံးမစာ အများ အပြားရေးသားခဲ့သည်။

ဆရာကြီးသည် အသက် (၇၀) ပြည့်ပြီးနောက်ပိုင်းတွင် သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၌ (၁၀) မိနစ်တရားထိုင်၍ (၅) မိနစ် နားကာ အသိတရားစိတ်စိတ်ဖြင့် ရှုမှတ်ရသော သမ္ဗဇဉ်ပိုင်းကို အသေးစိတ်ပြသခဲ့သည်။ ဆရာကြီး၏ လက်သုံးစကားဖြစ်သည့် "ဓမ္မာရုံရိပ်သာအဆောက်အဦ တိုးတက်ကြီးပွားအောင် မဆောင် ရွက်ကြနဲ့၊ မြတ်စွာဘုရား၏ သာသနာတော်တိုးတက်ဖို့၊ သာသနာ ကိုယ့်ဆီမှာ တည်ဖို့ ကြိုးစားကြ၊ သာသနာနောက်ပိုင်း ဆုတ်ကပ် ရောက်လာပြီ၊ လက်ရှိဘဝဖြင့် တရားရအောင် (အနည်းဆုံး) အပါယ် တံခါးပိတ်အောင်၊ သောတာပန်ဖြစ်အောင် ကြိုးစားကြ၊ ခန္ဓာကိုယ်၏ ဖောက်ပြန်ပြီး၊ တရွေ့ရွေ့ပျက်စီးတတ်ပုံကို ဘာဝိတာ – ဗဟုလီကတာ ကြိမ်ဖန်များစွာ ထပ်ခါထပ်ခါရှုမှတ်ကြဖို့" တပည့် ယောဂီများအား စိုးရိမ်တကြီး မနေမနား မှာတမ်းခြွေကာ မိန့်ကြားခဲ့ပါသည်။

ကျေးဇူးရှင်ဆရာကြီးသည် နောက်ဆုံးသော အဖွဲ့ချုပ်၏ ပုံမှန်တရားပွဲအဖြစ် ၁၂–၁–၁၉၉၇ (တနင်္ဂနွေနေ့) နေ့လည် ၁ နာရီ တွင် ဝေပုလ္လပဗ္ဗတသုတ်ကို ဟောကြားရာ "သာသနာတော်ကြီးနှင့် တွေ့ကြုံခိုက်၊ ပါရမီကလည်းတွန်းပို့၍၊ မိမိကိုယ်တိုင်လည်း စိတ်ပါ ဝင်စား၍ တရားအားထုတ်ပြီဆိုလျှင်၊ သူပြော၊ ငါပြောမှတ်ခြင်း

မဟုတ်ပဲ၊ မိမိကိုယ်တိုင် ဉာဏ်ဖြင့် သဘောပေါက်အောင် ကြိုးစားကြစေလိုကြောင်း၊ တစ်သံသရာလုံးက သူပြောငါပြောဖြင့် သဒ္ဓါဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ တို့ဖြင့် သံသရာကြောမြောခဲ့ရာမှ ယခုဘဝတွင် အပြတ် အသတ် ကြိုးစားကြစေလိုကြောင်း" ဖြင့် နောက်ဆုံးသော တရားအဖြစ် ဟောကြားလမ်းညွှန်ခဲ့ပေသည်။

ဆရာကြီးသည် အသက်အရွယ်ကြီးရင့်လှသည့် ဇရာနုဗ္ဗလအရွယ်ရောက်သည့်တိုင် တရားဟောပြောပြသရာတွင်လည်းကောင်း၊ တပည့်တပန်းများ၏ မေးမြန်းဆွေးနွေးချက်များကို ရှင်းလင်းဆုံးမရာတွင်လည်းကောင်း မမောမပန်းနိုင် - အပင်ပန်းခံကာ ဟောပြောခဲ့သည်။

ယင်းသို့ တရားဟောပြောပြသရင်း၊ တရားအားထုတ်ရင်း၊ တပည့်တပန်းများအပေါ် ဆုံးမဩဝါဒစကားပြောကြားရင်း၊ သာသနာ့ တာဝန်များကြားတွင် မိမိဘဝကို မြှုပ်နှံထားသော ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဆရာကြီး ဦးကြည်သည် ရန်ကုန်တိုင်း၊ နဲသမိန်ကျေးရွာ၊ သစ္စာဒီပကဝိပဿနာ အဖွဲ့ခွဲသို့ ၃၅ ကြိမ်မြောက် တရားစခန်းဖွင့်လှစ်ပြသရန် ခရီးထွက်ခွာတော့မည် တစ်ရက်အလို ၁၅-၁-၁၉၉၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီအချိန်တွင် မြတ်စွာဘုရားရှင်မှပင် ရှောင်လွှဲသွေဖီ၍ မရသော၊ ခပ်သိမ်းသော ပြုခြင်း-ပြင်ခြင်း မကင်းသည့် ခန္ဓာရလာသူတိုင်း တွေ့ကြုံရစမြဲမွေတာ၊ အနိစ္စတည်း ဟူသော ပျက်စီးတတ်သည့် ပင်ရင်းသဘာဝတရားမွေလမ်းကြောင်း အတိုင်း တစ်ဘဝဇာတ်သိမ်းချုပ်ငြိမ်းခဲ့ပါသည်။

# သဘာဝဝိပဿနာ အကျဉ်းချုပ်

## ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း

၁၃၅၆ ခု၊ ဝါခေါင်လဆန်း (၁၁) ရက်နေ့တွင် ကြည့်မြင်တိုင် သိမ်ကြီး လမ်းမှ ဂျစ်တူးယိုစုံ လုပ်ငန်းပိုင်ရှင် ဦးကျော်ဦးသည် ကျွန်ုပ်၏ ဝိပဿနာ တရားတိတ်ခွေများကို တော်တော်တန်တန် နားကြားထားသူဖြစ်သည့် အပြင် မိမိခန္ဓာ၌ လေ့လာလေ့ကျင့်ထား သော ဉာဏ်အသိအားလျော် စွာ သိရှိသဘောပေါက်ထားသဖြင့် ကျွန်ုပ်နေအိမ်သို့ ရောက်လာကာ–

"ဆရာခင်ဗျား – ကျွန်တော် ပုံနှိပ်ရိုက်လှူထားသော တရား လုပ်ငန်းဆောင်ပုဒ်စာအုပ်ကလေးများသည် တရားအားထုတ်သူများ အတွက် အလွန်ကျေးဇူးများလျက် အလုပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခု ထိုစာအုပ်ပါဆောင်ပုဒ်များနှင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ – သဒ္ဓါတရားရှိပါလျက် သာသနာ၏ အနှစ်သာရကို မသိရှိကြသေးသော ခေတ်လူငယ်များ နားလည်သိရှိစေလိုသော ဆန္ဒ၊ ကျွန်တော့်ဆီမှာ ရှိပါသည်။ ထိုဆန္ဒအတိုင်း ဆရာက နားလည်လွယ်သော စကားလုံး အသုံးအနှုန်းတို့နှင့် မိမိတို့သက်ဝင်ယုံကြည်ထားသော ဗုဒ္ဓဘာသာ၏ အနှစ်သာရကို ရေးသားပေးပါမည့်အကြောင်း" သူကိုယ်တိုင်ပင် ပန်ကြားခဲ့ပါသည်။

သို့အတွက် ကျွန်ုပ်သည် ဦးကျော်ဦး၏ သာသနာအစစ် အနှစ်သာရကို ခေတ်လူငယ်များ သိရှိနားလည်စေလိုသော စေတနာကို အလွန်အားရ တန်ဖိုးထားသော အနေနှင့် –

"ဆရာ့ဝါဒကလည်း ဥဒါန်းအဋ္ဌကထာ ဣတိဝုတ်အဋ္ဌကထာ တို့၌ ညွှန်ပြချက်အတိုင်း မြတ်စွာဘုရား၏ ဟောတော်မူချက်မဂ္ဂ

ပါဠိကို မိမိတို့၏ နားလည်အလုပ်ဖြစ်မည့် ဘာသာစကားနှင့် ဘာသာပြန်ကာ ညွှန်ပြရမည်ဖြစ်ရကား အတတ်နိုင်ဆုံး မြန်မာစကားနှင့် ဟောပြ ရေးသားလျက်ရှိရာ ယခုဦးကျော်ဦး၏ ဆန္ဒအရလည်း မြတ်စွာဘုရား ၏ အတိုအကျဉ်း ဟောတော်မူချက်ကို နောက်ခေတ်လူများ သိရှိ နားလည်စေရန် အတတ်နိုင်ဆုံး ရေးသားပေးမည်” ဟု ဂတိပြု ဝန်ခံ ခဲ့ပေသည်။

ဤသဘာဝ ဝိပဿနာအကျဉ်းချုပ်စာအား တိုက်တွန်းတောင်း ပန်သော စေတနာရှင်အား ၎င်း၏ ရည်မှန်းချက်ပြည့်စုံစေရန် ပင်ရင်း ပါဠိတော် အဋ္ဌကထာတို့၏ လမ်းညွှန်ချက်ကို လေ့လာလေ့ကျင့်အား ထုတ်မည့် ပုဂ္ဂိုလ်တို့သဘောပေါက်အလုပ်ဖြစ်ရန် လုပ်ငန်းခွင်ဝင်မည့် မိမိတို့၏ စကားအဓိပ္ပါယ်နှင့် အတတ်နိုင်ဆုံး မြန်မာပြန်၍ အလုပ် လမ်းညွှန်ချက်ပေးထားပါသည်။

၎င်းပြင် တရားအားထုတ်သည်၊ တရားထိုင်သည် ဆိုရာ၌ ဤရုပ် ခန္ဓာကြီး ကြာကြာထိုင်နေရခြင်းကို အဓိကမထား မည်သည့်ဣရိယာ ပုထ်နှင့် ခန္ဓာကိုယ်တည်ရှိနေသည်ဖြစ်စေ၊ ခန္ဓာ၏ ပင်ကိုယ်အရှိ သဘာဝပရမတ်ပေါ်တွင်သာ အသိဉာဏ်မှန်မှန်ရောက်ဖို့သာ မြတ်စွာ ဘုရား၏ မိန့်ကြားလမ်းညွှန်ချက်ကို အဓိကထား၍ ဖော်ပြထားသည် ဖြစ်သောကြောင့် ခန္ဓာ၏ ပင်ကိုယ်သဘာဝကို ကျော်လွန်ပြီး ရှုမှတ် ရသော အစွန်းဖက်သို့ မရောက်စေပဲ ခန္ဓာကို တရားသဖြင့်ဖြစ် ရှိနေသော ယထာဘူတ သဘာဝကို အမှန်အတိုင်း သမ္မပ္ပညာဖြင့် မှန်မှန်သာ သိနေ ပွားများနေရသော အလုပ်သဘောသာ ဖြစ်သည်ကို ရှုပွားအားထုတ်နိုင်ကြပါစေရန် ဖော်ပြရေးသားသည်ဖြစ်၍ ချမ်းသာ လွယ်ကူစွာ လေ့ကျင့်အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဆရာကြီးဦးကြည်

သစ္စာဒီပက ကမ္မဋ္ဌာနာစရိယ

# သဘာဝ ဝိပဿနာကျမ်း

ဗုဒ္ဓသာသနာ ဟူသည်မှာ မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်သည်။ ထိုအဆုံးအမ သာသနာဟူသည် အကျဉ်းအားဖြင့် –

သဗ္ဗပါပဿအကရဏံ = မကောင်းမှုဟူသမျှ မပြုလုပ်ခြင်း –
ကုသလဿုပသမ္ပဒါ = ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း–
သစိတ္တပရိယောဒါပနံ = မိမိစိတ်ကို ဖြူစင်စေခြင်း –
ဧတံဗုဒ္ဓါန သာသနံ = ဤသုံးပါးသည် ဘုရားရှင်တိုင်း၏ အဆုံးအမတော်တည်း – ဟု ဓမ္မပဒ

ပါဠိတော်တွင် မြတ်စွာဘုရားဟောထားတော်မူသည်။

အရေအတွက်အားဖြင့် –

"သာသနံ နာမ ဟောတိ တိဝိဓံ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဝသေန" ဟူသည်နှင့်အညီ သာသနာတော်သည် ပရိပတ္တိသာသနာ, ပဋိယတ္တိ သာသနာ, ပဋိဝေဓသာသနာ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့ တွင် အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ကောင်းမြတ်သော မြတ်စွာဘုရား၏ ဆုံးမသော စကားတော် လမ်းညွှန်ချက်သည် ပရိယတ္တိသာသနာမည်၏။

ဘုရားရှင်ဆုံးမလမ်းညွှန်ချက် လူရှင်ရဟန်းတို့နှင့် ဆိုင်ရာဖြစ်သော ကျင့်ဆောင်ရာဖြစ်သော တစ်ဆယ့်သုံးပါးသော ဓုတင်၊

ဝတ္တကၠန္ဒက၌ ဟောတော်မူအပ်သော အာဂန္တုက ရဟန်းတို့သည် ပြုအပ်သော ဝတ်, အာဝါသိကရဟန်းတို့သည် ပြုအပ်သော ဝတ်, ခရီးသွားရဟန်းတို့ သည် ပြုအပ်သော ဝတ်, အနုမောဒနာပြုရာ၌ ပြုအပ်သော ဝတ်, ဆွမ်းစားဇရပ်၌ ပြုအပ်သောဝတ်, ဆွမ်းခံရာ၌ ပြုအပ်သောဝတ်, တောကျောင်းဆောက်တည်သော ရဟန်းတို့သည် ပြုအပ်သော ဝတ် စသော တစ်ဆယ့်လေးပါးသော ဝတ်တို့နှင့်တကွ သီလ၊ သမာဓိ၊ ဝိပဿနာ၊ ပညာ ဤအလုံးစုံသည် ကျင့်ဆောင်အားထုတ်ရာဖြစ်သောကြောင့် ပဋိပတ္တိသာသနာမည်၏။

ထိုကဲ့သို့ ပြုကျင့်၍ စည်ပင်ပြန့်ပွားထွန်းကားသည်ဆိုသည်မှာ–

၁ – ပရိယတ္တိသာသနာ စည်ပင်ပြန့်ပွားထွန်းကားခြင်း –

၂ – ပဋိပတ္တိသာသနာ စည်ပင်ပြန့်ပွားထွန်းကားခြင်း –

၃ – ပဋိဝေဓသာသနာ စည်ပင်ပြန့်ပွားထွန်းကားခြင်း – ဟူ၍ သုံးပါးရှိရာတွင် ပရိယတ္တိသာသနာကြီးပွားထွန်းကားသည် ဆိုသည်ကား ဘုရားစကားတော်တည်းဟူသော ပိဋကတ်သုံးပုံကို သင်ကြားသူ၊ လေ့လာကြည့်ရှုသူ၊ ရရှိသူ၊ နှုတ်တွင်ဆောင်ထားသူ ပေါ်များသည်ကို ပရိယတ္တိသာသနာကြီးပွားသည်ဟု ဆိုရသည်။ ဘုရားစကားတော်တည်းဟူသော ပိဋကတ်သုံးပုံကို သင်ကြားသူ လေ့လာကြည့်ရှုသူ၊ ရရှိသူ၊ နှုတ်တွင်ဆောင်ထားသူ နည်းပါးသည်ကိုပင်လျှင် ပရိယတ္တိသာသနာတော်အားနည်းသည်၊ ဆုတ်ယုတ်သည်ဟု ဆိုရသည်။ ထို့ကြောင့် –

"ပရိယတ္တိတိ တေပိဋကံ ဗုဒ္ဓဝစနံ သာဋ္ဌကထံပါဠိ၊ ယာဝသာ တိဋ္ဌတိ တာဝပရိယတ္တိ ပရိပုဏ္ဏာ နာမဟောတိ"

(အင်္ဂုတ္တရဋ္ဌကထာ – ပ.၆၈)

ပရိယတ္တိတိ–ပရိယတ္တိဟူသည်ကား သာဋ္ဌကထံပါဠိ–အဋ္ဌကထာနှင့်တကွဖြစ်သော၊ တေပိဋကံ ပိဋကတ်သုံးပုံဟုဆိုအပ်သော၊ ဗုဒ္ဓဝစနံ – ဘုရားစကားတော်တည်း၊ ယာဝ – အကြင်မျှလောက်ကာလပတ်လုံး၊ သာ – ထိုဘုရားစကားတော်ဟုဆိုအပ်သော သုံးပုံပိဋကတ် ပရိယတ်သည်၊ တိဋ္ဌတိ – တည်ရှိသေး၏။ တာဝ – ထိုပိဋကတ်သုံးပုံတည်ရှိသေးသမျှကာလပတ်လုံး၊ ပရိယတ္တိ – ပရိယတ္တိသာသနာတော်သည်၊ ပရိပုဏ္ဏာနာမ – ပြည့်စုံသည် မည်သည်၊ ဟောတိ – ဖြစ်၏။

ထို့ကြောင့် ဘုရားစကားတော်တည်းဟူသော ပရိယတ္တိသာသနာ တော်ကြီးကို ပျောက်ကွယ်တိမ်ကောဆုတ်ယုတ်ခြင်းမရှိရလေအောင် စောင့်ရှောက်ရန် တာဝန်ကား သာသနာတော်ထမ်းရဟန်းတော်များ နှင့် ဥပါသကာ ဥပါသိကာများပင် ဖြစ်လေသည်။ ဤစကားကို အနည်း ငယ်ချဲ့၍ ဆိုဦးအံ့ –

အစားအစာ၊ အဝတ်ပုဆိုး၊ နေရာအိမ်အဆောက်အဦး ကျန်းမာရေးအတွက် ဆေးဝါးစသည်တို့ ပြည့်စုံသူတစ်ဦးတစ်ယောက်သည် လူမှုရေးရာကြီးပွားလမ်းအတွက် ချမ်းသာစွာ ထိုင်၍ ရှက်ဆောင်နိုင်သကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကမှ ထွက်မြောက်ကျိုးကို ရှာမှီး ကြလိုသော ရဟန်းတော်များအတွက် ချမ်းချမ်းသာသာ ရွှတ်ဆောင် နိုင်ကြရန် အလို့ငှါ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးဟူသော ပစ္စည်း လေးပါးတို့ကို မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့သည်။ ပစ္စည်းလေးပါးကို အလွယ်တကူ ရရှိမှု၊ ချမ်းသာမျိုးမှာ ဗုဒ္ဓသာသနာမှတစ်ပါး အခြားဘာသာတို့၌ မရရှိနိုင်သော အခွင့်အရေးမျိုး ချမ်းသာမျိုးပင်ဖြစ်သည်။

အဆိုပါ ပစ္စည်းလေးပါးတို့ကို လွယ်ကူစွာ ရရှိနိုင်သော အခွင့်အရေး၌ ဆောက်တည်ကြကာ စာပေကျမ်းဂန်သင်အံလေ့လာမှု၊ တရားဘာဝနာ လေ့လာမှု၊ တရား၌ မွေ့လျော်မှုများကြောင့်ဖြစ်သော ချမ်းသာ၊ ဈာန်ချမ်းသာနှင့် လောကမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာတို့ကား ဤဗုဒ္ဓသာသနာတော်မှတစ်ပါး အခြားသော ဘာသာ သာသနာတို့၌ မရနိုင်ပြီ။ ထို့ကြောင့် ကျွန်ုပ်တို့ဘုရားရှင်ပင် – "သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟိ""အခြားသော ဘာသာ သာသနာတို့သည် နိဗ္ဗာန်ကို လက်ကိုင်ရသော သောတာပန် အရိယာရဟန်းမှ ကင်းဝေးကုန်၏" ဟု မိန့်တော်မူသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ သာသနာတော်သည် သာသနာတော်ပေါင်းများစွာတို့တွင် အမွန်မြတ်ဆုံး အထွဋ်အထိပ် အကျဆုံးဟု ဆိုအပ်ပေသည်။

ဤသို့အားဖြင့် တစ်ကယ်အဖိုးထိုက်တန်သော ရဟန်းအဖြစ်၊ ဥပါသကာ ဥပါသိကာအဖြစ်၌ ပါဝင်ရခြင်း၏ မွန်မြတ်ပုံသည်လည်း နှိုင်းဆဖွယ်ရာပင် မရှိနိုင်ပြီ၊ ထို့ကြောင့် ဘုရားစကားတော်တည်းဟူသော ပရိယတ္တိသာသနာတော်ကြီးကို စောင့်ရှောက်ရန် တာဝန်ကား သာသနာ့ ဝန်ထမ်းရဟန်းတော်များနှင့် ဥပါသကာ ဥပါသိကာတို့၏ တာဝန်ဖြစ်ပေသည်ဟု ဆိုအပ်၏။

ထိုတွင် သာသနာဝန်ထမ်း ရဟန်းတော်များမှာ မြတ်စွာဘုရားသာသနာတော် မကွယ်မပ ကြာရှည်တည်တံ့ကြောင်း အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်၌ –

"ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ။ လ။ သက္ကစ္စံ ဓမ္မံ ပရိယာပုဏန္တိ ဓမ္မံ သုဏန္တိ ဓမ္မံ ဓာရေန္တိ ဓမ္မံ ပဋိပဇ္ဇန္တိ" ဟုဟောတော်မူသည်။

အတိုချုပ်အဓိပ္ပါယ်ကား –

၁ – ပါဠိအဋ္ဌကထာ ထိုထိုကျမ်းစာကို လေ့လာကောင်းမွန်စွာ မှတ်ယူနားထောင်ခြင်းသည် သာသနာတည်ထွန်းကြောင်း အင်္ဂါတစ်ပါး –

၂ – မှတ်ယူနားထောင်ပြီးသော ပါဠိစမ္မကို ယထာဘူတ ကျနစွာ သိမြင်အောင် သင်ကြားလေ့ကျင့်ခြင်းလည်း သာသနာ တည်ထွန်းကြောင်းအင်္ဂါ တစ်ပါး –

၃ – ပိဋကတ်ကျမ်းစာကို အာဂုံနှုတ်တက် ကောင်းစွာဆောင် ရွက်ခြင်းသည်လည်း သာသနာတည်ထွန်းကြောင်း အင်္ဂါတစ်ပါး –

၄ – အာဂုံနှုတ်တက်ဆောင်ရွက် ကျက်မှတ်ပြီးသော ပါဠိကျမ်းစာတို့၏ အနက်ကို စူးစမ်းဆင်ခြင်လည်း သာသနာ တည်ထွန်းကြောင်း အင်္ဂါတစ်ပါး –

၅ – ပါဠိ၏ အနက်သဘောကို သိ၍ လောကုတ္တရာတရား ကိုးပါးနှင့် သင့်လျော်လျောက်ပတ်သော အကျင့်ကို ကျင့်ခြင်းလည်း သာသနာတည်ထွန်းကြောင်း အင်္ဂါတစ်ပါး – ဟူ၍ "သုံးပုံပိဋကတ်" ပရိယတ်ဟု မြတ်သာသနာ ပွင့်လင်းသဘို့ ကောင်းစွာလေးစားနာမှတ်သား၍ သင်ကြားနှုတ်တက် အာဂုံရွက်ရှင့် အနက်အဓိပ္ပါယ် သိနားလည်အောင် စိတ်ဝယ်နှိုင်းရှု ဆင်ခြင်မှုတည့် အနုစမ္မ ကြိုးလုံ့လဖြင့် ကျင့်ကမှန်စွာ သာသနာသည် ရောင်ဝါနေသို့ ထွန်းသတည်း " ဟု ရှေးဆရာများ စပ်ဆိုထားသည်။

ဆရာကြီးဦးကြည်

## သာသနာတော်၏ ပင်ရင်း

ကျွန်ုပ်တို့ သာသနာလုပ်ငန်းဆောင်ရွက်ရာတွင် အရေးအကြီးဆုံး ဖြစ်သော ပရိယတ္တိဟူသော မြတ်စွာဘုရား၏ လမ်းညွှန်ချက်ကို မှန်ကန်အောင် အထူးဂရုစိုက်ဖို့ အရေးကြီးပါသည်။ လမ်းညွှန်ချက်ကို မိမိတို့ မှန်ကန်အောင် မလေ့လာပါက လမ်းမှားသို့ ရောက်မည်။ လမ်းညွှန်ပေးသော မြတ်စွာဘုရား၏ စကားတော်နှင့် သတ္တဝါဝေနေယျ အပေါ် မြတ်စွာဘုရား၏ ထားရှိသော ဆန္ဒတော်ကိုလည်း သဘော ပေါက်ရန်လိုသည် -

"အနုကမ္ပကဿ သတ္ထုကိစ္စံ၊ ယဒိဒံ အဝိပရိတ ဓမ္မဒေသနာ ဣတောပရံပန ပဋိပတ္တိနာမ သာဝကာနံ ကိစ္စံ"
(မူလပဏ္ဏာသဋ္ဌကထာ-၁၉၉၊ သဠာယတနဋ္ဌကထာ-၁၄၈)
(ဝေနေယျ သတ္တဝါကို သနားသဖြင့် မချွတ်မယွင်း မှန်ကန်သော တရားလမ်းညွှန်ဟောကြားပေးဖို့ ငါဘုရား၏ တာဝန် ဤမှတစ်ပါး လမ်းညွှန်ချက်အတိုင်း လေ့ကျင့်အားထုတ်ဖို့တော့ သာဝကတာဝန်) ၎င်းပြင်
"မယှံ ဟိ ပဋိပတ္တိကထန မေဝဘာရော၊ ပဋိပတ္တိပူရဏံပန ကုလပုတ္တာနံဘာရော" (ခန္ဓဝဂ္ဂသံယုတ္တဋ္ဌကထာ - ၂၉၃)
(တရားအလုပ်အားထုတ်တတ်အောင် ဟောကြား၊ ညွှန်ပြပေးဖို့ ငါဘုရားရဲ့ တာဝန်၊ လမ်းညွှန်သည့်အတိုင်း ပြည့်စုံမှန်ကန်အောင် လေ့ကျင့်ဖို့တော့ လိုက်နာလေ့ကျင့် အားထုတ်မည့် အမျိုးကောင်းသားတို့၏ တာဝန်)

ဟု ဖော်ပြထားရာ - အင်္ဂုတ္တရ အဋ္ဌကထာတွင်လည်း သာသနာ၏ အရင်းခံဖြစ်သော ဤပရိယတ္တိနေရာမကျလျှင်

"ယာဝတိဋ္ဌန္တိ သုတ္တန္တာ"စသော ၃ ဂါထာ (အင်္ဂုတ္တရဋ္ဌကထာ ပ – ၇၂) ပါဠိထား၍ အနက်ဖော်အံ့ –

"ယာဝ – အကြင်မျှလောက်၊ သုတ္တန္တာ – သုတ်၊ အဘိဓမ္မာ – နှစ်ဖြာသော ပါဠိတို့သည်၊ တိဋ္ဌန္တိ – တည်ရှိကုန်၏၊ ယာဝ – အကြင်မျှလောက်၊ ဝိနယော – ဝိနည်းသည်၊ ဒိပ္ပတိ – မချွတ်မယွင်း ထွန်းလင်းတောက်ပ၏၊ တာဝ – ထိုမျှလောက်၊ အာလောကံ – သာသနာတည်းဟူသော အလင်းရောင်ကို၊ ရက္ခန္တိ – မကွယ်မပျောက်အောင် စောင့်ရှောက်နိုင်ကုန်၏၊ ကိမိဝ – အဘယ်ကဲ့သို့နည်းဟူမူကား၊ သူရိယေ – နေသည်၊ အဗ္ဘုဋ္ဌိတေ –တက်ထွန်းထွက်ပေါ်ခဲ့သည်ရှိသော်၊ အာလောကံ – အမိုက်မှောင်ခွင်း ရောင်အလင်းကို၊ ရက္ခန္တိယထာ – မကွယ်မပျောက်အောင် စောင့်ရှောက်နိုင်သကဲ့သို့ ပေတည်း။

သုတ္တန္တေသု – သုတ်အဘိဓမ္မာ နှစ်ဖြာသော ပါဠိတို့သည်၊ အသန္တေသု – ထင်ရှားတိတိမရှိကုန်သော်လည်းကောင်း၊ ဝိနယမှိစ – ဝိနည်းပါဠိသည်လည်း၊ ပမုဋ္ဌမှိစ – မေးမှိန်တမံမြုပ်ဆုတ်ယုတ်ခဲ့သည်ရှိသော်လည်းကောင်း၊ လောကေ– လောကကြီးထဲ၌၊ တမော – သာသနာ အရောင်မရှိပဲ မှောင်အတိကျခြင်းသည်၊ ဘဝိဿတိ – အမှန်မုချစင်စစ် ဖြစ်ရတော့လတ္တံ့၊ ကိမိဝ – အဘယ်ကဲ့သို့ နည်းဟူမူကား၊ သူရိယေ – နေသည်၊ အတ္တင်္ဂတေ – ဝင်သည်ရှိသော်၊ တမော – ရောင်ဝါမလင်း အမှောင်ကျခြင်းသည်၊ ဟောတိယထာ – ဖြစ်သကဲ့သို့တည်း။"

သုတ္တန္တေ – သုတ္တန်မည်ရှိပါဠိပိဋကတ်သည်၊ ရက္ခိတေ – စောင့်ရှောက်အပ်သည်ဖြစ်၍၊ သန္တေ – ထင်ရှားတိတိ တစ်ကယ်

ပင်ရှိလတ်သော်၊ ပဋိပတ္တိ – ကျင့်စဉ်အရပ်ရပ် ပဋိပတ်သည်၊ ရက္ခိတာ – မကွယ်မပျောက်အောင် စောင့်ရှောက်အပ်သည်၊ မည်သည်၊ ဟောတိ – ဖြစ်၏၊ ပဋိပတ္တိယံ – မှန်ကန်တည့်မတ် အကျင့်မြတ်၌၊ ဌိတော – တည်သော၊ မီရော – ယထာသဘာဝ ကျနပိုင်းခြားမှတ်သားနိုင်ဘိ ပညာရှိသည်၊ ယောဂက္ခေမာ – ယောဂလေးဖြာ ကုန်ရာအမှန် မြတ်နိဗ္ဗာန်မှ၊ နစံသတိ – ဘယ် နည်းနှင့်မှ မပျက်မစီး မဆုတ်ယုတ်နိုင်တော့သည်သာတည်း။”

## ကျွန်ုပ်တို့ ကုသိုလ်ကောင်းသည်

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် (၃)လအလွန် ဝါခေါင်လပြည့်ကျော် (၅) ရက်နေ့ကစ၍ မဂဓတိုင်းအဝင်အပါ ရာဇ ဂြိုဟ်ပြည်ဝေဘာရတောင်စရည်းပင်ရောက်ရာ လိုဏ်ဂူ၌ အဇာ တသတ်မင်းသည် စီရင်တည်ဆောက်အပ်သော မဟာမဏ္ဍပ်တော်တွင် အရှင်မဟာကဿပ အမှူးပြုသော ငါးရာမျှ ရဟန္တာများသည် ပရိယတ္တိသာသနာတော်ကို စိစစ်တည်းဖြတ်၍ ပဌမသံဂါယနာတင်ပြီး စောင့်ရှောက်ထိန်းသိမ်းခဲ့သည်မှစ၍ ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာ နိုင်ငံတော်တွင် ဆဋ္ဌသံဂါယနာတင်သည်အထိ မင်းအဆက်ဆက်တို့ ထိန်းသိမ်းစောင့်ရှောက်ကာ အကြိမ်ကြိမ် သံဂါယနာတင်တည်းဖြတ် စိစစ်ထားသော ဘုရားစကားတော် လမ်းညွှန်ချက်တို့ ပြည့်စုံမှန်ကန် သော ပရိယတ္တိကြောင့် သာသနာတော်တလျှောက် ထိုပရိယတ္တိ၏ အသီးအပွင့် သောတာပန်စသော အရိယာများဖြစ်ရှိခဲ့ရမှုသည် အထင်အရှား သက်သေသာဓကများပင်ဖြစ်ရကား ထိုပရိယတ္တိ လမ်းညွှန်ချက်အမှန်ကို ရရှိကြသော ကျွန်ုပ်တို့အတွက် သံသရာဝဋ် ဆင်းရဲမှ ထွက်မြောက်ရာ မိမိအကျိုးအတွက် အားထုတ်အပ်သော

လုပ်ငန်းလမ်းစဉ် ပဋိပတ္တိသည် မည်သို့မျှ မမှားမယွင်းနိုင်တော့ပေ။ လုပ်ငန်းလမ်းစဉ်မှန်လာသည်ရှိသော် ထိုလုပ်ငန်းမှန်မှုကြောင့် ရအပ်သော သံသရာပြတ်မှု မဂ်ဖိုလ်နိဗ္ဗာန်မျက်မှောက်ပြုနိုင်သော အရိယာအဆင့်ဆင့်ရောက်ရှိဖြစ်ပေါ်မှု အသီးအပွင့်နှင့်တူသော ပဋိဝေဓ သာသနာတော်လည်း အကြောင်းဖြစ်သော ဓမ္မနှင့် ယင်းအကျိုး ဓမ္မတာတို့ သေချာလှသောအကြောင်းကို –

"ယော ဝေါအာနန္ဒ မယာ ဓမ္မောစဝိနယောစ ဒေသိတော ပညတ္တော သောဝေါမမစ္စယေနသတ္ထာ"

(သုတ်မဟာဝဂ္ဂမဟာပရိနိဗ္ဗာနသုတ်ပါဠိတော် – ၁၂၆)

အာနန္ဒ – ချစ်သား အာနန္ဒာ၊ မယာ – သင်တို့ဆရာငါဘုရားသည်၊ ဝေါ – သင်ချစ်သားတို့အား၊ ယောဓမ္မောစ – အကြင်သုတ် အဘိဓမ္မာတရားတော်ကိုဂုဏ်း၊ ဒေသိတော – ဟောတော်မူခဲ့ပြီ၊ ယော ဝိနယောစ – အကြင်ဝိနည်းပညတ်တော်ကိုလည်း၊ ပညတ္တော – ပညတ်တော်မူခဲ့ပြီ၊ သော – ထိုသုတ္တန် အဘိဓမ္မာ ဝိနည်းပညတ်တော်များသည်၊ မမစ္စယေန – ငါဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည်နောက်၌၊ ဝေါ – သင်တို့၏၊ သတ္ထာ – ဆုံးမတတ်စွာ၊ ဆရာဘုရားသည်၊ ဘဝိဿတိ – ဖြစ်ပေလတ္တံ့" ဟု ဟောတော်မူရာ ဤပါဠိတော်ကြီးကို ထောက်မျှော်၍ ယခုရှိကြသော ပိဋကတ်သုံးပုံ ပါဠိတော်ကြီးသည် ဘုရားကိုယ်စား ဘုရားကိုယ်ပွား ဘုရား၏ ကိုယ်စားလှယ်ကြီးလည်း ဖြစ်သည်ဟု မှတ်အပ်၏။

## ဆရာရှာပါ

မိမိသည် သံသရာဝဋ် ဆင်းရဲမှ လွတ်လို၏။ လွတ်မြောက်ကြောင်း အလုပ်ကိုကား ကျွန်ုပ်တို့ မသိသည့်အတွက် တတ်သိနားလည်သော ဆရာကိုရှာရန် –

'ယထာဘူတံ ဘိက္ခဝေ ဉာဏာယသတ္ထာ ပရိယေသိတဗ္ဗာ'

'ချစ်သားတို့ ဟုတ်မှန်သော သဘာဝတရားကို ဟုတ်မှန်သော အတိုင်းဉာဏ်ဖြင့် သိရန် အမှန်အကန်ကို ညွှန်ပြတတ်သော ဆရာကို မရမက ရှာမှီးအပ်၏'ဟု မိန့်မှာချက်အရ ကျွန်ုပ်တို့ ဆရာရှာရာတွင် - မြတ်စွာဘုရား၏ ဓမ္မက္ခန္ဓာ လမ်းညွှန်ချက်ကို မရှာပဲ - ပုဂ္ဂိုလ်ကိုသာ ရှာနေသောကြောင့် အစစ်အမှန် ရှာရမည့် ဆရာကို အဋ္ဌကထာ ဆရာက လိုအပ်သော ဆရာကို ဖော်ပြရာ၌ -

'တေန တေနာကာရေန ။ လ ။ တုမှေ သြဝဒိဿန္တိ
အနုသာသိဿန္တိ' (မဟာဝဂ္ဂဋ္ဌကထာ - ၁၈၃)

တေန တေနာကာရေန - ထိုထိုသို့သော အခြင်းအရာအားဖြင့် (မယာ - ငါဘုရားသည်) ဣမေဓမ္မေ - ဤသတိပဋ္ဌာန် သမ္မပဓာန် တရားတို့ကို၊ ဝိဘဇိတွာ - ဝိဘဇိတွာ - ဝေဖန်၍ ဝေဖန်၍၊ ဒေသိတံ - ဟောအပ်၏၊ သကလမ္ပိ - အလုံးစုံလည်းဖြစ်သော၊ ပံသုတ္တန္တ ပိဋကံ - ထိုသုတ္တန် ပိဋကတ်သည်၊ မယိ - ငါဘုရားသည်၊ ပရိနိဗ္ဗုတေ - ပရိနိဗ္ဗာန်ပြုပြီး သည်ရှိသော်၊ တုမှာကံ - သင်ချစ်သားတို့အား၊ သတ္ထုကိစ္စံ - ဘုရား ကိစ္စ (ဆရာကိစ္စ) ကို၊ သာဓေဿတိ၊ ပြီးစေလတ္တံ့ - ပြီးစီးအောင် ဆောင်ရွက်လတ္တံ့။ လ ။ ဣတိ - ဤသို့၊ ဣမာနိစတုရာသီတိ ဓမ္မက္ခန္ဓ သဟဿာနိ - ဤရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သည်၊ တိဋ္ဌန္တိ - တည်ကုန်၏၊ အဟံ - ငါဘုရားသည်၊ ဧကောဝ - တစ်ပါးတည်းသာလျှင်၊ ပရိနိဗ္ဗာယာမိ - ပရိနိဗ္ဗာန်ပြု၏၊ ပန - စင်စစ်သော်ကား၊ ဒါနိစ္စဒါနိ - ဤယခုအခါ၌၊ အဟံ - ငါဘုရားသည်၊ တုမှေ - သင်ချစ်သား

တို့ကို၊ ဇကတော၀ – တစ်ပါးတည်းသာလျှင်၊ ဩဝါဒါမိ – ဆုံးမ၏။ အနုသာသာမိ – ကံမြစ်၏၊ မယိ – ငါဘုရားသည်၊ ပရိနိဗ္ဗုတေ – ပရိနိဗ္ဗာန်ပြုပြီးသည် ရှိသော်၊ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ – ဤရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သည်၊ တုမှေ – သင်ချစ်သားတို့အား၊ ဩဝဒိဿန္တိ – ဆုံးမကြကုန်လတ္တံ့၊ အနုသာ သိဿန္တိ ကံမြစ်ကြကုန်လတ္တံ့’

ဤအဋ္ဌကထာဖော်ပြချက်မှာ အလွန် ယထာဘူတကျ၍ သတိထားလိုက်နာရန်ဖြစ်သည်။ မိမိတို့၏ သံသရာထွက်ကြောင်း သတိပဋ္ဌာန်ကိစ္စ မဂ္ဂင်ကိစ္စသည် မြတ်စွာဘုရား၏ တရားတော်သာဖြစ်သည်။ ထိုလုပ်ငန်းတို့ကို ပြုလုပ်အားထုတ်မည့် သူသည် ထိုလုပ်ငန်းတို့ကို နည်းအမျိုးမျိုးဖြင့် သိအောင် ညွှန်ပြပေးသော ဓမ္မက္ခန္ဓာ (ဆရာ) ဘုရား တို့ကိုသာလျှင် မေးမြန်းလျှောက်ထား ညှိနှိုင်းရမည်။ မိမိကိုယ်တိုင် မတတ်မသိက တတ်သိနားလည်သော ပုဂ္ဂိုလ်တို့သို့ ဆည်းကပ်ရမည်။ ထိုပုဂ္ဂိုလ် (ကလျာဏ) ၏ ဓမ္မက္ခန္ဓာနှင့် ညှိနှိုင်းညွှန်ပြချက်ကိုသာလျှင် ဂရုဂါရဝဖြင့် လေးလေးနက်နက် နာခံမှတ်သားရမည် ပုဂ္ဂိုလ်ပေါ်တင် မနေရန် သတိထားရမည်။

## သာသနာ့ သမ္ဘဒါသုံးပါး

ဗုဒ္ဓသုဗုဒ္ဓတာလောကေ ၊ ဓမ္မဿစ သုဓမ္မတာ၊
သာဝကာနဉ္စသမ္ပတ္တိ၊ ဇသာသာသန သမ္ပဒါ။

‘လောကေ–လောကသုံးခွင်ဘုံအပြင်၌၊ ဗုဒ္ဓသုဗုဒ္ဓတာစ – သတ္တဝါတို့၏ အားထားရာဖြစ်သော ဘုရား၏ ကောင်းမြတ်သော ဘုရားမှန်ဖြစ်မှုသည် ၎င်း၊ ဓမ္မဿ – ကျင့်ဆောင်လိုက်နာအပ်သောတရား၏၊ သုဓမ္မတာစ – ကောင်းမြတ်သော

တရားမှန်ဖြစ်မှုသည်ဂုဏ်၊ သာဝကာနံ ဘုရား၏ တပည့်သား သာဝကများတို့၏၊ သမ္ပတ္တိစ – အကျင့်သီလနှင့်ညီမျှပြည့်စုံမှု သည်ဂုဏ်၊ ဧသာ – ဤဘုရားမှန်, တရားမှန်, သံဃာမှန် သုံးပါးသည်၊ သာသနသမ္ပဒါ – သာသနာတော်ကြီး၏ ပြည့်စုံခြင်းပေတည်း’

ဟု ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ ဥဒါန်းကျူးရင့်ခြင်း ပါတည်း။

## ရတနာအစစ်အမှန်

ဤလောက၌ ဘုရားတရားသံဃာဟူ၍ သတ္တဝါတို့အထွဋ်အထိပ်ထား၍ ကိုးကွယ်ဆည်းကပ် ယုံကြည်အပ်သော ရတနာ သုံးပါးရှိသည်။ ထိုရတနာသုံးပါးသည် ယဉ်ကျေးသော လူမျိုးတိုင်းမှာ ရှိတတ်ကြ ကုန်၏။ ယင်းသို့ပင်ရှိငြားသော်လည်း ရတနာဟူ၍ ခေါ်ဝေါ်အပ်သော အတိုင်း ကောင်းမွန်အပ် မြတ်နိုးအပ် အားကိုးအပ်လှပြီဟု စိတ်မချ သာသေးပေ။ ဥပမာ – စိန်ရတနာ၊ မြရတနာ၊ ပတ္တမြား ရတနာများကို လောက၌ အထွဋ်အထိပ် မြတ်နိုးဖွယ်ဟု သမုတ်၍ သုံးစွဲကြကုန်သည်။

သို့ရာတွင် ထိုရတနာ တို့၏ သဘောလက္ခဏာ၊ ရတနာ၏ အစစ် အမှန် အဖိုးထိုက် မထိုက်ကို မသိကြသော လူတို့၏ အထံသို့ ရောက်၍ သွားလျှင် အဖိုးမထိုက်မတန် ၊ အမျိုးမစစ်မမှန်သော ရတနာများကိုပင် သော်လည်း အဆင့်ဆင့် ပြောစကားဖြင့် အကယ်ပင် ရတနာကောင်း ရတနာစစ် ထင်မြင်မှတ်မှား၍ အားကိုးအားထား သုံးစွဲကြလေသည်။ ရတနာ၏ အကြောင်းကို ကောင်းစွာ နားလည်သိရှိသော သူတို့ တွေ့ရှိသောအခါတွင်မှ

ရတနာအစစ်မဟုတ်ကြောင်းများကို ထင်ရှား တွေ့ရှိလေသဖြင့် ရတနာမျိုးမမှန် အဖိုးတန်မဟုတ်သည်ကို သုံးစွဲ လျက်ရှိကြသော သူတို့၏ ဉာဏ်ပညာနည်းပါးသဖြင့် မှားယွင်းလျက် ရှိကြကြောင်းကို သိရှိပြီးလျှင် ထိုရတနာ ဇာတိကို သိရှိနားလည် သော သူတို့က ကဲ့ရဲ့ ရှုတ်ချကြလေသည်။

ထို့ကြောင့် သံသရာရေးနှင့် စပ်ဆိုင်သော လောကုတ္တရာရတနာ များကို မဆိုထားဘိ၊ လောကီပစ္စက္ခ မျက်မှောက်ခေတ်နှင့် သာစပ်ဆိုင် သော စိန်၊ မြ၊ ပတ္တမြား ရတနာ သာမညများကိုမှ သော်လည်း – အမျိုး မှန်သည်၊ အဖိုးတန်သည် သုံးစွဲခြင်းငှါ တင့်တယ်သည် ဟူ၍ သိရှိခြင်းငှါ ထိုက်လေသည်။

ဘုရား၊ တရား သံဃာဟူသော လောကုတ္တရာ ရတနာများ၏ ဘုရားမှန်, တရားမှန်, သံဃာမှန် အဖြစ်ကိုမူကား သာ၍ပင် စိစစ် ထိုက်လေသည်။ အရေးတကြီး အမှန်ပင် နေရာတကျ သိထိုက်လှ၏။

## ဥပိုက်ဥတ္တမ်းချက်

ဘုရားမှား တရားမှား သံဃာမှား ဟုဆိုအပ်သော ကိုးကွယ်ရာ ရတနာသုံးပါး အမှားကြီးတွေကို အမှန်အကန် အကောင်း အမွန်ထင်၍ ကိုးကွယ်မြတ်နိုးအားကိုး ဆည်းကပ်၍ နေပါလျှင် ရတနာတုကို ဝတ်ဆင်၍ နေသောသူအား ရတနာ အမျိုးမျိုးကို နားလည် ကျွမ်းကျင် သိရှိသော ပညာရှိတို့မြင်လျှင် ကဲ့ရဲ့ရှုတ်ချဖွယ် ဖြစ်သကဲ့သို့ လောကမျက်မှောက်၌ ရတနာသုံးပါး၊ မမှန်မကန် ကိုးကွယ်မှားသော သူအား လောကတွင် ပညာရှိတို့၏ ကဲ့ရဲ့ရှုတ်ချ ခံရခြင်းတို့အပြင် သံသရာတစ်ခွင်လုံးတွင်လည်း ရှုံးခြင်းကြီးရှုံးရ တတ်လေသည်။

သို့ဖြစ်၍ ဘုရား၏ ကောင်းမွန်မှန်ကန်သော ဘုရားအဖြစ်၊ တရား၏ ကောင်းမွန်မှန်ကန်သော တရားအဖြစ်၊ သံဃာ၏ ကောင်းမွန် မှန်ကန်သော သံဃာအဖြစ်ကို မိမိတို့၏ သံသရာ နောင်ရေး စိတ်အေး ရစေရန် ရှေးဦးစွာ စိစစ်၍ နေရာကျအောင် ရှာဖွေသိရှိထားရန်လိုသည်။ ဆိုခဲ့ပြီးသောအတိုင်း မိမိတို့၏ ကိုယ်ရေး ကိုယ်တာ အားကိုးရာကို ရှာဖွေရာ၌ ကျွန်ုပ်တို့ကိုးကွယ် ဆည်းကပ် သော ဘုရားကို ကြည့်ပါ –

"ဗုဒ္ဓေါ သောဘဂဝါ ဗောဓာယ ဓမ္မံဒေသေတိ"
(သစ္စာ ၄ ပါး သိတော်မူပြီးသော မြတ်စွာဘုရားသည် သတ္တဝါ တွေ သစ္စာသိအောင် တရားဟော၏)
"ဒန္တော သောဘဂဝါ ဒမ္မထာယ ဓမ္မံဒေသေတိ"
(ကိုယ်နှုတ်နှလုံးယဉ်ကျေးအောင် ဆုံးမပြီးသော မြတ်စွာ ဘုရားသည် သတ္တဝါတွေကိုယ်နှုတ်နှလုံးယဉ်ကျေးအောင် ဆုံးမနိုင်ရန် တရားကို ဟောတော်မူ၏)
"သန္တော သောဘဂဝါ သမထာယ ဓမ္မံဒေသေတိ"
(ကိလေသာမှ ငြိမ်းအေးတော်မူပြီးသော မြတ်စွာဘုရားသည် သတ္တဝါတွေ ကိလေသာအပူဘေးမှ ငြိမ်းအေးအောင် တရား တော်ကို ဟောတော်မူ၏)
"တိဏ္ဏော သောဘဂဝါ တရဏာယ ဓမ္မံဒေသေတိ"
(သံသရာမှကူးမြောက်တော်မူပြီးသော မြတ်စွာဘုရားသည် သတ္တဝါတွေ သံသရာမှ ကူးမြောက်နိုင်စေရန် တရားကို ဟောတော်မူ၏)
"ပရိနိဗ္ဗုတော သောဘဂဝါ ပရိနိဗ္ဗာ နာယဓမ္မံ ဒေသေတိ"

(သံသရာပြတ်ခန္ဓာဇာတ်သိမ်း အေးငြိမ်းတော်မူပြီးသော မြတ်စွာဘုရားသည် သတ္တဝါတွေ သံသရာပြတ်ခန္ဓာဇာတ် သိမ်းနိုင်ရန် တရားကို ဟောတော်မူ၏)

ကျွန်ုပ်တို့သည် သံသရာနှောင်ရေးအတွက် မိုခိုရာ အားထားရာ ဆည်းကပ်ကိုးကွယ်ရာကို ရှာရာတွင် မိမိတို့ ကိုးကွယ်သော မြတ်စွာဘုရားကို ဤသို့ သဘောထား ဆန္ဒတော်အား ကြည်ညိုယုံကြည်စွာဖြင့် ဆည်းကပ်ခြင်းတို့သည် ဘုရား၏ မှန်ကန်မှု။ ထိုမြတ်စွာဘုရား ဟောကြားတော်မူသော သံသရာဒုက္ခ ခန္ဓာဒုက္ခတို့မှ အပြီးတိုင် ကျွတ်လွတ်ထွက်မြောက်စေနိုင်သော လက်တွေ့ကျကျ တရားတော်၏ မှန်ကန်မှု၊ ထိုမြတ်စွာဘုရားသည် လမ်းညွှန်မိန့်ကြား တရားတော်များကို ယထာဘူတ ကျနမှန်ကန်စွာ လေ့ကျင့်အားထုတ်အပ်သော သာဝကသံဃာ၏ မှန်ကန်မှုတို့သည် (သာသနသမ္ပဒါ) သာသနာတော်၏ မှန်ကန် ပြည့်စုံမှုပင်ဖြစ်၏။

## မှန်ကန်မှု၏ ရအပ်သော အကျိုး

ပြဆိုခဲ့ပြီးသော အတိုင်းအကြင်သာသနာ၌ ကိုးကွယ်အားထားရာဖြစ်သော ဘုရား၏ ဘုရားမှန်ဖြစ်ခြင်း၊ တရားတော်၏ တရားမှန်ဖြစ်ခြင်း၊ တပည့်သား သာဝကသံဃာ၏ သံဃာမှန်ဖြစ်ခြင်း၊ ဤသုံးပါးသော အချက်ကြီးများနှင့် ပြည့်စုံ၏။ ဤသို့ 'ဗုဒ္ဓ သုဗုဒ္ဓတာ ဓမ္မသုဓမ္မ သာဝက သမ္ပတ္တိ' ဟုဆိုအပ်သော အချက်သုံးပါးနှင့် ပြည့်စုံသော သာသနာသည် ကောင်းမွန်မှန်ကန်သော သာသနာမည်၏၊ ထိုသာသနာသို့ ယက်ဝင်ခိုလှုံကြကုန်သော သူတို့သည် မိမိတို့ရည်မှန်းမျှော်လင့်အပ်သော မျက်မှောက်အကျိုး တမလွန်အကျိုးတို့ကို ရစေနိုင်ကုန်၏။ နိဗ္ဗာန်တိုင်အောင် အကျိုးထူးများကို

ရရှိခံစားနိုင်ကုန်၏။ တရားကောင်း တရားမှန်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခိုလှုံပြီးလျှင် ထိုတရားတော်နည်းလမ်း ညွှန်ပြသည့်အတိုင်း ကျင့်ဆောင် အားထုတ်သည်ရှိသော် ထို့အတူ ကြီးစွာသော အကျိုးကို ခံစားရ၏။ သာဝကသံဃာ၏ ပြည့်စုံထိုက် သော ဂုဏ်ကျေးဇူးတို့နှင့် ကောင်းမွန်ပြည့်စုံအောင် ကိုးကွယ်ဆည်း ကပ်မှုမှန်ကန်ပါက ကြီးစွာသော အကျိုးထူးတရားကို ရစေနိုင်၏။

ယင်းသို့ ဘုရားစစ်ဘုရားမှန် တရားစစ် တရားမှန် သံဃာစစ် သံဃာမှန်တို့နှင့် တွေ့ဆုံကြုံကြိုက်ရခြင်းသည် မိမိတို့ ကျင်လည်လာခဲ့ရသော သံသရာဘဝတို့နှင့် ပြန်လေ့လာပါက ကြုံကြိုက်ခဲလှသော ဒုလ္လဘဖြစ်၏။ ဤသို့ ဖြောင့်မှန်မြင့်မြတ်သော သာသနာမှတစ်ပါး တစ်ခြားသော သာသနာတို့တွင် ထိုဒုလ္လဘမျိုးမရမရှိခဲ့ပေ။

ဤသို့ ထူးမြတ်လှစွာသော သာသနာခေတ်ကောင်းကြီးနှင့် တွေ့ကြုံဆဲအခါ အပါယ်လေးပါးတံခါးပိတ်ရသော အောက်အနိမ့်ဆုံး အကျိုးတရားမှစ၍ သုဂတိ ဘဝအကျိုး အမျိုးမျိုးနှင့် သံသရာပြတ်ငြိမ်း ဝဋ်ဇာတ်သိမ်းရာ နိဗ္ဗာန်တာသို့ သေချာရောက်ကြောင်း ဖြစ်သည်ကို ကိုယ်တိုင်ကိုယ်ကြပ် မှန်ကန်စွာ ကျင့်ဆောင်မှုတရားအလုပ်ကို လေ့ကျင့်နိုင်သော ကိုးကွယ်ဆည်းကပ်မှု မှန်ကန်သည်ကို ကိုယ်တိုင် သိရန် လေ့လာလေ့ကျင့်နိုင်ကြစေရန် အရင်းခံဖြစ်သော ပရိယတ္တိ သာသနာတော်ကို အဓိက ပဓာနထားကာ ထိုမှန်ကန်သော လမ်းညွှန် ဟောကြားချက်ကို တိကျမှန်ကန်စွာ လိုက်နာခံယူဖို့ အတွက် မိမိကိုယ်တိုင် မလေ့လာနိုင်က ပရိယတ်ဓမ္မက္ခန္ဓာကို သင်ကြားနားလည် ထားသော ရှင်လူရဟန်း ပညာရှိများအား ဆည်းကပ်၍ သဘော ပေါက်၍ လေ့လာအားထုတ်နိုင်ရန် နာယူပါ။

ယင်းနာယူမှုသည် ယထာ ဘူတ ခန္ဓာ သဘာဝ ထိသိပါက ကိုယ်တိုင်လေ့ကျင့်အားထုတ်ပါ။ သဘောပေါက်ရုံ၊ နာယူရုံမျှသိမှုကား သာသနာလုပ်ငန်း၏ အစသိ (ဉာတပရိညာ) မျှသာဖြစ်၍ မိမိခန္ဓာတွင် မိမိကိုယ်တိုင် သိဖြစ်အောင် လေ့ကျင့်သိ (တီရဏ ပရိညာ) မှသည် ကြိမ်ဖန်များစွာ ထပ်ကာ ထပ်ကာ လေ့လာ လေ့ကျင့်သဖြင့် ခန္ဓာ၏ သဘာဝအမှန်ကို အမှန်အတိုင်း သိသဖြင့် ဤဘဝ ဤခန္ဓာမှသည် မည်သည့်ဘဝ မည်သည့်ခန္ဓာမှ ရယူလိုစိတ် မရှိတော့ပဲ ပယ်သိ (ပဟာန ပရိညာ) ဖြင့် – သံသရာ ခန္ဓာစသည်မှ ဘုံသုံးပါး၌ ဖြစ်သော ဒုက္ခအားလုံး ချုပ်ငြိမ်းလွတ်မြောက်သွားမှုကား – ပရိယတ္တိ အခြေခံ မှန်သဖြင့် ထိုပရိယတ်လမ်းညွှန်မှန်သော ပဋိပတ်လုပ်ငန်း ယထာဘူတ သဘာဝအမှန်ကို အမှန်အတိုင်း ဉာဏ်ရောက်သဖြင့် အမှန်ဆုံးဖြစ်သော နိရောဓသည် နိဗ္ဗာန် – ရ ရောက်ရသည်မှာ သာသနာတော်၏ မှန်ကန်ပြည့်စုံမှု (သာသန သမ္ပဒါ) မည်ကြောင်း ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး၏ သာသနသမ္ပတ္တိ အရ ဖော်ပြလိုက်ပါသည်။

## ပဋိပတ္တိသာသနာ

မြတ်စွာဘုရား၏ ချမှတ်ထားသော သာသနာသုံးရပ်တွင် ပဋိပတ္တိ သာသနာဆိုသည်မှာ ပရိယတ်ဟူသော မြတ်စွာဘုရား၏ ဟောကြား လမ်းညွှန်ချက်ကို အကောင်အထည်ပေါ်အောင် လေ့ကျင့်အားထုတ်မှု ကို ဆိုလိုသည်။ သို့အတွက် ရှေးဦးစွာ မြတ်စွာဘုရား၏ ဟောကြားမှု ပရိယတ်ကို နားလည်သဘော ပေါက်အောင် သင်ကြားလေ့လာထား ပြီးလျှင် ထိုမိမိသဘောပေါက် ထားသော အမှန်သဘာဝတရားကို အမှန်အတိုင်း ခန္ဓာမှာသိရန်

အကောင်အထည်ဖော်ရသော လုပ်ငန်း ဖြစ်၍ မြတ်စွာဘုရား၏ ပရိယတ္တိ လမ်းညွှန်ချက်ဒေသနာအစဉ်သည် သတ္တဝါ ဝေနေယျ အမျိုးမျိုးအတွက် ထိုသတ္တဝါ ဝေနေယျတို့အား ၎င်းတို့၏ စရိုက်, ဣန္ဒြေ အနုအရင့် စသည်တို့နှင့်လျော်သော တစ်နည်းအားဖြင့် ထိုထို သတ္တဝါတို့ သိမှီနိုင်မည့် ဉာဏ်အလျောက် ပရိယာယ်ပေါင်း များစွာတို့ဖြင့် အနည်းနည်းအဖုံဖုံ မည်မျှပင် မျိုးစုံအောင် ဟောပြော ထားပါသော်လည်း ရည်မှန်းချက်ပန်းတိုင် (နိဗ္ဗာန်) သို့ ရောက်ရန် လမ်းစဉ်ကား တစ်ကြောင်းတည်းပင် ဖြစ်၏။ တစ်မျိုးတည်းပင်ဖြစ်၏။ ပရမတ်ကို သိမြင်ရန် တစ်ခုတည်းပင်ဖြစ်၏။ ထိုရည်မှန်းချက် လမ်းစဉ်မှ လွဲ၍ အခြားတစ်ပါးသော ရာဂဒေါသ မောဟ ကိလေသာ ဖက်သို့ သွေဖည်သွားစေမည့် တရားမျိုးမဟုတ်ကြောင်းကို -

"ယံရတ္တိံ ဘဂဝါ ဗောဓိမဏ္ဍေ။ လ ။ ဧကေတုလာယ တုလိတံ ဝိယစေတထမေဝဟောတိ အဝိတထံ"

(အင်္ဂုတ္တရဋ္ဌကထာ ဧကနိပါတ် ဧကပုဂ္ဂလဝဏ္ဏနာ - ၈၅ နှင့် အဋ္ဌကထာများ)

အဓိပ္ပါယ်မှာ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ - ခု ကဆုန်လပြည့်ညတွင် ဗောဓိမဏ္ဍိုင်ဝယ် အပရာဇိတပလ္လင်၌ နေတော်မူလျက် မာရ်ငါးပါးကို နှိမ်နင်းအောင်မြင်တော်မူ၍ အမှန်တရား သစ္စာ လေးပါးနှင့်တကွ အလုံးစုံ သိသင့်သိထိုက်သည့် တရားဟူသမျှကို သယမ္ဘူမှန်ပင် ထွက်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

၎င်းနောက် မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်နေ့ ညတွင် ကုသိနာရုံ အင်ကြင်းစုံတို့၏ အကြား၌ ခန္ဓာမကြွင်းအပ် အနုပါ

ဒိဿေသ နိဗ္ဗာနဓာတ်ဖြင့် ဒုက္ခဇာတ်သိမ်းငြိမ်းတော်မူသည်။ ထိုသို့ ဘုရားဖြစ်၍ သည်မှစ၍ ခန္ဓပရိနိဗ္ဗာန် စံသည့်အခါထိ (၄၅) နှစ် ဘုရားသက်တမ်း တစ်လျှောက်လုံး၌ ဟောတော်မူအပ်သော အလုံးစုံသော ဓမ္မဝိနယ ဓမ္မက္ခန္ဓာ ဟူသမျှတို့သည် အနက်အဓိပ္ပါယ်ရှိ သဘောအားဖြင့် လည်းကောင်း၊ အမှတ်အသား အက္ခရာအားဖြင့် လည်းကောင်း၊ အပြစ်ကင်းစင်သည်၊ အယုတ်အလွန်မရှိသည်၊ အလုံးစုံ အခြင်းအရာ အားဖြင့် ပြည့်စုံသည်ဖြစ်၍ ထိုဒေသနာတော် တို့၏ အနှစ်သာရကား ရာဂကို နှိမ်နင်းကြောင်း, ဒေါသကို နှိမ်နင်း ကြောင်း, မောဟကို နှိမ်နင်း ကြောင်းတို့သာဖြစ်၍ တစ်လုံးတစ်ပါဒမျှ ချွတ်ယွင်းတိမ်းပါး ကိလေသာဖက်သို့ သွေဖည်သွားခြင်းမရှိပဲ မချွတ်မယွင်း မှန်ကန်ခြင်းသာဖြစ်သည်ဟု ဖော်ပြကြပါသည်။

ဤသို့ အဋ္ဌကထာ ဆရာတို့ ဆိုလိုချက်မှာ ဓမ္မက္ခန္ဓာရှစ်သောင်း လေးထောင်စသည်အားဖြင့် နည်းအထွေထွေ ဝေဖန်၍ ဟောထား သည်ကား သံသရာဝဋ်မြစ်ပြတ်ကြောင်း သစ္စာလေးပါးသိကြောင်း တစ်ခုတည်းသော နိဗ္ဗာန်သို့ ပို့ဆောင်သော လမ်းစဉ်တရားချည်းသာ ဖြစ်၍ ရာဂ – ဒေါသ မောဟ ကိလေသာတို့ ကုန်ဖို့သာဖြစ်ကြောင်း၊ ရာဂဒေါသ မောဟ စသော သံသရာ ရှည်စေ၊ ဒုက္ခဖြစ်စေသော နိဗ္ဗာန်၏ ဆန့်ကျင်ဖက် ကိလေသာတို့သို့ ဆံခြည်တစ်ပင်မျှလောက် တိမ်းပါးသွေဖည်ခြင်းမရှိကြောင်းကို မြတ်စွာဘုရား၏ 'ဖကော ဓမ္မော' တရားဟူ၍ ဖော်ပြကြ၏။

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာလည်း လောကသုံးပါးတွင် ဘုရား ဟူ၍ ဖြစ်ပွင့်လာရခြင်းသည် ခန္ဓာသံသရာပြတ်ကြောင်း တရားနှင့် ခန္ဓာသံသရာပြတ်မှုတစ်ခုသာ ဖြစ်သည်ကို သိစေလိုရင်းဖြစ်သည်။

၂၆-၇၉၆

ထိုခန္ဓာသံသရာပြတ်ကြောင်းတရားသည်လည်း အမှန်သဘော (ယထာဘူတ) ဉာဏ်သို့ ရောက်လာလျှင် အမျိုးမျိုး အစားစား မရှိတော့ချေ။ တစ်မျိုးတည်းသာဖြစ်ကြောင်း သိလာရမည်ဖြစ်၏။ အထက်ပါ အဋ္ဌကထာတို့ ဖော်ပြကြသည်မှာ ထိုဆရာတို့၏ သဘော (အာ့ဘော်) မဟုတ်ပေ။ မြတ်စွာဘုရားကိုယ်တော်တိုင် တိုက်ရိုက် ကျေညာခဲ့သည်ကား -

"ယဥ္စ စုန္ဒရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ၊ ယဥ္စရတ္တိံ အနုပါဒိသေသာ ယနိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗာယတိ၊ ယံဧတသ္မိံ အန္တရေဘာသတိ လပတိ နိဒ္ဒိသတိသဗ္ဗံတံ တထေဝ ဟောတိ နောအညထာ"
(ပါထိကဝဂ္ဂပါဠိတော် ပါသာဒိကသုတ် - ၁၁၁)

"စုန္ဒ - ချစ်သားစုန္ဒ၊ တထာဂတော - ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော ငါဘုရားသည်၊ ယံရတ္တိံ - အကြင် မဟာသက္ကရာဇ် - ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ ညဉ့်၊ အနုတ္တရံ - အတုမရှိမြတ်သော၊ သမ္မာသမ္ဗောဓိံ - အလုံးစုံသောတရားအပေါင်းကို၊ အဘိသဗ္ဗုဇ္ဈတိ - ကိုယ်တော်တိုင် ထိုးထွင်းသိသဖြင့် ဘုရားအဖြစ်သို့ ရောက်၏။ ယံရတ္တိံ - အကြင်မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်နေ့ညဉ့်၊ အနုပါဒိသေသာယနိဗ္ဗာန ဓာတုယာ - ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန ဓာတ်ဖြင့်၊ ပရိနိဗ္ဗာယတိ -ခန္ဓာဒုက္ခ သံသရာဒုက္ခမှ ကင်း ငြိမ်းပြတ်စဲ၏၊ ဧတသ္မိံအန္တရေ -ထိုဘုရားဖြစ်သည်မှ ခန္ဓပရိ နိဗ္ဗာန်ဝင်စံချုပ်ငြိမ်းသည်အထိ ဘုရားတစ်ဖြစ်အတွင်း၌၊ ယံ

– အကြင် ဓမ္မက္ခန္ဓာ တရားတစ်ခုကို၊ ဘာသတိဟောအံ၏ လပတိ – ပြောအံ၏။ နိန္ဒိသတိ – ညွှန်ပြအံ၏။ တံသဗ္ဗံ – ထိုအလုံးစုံငါဘုရားဖြစ်သည်မှ ပရိနိဗ္ဗာန်ပြုသည်အတွင်း၌ ဟောသမျှ ပြောသမျှ ညွှန်ပြသမျှ ဥဿုံ အလုံးစုံသည်၊ တထေဝ – မချွတ်မယွင်း ဖြောင့်စင်းမှန်ကန်စွာ ကိလေသတ်သော တရားတို့သာလျှင်၊ ဟောတိ – ဖြစ်အံ၏။ အညထာ – ကိလေသာသတ်သောတရားမှ သွေဖည်၍ ကိလေသာ အားပေးသော သဘောမျိုးသည်၊ နောဟောတိ – မဖြစ်”

ဤဗုဒ္ဓဘုရား၏ သဘောထားသည် ရှင်းလှသည်။ မြတ်စွာဘုရား၏ တရားတော်သည် လမ်းစဉ်တစ်မျိုး ပုံစံတစ်မျိုး မဖြစ်မရှိချေ။ မိမိတို့ အားထုတ်သော ဘုရား၏ တရားတော်သည် ပညာဉာဏ်ဖြင့် သိမြင်ရာ၌ တစ်မျိုးစီ တဖုံစီဖြစ်နေပါက တစ်နည်း အညွှန်းတစ်မျိုး အသိတစ်မျိုးဖြစ်နေပါက မိမိတို့၏ လုပ်နည်းလုပ်ငန်းကို ပြန်စစ်ဖို့ လိုလိမ့်မည်။ မိမိကိုယ်ကို မိမိမစစ်ဝံ့ပဲ ဒေသနာတော်အညွှန်းကို မလေ့လာပဲ အထင်ကြီးပြီး အဓိမာန ဖြစ်နေပါက မိမိအတွက်နစ်နာမည်၊ အကယ်၍ အဓိမာနဖြစ်နေရုံတွင်မနေပဲ ပြန်လှန်၍ ငြင်းခုန်ပါက ဘုရားကိုပင် စွပ်စွဲ ပြစ် (တထာဂတအဗ္ဘာစိက္ခန) ဖြစ်၍ အလွန်အပြစ်ကြီးလေသည်။ မိမိသည် တရားအားလုံးကို သိနေသူမဟုတ်ကြောင်း သတိထားရန် လိုလေသည်။

## သတိပဋ္ဌာန်သာသနာ

လေ့ကျင့်အားထုတ်အပ်သော ပဋိပတ္တိသာသနာလုပ်ငန်းတွင် သံသရာဝဋ်ပြတ်ရန် မဂ်ဖိုလ်နိဗ္ဗာန်ရရန် တိုက်ရိုက်ညွှန်ပြချက်မှာ သတိပဋ္ဌာန်လုပ်ငန်းဖြစ်လေသည်။ သတိပဋ္ဌာန်ဟူသည်မှာ - အမှန်တရား ပရမတ္ထ သဘာဝအဖွဲ့အစည်းဖြစ်သော ခန္ဓာကို ထိုခန္ဓာ၏ သဘာဝအမှန်ကို အမှန်အတိုင်း သတိဂရုစိုက်ပြီး ဉာဏ်နှင့် ရှုသိနေရခြင်းဖြစ်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ သာသနာတော်လုပ်ငန်းသည် သတိဂရုစိုက်၍ ပညာနှင့် ဉာဏ်နှင့် သိနေရသော အလုပ်ဖြစ်၍ လမ်းညွှန်ချက်အတိုင်း မလုပ်က မြတ်စွာဘုရားရှိသည် ဖြစ်စေ မရှိသည်ဖြစ်စေ သာသနာဆုတ်ယုတ်ကြောင်း သာသနာ မတည်တံ့နိုင်ကြောင်းကို -

"ယော - အကြင်သူသည်၊ ဗုဒ္ဓေသု - မြတ်စွာဘုရားတို့သည်၊ ရေန္တေ့သုပိ - ရှိနေပါသော်လည်း၊ စတ္တာရော - လေးပါးကုန်သော၊ သတိပဋ္ဌာနေ - သတိပဋ္ဌာန်တရားတို့ကို၊ နဘာဝေတိ - အားမထုတ် မပွားများ၊ တဿ - ထိုသူအား၊ သဒ္ဓမ္မော - သူတော် ကောင်းတရားတည်းဟူသော သာသနာတော်သည်၊ ဒေဝဒတ္တာဒီနံဝိယ - ဒေဝဒတ်အဇာတသတ် စသောသူတို့ကဲ့သို့၊ အန္တ့ရဟိတော နာမ - ကွယ်ခြင်းပျောက်ခြင်းမည်သည်၊ ဟောတိ - ဖြစ်၏" ဟု မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ ၂၆၀ တွင် ဖော်ပြသည်။

ထို့ကြောင့် မြတ်စွာဘုရား၏ သံသရာပြတ်ကြောင်း မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်းသည်၊ သံသရာပြတ်လို မဂ် ဖိုလ် နိဗ္ဗာန် ရလိုသော ပုဂ္ဂိုလ်တို့အတွက် မလေ့ကျင့်အားမထုတ်လျှင် မဖြစ်သော ကိစ္စဖြစ်

သည်။ မြတ်စွာဘုရားလက်ထက်တော်ကို မှီရ၊ သာသနာတော်တွင်းနှင့် ကြုံရုံမျှနှင့် သာသနာတည်သည်ဟု မဆိုရ၊ မြတ်စွာဘုရား၏ ရူပကာယ သဏ္ဌာန်တော်ကို ပကတိမျက်စိဖြင့် ဖူးမြင်ရသူ ဝက္ကလိရဟန်းအား –

"ဝက္ကလိ – ငါဘုရား၏ ပုပ်တတ်သော ကိုယ်ကာယကို ရှုမြင်နေရသော်လည်း အကြင်သူသည် ငါဘုရား၏ ဟောကြားလမ်းညွှန်တရားကို မသိမမြင်၊ ထိုသူသည် ငါဘုရားကို အနီးကပ် ဖူးမြင်နေသော်လည်း ငါဘုရားကို မြင်သည်မမည်" ဟု သံယုတ်ပါဠိတော်တွင် ဟောထားသည်။

## သတိပဋ္ဌာန်မှန်ရန်

သတိပဋ္ဌာန်အလုပ်အားမထုတ်လျှင် သာသနာမတည်သကဲ့သို့ သတိပဋ္ဌာန်လုပ်ငန်းအားထုတ်ပုံ အားထုတ်နည်း မမှန်ကလည်း ဘာဝနာဉာဏ်မဖြစ်ပေ။ သတိပဋ္ဌာန်တရားသည်လေးပါးရှိသည်။

– ဖောက်ပြန်မှုကို ဦးတည်ရှုသော = ကာယာနုပဿနာသတိပဋ္ဌာန်
–ခံစားမှုသဘောကိုဦးတည်ရှုသော = ဝေဒနာနုပဿနာသတိပဋ္ဌာန်
– အသိစိတ်ရောက်ရာကို ဦးတည်ရှုသော = စိတ္တာနုပဿနာသတိပဋ္ဌာန်
– ပရမတ္ထသဘာဝကို ဦးတည်ရှုသော = ဓမ္မာနုပဿနာသတိပဋ္ဌာန်

ဟူ၍ လေးပါးဖြစ်သည်။

သတိပဋ္ဌာန်အားထုတ်သူသည် ထိုလေးပါး တစ်ပါးပါးကို လေ့ကျင့် အားထုတ်သူဖြစ်ရမည်၊ သတိပဋ္ဌာန်ဟူသော အမည်သည် အောက်မေ့မှု ဂရုစိုက်မှု သတိ၏တည်ရာဌာန သတိထားရာဖြစ်သော ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟူသည့်အရှုခံ အကြည့်ခံသတိတရား၏ ကျက်စား ရာအာရုံသည် သတိပဋ္ဌာန်မည်၏။

'ပတိဋ္ဌာတိ အသ္မိန္တိ ပဋ္ဌာနံ'
'အသ္မိံ ဂေါစရေ-ထိုသတိ၏ ကျက်စားရာအာရုံ၌၊ ပတိဋ္ဌာတိ - တည်တတ်၏၊ ဣတိတသ္မာ - ဟိုသို့သတိ၏တည်ရာ အဖြစ်ကြောင့်၊ သောဂေါစရော - ထိုသတိ၏ကျက်စားရာ အာရုံသည်၊ ပဋ္ဌာနံ - ပဋ္ဌာန မည်၏။'

ထိုကျက်စားရာအာရုံ၌အဘယ်တရားသည် တည်သနည်းဟူမူ သတိတရားသည် တည်ပေ၏။ သတိ၏ တည်ရာအာရုံ တစ်နည်း သတိသာလျှင် ပြဓာန်းသော အဓိကလိုရင်းဖြစ်သော တည်ရာ အရပ်သည် တစ်နည်း၊ သတိဟူသော တရား၏ မြတ်သော ကျက်စားရာ အာရုံဖြစ်သော သတိပဋ္ဌာန် ပရမတ်ရုပ်နာမ် ဖြစ်သည်။

အကြင်တရားသဘောသည် ကျက်စားရာ အာရုံသို့ကပ်၍ သက်ဝင်၍ တည်တတ်၏၊ ထို့ကြောင့် ပဋ္ဌာနမည်၏။ ထို့ကြောင့် ရုပ်နာမ်ပရမတ်အပေါ်၌ ကျက် စားရာအာရုံအဖြစ်ဖြင့် ကပ်ရောက်၍ သက်ဝင်၍ ပြေးဝင်၍ ဖြန့်၍ ဖြစ်ခိုက် တည်ခိုက်ကို သတိပဋ္ဌာန် ခေါ်သည်။ တစ်နည်း -

'သရဏဋ္ဌေနသတိ၊ ဥပဋ္ဌာနဋ္ဌေနပဋ္ဌာနံ၊ ဣတိသတိစသာ ပဋ္ဌာနဉ္စာတိပိသတိပဋ္ဌာနံ' (အဋ္ဌကထာ - ၃၃၄)

"သရဏဋ္ဌေန - အောက်မေ့ခြင်းဂရုစိုက်ခြင်းဟူသော အနက် သဘော သတ္တိကြောင့်၊ သတိ - သတိမည်၏။ ဥပဋ္ဌာနဋ္ဌေန - အာရုံသို့ကပ်၍ သက်ဝင်၍ တည်ခြင်းအနက်သဘောသတ္တိ ကြောင့်၊ ပဋ္ဌာနံ - ပဋ္ဌာနမည်၏၊ ဣတိတသ္မာ - ထို့ကြောင့်၊

သာမေ့ဇာတိ – ထိုတရားသည်၊ သတိစ – အောက်မေ့ခြင်း သည်လည်း၊ ဟောတိ – ဖြစ်၏၊ ဥပဋ္ဌာနဋ္ဌ – အာရုံသို့ သက်ဝင်၍ တည်ခြင်းသည်လည်း၊ ဟောတိ – ဖြစ်၏၊ ဣတိတသ္မာပိ – ထိုနှစ်ပါးသောသတ္တိကြောင့်လည်း၊ တံမေ့ဇာတံ – ထိုတရား သဘောသည်၊ သတိပဋ္ဌာနံ –သတိပဋ္ဌာနမည်၏၊ ဣဒံသတိ ပဋ္ဌာနံ – ဤသတိယေဝသတိပဋ္ဌာနံဟူသော ဆိုအပ်ပြီးသော သတိပဋ္ဌာန်ကို၊ ဣစ္စေတ္ထမသ္မိံသုတ္တေ – ဤမဟာသတိပဋ္ဌာန် သုတ်၌၊ အဓိပ္ပေတံ – အလိုရှိအပ်၏’

ဆိုလိုသောအဓိပ္ပါယ်အတိုချုပ်မှာ ဤမဟာသတိပဋ္ဌာနသုတ်၌ ဂရုစိုက်အောက်မေ့အပ်သော သတိသည်သာလျှင် ကျက်စားရာရုပ် နာမ်သို့ ကပ်ရောက်၍ သက်ဝင်၍ တည်နေခြင်းကို သတိပဋ္ဌာန်ဟု ခေါ်ပေသည်။ ယင်းသတိကို အာရုံသို့ကပ်ရောက်ရာ၌ အဘယ့်ကြောင့် ၄ မျိုး၊ ၄ ပါး ခွဲခြား၍ ဟောတော်မူထားသနည်းဆိုသော် – ကျွတ် ထိုက်သော သတ္တဝါ ဝေနေယျတို့၏ ဣန္ဒြေစရိုက်စသည် ကွဲပြားမှု ကြောင့် ထိုဝေနေယျတို့၏ အကျိုးစီးပွားအလို့ငှါ ချမ်းသာခြင်းငှါ ရည်ရွယ်တော်မူ၍ လေးမျိုးလေးပါး ခွဲခြားဟောတော်မူရလေသည်။

စင်စစ်မှာ ဝိပဿနာဉာဏ်ဖက် ပရမတ်သိသော ဉာဏ်ဖက်သို့ ရောက်က ကာယာနုပဿနာ၏ ပရမတ်လမ်းကြောင်းသည် ဖြစ်ပျက် တတ်သော အနိစ္စ, ဒုက္ခ, အနတ္တသဘောကို ရှုရသည်။ ထို့အတူ ဝေဒနာ, စိတ္တ, ဓမ္မ တို့၏ ပရမတ် လမ်းကြောင်းလည်း ဖြစ်တတ် ပျက်တတ်သော အနိစ္စ, ဒုက္ခ, အနတ္တရှုရသည်ချည်းဖြစ်၍ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ မဟူ အခြေခံဖြစ်သော ပရမတ်ရုပ်နာမ်သာ အဓိက ထားဖွယ်လိုသည်။ မိမိ၏အသိဉာဏ်ရောက်ရာသည် မိမိအတွက်

သင့်လျော်သော သတိပဋ္ဌာန်ဖြစ်သည်၊ ဝိပဿနာရှုမှုသည် ပရမတ်သဘောတရားအမှန်ကို အမှန်အတိုင်း မသွေမဖည်ဉာဏ်သက်ရောက် မှုသာ လိုရင်းဖြစ်သည်။ ထို့ကြောင့် ရှေးပဋ္ဌကထာ ဆရာတို့ သည်လည်း –

"သရဏဝသေနစေဝ ဧကတ္တသမောသရဏ ဝသေနစ ဧကမေဝ သတိပဋ္ဌာနံ၊ အာရမ္မဏဝသေန စတ္တာရောတိဧတဒေဝ ဝုတ္တံ" (အဋ္ဌကထာ – ၃၄၅)

"သရဏဝသေနစ – ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟူသော တရားကုသိုလ်အစရှိသော တရားတို့ကို၊ ဆောင်ရွက်မှတ်သား ဂရုစိုက်သောအားဖြင့် သတိထားခြင်းအစွမ်းအားဖြင့်လည်းကောင်း၊ ဧကတ္တသမောသရဏဝသေနစ – တစ်ခုတည်းသော သဘောရှိသော နိဗ္ဗာန်၌၊ ပေါင်းဆုံသက်ရောက်ခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဧကမေဝ – တစ်ခုတည်းသာလျှင်ဖြစ်သော၊ သတိပဋ္ဌာနံ – ပရမတ္ထသဘာဝသို့ သက်ရောက်သော သတိပဋ္ဌာန်သည်၊ ဟောတိ – ဖြစ်၏။ အာရမ္မဏဝသေန – ရှုမှတ်ကျက်စားရာအာရုံ၏ အစွမ်းအားဖြင့်၊ စတ္တာရော – လေးပါးကုန်သော၊ သတိပဋ္ဌာနာ – သတိပဋ္ဌာန်တို့သည်၊ ဟောန္တိ – ဖြစ်ကုန်၏။ ဣတိ – ဤသို့၊ ဧတဒေဝဝစနံ – ဤစကားကိုသာလျှင်၊ အဋ္ဌကထာစရိယေဟိ – ရှေးအဋ္ဌကထာဆရာတို့သည်၊ ဝုတ္တံ – ဆိုအပ်ပြီ"

## စရိုက်နှင့်သတိပဋ္ဌာန်

ရင်းနှီးသော ပုဂ္ဂိုလ်အချို့အား တရားအားထုတ်ဖို့ တိုက်တွန်းသောအခါ ၎င်းတို့က အားထုတ်တာကတော့ ကောင်းပါသည်။ ဒါပေမယ့် စရိုက်နှင့် မကိုက်ရင် ရူးတတ်သည်ပြောလို့ အားမထုတ်ဝံ့ကြောင်း၊ ရိုးသားစွာ ပြောသည်။ ဤစကားမျိုး ဤလိုအဓိပ္ပါယ်ရှိသောစကား စကားမျိုးပြောသူခပ်များများ တွေ့ဖူးပါသည်။ ဤစကားမျိုး ပြောသောသူများသည် သာမာန်လူများမဟုတ်၊ စာပေဗဟုသုတ အတော်အသင့်ရှိသူများနှင့် ရတနာသုံးပါးကို ယုံကြည်မှုသဒ္ဓါအင်အား ကောင်းသူတို့ဖြစ်ကြပေရာ ကျွန်ုပ်တို့ ရှင်းပြချက်ကို အချို့သဘောပေါက်၍ အချို့စာပေကို လေ့လာပါဦးမည်ဟု ဆိုလေသည်။

စင်စစ်သဘောတရားစုကို မိမိရရလေ့လာခဲ့သော် သမာဓိလုပ်ငန်းတွင်သာ သမထလုပ်ငန်းဖြစ်၍ ထိုသမထ သမာဓိလုပ်ငန်းနှင့်လျော် သော စရိုက်တို့လိုပေလိမ့်မည်။ သတိပဋ္ဌာန်လုပ်ငန်း ဝိပဿနာလုပ်ငန်း ဟူသည် သမထကဲ့သို့ ပညတ်အာရုံအမျိုးမျိုး မဟုတ်ခဲ့။

မြတ်စွာဟောကြားခဲ့သော တရားပွဲတို့တွင် ဓမ္မပဒဋ္ဌကထာ၌ သီရိမာ ပြည့်တန်ဆာမသေ၍ သုသာန်တွင် ပုပ်ပွနေသော အသုဘတရားပွဲ၌ ရာဂနှင့်တပ် နှစ်သက်ဖွယ်မရှိပုံ၊ ရဟန်းတစ်ပါးကို အကြောင်းပြု၍ 'ဝိဇယ' သုတ်နှင့် တွဲဟော၏၊ ဒေသနာအဆုံးတွင် ထိုရဟန်းနှင့် ရှစ်သောင်းလေးထောင် ပရိသာတ်တို့ တရားရကြသည်။ သီရိမာနတ်သမီးလည်း အနာဂါမ်ဖြစ်ကြောင်း ထေရီအဋ္ဌ

ကထာမှလည်း လာ၏။ ဤအသုဘဟောသော တရားပွဲ၌ ရှစ်သောင်းလေးထောင် သော ပရိသာတ်တို့တရားရကြသည်မှာ - အသုဘကမ္မဋ္ဌာန်းနှင့် လျော်သော ရာဂ စရိုက်အား ကြီးသူတို့ ချည်းလော။

ဧင်းပြင် ဓမ္မပဒအဋ္ဌကထာမှာပင် အာနန္ဒာသူဌေးကြီး အယူမှား ကြောင့် စဏ္ဍာလဖြစ်လာသော တရားပွဲ၌ 'ပုတ္တမတ္ထိဓနမတ္ထိ' စသော ဂါထာနှင့် အားကိုးမှားပုံ, အယူမှားပုံ နှင့် ပတ်သက်၍ ဟော၏။ ရှစ်သောင်းလေးထောင်ပင် အကျွတ်တရားရကြ၏။ အားလုံးဒိဋ္ဌိ စရိုက် အားကြီးသူတို့ချည်းလော။

အခြားသော အကျွတ်ရသူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အများ ဖြစ်စေ ဟောသောတရားနှင့် လေ့လာကြည့်ပါက စရိုက်သည် အဓိက မဟုတ်ကြောင်း သိရပေလိမ့်မည်၊ ယခုလည်း ရှေးအဋ္ဌကထာ ဆရာ တို့၏ သတိပဋ္ဌာန်ဟူသည် ကျက်စားရာအာရုံအနေနှင့် သာလျှင် ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ ကွဲစေကာမူ နိဗ္ဗာန်သို့ မျက်မှောက်ပြု ဝင်ရောက်ရာ ပရမတ္ထအနေနှင့်ကား 'ဓမ္မ'ဟူသော သဘောတရား တစ်ခုသာဖြစ်၏ ဆိုသည်ကို ဋီကာတို့ကလည်း ရှင်းလိုက်ပြီဖြစ်၏။

ကျွန်ုပ်တို့၏ လေ့လာချက်မှာလည်း သဘောတရားကို လေ့လာ ၍လည်းကောင်း အဋ္ဌကထာဋီကာတို့၏ အဆိုကိုလေ့လာ၍လည်း ကောင်း တရားအလုပ်, သတိပဋ္ဌာန် ဝိပဿနာအလုပ် အားထုတ်ရာ တွင် ပရမတ်လုပ်ငန်းဖြစ်သောကြောင့် မိမိမသိနိုင်သော စရိုက်ကို ရွေးဖို့မလို။ လိုအပ်သည်မှာ အခြေခံရုပ်နာမ် ပရမတ်မှန်အောင် -

ယထာဘူတံ အဇာနန္တာ ၊ သုဒ္ဓိကာမာပိယေဣဓ၊
ဝိသုဒ္ဓိံနာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ – ၂)

ဣဓဣမသ္မိံသာသနေ–ဤမြတ်စွာဘုရား၏ သာသနာလုပ်ငန်း ပဋိပတ္တိအားထုတ်ရာဖြစ်သော သာသနာ၌၊ သုဒ္ဓိကာမာ – ကိလေသာမှ စင်ကြယ်သော နိဗ္ဗာန်ကို အလိုရှိကြပါကုန်သော၊ ယေ – အကြင်ယောဂီတို့သည် ယထာဘူတံ – ရှုအပ်သိအပ်သောခန္ဓာ၏၊ ပရမတ္ထသဘာဝ အမှန်တရားကို၊ အဇာနန္တာ – မသိကြပါပဲလျက်၊ ဝါ – သိအောင် မလေ့လာ မရှာဖွေကြပါပဲလျက်၊ ဝါယမန္တာပိ – လုံ့လကျိုးကုတ်ဘယ်သို့ပင် အားထုတ်သော်လည်း ဝိသုဒ္ဓိံ – စင်ကြယ်သော နိဗ္ဗာန်ကို၊ နာဓိဂစ္ဆန္တိ – မသိနိုင်ကြကုန်။

သတိပဋ္ဌာန်အလုပ် ဝိပဿနာအလုပ်အားထုတ်ရာတွင် အဓိက အရေးအကြီးဆုံးသော အချက်မှာ မိမိခန္ဓာ၏ ပင်ရင်းသဘာဝအမှန်ကို အမှန်အတိုင်း မှန်သည့်အတိုင်း သတ္တဝါတစ်ဦးတစ်ယောက်၏ စိတ်ကူး ကြံစည်ချက်လုံးဝ ဝင်စွက်၍မရသော သဘာဝအရှိကိုသာ အရှိအတိုင်းသိရသော အသိလုပ်ငန်း ဉာဏ်လုပ်ငန်းဖြစ်သည့် အမှန်ပရမတ်လုပ်ငန်း ဖြစ်ရာ အရှုခံခန္ဓာကိုရှုဉာဏ်ကသိနေရသည့်အလုပ်ဖြစ်သောကြောင့်–

အရှုခံခန္ဓာဆိုသည်မှာဘာလဲ – ရုပ်နာမ်ပရမတ်အမှန်ဖြစ်သည်–

ရှုဉာဏ်ဆိုသည်မှာဘာလဲ – ခန္ဓာ၏ပရမတ်ဟူသော အမှန်အတိုင်းသိနေသော အသိဖြစ်သည်။

ဤသို့ အရှခံခန္ဓာ၏ အမှန်ပရမတ်၊ ရှုဉာဏ်ခန္ဓာ၏ အမှန်ပရမတ်၊ အရှိပရမတ်ကို သူ့ရှိသည့်အတိုင်း၊ မှန်သည့်အတိုင်း သိနေရသော သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းသည် လုံးဝရှုပ်ထွေးမှုမရှိသော အရှင်း တရားဖြစ်သည်။ ခန္ဓာကိုသာ ရှုမြင်ရသည်မှန်၏။ ယင်းသို့ ရှုမြင်ရာ၌ မြတ်စွာဘုရား၏ အမြင်အားဖြင့် –

၁–ကာယာနုပဿနာ သတိပဋ္ဌာန်လုပ်ငန်းတွင် အမျိုးမျိုးအဖုံဖုံသော ကာယနှင့်ပတ်သက်သော ရုပ်တို့ကို ဝေဖန်ပိုင်းခြား၍ မြတ်စွာဘုရားဟောတော်မူနေရသည်မှာ – ထိုထိုအမျိုးမျိုးသော ပညတ်အထည်ကိုယ်ကောင်သည် သတ္တဝါ ပုဂ္ဂိုလ်မိန်းမ ယောကျ်ား ဘာမျှမဟုတ်မူပဲ – သတ္တ – ပုဂ္ဂလ – အတ္တ – ဇီဝမှ ကင်းဆိပ်သော ပရမတ္ထဓမ္မသို့ ပို့ဆောင်ခြင်း –

၂ – ဝေဒနာနုပဿနာ သတိပဋ္ဌာန်လုပ်ငန်းတွင် ကောင်းမှု ဆိုးမှု၊ ချမ်းသာမှု၊ ဆင်းရဲမှုစသော ခံစားမှုကိစ္စအားလုံးသည် မည်သည့်မိန်းမ ယောကျ်ား ပုဂ္ဂိုလ်သတ္တဝါ၏ ခံစားမှုမှမဟုတ်၊ ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါမရှိပုံကို အစိပ်စိပ်အလီလီ ခွဲခြမ်းစိပ်ဖြာပြပြီးလျှင် လုံးဝအတ္တဇီဝမှ ကင်းဆိတ်သော ပရမတ္ထဓမ္မသို့ ပို့ဆောင်ခြင်း –

၃ – စိတ္တာနုပဿနာ သတိပဋ္ဌာန်လုပ်ငန်းတွင် ဝတ္ထုအာရုံ နှစ်ပါးဆုံ၍ ဖြစ်ပေါ်လာသော သိစိတ်အမျိုးမျိုးတို့၌ ငါသိသည်၊ သူသိသည် စသော သဘာဝပရမတ်ကို မသိမှုကြောင့် အမျိုးမျိုးသော စွဲယူမှုကိလေသာ သံယောဇဉ်တို့ဖြစ်နေရာတွင် ‘သိ’ဟူသော သဘောသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ သက်သက်သော အာရုံဝတ္ထုတိုက်ဆုံမှုကြောင့် ဖြစ်သည်ဟု သတ္တဇီဝမှ ကင်းဆိတ်သော ပရမတ္ထဓမ္မသို့ ပို့ဆောင်ခြင်း –

၄ – သို့ဖြင့် ကာယဝေဒနာ စိတ္တ တို့ကို ရှုမှတ်ပွားများခြင်းသည် ဓမ္မာနုပဿနာပရမတ္ထဓမ္မသို့သာလျှင် ဦးတည်ချက်နှင့်သွားလေသောကြောင့် ဓမ္မာနုပဿနာသည်သာလျှင် ဝိပဿနာယောဂီအတွက် စရိုက်ရွေးရန်မလိုပဲ အဓိကရှုရမည့်တရားဟု လေ့လာမိသည်။ အခြားသော ကာယ၊ ဝေဒနာစသည်တို့ကို ရှုနေကြသော ယောဂီတို့လည်း ဓမ္မသို့ – ဝါ – ဓမ္မာနုပဿနာသို့သာ ဆိုက်ရောက်အောင် ရှုနေရသဖြင့် တစ်ပေါင်းတည်းပင်ဖြစ်သည်။

အဓိကတရားကို အတိအကျအားဖြင့်ဆိုရမူ သတိပဋ္ဌာန် ဝိပဿနာအလုပ်အားထုတ်သူသည် စရိုက်အမျိုးမျိုးရှိသူတို့ရောက်ရှိရမည့် ဝါ, စရိုက်မရွေး ရှုနိုင်သည့် ဓမ္မာနုပဿနာသည်သာလျှင် မိမိရှုရမည့် ပရမတ္ထဓမ္မကို တိုက်ရိုက်ရှုနိုင်သိနိုင်လေသည်။ ထိုပရမတ်ဖြစ်သော ရုပ်ဓမ္မနာမ် ဓမ္မကို မသိက ထိုဓမ္မ၏ သွားရာလမ်းကြောင်းအပျက်ကို အဘယ်ပညတ်ကိုတင်၍ ရှုမည်နည်း – ဤစကားကို ဆိုခြင်းဖြင့် အခြားသော ပညတ်ကို စတင်အခြေခံသော ကာယ ဝေဒနာ စိတ္တ တို့ကို မရှုရဟုမဆိုလို၊ လုံးဝမဆိုလို။ ခန္ဓာ၏ အရင်းခံ ပရမတ်ကို အရင်းကျကျတိုက်ရိုက်ရှုစေလိုသဖြင့်သာ ကိုက်တွန်းရခြင်းဖြစ်ပါသည်။ သိရမည့် ပရမတ်ကို အမြန်သိစေလိုသော သဘောနှင့်သာ သိစေလို ရင်းဖြစ်ပါသည်။

## ဘောဝသနုမင်

မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်တော်မူပြီးဖြစ်၍ ထိုသံသရာဝဋ်မှ ထွက်မြောက်စေလိုသော ဝေနေယျသတ္တဝါတို့အတွက် စရိုက်ဥာဏ်မြေစသည်ကို သာ၀ကတို့ မရအပ်သော အသာဓာရဏဉာဏ်တော်နှင့် အမြန်တရားသဘော

ပေါက်၍ ကျွတ်လွတ်ရန် ဣန္ဒြေအနုအရင့်ကိုလေသာအထူအပါး စရိုက်အကြမ်းအနု စသည်ဖြင့် ၎င်းတို့နှင့် လျော်သောတရား ကိုလည်း ခံယူမည့်သာဝကတို့ သိနိုင်ရန် တစ်ခုတည်းသော သွားရာလမ်းအား ဖြင့် 'ဧကာယနမဂ်' ဟု နာမည်တပ်ကာ ရှုရမည့်ခန္ဓာကိုယ်ကို စရိုက် ဣန္ဒြေအားလျော်စွာ ရှုကြံညှိစရာ- ကာယ ဟူသော အပေါင်းအစု၊ ခံစား မှုသဘောတရားစု၊ သိမှုသဘောတရားစု၊ ပရမတ္ထမှုသဘော တရားစု ဟု ရှုထောင့်- ၄ မျိုးဟု သတိပဋ္ဌာန်လေးပါး ခြားနား သော်လည်း-

"ဒေသနာ ဘေဒေါယေဝဟေသော၊ အတ္ထတော ပနဧကောဝ၊ အပိစဧကံအယတီတိ ဧကာယနော၊ ပုဗ္ဗဘာဂေ နာနာမုခ ဘာဝနာ နယပ္ပဝတ္တောပိ အပရဘာ ဂေဧကံ နိဗ္ဗာန မေဝဂစ္ဆတိ"

(သတိပဋ္ဌာန်အဋ္ဌကထာ - ၃၃၆)

ဧသောသဒ္ဒေါ - ဤမဂ္ဂေါသဒ္ဒါ အယနောဟူသော သဒ္ဒါသည်၊ ဒေသနာဘေဒေါယေဝ - ဒေသနာတော်၏အထူးအပြားသည် သာလျှင်၊ ဝါ - ဒေသနာသဘောအရပြားသည်သာလျှင်၊ ဟောတိ-ဖြစ်၏၊ ပန - စင်စစ်သော်ကား၊ အတ္ထတော - အနက် အားဖြင့်၊ ဧကောယေဝ-တစ်ခုတည်းသာလျှင်၊ ဟောတိ - ဖြစ် ၏၊ အပိစ - စင်စစ်သော်ကား၊ အပရော့နယော - တစ်ပါးသော နည်းကို၊ ဇဝံ - ဤသို့၊ ဝေဒိတဗ္ဗော - သိအပ်၏၊ ယောမဂ္ဂေါ - အကြင်သတိပဋ္ဌာန်လမ်းသည်၊ ဧကံ-တစ်ခုတည်းသော နိဗ္ဗာန် သို့၊ အယတိ - သွားတတ်၏။ ဣတိတသ္မာ - ထို့ကြောင့်၊ သောမဂ္ဂေါ - ထိုသတိပဋ္ဌာန်လမ်းသည်၊ ဧကာယနော - ဧကာ ယနမည်၏၊ ယောမဂ္ဂေါ - အကြင်သတိပဋ္ဌာန်လမ်းသည်။

ပုဗ္ဗဘာဂေ – မဂ်၏ရှေ့အဖို့၌၊ နာနာမုခဘာဝနာ နယပ္ပဝတ္တော– အထူးထူးသော ကာယာနုပဿနာအစရှိသော အကြောင်း ဘာဝနာနည်းဖြင့် ဖြစ်သည်၊ သမာနောပိ – ဖြစ်သော်လည်း၊ အပရဘာဂေ – နောက်အဖို့၌၊ ဧကံ – တစ်ပါးသော၊ ဝါ – မြတ်သော၊ နိဗ္ဗာနမေဝ – နိဗ္ဗာန်သို့သာလျှင်၊ ဂစ္ဆတိ – သွားတတ်၏။ ဣတိတသ္မာ – ထို့ကြောင့်၊ သောမဂ္ဂေါ – ထိုသတိပဋ္ဌာန်မဂ်သည်၊ ဧကာယနော – ဧကာယန မည်၏။” (ဤကား–ကျေးဇူးတော်ရှင် ပခုက္ကူမြို့မဟာဝိသုတာရာမတိုက်ကြီး၏ ဂဏာမဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်နန္ဒဝံသ၏ ချနက်ဖြစ်သည်)

သတိပဋ္ဌာန်လုပ်ငန်းသည် ကိလေသာသတ်သော လောကုတ္တရာမဂ်သို့ ရောက်ရန် ရှေးဦးစွာ ကိလေသာမဖြစ်သော ပရမတ်အာရုံဖြင့် လေ့ကျင့်အားထုတ်ရသော (ဆန္ဒရာဂဝိနယ) ပုဗ္ဗဘာဂမဂ် အလုပ်ဖြစ်၍ လေ့ကျင့်အားထုတ်သော အခိုက်တွင် ကိလေသာဖြစ်ခွင့် မရ သောကြောင့် ‘သတ္တာနံ ဝိသုဒ္ဓိယာ’ ဟူသော အကျိုးရခြင်း၊ ပုဂ္ဂိုလ် သတ္တဝါဟူသော ပညတ်အာရုံကြောင့်ဖြစ်သော စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း စသော ကိလေသာ အပူတို့မှ လွန်မြောက်နိုင်သောကြောင့် ‘သောကပရိဒေဝါနံ သမတိက္ကမာယ’ ဟူသော အကျိုးရခြင်း,

ခန္ဓာငါးပါး သတိထားအပ်သော ပရမတ်အာရုံကြောင့် မိန်းမ ယောကျ်ားဟူသော ပညတ်ကိလေသာကြောင့်ဖြစ်သည့် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတို့ ချုပ်ငြိမ်းနိုင်သောကြောင့် ‘ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ’ ဟူသော အကျိုးရခြင်း,

ခန္ဓာသဘာဝကိုသိနေရသော မဂ္ဂင်ဉာဏ်သည် ပရမတ်ဖြစ်သော ရုပ်နာမ်သဘာဝလမ်းကြောင်းပေါ်တွင်သာ ကြိမ်ဖန်များစွာ ပွားများ လေ့ကျင့်အားကြောင့် အသိဉာဏ်ရင့်ကျက်မှုအဆင့်ဆင့်ရလေသဖြင့် 'ဉာယဿ အဓိဂမာယ' အကျိုးရခြင်း,

ယင်းသို့ ငြိမ်သက်မှုရသော သမာဓိသည် သဘာဝလမ်းကြောင်း၌ သာလျှင် ခိုင်မာစွာ ရပ်တည်၍ ရုပ်နာမ်ခန္ဓာ၏ အပေါ်၌ ငြိမ်းငွေ့မှု, အတွယ်အတာကင်းမှု, တို့မှ ဆက်၍ အပူအလောင်အတွယ်အတာ ဖြစ်သောကိလေသာတို့မှလွတ်မြောက်၍ 'နိဗ္ဗာနဿသစ္ဆိကိရိယာယ' နောက်ဆုံးအကျိုးတရားရရှိခြင်း သည် ဤသတိပဋ္ဌာန်လုပ်ငန်းကို ပရမတ်ကျကျ လေ့ကျင့်အားထုတ်မှုကြောင့် ရသော အကျိုးတရားတို့ ဖြစ်လေသည်။

## မြတ်စွာဘုရား၏ မဟာကရုဏာတော်

မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲသြဃတည်းဟူသော ရေပြင်လယ်၌ အကုသိုလ်အားဖြင့် မြုပ်မြော, ကုသိုလ်အားဖြင့် ပေါ်မြောနေကြသော သတ္တဝါဝေနေယျတို့အား ထိုသံသရာဆင်းရဲ ခန္ဓာဆင်းရဲတို့မှ ထုတ်ဆယ်ကင်တင်ရန် ညွှန်ပြရာ၌ ဤသံသရာခန္ဓာမှ လွတ်မြောက်စေတတ်သော တစ်ကြောင်းတည်းသောလမ်း၊ တစ်ခုတည်းသော ခရီးဖြစ်သည့် ဧကာယနမဂ်ကို လေ့ကျင့်အားထုတ်ချင်အောင် အကျိုးငါးပါး၊ တနည်းအကျိုးခုနစ်ပါးကို ပြ၍ ချော့မော့ကာ သတိပဋ္ဌာန်တရားကို လမ်းညွှန်ဟောပြပေးတော်မူသည်ကား – မြတ်စွာဘုရား၏ သတ္တဝါအပေါ် ထားအပ်သော ကြီးမြတ်သော မဟာကရုဏာတော်ဖြစ်လေသည်။

## လက်တွေ့လုပ်ငန်း

မဟာသတိပဋ္ဌာန်လုပ်ငန်းကို လက်တွေ့ကျကျ အားထုတ်လိုသော ယောဂီသူတော်စင်များအတွက် ကျွန်ုပ်တို့လေ့လာသဘောပေါက်သည့်အတိုင်း ဖော်ပြလိုပေသည်၊ ယင်းသို့ ဖော်ပြရာ၌ ကျွန်ုပ်တို့သည် လိုအပ်သော မြတ်စွာဘုရား၏ လမ်းညွှန်ချက် ပရိယတ္တိကို အခိုင်အမာ ခံယူ၍ ရှုရမည့် သိရမည့် သဘောတရားကိုသာ တိုက်ရိုက် သိရန် အားထုတ်သော နည်းဖြစ်လေသည်။

## ပရမတ်ဝိပဿနာ

ဝိပဿနာရှုခြင်းသည် ပရမတ်ရုပ်နာမ်ကို ရှုရသည်ဟု သာသနာတစ်ရပ်လုံးရှိ ဝိပဿနာအားထုတ်သူတို့ ခံယူထားကြပါသည်။ မှန်ပါသည် ပရမတ်ရုပ်နာမ်ကို ရှုရပါသည်။ ပရမတ်ရုပ်နာမ်ဟူသည် အဘယ်နည်းဆိုသော် – ကာမဘုံ ရူပဘုံ အရူပဘုံအတွင်း၌ဖြစ်ရှိနေသော သဘောတရားအားလုံးသည် ပရမတ္ထသဘာဝအားဖြင့် ရုပ်နာမ်တို့ သာ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ လက်ရှိခန္ဓာသည်လည်း ရုပ်နာမ် သဘာဝနယ်အတွင်း၌ ဖြစ်နေ ရှိနေသော သဘာဝအမှန်တရားတို့သာ ဖြစ်ရှိနေကြသည်။

သဘာဝပရမတ်တရားဟူသည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဖန်တီးပေးရသော တရားမဟုတ်၊ ပင်ကိုယ်က မှန်နေသော သဘောတရားဖြစ်သည်။

ကျွန်ုပ်တို့၏ ခန္ဓာကိုဝိပဿနာရှုရာ၌ ခန္ဓာ၏ ပင်ရင်းသဘာဝအမှန်ကိုသာ အမှန်အတိုင်း သိရန် လေ့လာ လေ့ကျင့်ရသော အလုပ်ဖြစ်၍ ရှေးဦးစွာ ခန္ဓာ၏ သဘာဝပင်ရင်းကို သိအောင် လေ့လာထား

ရသည်။ သို့ဖြစ်၍ ခန္ဓာ၏ အမှန်တရားသည် ဘာလဲဟု သိရန် – ပရိယတ်အညွှန်းကို ကြည့်ပါ – ပဋိစ္စသမုပ္ပါဒ်ပါဠိတော်တွင် –

'ဣဒ္ဓဒဥ္စနာမံ ဣဒဥ္စရူပံ ဣဒံဝုစ္စတိနာမရူပံ'

'ဤကား သိသဘော၊ ဤကား ဖောက်ပြန်သဘော၊ ဤသို့လျှင် ဝိညာဏ်ကြောင့် သိသဘောနှင့် ဖောက်ပြန်သဘော (နာမ်ရုပ်)ဟူ၍ ဖြစ်ရှိသည်ဟု ဆိုအပ်၏၊' ဟု ခန္ဓာအရှိကို ညွှန်သည်၊

ဤခန္ဓာဖွဲ့စည်းထားသည်မှာ 'သိသဘောနှင့် ဖောက်ပြန်သဘော' တို့သာ ရှိကြောင်း ညွှန်ပြသည်။ ၎င်းကိုဝိသုဒ္ဓိမဂ်ကလည်း –'နာမဥ္စရူပဥ္စဣဓတ္ထိသစ္စတော'

'ဤခန္ဓာလောက၌ အမှန်ပရမတ်သဘောတရားမှာ သိသဘောနှင့် ဖောက်ပြန်သဘောတို့သာ အမှန်ရှိကြောင်း' ပြဆိုထားရာ

ခန္ဓာ၏ သဘာဝအရှိတရားကို ရှုရမည့်သိရမည့် ဉာဏ်သည် အရှုခံခန္ဓာ၏ အရှိသဘာဝ အမှန်ကို မှန်သည့်အတိုင်း သိရန် လမ်းညွှန်ထားခြင်းဖြစ်သည်။ ထို့အပြင် မြတ်စွာဘုရားက ဣတိဝုတ်ပါဠိတော်တွင်လည်း အတိုချုပ်လမ်းညွှန်ရာ၌ 'ဘူတံ ဘူတတော ပဿတိ' (ပါဠိတော် – ၂၂၄)

'ဟုတ်မှန်သော သဘောတရားကို ဟုတ်မှန်သော အတိုင်း မြင်၏' ဟူရာ၌ ဟုတ်မှန်သော သဘောတရားသည် အဘယ်နည်း ဆိုသော် –

'ဘူတန္တိ ခန္ဓပဉ္စကံ၊ ဣဒံဟိခန္ဓ ပဉ္စတံ နာမရူပမတ္တံ'
(ဣတိဝုတ်အဋ္ဌကထာ - ၁၇၀)
'ဘူတံဟူသောအမှန်တရားဟူသည် ခန္ဓာငါးပါးတည်း၊ ဤ ခန္ဓာငါးပါးဟူသည် သိသဘော, ဖောက်ပြန်သဘောမျှ သာ တည်း' ဟု ဖော်ပြသည်။

သတိပဋ္ဌာန် ဝိပဿနာ ရှုသော သဘောတရားလိုရင်းမှာ အရှုခံ ရှုရမည့်အမှန်မှာ မိမိတို့၏ ခန္ဓာဖြစ်သည်၊ ထိုခန္ဓာငါးပါးသဘောတရား ကို တူရာပေါင်း၍ အကျဉ်းချုပ်လိုက်သော် သိသဘောနှင့် ဖောက်ပြန် သဘောသာ အရှိတရားဖြစ်သည်။ အမှန်တရားဖြစ်သည်။ ရှုသော သိသော ဉာဏ်သည် ထိုခန္ဓာ၏ အမှန်တရားကို အမှန်အတိုင်း အရှိ အတိုင်းသာ သိရမည်ဟူ၍ - အဋ္ဌကထာ ၌ -

'ဘူတတော အဝိပရိတသဘာဝတော သလက္ခဏတော သာမညလက္ခဏာတောစ ပဿတိ' ဤ၌ 'ဘူတတော အရ (ဘူတဟူသော) ဖောက်ပြန်မှု သိမှုသဘောတရားအမှန်ကို မှန် သည့် ခန္ဓာ၏ သဘာဝအရ သိမြင်ခြင်း -

'သလက္ခဏတော' အရ ခန္ဓာ၏ ဖေါက်ပြန်မှု သိမှုတို့၏ သူတို့သူတို့၏ လက္ခဏာ အသွင်အပြင် ဆောင်ရွက် နေသည်ကို သိမြင်ခြင်း -

'သာမညလက္ခဏာတော' အရ ဤခန္ဓာ၏ ဖောက်ပြန်မှုသိမှု တို့သည် အကြောင်း အထောက်အပံ့မကင်းသော သဘော တရား ပရမတ်တို့ ဖြစ်ရှိသကဲ့သို့ အကြောင်းအထောက်အပံ့တို့ ယုတ်သိမ်းက ချုပ်ငြိမ်းသော (အနိစ္စ) ပျက်သဘော၊ ထိုဖြစ်မှု

ပျက်မှုသဘောတရားတို့သည် ခန္ဓာအား မပြတ်မလပ် အထပ်ထပ်နှိပ်စက်အပ်သော (ဒုက္ခ) သဘော၊ ထိုဖောက်ပြန်မှု ပျက်မှုသဘော တရားစုတို့သည် တားမရ ဆီးမနိုင် စိုးပိုင်ခြင်းငှါ မတတ်သာသောကြောင့် (အနတ္တ) မပိုင်မဆိုင် အစိုးမရ မိမိအလိုအတိုင်း မဖြစ်ရသော သဘောတရားစုဟူ၍ ခန္ဓာကို လေ့လာရှုကြည့်သော ဉာဏ်သည် ခန္ဓာသဘာဝ အရှိကို အရှိအတိုင်း သိနေရသည်။ ဤကား ခန္ဓာ၏ ပင်ကိုယ်အရှိတရား အမှန်ကို အမှန်အတိုင်း ရှုကြည့်ဖို့ သိမြင်ဖို့သာဖြစ်သည်။

ဤသို့လျှင် ဝိပဿနာရှုရသော သတိပဋ္ဌာန်အလုပ်တရားမှန်လျှင် ရှုရမည့် ခန္ဓာသဘာဝပင်ရင်းတရားကို ၎င်း၏ အရင်းခံတရားအရှိတရား ရုပ်နာမ်သဘာဝကို၎င်းအတိုင်း သိမှအမှန်သိဖြစ်ရန် သမ္မာဒိဋ္ဌိ ဟူသော မဂ္ဂင်ဉာဏ်ကို မြတ်စွာဘုရား လမ်းညွှန်ရာ၌ –

‘အနိစ္စညေ၀ ဘိက္ခဝေ ဘိက္ခု ရူပံ “အနိစ္စ” န္တိ ပဿတိ၊
သာဿဟောတိ သမ္မာဒိဋ္ဌိ’

( ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် – ၄၂ )

‘ဘိက္ခဝေ – ချစ်သားတို့ တရားအားထုတ်သော ယောဂီသည် မူလပင်ကိုယ်ကပင် မမြဲသော ပျက်နေသော ဖောက်ပြန်မှုသဘောတရားကို ဖောက်ပြန်မှုသဘောတို့ ပျက်နေသော သဘောတရားဟူ၍ ရှုမြင်၏။ ဤသို့မြင် – ဤသို့ သိခြင်းသည် အမှန်ကို မြင်သောအမြင်, အမှန်ကို သိသောအသိ (သမ္မာဒိဋ္ဌိ) ဖြစ်၏’ ဟု ဟောတော်မူလေရာ –

ဤလမ်းညွှန်ချက်မှာ မြတ်စွာဘုရား၏ အမှန်ဆုံး၊ အဖြောင့်ဆုံး၊ အရိုးဆုံး သာဝကအတွက် အသိလွယ်ဆုံးသော လမ်းညွှန်ချက်ဖြစ်သည်။ ဤခန္ဓာ၏ ပင်ကိုယ်ရှိနေသော သဘောတရားသည် ခန္ဓာဟူ၍ စတင်ဖွဲ့စည်းစဉ်ကပင် (ရုပ်ပရမတ်တို့) ဖောက်ပြန်ပျက်စီးနေသည်ဟု အမှန်အတိုင်းသိရန် လေ့လာရှုကြည့်သောဉာဏ်သည် မှန်သည့်အတိုင်း သိက မြင်က (သမ္မာဒိဋ္ဌိ) မှန်သည်ကို မှန်သည့်အတိုင်း သိသော မြင်သော အသိအမြင်ဖြစ်သည်ဟု လမ်းညွှန်ချက်ကို ကြည့်က ဤမျှ ရိုးစင်းသော ဉာဏ်သည် မှန်မှန်သိနေရုံကလွဲ၍ မည်သူ့အကူအညီ မည်သည့်ပြုပြင်လုပ်ဆောင်ပေးရမှုမှ မပါသော အလိုက်သင့် သိမှုဖြစ်သည်။

ကျွန်ုပ်တို့သဘောပေါက်ထားသည်မှာ – ရေထည့်ထားသော ခွက်ထဲသို့ မျက်စိနှင့် သေသေချာချာ ကြည့်ပြီး ဘာရှိသလဲ အမှန်ပြောပါဆိုသဖြင့် ကြည့်၍ မြင်သော သူက ရေရှိပါသည်ဆိုက ထိုအမြင်သည် မှန်သည်ဟု လူအများက ပြောပေလိမ့်မည်။

ဝိပဿနာသမ္မာဒိဋ္ဌိနှင့် ခန္ဓာ၏သဘာဝကိုသာ သိနေပါ၊ မြင်နေပါဟုဆိုလျှင် ဖောက်ပြန်မှုတို့ ပျက်နေပုံသိမှုတို့ ပျက်နေပုံကလွဲ၍ အခြား ဘာမျှ သိစရာမြင်စရာ မရှိပေ။ ထိုအသိ ထိုအမြင်သည် အမှန်ကိုသိ သော အမှန်ကို မြင်သော အသိအမြင်ဖြစ်သည်။ အဘယ့်ကြောင့်နည်း – မိမိရှုကြည့်သော ခန္ဓာတွင် ဖောက်ပြန်မှုတို့ ပျက်လျက်၊ သိမှုတို့ ပျက်လျက်နေသော သဘောမှလွဲ၍ အခြားသိစရာမရှိသောကြောင့် ဖြစ်သည်။

## ခန္ဓာကိုရှုမြင်သောဉာဏ်

ကျွန်ုပ်တို့ ဝိပဿနာရှုသည်ဆိုရာတွင် အရှုခံ ခန္ဓာသည် ပရမတ်ဖြစ်သော အရှိတရား၊ အမှန်တရားဖြစ်၍ မိမိတို့က ခန္ဓာကို ရှုကြည့်

ရာ၌ သတိထား၍ အမှန်အတိုင်း သိရန်သာ လုံ့လစိုက်ထားရန် အရှုခံဖြစ်သော ခန္ဓာကို သူ့ရဲ့ပင်ကိုယ်သဘာဝအရှိကလွဲ၍ ဘာမျှ လုပ်မပေးရပေ။ ဖန်တီးလုပ်ကြံမပေးရပေ။ ခန္ဓာသည်ပရမတ်ဖြစ်၍ ပင်ကိုယ် ကပင်မှန်နေသည်။

ခန္ဓာကိုရှုမည့်သိမည့် ဉာဏ်ကလည်း ဘာကိုမှ မကြံမတွေးခန္ဓာ အရှိကိုသာ သတိထား၍ သိနေသော ယောဂီအတွက် မည်သည့် ချွတ်ယွင်းချက်မှ ရှိမည်မဟုတ်သကဲ့သို့ မည်သည့်ပြဿနာမှလည်း ဝင်စရာမရှိပေ။

ဝိပဿနာရှုသော ယောဂီပြဿနာဖြစ်ပြီဆိုက ခန္ဓာပရမတ်သည် ကိလေသာပြဿနာဖြစ်သည်ဆိုက ခန္ဓာပရမတ်ကမဟုတ်ပဲ ရှုသော အသိသည် ခန္ဓာပရမတ်အသိမှလွတ်၍ ပညတ်အာရုံ ရောက်သွားသောကြောင့် ကိလေသာပြဿနာဖြစ်သည်။ ပြဿနာ ဖြစ်ရာ၌ (ဩဘာသ) ဟူသော အလင်းရောင်ကို စိတ်က တွေ့ရှိက ခန္ဓာ၏ အရှိပရမတ်သည် အရောင်အလင်းမရှိပါပဲနှင့် စိတ်ငြိမ်သည့် အတွက် သမာဓိစိတ်ကဖြစ်သော အရောင်အလင်းကို မြင်က ခန္ဓာ ပရမတ်သိ မဟုတ်တော့ပဲ ပညတ်သမာဓိနိမိတ်ဖြစ်သော ပရမတ် သိမဟုတ်သော ဝိပဿနာ ညစ်ညူးမှု ညစ်နွမ်းမှု (ဥပက္ကိလေသ) ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အပေါ်ဆုံးကိလေသာဟူသော ဥပက္ကိလေသပင် လျှင် ပရမတ်သဘောတရား ခန္ဓာကိုအမှန်သိသော အသိမှ လွတ်၍ ပညတ်ဖက်ရောက်သွားသည့်အတွက် ဤပြဿနာမျိုးဖြစ်ရသည်မှာ ခန္ဓာကပရမတ်ဖြစ်၍ မည်သည့်ကိလေသာမှ မဖြစ်သော်လည်း - ရှု သော ဉာဏ်မှာသာ ကိလေသာပညတ်အာရုံဖြစ်သည်ကို ကြည့်က

– ရှုဉာဏ်သည် မည်မျှစင်ကြယ်ဖို့လိုအပ်သည်။ ပရမတ်အာရုံကို မလွတ်အောင် အဘယ်မျှ သတိထားဖို့လိုသည်ကို သိရမည်ဖြစ်၏။

ထို့ကြောင့် ရှုဉာဏ်သည် အစွန်းလွတ်သော မဇ္ဈိမပဋိပဒါလမ်းကြောင်းဖြောင့်ရန် အစွန်းတရား ဤနှစ်ပါးကို ပယ်ရှင်းရန် သာသနာစတင်ကာစ ဓမ္မစကြာတွင်ပင် မြတ်စွာဘုရားသတိပေးသည်။

အချို့ဝိပဿနာဆရာတို့က ကာမသုခလ္လိက အစွန်းဆိုသည်မှာ အာရုံငါးပါးခံစားနေသူတို့သာ ဖြစ်၍ ဤတရားရှုချိန်တွင် မဖြစ်ဟုဆိုသည်။ အစွန်းလွတ်သည်ဟုဆိုသည်။ ထို့အတူ အတ္တကိလမထ – အစွန်းကိုလည်း ကိုယ်ပင်ပန်းဆင်းရဲခံကာ ကျင့်နေသော နိဂဏ္ဌတို့သာ ဤအစွန်းမျိုးဖြစ်၍ ခန္ဓာတွင် ဝိပဿနာ ရှုနေသော ဤအချိန်သည် အစွန်းမဖြစ် အစွန်းလွတ်သည်ဟု ဆိုကြသည်။

ကျွန်ုပ်တို့ ဝိပဿနာရှုရာတွင် အရှုခံခန္ဓာသည် ပင်ကိုယ်ကပင် ပရမတ်ဖြစ်၍ ကိလေသာမဖြစ်တတ် ခန္ဓာကို သူ့ပင်ကိုယ်အတိုင်းထား၊ ရှုရသိရသော ဉာဏ်သာ အစွန်းလွတ်ဖို့လိုသည် ဆိုခဲ့ပြီးသော အတိုင်း အစွန်းသည် ကိလေသာဖြစ်၍ ရှုဉာဏ်သည် ထိုအစွန်းလွတ်မှ ကိလေသာလွတ်မည်။ ထိုအသိထိုဉာဏ် အစွန်းလွတ်သော မဇ္ဈိမပဋိ ပဒါကျအောင် ဤရှုဉာဏ်အတွက်သာ သတိထားရသည့်, ဂရုစိုက်ရသည်၊ ယခုဖော်ပြခဲ့သော အရောင်အလင်းမြင်မှုတွင် သဘောကျမှု ပီတိ, ဝမ်းမြောက်မှု စိတ်အေးငြိမ်းချမ်းမှု တို့မှာ 'ကာမသုခလ္လိက' အစွန်းဟုပင် မသိအောင် ကိလေသဝင်၍တို့ နှောင့်ယှက်မှုကို တွေ့နိုင်သည်။

အတ္တကိလမထ အစွန်းကိုလည်း တိတ္ထိတို့ နိဂဏ္ဌတို့သာ ဖြစ်သည် ဆိုကြပေရာ ဒေါသ ဒေါမနဿ ကိလေသာတို့ ဖြစ်နေသော

ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်လို့ပင် ဖြစ်မှန်းမသိအောင် ကိလေသာ၏ လှည့်စားမှုကား အလွန်သတိထားရသော ကိစ္စဖြစ်သည်ကို ကျွန်ုပ်တို့ ကိုယ်တိုင်ပင် သတိထားနေ ရှုနေပါလျက်နှင့် ဤအစွန်းမလွတ်အောင် ဖြစ်နေရသည့်အတွက် လွယ်လွယ်ကူကူ တရားမရနိုင်ခြင်း ဖြစ်နေသည်။ အစွန်းတရားတို့အကျယ်ကို ကျွန်ုပ်တို့ ရေးသားထား သည့် 'ဓမ္မသာရကျမ်း' တွင် ကြည့်နိုင်သည်။

အာရုံငါးပါးကို ခံစားမှု ကာမသုခလ္လိက အစွန်းဖြစ်၍ ရေငုပ်၊ မီးလှုံ စသော ခန္ဓာကို ညှင်းဆဲမှု အတ္တကိလမထ ဖြစ်သည်ဟူသော အစွဲ ရှိသူတို့အား အစွန်းလွတ်နေသဖြင့် မဇ္ဈိမပဋိပဒါဖြစ်ပါသည်ဟု ဝန်ခံ နိုင်ပါသလားဟု မေးက အတော်အဖြေခက်လိမ့်မည်ထင်သည်။ အဘယ့်ကြောင့်ဆိုသော် မဇ္ဈိမပဋိပဒါဖြစ်ပါလျှင် 'ဥပသမာယ, အဘိဉာယသမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ' ဖြစ်သောကြောင့်တည်း။

## ရှုဉာဏ်မဇ္ဈိမပဋိပဒါ

ကျွန်ုပ်တို့၏ အရှုခံရုပ်နာမ်အနေ သဘာဝမှန်မှု ရှုဉာဏ်မဇ္ဈိမပဋိပဒါ မဂ္ဂင်သည် ထိုသဘာဝရုပ်နာမ်အနေမှန်ပေါ်တွင် မှန်မှန်သိနေမှုသာဖြစ်ရာ အရှုခံရုပ်နာမ်ဟူသော 'ဖောက်ပြန်သဘော, သိသဘော' ကို ထိုသဘာဝအတိုင်း ရှုဉာဏ်သည်သိနေရသည်မှ တစ်ပါး အခြားဘာမျှ မရှိပေ၊ အသိဉာဏ် ရင့်လာလျှင် ထိုသဘော တို့သည် 'ဖြစ်ပျက်နေသည်' ဟူသော သဘာဝသစ္စာ အမြင်နှင့်သာ ဉာဏ်ရင့်ကျက်သွားမည်ဖြစ်သည်။ သို့အတွက် ဤရှု ချက်သဘောမှ တစ်ပါး အခြားသော ထင်မြင်မှု၊ စိတ်အထင်နှင့် ကြံစည်မှု တို့သည် မြတ်စွာဘုရား၏ သဘာဝသစ္စာတရားနှင့် ဆန့်ကျင်လေသည်။

မြတ်စွာဘုရား၏ သဘာဝသစ္စာဆိုသည်မှာ - ဩကာသလောက ခေတ်အတွင်းရှိ 'သဝိညာဏက - အဝိညာဏက၊ ဣန္ဒြိယဗဒ္ဓ အနိန္ဒြိယဗဒ္ဓ' စသော သက်ရှိသက်မဲ့အားလုံးအပေါ်တွင် ရှိမြဲ ဖြစ်မြဲ သဘောတရားအမှန်ကို အမှန်အတိုင်း သိရန် စူးစမ်းလေ့လာသော သဘောဖြစ်ရာ အနီးကပ်ဆုံးဖြစ်သော မိမိ၏ ရုပ်နာမ်ခန္ဓာသဘော တရားအမှန်ကို အမှန်ကျ သိရှိလျှင် ဩကာသ လောကခေတ်အတွင်း အားလုံးသော ရုပ်ဝတ္ထု နာမ်ဝတ္ထုအစုစုကို အမှန်သိရတော့သည်။ ယင်းသို့ လေ့လာရာတွင် စူးစမ်းသော 'ဝိစာရဏာဉာဏ်သည် အစွန်းဖက်ရောက်၍ တစ်ဖက်စောင်းနင်းဖြစ်နေ လျှင် အမှန်အတိုင်း မသိမမြင်နိုင်တော့ပေ၊ မည်သည့်ဘေးအစွန်း တစ်ဖက်တစ်ချက်ကိုမှ ဂရုမထား ဖြောင့်ဖြောင့်သွားနိုင်မှ လေ့လာချက် ဖြောင့်တန်း အောင်မြင် နိုင်သည်၊ ထိုဉာဏ်သွားလမ်းစဉ်ကို 'မဇ္ဈိမပဋိပဒါလမ်းစဉ်' ဟု ခေါ်လေသည်။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် လောကထွဋ်ထား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ထိုနှစ်ဝါဆိုလပြည့်၊ စနေနေ့တွင် ဗာရာဏသီပြည် မိဂဒါဝုန်တောတွင် ကောဏ္ဍည အမှူးရှိသော ရသေ့ ငါးဦးနှင့်တကွ နတ်ဗြဟ္မာ ၁၈ ကုဋေတို့အား ဤသာသနာတော်၏ အမြုတေ ပင်မဖြစ်သော ရှေးဦးစွာသော 'ဓမ္မစက္ကပဝတ္တနသုတ်တော်' ကို မဇ္ဈိမ ပဋိပဒါအရင်းခံကျကျ စတင်တည်ထောင်ကာ 'ဤနေ့မှစ၍ ငါ၏ သာသနာသည် ဤတရားပဲ' ဟု သံုးဆယ့်တစ်ဘုံသို့ ကျေညာတော်မူသည်။

ကျွန်ုပ်တို့ လေ့လာလိုက်စားနေသော ဗုဒ္ဓရှင်တော်ဘုရား၏ (သာသနာ) အဆုံးအမသည် ဤသဘာဝအသိမှ စသည်၊ ထိုအရင်းမှန်၍ တိကျလှသော သာသနာ့လုပ်ငန်းတရားတော်ကို ကျွန်ုပ်တို့ မိမိရရ တိတိကျကျ နားလည်ဖို့လိုလေသည်၊ ဤတရားကို နားလည်လိုက်လျှင် ဗုဒ္ဓဘုရား၏ သာသနာတော် တစ်လျှောက်လုံး ဟောတော် မူသော တရားတော်တို့ကို နားလည်သဘောပေါက်ပြီး ဖြစ်ပါလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရား၏ တရားတော်ဟူသည် မည် သည့်နေရာတွင် မည်သူ့ကို ဟောဟောနည်းပရိယာယ်သာ ပြောင်းသွားသည် သဘာဝကား မူမပြောင်းပဲ တစ်မျိုးတည်းပင် ဖြစ်သော ကြောင့်ပါတည်း။

ယင်းသို့ အခြေခံ မပြောင်းလဲပဲ ခိုင်မြဲလှသော တစ်ခုတည်းသော လမ်းစဉ်ဖြစ်သည့် မဇ္ဈိမပဋိပဒါလမ်းစဉ်ပင်ဖြစ်သည်။

ထိုမဇ္ဈိမပဋိပဒါလမ်းစဉ်၏ အရေးကြီးပုံ တန်ဖိုးရှိပုံကား၊ ဗုဒ္ဓဘုရားကလွဲ၍ မည်သူမျှ အကုန်အစင်မသိနိုင်ပေ၊ ဒီပင်္ကရာ မြတ်စွာဘုရား အထံတော်မှ ဗျာဒိတ်ရ၍ ဘုရားအလောင်းဖြစ်လာသော သုမေဓာသည် လေးအသင်္ချေနှင့် ကပ္ပါတစ်သိန်း သုခနှင့် ရင်းနှီး၍ ရှာသည်။ မဇ္ဈိမပဋိပဒါကို မတွေ့မသိ၊ ဒုက္ခနှင့် ရင်းနှီး၍ ရှာသည်၊ မဇ္ဈိမပဋိပဒါကို မတွေ့မသိချေ၊ ဘာကြောင့်မတွေ့မသိရသနည်း၊ မဇ္ဈိမပဋိပဒါ၏ ဆန့်ကျင်ဖက် ကိလေသာအစွန်းတရားတို့ကို အပေါင်းမှားနေ ကြောင်း ဟူသော အဖြေကို ရပြီး၍ ဘုရားစင်စစ်ဖြစ်တော်မူပြီးသော ဗုဒ္ဓရှင်တော်ဘုရားသည် အခြားသော သာဝကတို့မမှားကြစေခြင်းငှာ –

'ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ'

'ချစ်သားတို့ ကိလေသာ အယုတ်ကို ခွာထုတ်လိုသောသူသည် ဤအစွန်းတရားတို့ကို မမှီဝဲအပ်, ပယ်ရှင်းရမည်'

မြတ်စွာဘုရားသည် ကိုယ်တော်၏ နိဗ္ဗာန်အကျိုးငှါ သံသရာ ပြတ်ခြင်းအကျိုးငှါ ဟောတော်မူမည့် တရားတော်ကို ရှေးဦးစွာ မဟော ကြားသေးပဲ ထိုတရား၏ ဆန့်ကျင်ဖက် ကိလေသာတို့ မနှောင့်ယှက် နိုင်စေခြင်းငှါ ရှောင်ရှားရမည့်တရားတို့ကို ရှေးဦးစွာ ပယ်ရှင်းခိုင်း လိုက်ခြင်းဖြစ်သည်။ မှန်၏ –

## ဥပမာ ၃ ချက်

"ဗောဓိမင်းသား – ငါသည် စင်စစ်ဘုရားမဖြစ်မီ ဥရုဝေလ တောမှ ထွက်၍ သေနာနိဂမ်းတွင် တရားအားထုတ်မည့်ဆဲဆဲ၌ ရှေးအခါက မကြားဖူးခဲ့ကုန်သော ဥပမာ – ၃ ချက်သည် ငါ့အား ဉာဏ်၌ ပေါ်လာ၏။ ပထမ ဥပမာကား အစေးနှင့်တကွ စိုနေသောသဖန်းသားတချောင်းသည် ရေ၌လည်း စိမ်၍ထား၏။ ထိုအခါ မီးကိုအလိုရှိသော ယောကျ်ားတစ်ယောက်သည် မီးပွတ်ခုံကိုယူ၍ လာပြီးလျှင် ထိုသဖန်းသားအစိုကို ရေမှယူ၍ မီးပွတ်ရာ၏။ မီးကားထွက်မလာ၊ မီးမရချေ၊ အကြောင်းမူ – ထင်းကလည်း အတွင်း၌ အစေးနှင့် စိုနေသည်၊ အပြင်ကလည်း ရေစိမ်ထားသောကြောင့်ဖြစ်၏။

ထို့အတူ တရားရလို၍ အားထုတ်ကြသော အချို့သမဏ ဗြာဟ္မဏတို့သည် ခန္ဓာကိုယ်အတွင်း၌လည်း ကိလေသာအစေး အညှော် လိုချင်မှု လောဘတဏှာတို့ ရှိနေ၏။ အပြင်အပက လည်း ဝတ္ထုကာမတို့ ခြံရံနေ၏။ ထိုသို့သော တရားရလိုသူ သမဏ ဗြာဟ္မဏတို့သည် လုံ့လဝီရိယစိုက်၍ မည်မျှပင်

အားထုတ်စေကာမူ ထိုလုံ့လဝီရိယကြောင့်ဖြစ်သော ကြမ်းတမ်းစပ်ရှားကုန်သော ဆင်းရဲဒုက္ခတို့ကိုသာလျှင် ခံစားရမည်ဖြစ်၏။ ဉာဏ်အမြင် စင်ကြယ်သော သိအပ်သော တရားတို့ကိုကား သိမည်မဟုတ်ပေ။

ဒုတိယဥပမာထင်လာသည်ကား – အစေးနှင့်တကွသော စိုနေသည့်သဖန်းသားတစ်ချောင်းသည် ရှိ၏။ ရေမှဝေးသော ကုန်းတစ်ခုတွင်ထား၏။ မီးကို အလိုရှိသောယောကျ်ားသည် မီးပွတ်ခုံကိုယူခဲ့၍ ထိုသဖန်းသားထင်းအား မီးဖြစ်စေအံ့ဟု ပွတ်တိုက် ငြားအံ့ မီးမထွက်ရာချေ၊ အကြောင်းမူ ရေမှဝေးသော ကုန်း၌ ထားစေကာမူ အတွင်း၌ အစေးအစိုရှိသောကြောင့် ဖြစ်၏။

ထို့အတူ တရားရှာသည့်အချို့သော သမဏဗြာဟ္မဏတို့သည် အပြင်အပဝတ္ထုကာမတို့နှင့် ဝေးကွာနေသော်လည်း ကိုယ်အတွင်းသန္တာန်ဝယ် လိုချင်မှုလောဘစသော ကိလေသာ၊ အစေးတို့နှင့်စိုစွတ်နေသောကြောင့် ထိုသူတို့သည် တရားရလို၍ လုံ့လဝီရိယ ကြီးစွာထားလျက် အားထုတ်ပါသော်လည်း ထိုလုံ့လဝီရိယထားလျက်အားထုတ်မှုကြောင့် ဖြစ်သော ကြမ်းတမ်းစပ်ရှား ဆိုးရွားစွာသော ဆင်းရဲဒုက္ခတို့ကို သာလျှင် ခံစားရမည်ဖြစ်၏။ ဉာဏ်အမြင်စင်ကြယ်သည့် သိအပ်သော တရားတို့ကိုကား သိမည်မဟုတ်ပေ။

တတိယဥပမာထင်လာသည်ကား – ရေမှဝေးစွာကုန်း၌ သာလျှင်ချထားအပ်သော ခြောက်သွေ့သော ထင်းချောင်းတစ်ခုသည်ရှိ၏။ မီးကိုလိုသောယောကျ်ားတစ်ယောက်သည် လာ၍ ထိုထင်းချောင်းကို ယူပြီးလျှင် မီးဖြစ်စေအံ့ဟု မီးပွတ်ခုံဖြင့်

ပွတ်တိုက်ငြားအံ့၊ ထိုထင်းချောင်းသည် ခဏချင်းဖြင့်သာလျှင် မီးထွက်ပေရာ၏၊ အကြောင်းမူ ထိုထင်းချောင်းသည် ရေနှင့်လည်းဝေး၍ အလွန်ပင် ခြောက်သွေ့နေသောကြောင့်တည်း။

ထို့အတူ တရားရှာသည့်အချို့သော သမဏဗြာဟ္မဏတို့သည် မိမိခန္ဓာကိုယ်အတွင်းသန္တာန်၌လည်း လိုချင်မှုလောဘ တဏှာစသော ကိလေသာအညစ်အကြေးတို့ကို ပယ်ရှင်းပြီးဖြစ်၏။ အပြင်အပ၌လည်း၊ ဝတ္ထုကာမတို့ကို ဝေးစွာ ဖယ်ထားပြီးဖြစ်၏။ ယင်းသို့ ကိလေသာအစေးအညှော်တို့မဖြစ်ပေါ်အောင် ပယ်ရှင်းထားသော သူတို့သည် တရားရရန် လုံ့လဝီရိယကြီးစွာထား၍ အားထုတ်ရာ၌ ထိုလုံ့လဝီရိယကြောင့်ဖြစ်သော ဆင်းရဲတို့ကို ခံစားရသည်ဖြစ်စေ, မခံစားရသည်ဖြစ်စေ ဉာဏ်အမြင်စင်ကြယ်၍ ထိုးထွင်းသိရမည့်တရားတို့ကို သိရမည်ဖြစ်၏' ဟု ဥပမာ ၃ ချက် ထင်လာပေသည်။

(မဇ္ဈိမပဏ္ဏာသပါဠိတော် ဗောဓိရာဇကုမာရသုတ် - ၂၈၃၊ သဂါရဝသုတ် - ၄၃၀ တို့မှ အတိုချုပ်၍ မြန်မာပြန်သည်၊ အကျယ်ကို လိုက ၎င်းသုတ်တို့တွင် ကြည့်ပါ )

ဤမဇ္ဈိမပဋိပဒါလမ်းစဉ်ကျအောင် အားထုတ်ရာ၌ အလောင်းတော်အဖြစ်က ထင်မြင်ခဲ့သည့် တတိယဥပမာအတိုင်း အားထုတ်ခဲ့သဖြင့် တရားရလာပုံတို့ကို ပြန်လည်ဟောပြထားရကား ဤမဇ္ဈိမပဋိပဒါလမ်းစဉ်နည်းအရ အားထုတ်၍ သံသရာပြတ်လိုသော ယောဂီ သည် ကိလေသာဖြစ်သည့် ဤအစွန်းတရားနှစ်ပါးတို့ကို မမှိဝဲအပ် ပယ်ရှင်းရမည်ဟု ဟောတော်မူသည်ကား အလွန်ပင် သဘာဝကျလှ သည်။ ထို့ကြောင့် တရားအားထုတ်သူသည် အတွင်းအပြင် ကိလေသာကို ခွာထားပြီးဖြစ်ရမည်။ တစ်နည်း

မိမိတို့၏ စိတ်သည် ကိလေသာအစွန်းတို့မှ ဝေးနေရမည်ဟူ၍ –

'ပဗ္ဗဇိတေနာတိဂီဟိသံယောဇနံ ဆန္ဒိတွာ

ပဗ္ဗဇ္ဇုပဂတေန'ဟု သံယုတ်အဋ္ဌကထာကလည်းကောင်း –

'ပဗ္ဗဇိတေနာတိ ဂီဟိသံယောဇနံ ဝတ္ထုကာမံဆေတွာ'

ဟု ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကလည်းကောင်း ဆိုပြီ၊ တရား အလုပ်အားထုတ်လိုသူသည် ထိုသူအားလျော်သော ဝတ္ထုကာမ ဟူသည့် ရူပသဒ္ဒစသော အပြင်အာရုံများအပေါ်၌ ကိလေသာ ကာမအားဖြင့် ကပ်ငြိမှုကို ပယ်ရှင်းထား ဖြတ်တောက်ထားနိုင်ရမည် ဟု ဆိုလိုသည်။ ကျွန်ုပ်တို့၏ မဇ္ဈိမပဋိပဒါဆောင်ပုဒ်၌လည်း –

'ကိလေသာယုတ် – နှင်ကာထုတ် – သမုတ်ဘိက္ခုသည်'

'ကာမ – အတ္တ – ယင်းနှစ်ဝ – လုံးဝပယ်ရမည်' ဟူ၍

ဆိုထားသည်။

သံသရာဝဋ်မှ လွတ်ကြောင်းတရားကို အားထုတ်ရာ၌ သံသရာ ဝဋ်တွင် ဖြစ်စေတတ်သော ကိလေသာအစွန်းတရားတို့ကို ပယ်ခွာ ရမည်မှာ မပယ်မဖြစ် မခွာမဖြစ်သော အဓိကကိစ္စဖြစ်သည်။ ကိလေသာဖြစ်သော အစွန်းတရား – နှစ်ပါးကို မြတ်စွာဘုရားသည် အလုံးစုံသော တရားတို့ကို သိတော်မူသည် အားလျော်စွာ ကိလေသာအနှောင့်အယှက်တို့ဝေးရန် – တစ်နည်း – ကိလေသာ ဝင်လာလျှင် ဝင်မှန်းသိ၍ ပယ်ခွာနိုင်ရန် ကြိုတင်၍ ဟောထားသည် ကား – 'မီးကို လောင်မှ ငြိမ်းသတ်သည်ထက် – မလောင်မီ တားဆီး သည်က သဘာဝကျသကဲ့သို့ အနာဒရောဂါကို ဖြစ်လာမှ ဆေးကုသည်ထက် မဖြစ်မီက မဖြစ်အောင် စောင့်ရှောက်ရာသကဲ့သို့ ပေတည်း'။

## သြဃတရဏသုတ်

ဝိပဿနာ သတိပဋ္ဌာန်အလုပ်အားထုတ်ရာ၌ မဇ္ဈိမပဋိပဒါလမ်းစဉ်အရ ခန္ဓာကို ရှုကြည့်ရသော ဉာဏ်သည် ခန္ဓာ၏ သဘာဝအရှိ ပရမတ်ကျကျအရှိအတိုင်း ရိုးရိုးသိ, မှန်မှန်သိရသော လုပ်ငန်းဖြစ်ရာ ရှုဉာဏ်သည်ခန္ဓာသဘာဝကို မှန်မှန်စောင့်ကြည့် အကဲခတ်နေရန်သာဖြစ်၍ ဘာမျှလုပ်ကြံဖန်တီးမှု မပြုရ၊ စိတ်ကူးစဉ်းစားမယူမှ မှန်သည် ဖြစ်၍ အလွန်လွယ်ကူသည် ထင်ရသော်လည်း လက်တွေ့ကျကျ ခန္ဓာသဘာဝကို လေ့လာရှုကြည့်သောအခါတွင်ကား – ကျွန်ုပ်တို့၏ ပင်ကိုယ်စိတ်သည် ကိလေသာအစွန်းဖက်သို့သာ ပြေးလေသည်။ ဤသို့ ပုထုဇ္ဇန်တို့စိတ်သည် သံသရာနှင့်အမျှ ကိလေသာနှင့်သာ နေလာခဲ့လေသဖြင့် ထိုကိလေသာစိတ်သည်သာ မိမိတို့၏ အားထားရာ အားကိုးရာဟု စွဲမှတ်လာခဲ့သောစိတ်၊ ကိလေသာသာလျှင် အမိ အဖ ဟူ၍ စွဲယူလာသော စိတ်သည် ကိလေသာတစ်ခုမှ အခြား ကိလေသာတစ်ခုသို့ ကူးလူးပြေးသွားနေလာခဲ့သော စိတ်သည်၊ မိမိ ခန္ဓာ၏ သဘာဝအမှန်ကိုပင် အမှန်ဟု မသိမမြင်နိုင်သည်ကား ခန္ဓာကိုယ်တွင် ငြိမ်သက်မှု မရခဲ့သောကြောင့် ခန္ဓာအကြောင်းမသိခဲ့ရပါပေ။ မြတ်စွာဘုရားသည် ဤသဘာဝကို သိတော်မူသည့်အတိုင်း –

'သမာဓိံ ဘိက္ခဝေ ဘာဝေထ' ချစ်သားတို့ မိမိခန္ဓာမှာ စိတ်ငြိမ်ငြိမ်ထားလိုက်ပါ၊

'သမာဟိတော ယထာဘူတံ ပဇာနာတိ' ငြိမ်သော စိတ်သည် ခန္ဓာ၏ အမှန်သဘောကို သိမည်။

(ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် သမာဓိသုတ် ၁၂ တွင်)

မိမိရှုမြင်ရမည့် တရားသည် ခန္ဓာနှင့် အပြည့်ရှိနေပါလျက် သိတတ်သော ကျွန်ုပ်တို့၏ စိတ်ခန္ဓာတွင် မနေ၊ မလေ့လာ မရှုမကြည့်သဖြင့် မသိလေသော အကြောင်းကို သိတော်မူသော မြတ်စွာဘုရားက တရားဟူသည် တစ်ပါးတစ်ခြားမှာ – ရှာဖွေနေရသည်မဟုတ် ရှိသော ခန္ဓာကို သိဖို့သာ လိုသဖြင့် မြတ်စွာဘုရား လွယ်ကူအောင် လမ်းညွှန်ပေးခြင်းဖြစ်သည်။

ကျွန်ုပ်တို့ကား ပုထုဇ္ဇန်တို့ ထုံးစံအတိုင်း ကိလေသာဖြစ်၍ ဖြစ်မှန်း မသိသဖြင့် ကိလေသာဘေးအစွန်းတို့သို့သာ ပျော်မွေ့ကျက်စား နေသောအားဖြင့် –

'အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ညသန်းကောင်ယံအချိန်တွင် နတ်သားတစ်ယောက်လာရောက်၍ –

'အရှင်ဘုရားသည် သြဃလေးဖြာသံသရာကို ဘယ်ပုံဘယ်နည်းကူးခဲ့ပါသနည်း' ဟု လျှောက်သောအခါ မြတ်စွာဘုရားက–

'တကာနတ်သား ငါသည် ရပ်မနေပဲ လက်ပစ်အားထုတ်၍လည်း မကူးပဲ သြဃလေးဖြာသံသရာကို လွန်မြောက်ခဲ့သည်' ဟုပြောရာ နတ်သားက –

'အရှင်ဘုရားသည် အဘယ်သို့ ရပ်မနေပဲ အဘယ်ပုံလက်ပစ်အားထုတ်မကူးပဲ သံသရာကို လွန်မြောက်ခဲ့ပါသနည်း' ဟုလျှောက်ရာ မြတ်စွာဘုရားက –

'တကာနတ်သား ငါသည် အကြင်အခါ၌ ရပ်နေ၏၊ ထိုအခါ နစ်မြုပ်ရ၏၊ အကြင်အခါ၌ လက်ပစ်အားထုတ်ကူး၏။ ထိုအခါ မျောပါရ၏။ ထို့ကြောင့် ငါသည် ရပ်မနေပဲ၊ လက်ပစ်အားထုတ်

မကူးပဲ သံသရာကို လွန်မြောက်ခဲ့၏' ဟု မိန့်တော်မူရာ အစွန်း နှစ်ပါးနှင့် မဇ္ဈိမပဋိပဒါအကြောင်း နတ်သားသဘောပေါက်သွား၏။

ထိုသဘောကို အဋ္ဌကထာရှင်းပြရာ၌ – အစွန်းအတွဲပေါင်း–၇ တွဲ ရှိရာတွင် –

'ကာမသုခလ္လိကာ နုယောဂဝသေန သန္တိဋ္ဌန္တော
သံသီဒတိနာမ၊ အတ္တကိလမထာ နုယောဂဝသေန
အာယူဟန္တော နိဗ္ဗုယှတိနာမ'
(သဂါထာဝဂ္ဂသံယုတ္တဋ္ဌကထာ – ၁၈)

ဝတ္ထုအာရုံကာမဂုဏ်တို့၌ ကိလေသာကာမအားဖြင့် လိုက်စား ခြင်းသည် ကာမသုခလ္လိကာ နုယောဂဖြစ်၍ သံသရာတွင် နစ်မြုပ်ခဲ့ ရသည်။ အဘယ့်ကြောင့်ဟူမူ – ကိလေသာကို ဖြတ်တောက်မှု မပြုပဲ ကိလေသာဖြစ်အောင် ပွားအောင်သာ ပြုလုပ်နေခြင်းဖြင့် အသိတရား တို့ ရပ်နေသည်ဖြစ်၍ နစ်မြုပ်ရသည်။

ရလိုသော စိတ်ဇောသန်မှုနှင့် အားထုတ်လေသမျှသည် ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းတို့ဖြင့် ရင်းနှီး၍ မိမိကိုယ်ကို ညှင်းပန်း နှိပ်စက်၍ ကျင့်သောကြောင့် လက်ပစ်ကူးခြင်းဖြစ်ရာ မျောပါရ မည်ဖြစ်၏။ သံသရာမှ ထွက်မြောက်လိုသူသည် အာရုံငါးပါးတို့၌ ကပ်ငြိစွဲမက်နှစ်သက်မှု တစ်စုံတစ်ရာရှိနေလျှင် အမှန်သဘော ရုပ်နာမ်ခန္ဓာကို မသိသဖြင့် ရပ်နေသူ၊ ရလိုဇောနှင့် မှန်သည်၊ မှားသည် မဝေဖန်တော့ပဲ အပြင်းအထန် အခံခက်အောင် အဆင်းရဲခံ အားထုတ်သူ သည် လွန်ပြေးသူ၊ ဤနှစ်မျိုးစလုံးသည် သံသရာတွင် ပြေးကြောင်း ကိလေသာပင် ဖြစ်သောကြောင့် ထိုအစွန်းတရားတို့ကို မမှီဝဲအပ်ဟူ၍ မြတ်စွာဘုရားဟောတော်မူခဲ့သည်။

## ပုန်းအောင်းသူနှင့် လွန်မြောက်သူ

လေးအသင်္ချေနှင့် ကပ္ပါတစ်သိန်းအတွင်း သိရှိသမျှ မြတ်စွာဘုရားထုတ်ဖော်ပြထားသည်။ သတ္တဝါဖြစ်၍သတ္တဝါ၏ အိုခြင်း သေခြင်းမှ လွတ်မြောက်ရေးအတွက် စိတ်ကူးရသလို သဘောပေါက်နားလည်သလို ပြုလုပ်လာကြသော ကိစ္စအားလုံးသည် မြုပ်လမ်းသို့မဟုတ်မျောလမ်းသာဖြစ်ခဲ့သည်ကို အဖန်ဖန်အထပ်ထပ် ဘဝတိုင်း ဘဝတိုင်းဖြစ်သေဖြစ်သေက သက်သေခံလျက်ရှိသည်။ ထိုမြုပ်လမ်းဟူသည် ဤကာမသုခလ္လိကဟူသောလမ်းစဉ်နှင့် အတ္တကိလမထ ဟူသောလမ်းစဉ်နှစ်ရပ် ကြောင့်သံသရာမှာ ကျင်လည်ခဲ့ရကြောင်း ဘုရားရှင်သိတော်မူပြီးဖြစ်လေသည်။

ဉရုဝေလ တောသို့ထွက်၍ တရားရှာရာ၌ ရှေးဦးစွာ အာဠာရ ရသေ့ထံနည်းခံ၍ အားထုတ်သောအခါ အလွန်ဆုံးအာကိဉ္စညာယတနဘုံသို့ ရောက်ကြောင်း အကျင့်ဖြစ်မှန်းသိသည်နှင့် ထိုတရားကို ရပါလျက်စွန့်ခွာထွက်သွားခဲ့လေသည်။ ထိုနောက် ရာမ၏သား ဥဒကရသေ့ ထံသို့ကပ်၍ နည်းခံအားထုတ်ခဲ့ရာ ပြီးဆုံးသောအခါ အလွန်ဆုံး နေဝသညာ နာသညာယတန ဘုံရောက်ကြောင်း အကျင့်ဖြစ်မှန်း သိသည်နှင့် ထိုတရားကိုရပြီး ဖြစ်ပါလျက် ဤစတုတ္ထဈာန်တရားဖြင့် ဤရုပ်နာမ် ခန္ဓာကိုငြိမ်းအေးမှုလည်းမရ၊ တပ်မက်မှုလည်းမကွာ၊ ချုပ်ပြတ်မှုလည်း မဖြစ်သောကြောင့် ထိုဈာန်ကို အားမကိုးတော့ပဲ တစ်ယောက်တည်း ထွက်ခွာ၍ သေနာနိဂုံးသို့ မဇ္ဈိမပဋိပဒါ တရားရှာရန်ထွက်ခဲ့ကြောင်း 'မဇ္ဈိမပဏ္ဏာသတွင်' ပြန်ဟောထားသည်။

ဤသည်ကို ထောက်၍ သံသရာကိုလည်စေတတ်သော တရား မှာ ကိလေသာ၏ သတ္တိဖြစ်သော ကာမသုခလ္လိကာနုယောဂ လမ်းစဉ်နှင့် အတ္တကိလမထာနုယောဂလမ်းစဉ်တို့သည် ကိလေသာ ကုန်ခြင်း မဖြစ်သည့်အပြင် ကိလေသာပင်ထပ်၍ ဖြစ်နေသောကြောင့် ကိလေသာကင်းအောင် ကုန်အောင် အားထုတ်ရမည့် ယောဂီသည်၊ ဤလမ်းစဉ်အစွန်းတရား ၂ ပါးကို မမှိဝဲအပ်, ပယ်ရှင်းရမည် ဆိုသည်မှာ မပယ် မခွါက လုံးဝမဖြစ်သော တိုက်ရိုက်တိုက်တွန်းချက် ဖြစ်သည်။

## အစွန်းတရားဟူသည်

အမှန်တရား အမှန်လမ်းစဉ်ကို မသိသော သူတို့သည် ဤအစွန်း တရားနှစ်ပါးနှင့်သာ အပြောင်းအလဲ အလဲအလှယ် အားထုတ် ပြုလုပ်၍ သံသရာကို သွားနေကြသူတို့မှာ ကျွန်ုပ်တို့ပင်ဖြစ်သည်။ ကိလေသာမကင်းသေးသည့် သတ္တဝါတို့ ထုံးစံအတိုင်း အာရုံငါးပါး လိုက်စားပျော်ပါးမှု, ဘုံဘဝကို တောင့်တ၍ ကုသိုလ်ပြုမှုစသော ကာမသုခလ္လိကနယ်တွင် 'သဿတဒိဋ္ဌိ' အစွန်းနှင့်သာ အားထုတ် လျက်ရှိနေကြသည်ကို အပြစ်ဟုမြင်သော အချို့ပညာရှိတို့သည် ထိုအာရုံလိုက်စားမှုတို့ကို လွန်စွာစက် ဆုပ်ကြလျက် ထိုအပြစ်မှ လွတ်ရန် အာရုံငါးပါး – ကာမဂုဏ်တရား တို့ကို ရှောင်ခွာပယ်ပစ်၍ ယင်းကိလေသာတို့ ထကြွသောင်းကျန်းမှု တို့ကို နှိမ်နင်းလိုသဖြင့် အစားခြိုးခြံမှု၊ အဝတ်ခြိုးခြံမှု၊ အနေခြိုးခြံမှု စသော မိမိကိုယ်ကို ကိလေသာဖြစ်ခွင့်မရအောင် အမျိုးမျိုးသော နည်းတို့ဖြင့် နှိပ်စက် ညှင်းပန်းခြင်း 'ဥစ္ဆေဒဒိဋ္ဌိ' မှုကို ပြုကြလေသည် – ဤသည်ကို –

'ယထာဇကောသမဏာ ဗြာဟ္မဏာ ကာမသုခလ္လိကာ
နုယောဂံ ပရိဝေဇ္ဇေသ္ဝာမာတိ ကာယကိလမထံ
အနုဓာဝန္တိ၊ တတောမုဥ္စိသ္ဝာမာတိ
ကာမသုခံ အနုဓာဝန္တိန ဇဝံဘာဂဝါ'

(ပါထိကဝဂ္ဂဝဏ္ဏကထာ – ၈၀)

အချို့ကုန်သော သမဏဗြာဟ္မဏပညာရှိအမည်ခံတို့သည် ကာမသုခလ္လိက အလုပ်ကို စက်ဆုပ်ရွံရှာသည်ဖြစ်၍ ရှောင်ခွာလတ်သော် အတ္တကိလမထသို့ ရောက်၏။ အချို့မှာ အတ္တကိလမထအလုပ်ခွင်မှ ငြီးငွေ့၍ ရှောင်ထွက်ပြန်သောအခါ ကာမချမ်းသာခံစားသော ကာမသုခလ္လိက အစွန်းသို့ ပြန်ရောက်၏။ မြတ်စွာဘုရားသည် ဤအဖြစ်ကို မြင်တော်မူသည်၊ သိတော်မူသည် ဖြစ်၍ အစွန်းလွတ်တရားကို ရှာဖွေတွေ့ရှိခြင်း ဖြစ်လေသည်။

သံသရာတွင် ကျင်လည်ကြသော အရိယာမဖြစ်သေးသည့် ပုထုဇ္ဇနိတို့မှာ ' သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ' အနည်းဆုံး ဤနှစ်မျိုးဖြင့် သတ္တဝါဖြစ်နေကြသည်။ ဘုံဘဝတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့နေကြသည်။

ဘုံဘဝသံသရာမှ လွတ်ကြောင်း မဇ္ဈိမပဋိပဒါ မရမသိလျှင်ကား ဘုံဘဝထဲတွင် –

၁ – ဩလီယန္တိဇကေ – ပုန်းအောင်းသူနှင့်

၂ – အတိဓာဝန္တိဇကေ – လွန်ပြေးသူတို့သာရှိကြောင်း၊ ဘုံဘဝသံသရာမှာ ပုန်းအောင်းသူသည် 'သဿတဒိဋ္ဌိ' ဖြင့် ကာမသုခလ္လိက အရ သံသရာမှ မထွက်လိုပဲ ဘုံဘဝတစ်ခုမှ သည်တစ်ခုသို့ ကျင်လည် နေလျက် ပုန်းအောင်းကြောင်း – လွန်ပြေးသူသည်လည်း

သံသရာဘဝမှာ မဖြစ်ချင်ပဲ သေရင်ဘာမှမဖြစ် ပြီးတာပဲဟူ၍ 'ဥစ္ဆေဒဒိဋ္ဌိ' ဖြင့် လွန်ပြေးကြောင်း 'အတ္တကိလမထ' ဖြစ်ကြောင်း ဣတိဝုတ် ပါဠိတော်တွင် ဟောဖော်လျက်ရှိပြီ။

မြတ်စွာဘုရား ဤအစွန်တရားနှစ်ပါးကို ပယ်ရှင်းရမည်ဆိုသည်မှာ ထိုအစွန်းနှစ်ပါးကြောင့် ကျင်လည်နေရသော ဝေနေယျတို့အတွက် ထွက်မြောက်ရာလမ်းကို ညွှန်ပြလို၍ ဖြစ်သည်။ သံသရာကျင်လည်နေကျ သတ္တဝါတို့မှာကား အစွန်းနှစ်ပါးနှင့်သာ သံသရာသွားကြောင်း အလုပ်ဖြစ်နေကြသည်။ ယင်းအစွန်းနှစ်ပါးမှ ထွက်မြောက်ရာ မဇ္ဈိမပဋိပဒါ လမ်းစဉ်သည် သံသရာပြတ်လမ်းစဉ်ဖြစ်သဖြင့် သံသရာကျင်လည်သော အစွန်းတရားတို့နှင့် ဗီလာဆန့်ကျင်နေသဖြင့် မပယ်မခွာ၍ လုံးဝမဖြစ်ပေ။

မြတ်စွာဘုရားသည် ဤသံသရာပြတ် မဇ္ဈိမပဋိပဒါ အလုပ်လမ်းစဉ်ကို ရှာဖွေတွေ့ရှိခဲ့ရသည်မှာ သံသရာထဲတွင် ဖြစ်နေရှိနေသမျှသတ္တဝါတို့၏ သမားရိုးကျ မိရိုးဖလာ လမ်းစဉ်မှ ဆန့်ကျင်ခွာထွက်၍ ရှာဖွေခဲ့ရသည်။ မိရိုးဖလာ အစွန်းနှစ်ပါး အလုပ်မျှနှင့်ကား ဤသံသရာမှ ထွက်မြောက်ရာကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင် ပြုလုပ်ခဲ့ သည်များက သက်သေအထင်အရှားပင် ဖြစ်ခဲ့သည်။ ဓမ္မစကြာတွင်–

"ဧတေခေါ်ဘိက္ခဝေ ဉဘောအန္တေ။ လ ။
နိဗ္ဗာနာယသံဝတ္တတိ"

'ချစ်သားတို့ ငါဟောမည့် မဇ္ဈိမပဋိပဒါလမ်းစဉ်ဟူသည် ထိုကဲ့သို့သံသရာတွင် မြုပ်တတ်သော မျောတတ်သော လမ်းစဉ်မျိုး မဟုတ်၊ ထိုမြုပ်မျောလမ်းစဉ်မျိုးသို့ မထိမကပ်၊

မယုဉ်မစပ်ပဲ ထိုလမ်းစဉ် မျိုးမှ တစ်ပါးတစ်ခြားဖြစ်သော အလယ်လမ်းကြောင်း အလေ့အကျင့်မျိုးသည်၊ သတ္တဝါတို့ ဆင်းရဲသံသရာမှ ပြတ်သောဉာဏ်အမြင်ဖြစ်စေခြင်းငှါ၊ ကိလေသာမီးငြိမ်းခြင်းငှါ၊ အမှန်တရားသစ္စာလေးပါးတို့ကို ဉာဏ်အထူးဖြင့် သိခြင်းငှါ, ထိုးထွင်း၍ သိခြင်းငှါ, အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ ငါဘုရားတို့သည် သာလျှင် ရှာဖွေ၍ ရလာသိလာခြင်းဖြစ်သည်။ အကျင့်လမ်းစဉ် ဟုဆိုသဖြင့် အခြားအကျင့် ဟူ၍ သမုတ်မှတ်ယူ ကြသော 'အတ္တကိလမထ' ကိုယ်ကို စိတ်ကို ပင်ပန်းဆင်းရဲစေ တတ်သော လမ်းစဉ်အကျင့်မျိုးမဟုတ်၊ ထိုလမ်းစဉ်အကျင့်မျိုးနှင့်မဆိုင်၊ တရားသဖြင့် ဖြောင့်မတ်မှန်ကန်စွာ သိအပ်သော လမ်းစဉ်ဖြစ်၍ 'သမ္မာပဋိပတ္တိ, သမ္မာပဋိပန္န'ဖြစ်ကြောင်းကို အဋ္ဌကထာ၌ –

"ဘဂဝါပန ဉဘောအန္တေ ဝဇ္ဇေတွာ။ လ ။ အတ္တကိလမထာ နုယောဂန္တိ အာဒိမာဟ' (ပါထိကဝဂ္ဂဋ္ဌကထာ – ၈၀ )

"မြတ်စွာဘုရားသည်ကား … အစွန်းတရားသံသရာချဲ့ထွင် ကြောင်း ၂ – ပါးကို ကြဉ်ဖယ်၍ အကြင်လမ်းစဉ်သည် ရှိ၏။ ထိုလမ်းစဉ်ကို 'ချစ်သားတို့ ငါဘုရားသည် ထိုးထွင်း၍ သိမြင် အပ်သောဉာဏ်မျက်စိ၊ ပညာမျက်စိကို ပြုတတ်သော အလယ် လမ်းကြောင်းအကျင့် မဇ္ဈိမပဋိပဒါသည်' ရှိ၏ ဟူ၍ ဟောတော် မူသော ဖြောင့်မတ်မှန်ကန်စွာ ကျင့်ဆောင်အားထုတ်အပ်သော သမ္မာပဋိပတ္တိ' ထိုလမ်းစဉ်အကျင့်ကိုသာလျှင် ကျင့်ဆောင်အား ထုတ်အပ်၏။ ထို့ကြောင့် ကိုယ်စိတ်ပင်ပန်းအောင် ညှင်းပန်းနှိပ် စက်တတ်သော အကျင့်မျိုးမဟုတ် ' ဟု ဟောတော်မူကြောင်း ဖော်ပြထားသည်။

ကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ သာသနာဝင်တို့ဖြစ်ကြသည် အားလျော်စွာ မြတ်စွာဘုရား၏ တစ်ခုတည်းသော လမ်းစဉ်ဖြစ်သည့် ဤမဇ္ဈိမပဋိပဒါအလယ်လမ်းကြောင်းအကျင့်ကို ကွဲပြားစွာ သဘော ပေါက်နားလည်ဖို့ လိုအပ်သည်။ ထိုတွင် မြတ်စွာဘုရားသည် ယိုအပ် သော မဇ္ဈိမပဋိပဒါအတွက် မလိုအပ်သော ကိလေသာတရားတို့ကို ရှေးဦးစွာ သိနှင့်ထားရန်နှင့် ပယ်ရှင်းပြီးသားဖြစ်စေရန် ကြိုတင်၍ ဟောခဲ့သည်မှာ – သာမန် ပေါ့ပေါ့ဆဆ မှတ်ယူ၍ မရချေ။ ထိုမလို လားအပ်သော ကိလေသာ ဖြစ်သည့် အစွန်းတရားတို့သည် မဇ္ဈိမ ပဋိပဒါကို မည်မျှ အနှောင့် အယှက်ပြုသည်ကို မဇ္ဈိမပဋိပဒါကျကျ တရားအားထုတ်သော ယောဂီတို့ သိပါလိမ့်မည်။

၁ – ကာမသုခလ္လိကအစွန်းဟူသည်မှာ–သဿတဒိဋ္ဌိဦးစီးသည့် တဏှာ ဒိဋ္ဌိခေါင်းဆောင်သော လောဘအုပ်စု။

၂ – အတ္တကိလမထ အစွန်းဟူသည်မှာ – ဥစ္ဆေဒဒိဋ္ဌိဦးစီးသည့် ဒေါသဒိဋ္ဌိခေါင်းဆောင်သော ဒေါသအုပ်စု။

၎င်းအုပ်စုနှစ်ခုကို မောဟ (အဝိဇ္ဇာ) အုပ်ချုပ်ထားသည်။ မဇ္ဈိမ ပဋိပဒါအလုပ်အားထုတ်သော ယောဂီသည် ထိုအုပ်စုနှစ်ခုတွင် တစ်ခုခုသော အုပ်စုနှင့် တွဲစပ်မိကပ်နေပါက မဇ္ဈိမပဋိပဒါ မကျတော့ ပေ။ အလယ်လမ်းကြောင်းမဖြောင့်တော့ဟုဆိုသည်။ သို့အတွက် မဇ္ဈိမပဋိပဒါ၏ သဘောကို လေ့လာပါ။

## မဇ္ဈိမပဋိပဒါ

"မဇ္ဈိမာတိသံကိလိဋ္ဌ သုခဒုက္ခာနံ အဘာဝါ မဇ္ဈေဘာဝါတိ မဇ္ဈိမာ" ( ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ – ဒု ၂၁၆ )

မဇ္ဈိမာတိ – မဇ္ဈိမဟူသည်ကား၊ သံကိလိဋ္ဌသုခဒုက္ခာနံ – ကိလေသာအညစ်အကြေးနှင့်တကွသော ချမ်းသာဆင်းရဲတို့၏ အဘာဝါ – မဖြစ်ခြင်းကြောင့်၊ မဇ္ဈေ – ထိုကိလေသာဖြစ်သော ချမ်းသာဆင်းရဲတို့၏ အလယ်၌၊ ဘဝါ – ဖြစ်သည်တည်း၊ ဣတိ တသ္မာ – ထိုသို့ ချမ်းသာဆင်းရဲ မဖြစ်မပါရသော သတ္တိကြောင့် မဇ္ဈိမာ – မဇ္ဈိမ မည်၏။

ဟူ၍ ညွှန်ပြထားပေရာ ချမ်းသာဟူသည် ကာမသုခလ္လိက အစွန်း၊ ဆင်းရဲဟူသည် အတ္တကိလမထအစွန်းဖြစ်နေသဖြင့် မဇ္ဈိမဟူသည် ထိုအစွန်းတို့လွတ်အောင် သွားရသော အလေ့အကျင့်ဟု ပေါ်လွင် စေလေသည်။ နောက်တစ်ဖန် အကျင့်လမ်းစဉ်အတွက် ဆက်လက်၍–

"သာဝေနိဗ္ဗာနံ ပဋိပဇ္ဇန္တိ ဧတာယာတိ ပဋိပဒါ" ဟု ဆက်လက်ဖွင့်ပြသွားသည်။

ဤချမ်းသာဆင်းရဲကိလေသာမပါသော လမ်းစဉ်ဖြင့် ဂိုနိဗ္ဗာန်သို့သာလျှင် ရောက်အောင်ကျင့်အပ်သောကြောင့် ထိုအကျင့်သည် ပဋိပဒါမည်၏။ ဝိသုဒ္ဓိမဂ်တွင် ဖြောင့်မတ်စွာ ကျင့်သော သံဃာရတနာအခဏ်း ဥဇုပ္ပဋိပန္နကို ဖွင့်ပြရာ၌ –

'ဤအကျင့် မဇ္ဈိမပဋိပဒါဖြင့် ကိလေသာဖြစ်သည့် အစွန်းနှစ်ပါးသို့ မကပ်မမှီမူ၍ ကျင့်အပ်သော ကိုယ်, နှုတ်, စိတ်တို့၌ ကောက်ကျစ်စဉ်းလဲသော အပြစ်ကို ပယ်၍ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို မဇ္ဈိမပဋိပဒါကျကျ ဖြောင့်မတ်စွာ ကျင့်ရာသောကြောင့် 'ဥဇုပ္ပဋိပန္န' မည်ကြောင်း ပြဆိုထားသည်။

ပရမတ္ထသံဃာဟူသော အရိယာဖြစ်ရန် ကျင့်အပ်သော အကြောင်းဂုဏ်ကိုဖော်ပြဖွင့်ဆိုရာ၌ မဇ္ဈိမပဋိပဒါမကျလျှင်ကောင်းစွာ

ကျင့်သည်မမည်။ ဖြောင့်မတ်စွာ ကျင့်သည်မမည်။ နိဗ္ဗာန်အကျိုးငှါ ကျင့်သည်မမည်။ ရိုသေစွာ ဘုရားအဆုံးအမကို လိုက်နာကျင့်သည် မမည်ကြောင်း ဖွင့်ဆိုထားသည်။ သို့ဖြစ်၍ အရိယာဖြစ်ရန် အားထုတ် လိုသူတို့အတွက် မဇ္ဈိမပဋိပဒါကျမှုသည် မည်မျှအရေး ကြီးကြောင်း သိသာနိုင်သည်။ မဇ္ဈိမပဋိပဒါလမ်းစဉ်သည် မြတ်စွာ ဘုရား၏ တစ်ခုတည်းသော ကိလေသာလွတ်သော လမ်းစဉ်ဖြစ် သောကြောင့် ထိုလမ်းစဉ်ဖြင့်သာလျှင် နိဗ္ဗာန်သို့ ပို့ဆောင်နိုင် သည့်အတွက် ထိုလမ်းစဉ်မှန်ရန် မည်မျှအရေးကြီးသည်ကို သိရန် လေ့လာပါ။

## လုပ်ငန်းခွင်သဘော

ဗုဒ္ဓသာသနာနယ်ပယ်တွင် မဇ္ဈိမပဋိပဒါမဂ္ဂင်ရှစ်ပါးအကျင့် တရားသည် အခြားဘာသာ သာသနာတွင်မရှိ၊ သာသနာပတွင် မရှိကြောင်း ထို့ကြောင့် အခြားသော ဘာသာ သာသနာတို့၌လည်း ကောင်း၊ သာသနာပ၌လည်းကောင်း သောတာပန်စသော အရိယာသမဏ ဖြဟ္မဏတို့ မဖြစ်မရှိကြောင်း သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် သုဘဒ္ဒကို ဘုရားဟောကြောင်း ဖော်ပြခဲ့ပြီ၊ မဂ္ဂင်အလုပ်သည် အရိယာ သောတာပန်မှ ရဟန္တာထိဖြစ်အောင် ပြုလုပ်ပေးသော တရား, သံသရာ ဒုက္ခ, ခန္ဓာ ဒုက္ခ စသော ဒုက္ခ အားလုံး ချုပ်ငြိမ်းအောင် ပြုလုပ် ပေးသော တရားသည် အချို့သူများ ထင်သလို အာရုံငါးပါး ခံစားနေမှ ကာမသုခလ္လိက ဖြစ်၍ နိဂဏ္ဌာတို့လို ခန္ဓာကို နှိပ်စက်ကျင့်မှ အတ္တကိလ မထဖြစ်သည် စသော ပေါ့ပေါ့ ယူဆချက်တို့ကြောင့် ဤမျှကျွန်ုပ်တို့ ရှင်းပြနေရသည်။ စင်စစ် ကာမသုခလ္လိက ဆိုသည်မှာ တရားကိုယ် အားဖြင့် လောဘ

ကိလေသာဖြစ်၍ အတ္တကိလမထ ဆိုသည်မှာ တရားကိုယ်အားဖြင့် ဒေါသကိလေသာဖြစ်ပြီးလျှင် ထိုကိလေသာ နှစ်ပါးကို အမှန်တရား မသိမှုမောဟ (အဝိဇ္ဇာ) က အုပ်ချုပ်ထားသည်။ ထိုအစွန်းတရား နှစ်ပါးအလုပ်ဖြစ်အောင် အမှန်မသိမှု၏ ဖန်တီးမှုကြောင့် မဂ္ဂင် အလုပ်အားထုတ်သူတို့အား အဘယ်သို့ ဒုက္ခပေးသည်ကို လေ့လာကြည့်ပါ။

## ဗြဟ္မစာလေသုတ်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်နှင့်နာဠန္ဒ မြို့ အကြားဝယ် ရဟန်းငါးရာနှင့်အတူ ဒေသစာရီကြွချီတော်မူလေသည်။ ထိုအခါ သုပ္ပိယပရိဗိုဇ်လည်း တပည့်ဗြဟ္မဒတ္တလုလင်အစရှိသော ပရိဗိုဇ်ပရိသတ်များနှင့်အတူ ထိုခရီးကိုပင် သွားလေရာ မမျှော်လင့်ပဲ ဗုဒ္ဓဘုရားနှင့် ကြုံကြိုက်လေသောကြောင့် ခပ်လှမ်းလှမ်းနောက်ကပင် လိုက်သွားလေသည်။

ထိုသုပ္ပိယ နှင့် ဗြဟ္မဒတ္တဆရာတပည့်နှစ်ယောက်တို့တွင် သုပ္ပိယ ပရိဗိုဇ်သည် ရှေးအခါကပင် ဗုဒ္ဓမြတ်စွာဘုရားအပေါ်၌ ငြူစူဝန်တိုသူ ဖြစ်နေရကား – ယခုအခါတွင် ၎င်း၏ ရှေ့မှ ထွန်ကြွေရရ ကြွသွားတော်မူ သော ဗုဒ္ဓဘုရားနှင့် သံဃာတော်များအား ကြည့်ရှုမိလေရာ ၎င်း၏ ဝမ်းတွင်း၌ မနာလိုမှုကို မျိုသိပ်၍ မထားနိုင်တော့ပဲ အပြင်သို့ ကန်ထွက်၍ ရတနာသုံးပါး၏ မဟုတ်မမှန် သော အပြစ်အမျိုးမျိုးကို ရှာရှာဖွေဖွေ ကြံဖန်ပြောဆိုရေရွတ်၍ လာလေသည်။

တပည့်ဖြစ်သော ဗြဟ္မဒတ္တ လုလင်ကမူ ဆရာပြောသမျှ အားလုံးကို ကန့်ကွတ်တားမြစ်လျက် ရတနာသုံးပါး၏ ဟုတ်မှန်သော

ဂုဏ်ကျေးဇူးကို သာလျှင် ပြောဆိုလာသည်တွင် တပည့်ဖြစ်သော ဗြဟ္မဒတ္တလုလင်ကမူ ဆရာပြောသမျှအားလုံးကို ကန့်ကွက်မြစ်တားလျက် ရတနာသုံးပါး၏ ဟုတ်မှန်သော ဂုဏ်ကျေးဇူးကိုသာလျှင် ပြောဆိုလာလေသည်။ ထိုအခါ ဗုဒ္ဓရှင်တော်ဘုရားသည် နာဠန္ဒမြို့သို့ မရောက်မီ နေဝင်ကာနီးပြီဖြစ်၍ 'အမ္ဗလဋ္ဌိကာ' မည်သော သရက်ဥယျာဉ်တွင် မင်းတို့တည်းခိုနေနိုင်ရန် ဆောက်လုပ်ထားသည့် မင်းကွန်း (ဗိုလ်တဲ)သို့ ဝင်၍ တစ်ညဉ့်တာမျှ ခေတ္တဝင်ရောက်တည်းခိုတော်မူလေသည်။ သုပ္ပိယပရိဗိုဇ်လည်း နောက်လိုက်များနှင့်အတူ ထိုဥယျာဉ်သို့ပင် ဝင်ရောက်၍ တည်းခိုရပ်နားလေသည်။ ထိုသို့ တည်းခိုနေစဉ် ညအခါ၌လည်း ရေးနည်းအတူ ဆရာလုပ်သူ သုပ္ပိယက ရတနာသုံးပါးအပြစ်ကိုပြော၍ တပည့်လုပ်သူ ဗြဟ္မဒတ္တက ရတနာသုံးပါး၏ ဂုဏ် ကျေးဇူးကိုသာလျှင် ပြောဆိုကြလေလည်း။

ဗုဒ္ဓရှင်တော်ဘုရား၏ နောက်ပါသံဃာတော်များသည် ရတနာသုံးပါးနှင့် စပ်၍ သူတို့ဆရာတပည့်တို့၏ အယူမတူသော ပြောဆိုချက်များကိုကြားနေကြရသဖြင့် နံနက်စောစောထ၍ တန်ဆောင်းဝိုင်းတွင် သံဃာတော်များ စုဝေးမိသောအခါ မြတ်စွာဘုရား၏ သတ္တဝါတစ်ဦးနှင့်တစ်ဦး ခေတ်မတူ၊ အလိုဆန္ဒမတူပုံကို ရှေးအခါကပင် ဟောတော်မူဖူးသောကြောင့် မြတ်စွာဘုရား၏ 'နာနာဓိမုတ္တိကတာ' ဉာဏ်တော်သည် အံ့သြဖွယ်ကောင်းပေစွ၊ ယခုပင် သုပ္ပိယနှင့် ဗြဟ္မဒတ္တတို့ ခေတ်မတူပုံကို ဆွေးနွေးပြောကြားရာသို့ ဒိဗ္ဗသောတအဘိဉာဏ်ဖြင့် ကြားသိတော်မူသော မြတ်စွာဘုရားသည် ရဟန်း၊ သံဃာများ စုဝေးရာ တန်ဆောင်းဝိုင်းသို့ ကြွတော်မူလာလျက် 'ချစ်သားတို့ ယခုအခါ အဘယ်စကားများ ပြောဆိုနေကြကုန်

သနည်း’ ဟု သိလျက်နှင့် မေးတော်မူမြဲအတိုင်း မေးလေရာ ရဟန်းတို့က –

‘သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ္တလုလင်ဆရာတပည့်နှစ်ယောက်တို့၏ ရတနာသုံးပါးနှင့်စပ်၍ အမှုမတူမယူမမျှကြပဲ အလိုဆန္ဒတစ်ခြားရှိပုံကို အကြောင်းပြု၍ မြတ်စွာဘုရား၏ (နာနာဓိမုတ္တိကတာ) ဉာဏ်တော် အကြောင်း ဆွေးနွေးပြောဆိုနေကြပါကြောင်း လျှောက်ထားကြသော အခါ မြတ်စွာဘုရားက –

“မမံ ဝါဘိက္ခဝေ ပရေအဝဏ္ဏံ ဘာသေ ယျုံ၊ ဓမ္မဿဝါ အဝဏ္ဏံဘာသေယျုံ သံဃဿဝါ အဝဏ္ဏံဘာသေယျုံ၊ တတြစေ တုမှေ အဿထ၊ ကုပိတာဝါ အနတ္တမနာဝါ တုမှံ ယေဝဿ တေန အန္တရာယော’

(သီလက္ခန္ဓဝဂ္ဂပါဠိတော် ဗြဟ္မဇာလသုတ် – ၃)

ချစ်သားတို့ မလိုလားသူတို့သည် ငါဘုရား၏ အပြစ်ကို သော်လည်းကောင်း၊ တရား၏ အပြစ်ကို သော်လည်းကောင်း၊ သံဃာ၏ အပြစ်ကိုသော်လည်းကောင်း ပြောဆိုကြလျှင် ထိုပြောသူ၏ အပေါ်၌ ရန်ငြိုးမဖွဲ့ကြနှင့် မနှစ်သက်မကျေနပ်သော အမူအရာ မပြကြနှင့် အမျက်မထွက်ကြနှင့် ထိုသူတို့အပေါ်၌ သင်တို့က ဒေါသ ဒေါမနဿဖြစ်နေကြလျှင် မကျေနပ် မနှစ်သက်ကြလျှင် ထိုဒေါသ ဒေါမနဿကြောင့် သင်တို့အားသာလျှင် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်ပေလိမ့်မည်။

(ဒေါသ ဒေါမနဿကြောင့် မဂ်တားပုံ)

‘မမံ ဝါဘိက္ခဝေ ပရေဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿဝါ ဝဏ္ဏံဘာသေယျုံ–သံဃဿဝါ ဝဏ္ဏံဘာသေယျုံ၊

တတြေစေတုမေ့ အသဿတ အာနန္ဒိနော သုမနာ
ဥပ္ပိလာဝိတာ တုမှံ ယေဝဿတေန အန္တရာယော'

ချစ်သားတို့ ရတနာသုံးပါးကို ကြည်ညိုယုံကြည်ကြကုန်သော နတ်လူတို့သည်၊ ဘုရား တရား သံဃာ၏ ဂုဏ်ကျေးဇူးကို ပြောဆိုကြလျှင် အသံကို ကြားရလျှင် ထိုပြောဆိုခြင်း ပြောသံကြားရခြင်းကြောင့် သင်တို့သည် နှစ်သက်သဘောကျသော အမူအရာကို မပြကြကုန်လင့်၊ ဝမ်းသာအားရသော လက္ခဏာ မပြကြလင့် စိတ်တက်ကြွသော သဘောမျိုး မဖြစ်စေကြနှင့်၊ ထိုသို့ နှစ်သက်ရွှင်ပျပီတိကြွကြွနှင့် သဘောကျမှုကြောင့် ထိုလောဘနှင့် ယှဉ်သော နှစ်သက်သာယာမှုသည် ကိလေသာဖြစ်၍ သင်တို့အား ဈာန်မဂ်ဖိုလ်တရား၏ အန္တရာယ်ဖြစ်ပေလိမ့်မည်။

(လောဘ သောမနဿကြောင့် မဂ်တားပုံ)

ဤသုတ်တော်၌ လိုရင်းမျှသာ ထုတ်နုတ်၍ ဖော်ပြပါသည်။ လောက၌ အထွဋ်အထိပ်ဖြစ်သော ရတနာသုံးပါးနှင့် စပ်သောနေရာမှာပင် လောဘဒေါသသည် ဈာန် မဂ် ဖိုလ်၏ အန္တရာယ်ဖြစ်နေသည်, ဖြစ်နိုင်သည်ကို ဟောတော်မူထားပေရာ အခြားနေရာတို့တွင် ဖြစ်သော လောဘ ဒေါသတို့ကား ဆိုဖွယ်ရာပင်မရှိတော့ပေ။ သို့ရာတွင် ပရမတ်တရားတို့ မည်သည် မည်သည့်နေရာတွင် ဖြစ်သည့် လောဘ ဒေါသမဆို တူတူချည်းသာတည်း၊ ဖောက်ပြန်ပြောင်းလဲခြင်း မဖြစ်ကောင်းပေ။

ရတနာသုံးပါးနှင့် ပတ်သက်၍ သုပ္ပိယ ပရိဗိုဇ်၏ မဟုတ်မမှန် ပြောဆိုချက်ကို သင်တို့သည် ထိုပြောသူအပေါ်၌ ရန်ညှိုးဖွဲ့ခြင်း၊

အမျက်ထွက်ခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်ပျက်ခြင်း ဒေါသ၊ ဒေါမနဿ အကုသိုလ်တရားတို့သာ ဖြစ်ကြလိမ့်မည်၊ ထိုဒေါသ ဒေါမနဿအကုသိုလ်တရားတို့ကို သိမ်းပိုက်ထားသော သင်တို့အား–

"ကုဒ္ဓေါအတ္ထံ န ဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ၊
အန္ဓတမံ တဒါဟောတိ၊ ယံဒေါသော သဟတေ နရံ"

ဒေါသကောဇ ဒေါမနဿသည် အကျိုးအကြောင်းကို မသိတတ်၊ ထိုဒေါသကိုလက်ခံထားသောသူသည် တရားသောလမ်းမှန်ကိုလည်း မမြင်တော့ပေ၊ ထိုဒေါသ ဒေါမနဿ ဖြစ်နေချိန်တွင် မိမိ၌ အမှန်ကို မသိမမြင်တော့ပဲ အမိုက်မှောင်တိုက်ကြီးသည် ဖြစ်၏။ နောက်ဆုံး ထိုဒေါသ ဒေါမနဿသည် လက်ခံသိမ်းပိုက်ထားသော သူအား သေအောင်သတ်ဖြတ်လေတော့သည်။ ယင်းသို့သော ဒေါသ ဒေါမနဿမျိုးကို အမှန်တရားကို မြင်အောင် အားထုတ်နေသော ပုဂ္ဂိုလ်မျိုးတို့၌ အထူးပင် မဖြစ်စေရအောင် ဂရုစိုက်ရသည်။ ထိုဒေါသ ကြောင့် မဂ်ကို တားခြင်းဖြစ်သည်။

'တုမှံယေဝ တေနအန္တရာယောတိ – တုမှာကံယေဝ
တေန ကောပေန တာယစ အနတ္တမနတာယ
ပဌမဇ္ဈာဒီနံ အန္တရာယော ဘဝေယျ'

(သီလက္ခန္ဓ ဝဂ္ဂဋ္ဌကထာ – ၅၂ )

'သင်ချစ်သားတို့အား ဈာန်မဂ်ဖိုလ်တရားတား၏ဟူသည် ကား–သင်ချစ်သားတို့အား ထိုသို့ အမျက်ထွက်ခြင်း စိတ်နှလုံး မသက်မသာ ရှိခြင်းစသော ဒေါသဒေါမနဿကြောင့် ဈာန် မဂ်ဖိုလ် တရားတို့မရပဲ အန္တရာယ်ဖြစ်ရာ၏' ဟု ဆိုပေသည်။

တရားအားထုတ်ရာ၌ ရှောင်ရမည့်ကိလေသာဖြစ်သော အစွန်းတရားနှစ်ပါးတွင် 'အတ္တကိလမထ' အစွန်း ကိလေသာ ဖက်ရောက်သောကြောင့် မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်လေသည်။ အတ္တကိလမထ၏ တရားကိုယ်သည် ဒုက္ခဒေါမနဿဖြစ်လေရာ ကိုယ်မှာသာ ဆင်းရဲသည်မဟုတ် စိတ်တွင်လည်း ဒေါမနဿဖြစ်၍ နှလုံး မသာယာမှု, စိတ်မချမ်းသာမှု စိတ်ပျက်မှုစသည်တို့သည် ထိုဒေါမနဿ ကိလေသာ၏ လက်ရာချည်းတည်း၊ ထို့ကြောင့် အတ္တကိလမထကို ဖွင့်ဆိုရာ၌ –

'အတ္တနောကိလမထသ အနုယောဂေါအတ္တနော
ဒုက္ခကရဏာနုယောဂေါ' (ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ – ၂၁၅ )

မိမိကိုယ်ကို စိတ်ကိုပင်ပန်းဆင်းရဲစေရန် – အားထုတ်ပြုလုပ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းစသည်ဖြင့် ကိုယ်ကို စိတ်ကို ဆင်းရဲစေမှု ပြုလုပ်ခြင်းအနက်သဘောဖြစ်သည်။ ထို့ပြင်လည်း –

## မဟာသီဝထေရ်

စာပေပရိယတ္တိနယ်တွင် အလွန်ထင်ရှားသော ၁၈ ဂိုဏ်းချုပ်ဂဏာပါမောက္ခ မဟာသီဝထေရ်သည် တပည့်ရဟန္တာတစ်ပါး၏ သတိပေးလျှောက်ထားမှုကြောင့် 'ငါကဲ့သို့သော သူအား အရဟတ္တဖိုလ်သည် မခဲယဉ်း' ဟု သဘောထားလျက် '၂ ရက်၊ ၃ ရက်မျှ အားထုတ်လျှင် ကိစ္စပြီးမည်'ဟု စိတ်တွင် အကြံဖြစ်လျက် အခြားမည်သည့် သံဃာမှ ပန်ကြားမှု မပြုတော့ပဲ၊ တောသို့ ထွက်ခဲ့ကာ ကျောက်ဂူတစ်ခု၌ နေရာယူလျက် ဆွမ်းခံမည့်ရွာကို မှတ်သားပြီးလျှင် –

'အရဟတ္တံ အပ္ပတွာ နေဝမဋ္ဌေပိဋ္ဌိံ ပသာရေဿာမိ
န ပါဒေခေဝဝိဿာမိ' ( မဟာဝဂ္ဂဋ္ဌကထာ - ၃၂၁ )

၂ ရက်၊ ၃ ရက်နှင့် ရဟန်းကိစ္စပြီးမည့် ငါသည် ရဟန်းကိစ္စမပြီး မချင်း ညောင်စောင်းကို မခင်းအဲ့၊ ကျောကိုလည်း မဆန့်အံ့၊ ခြေကို လည်း မဆေးအံ့ ဟူသော စိတ်ကိုထားလျက် စကြ်္ကန်နည်းဖြင့် တရားအားထုတ်လေသည်။ ဆွမ်းခံသွားသည်။ ဝါဆိုလဆန်း (၁၃) ရက်နေ့ တောထွက်ခဲ့ပြီး လပြည့်နေ့ သုဒ္ဓိဥပုသ်ပြုအမီ စိတ်ကိုထား၍ ကြိုးစားအားထုတ်ပါသော်လည်း မဂ်ဖိုလ် အရိပ်အရောင်မျှပင်မရ၍ သီတင်းကျွတ်လပြည့်နေ့ သုဒ္ဓိပဝါရဏာ မပြုနိုင်သဖြင့် ငိုကြွေးခဲ့ရသော နှစ်ပေါင်းအကြိမ်ပေါင်း ၃၀ ပင် ရှိခဲ့ပြီ။

မိမိ၏ အဓိဋ္ဌာန်ချက် အတိုင်း ကျောမဆန့် ခြေမဆေးရသဖြင့် မထေရ်လည်း အတော်ပင် ပင်ပန်းလေပြီ၊ နှစ်ပေါင်းသုံးဆယ်ပြည့် သည့် တစ်ခုသောညတွင် -

'ငါသည် တောထွက်ခဲ့ပြီး နှစ်ပေါင်းသုံးဆယ်ရှိလာသော ယခုအခါ၌ တရားကို အပြင်းအထန်အားထုတ်ပါသော်လည်း အရဟတ္တဖိုလ်ကို မရပေ။ စင်စစ်ငါသည် ဤဘဝတွင် ကျွတ်ထိုက်သော ပုဂ္ဂိုလ်ဟုတ်ဟန်မတူ၊ ပဒပရမ ပုဂ္ဂိုလ်မျိုးသာ ဖြစ်ပါလိမ့်မည်၊ ဤဘဝ ငါသည် တရားမရချေတကား ' ဟု စိတ်တွင် ဖြစ်ကာ အကြီးအကျယ် ငိုကြွေးတော့ရာ အဋ္ဌကထာက -

'တဿေဝံ စိန္တယတော ဝ ဒေါမနဿံ ဥပ္ပဇ္ဇိ၊
အဿုဓာရာပဝတ္တန္တိ' (အဋ္ဌကထာ)

မဟာသီဝမထေရ်သည်၊ ယခုဘဝတရားရတော့မည်မဟုတ်ဟု ကြံပြီးလျှင် နှလုံးမသာယာခြင်း၊ စိတ်ပျက်အားငယ်ခြင်းဟူသော

ဒေါမနဿဖြစ်လေပြီ၊ မျက်ရည်တို့လည်း ယိုစီးကျလေပြီ။ ထိုအခါ
တွင် မှ နတ်သမီးတစ်ယောက်သည် မနီးမဝေး နေရာတစ်ခု၌
လာ၍ ငိုသည်ကို မထေရ်ကြားလေသော် ‘ဤနေရာတွင်လာ၍
ငိုနေသူကား မည်သူနည်း’ ဟု မေးလေလျှင် နတ်သမီးက –

‘နတ်သမီးဖြစ်ကြောင်း’ ဖြေကြားသောအခါ အဘယ့်
ကြောင့် ငိုသနည်း ဟုမေးလေလျှင် နတ်သမီး က –

‘ရောဒမာနေန မဂ္ဂဖလံနိဗ္ဗတ္တိတံ၊ တေန အဟံပိ ဧကံ
ဒွေ မဂ္ဂဖလာနိ နိဗ္ဗတ္တေဿာမီတိ ရောဒါမိဘန္တေ’

(အဋ္ဌကထာ)

‘မဂ်ဖိုလ်ရမည်မှတ်၍ငိုပါသည်။ ထိုသို့ငိုခြင်းဖြင့် တစ်မဂ်တစ်ဖိုလ်
ကိုသော်လည်း ရမည်ဆိုလျှင် တပည့်တော်အတွက် တော်ပါပြီ။ ထို့
ကြောင့် ငိုပါသည်’ ဟု လျှောက်သောအခါမှ မထေရ်သည် ‘ငါငိုခြင်း
ကိုပင် နတ်သမီးက ပြောင်လှောင်နေပါတကား’ ဟု သတိရလျက်
အငိုရပ်ပြီးလျှင် ဝိပဿနာကို အစွန်းလွတ်အားထုတ်လေရာ
ရဟန္တာဖြစ် သွားလေသည်။

ဤမဟာသိဝမထေရ်အကြောင်းကိုကြည့်လျှင် တရားအား
ထုတ်နေပါလျက် တရားနှင့် ဆန့်ကျင်ဖက် ဒေါမနဿ ကိလေသာကို
(တစ်နည်း) မဇ္ဈိမပဋိပဒါ၏ ဆန့်ကျင်ဖက်အတ္တကိလမထ အစွန်းကို
မပယ်မစွန့်ပဲ လက်ခံထားသဖြင့် အစွန်းတစ်ဖက်ရောက်နေရကား
တရားမရရန် သေချာလေသည်။ ထိုမဟာသိဝထေရ်သည် ထိုဒေါသ
ဒေါမနဿရှိသည့်အတွက် မြတ်စွာဘုရား၏ “တုမှံယေဝ တေနအန္တ
ရာယော” ဟူသည်ကို သတိမထားပဲ ‘ပညာရှိသတိဖြစ်ခဲ’ ဟူဘိသို့

'အတ္တကိလမထဖြစ်နေသောကြောင့်သာ တရားမရပဲ ရှိချေသည်။ ထိုဒေါမနဿဖြစ်နေကြောင်းကို အဋ္ဌကထာ၌ –

'ဂါမန္တပဗ္ဘာရဝါသီ မဟာသိဝတ္ထေရဿဝိယ အဿုဓာရာ
ပဝတ္တန ဝ သေနဥပ္ပန္န ဒေါမနဿာနိဆနေက္ခမ္မသိတ
ဒေါမန ဿာနီတိ ဝေဒိတဗ္ဗာနိ'

(ဥပရိပဏ္ဏာသဋ္ဌကထာ – ၁၈၇)

(ဂါမန္တပဗ္ဘာရဂူ၌ သီတင်းသုံးကာ အားထုတ်နေသော မဟာသိဝ မထေရ်ကဲ့သို့ မျက်ရည်ယိုစီးခြင်းဖြစ်သော ဒေါမနဿ စိတ်ပျက် ဝမ်းနည်းခြင်းမျိုးသည် ခြောက်မျိုးသော နေက္ခမ္မသိတ ဒေါမနဿမျိုး တို့ဟူ၍ မှတ်ပါ ) ဟု မှတ်ချက်ပေးထားသည်။

ဝိပဿနာအလုပ်မျိုးသည် သဘာဝရုပ်နာမ်တို့၏ သဘော လက္ခဏာကိုသာ တရားသဖြင့် မှန်မှန်သိနေရသော အလုပ်မျိုးဖြစ်ရာ – သိရမည့်သဘာဝအရှိပရမတ်ကို အမှန်အတိုင်း သိသွားခြင်း မဟုတ်ပဲ၊ ဘေးအစွန်းသို့ ရောက်ရောက်သွားနေသဖြင့် တရားမရ ခြင်းဖြစ်လေသည်။ ယခုမဟာသိဝထေရ်သည် – ဒေါမနဿ ဟူသော (အတ္တ ကိလမထ) ကိလေသာအစွန်းသို့ ရောက်နေသဖြင့် တရားမရ သကဲ့သို့ သောမနဿဟူသော (ကာမသုခလ္လိက) ကိလေသာ အစွန်းရောက် နေသော ဆန္နထေရ်ကို ကြည့်ပါ။

## ဆန္နထေရ်

မြတ်စွာဘုရား ဘုရားမဖြစ်မီက ဖွါးဖက်တော်ဖြစ်သော ဆန္နသည် မြတ်စွာဘုရား တရား သံဃာ ရတနာသုံးပါးတို့၌–

"အမှာကံ ဗုဒ္ဓေါအမှာကံ ဓမ္မော အမှာကံသံဃောတိ
အာဒိနာနယေန အာယသ္မတော ဆန္နဿ ဥပ္ပန္နသဒိသံ

ဂေဟာဿိတံ၊ ပီတိသောမနဿံ အဓိဝေပတံ၊ ဣုဒဋ္ဌိျာနာဒိ
ပဋိလာဘာယ အန္တရာယကရံ ဟောတိ”
(သီလက္ခန္ဓ ဝဂ္ဂဋ္ဌကထာ – ၅၄ )

အရှင်ဆန္နသည် ဘုရားကို ငါ့သခင်ဘုရား, ငါ့သခင်တရား, ငါ့သခင်၏တပည့်သံဃာ ဤသို့အစရှိသော နည်းဖြင့် ရတနာသုံးပါးအပေါ်၌ တွယ်တာတပ်မက်သော ပီတိသော မနဿဖြစ်လေသည်။ ဤသို့ ဖြစ်ခြင်းသည်ပင်လျှင် အရှင်ဆန္နအား ဂေဟာဿိတကြောင့် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၍ တရားမရချေ’ ဘုရား၌ တရား၌ သံဃာ၌ မတရားသဖြင့် လောဘတဏှာပါသော ချစ်ခင် နှစ်သက်ခြင်းသည်လည်း (ကာမသုခလ္လိက) ကိုလေသာဖြစ်၍ တရားမရခြင်းဖြစ်လေသည်။

မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုကာနီးတွင် အရှင်အာနန္ဒာအား ဗြဟ္မဒဏ်ထားခြင်းဖြင့်ကြဉ်ဖယ်ရန် မြတ်စွာဘုရားအမှာတော်ရှိသည့်အတိုင်း မြတ်စွာပရိနိဗ္ဗာန်ပြုပြီးသော နောက်ကာလတွင် သံဃဥက္ကဋ္ဌဖြစ်သော သားတော်ကြီးအရှင်မဟာကဿပသည် သံဃအစည်းအဝေး၌မြတ်စွာဘုရား၏ အမှာတော်အတိုင်း သံဃာသည် အရှင်ဆန္နအား ‘အာမိသသမ္ဘောဂ, ဓမ္မသံမ္ဘောက’ အားဖြင့် ဆက်ဆံပေါင်းသင်းခြင်းမပြုရန် အမိန့်ပေးသည့်အတိုင်း သံဃာသည် ထိုအမိန့်ကို ရိုသေစွာခံယူ၍ အရှင်ဆန္နကို အဆက်အဆံအပေါင်းအသင်း မလုပ်ကြပဲ ကြဉ်ဖယ်ထားကြသောအခါ – အားကိုးရန်ဘုရားမရှိ တော့သောကြောင့် ‘အားမတန်သဖြင့် မာန်လျော့ကာ’ သံဃာအား ၎င်း၏အပြစ်ကို ဝန်ချတောင်းပန် ကန်တော့သောအခါမှ သံဃာတော်တို့ ကျေနပ်၍ တရားပြပေးကြပါသော်လည်း

အရှင်ဆန္နမှာ မာန်မကျမှုကြောင့် တရားမရပဲ ဖြစ်နေသည့်နောက်စဉ်းစားမိသည်ကား –

'ကောသမ္ဗီတွင်နေသော အရှင်အာနန္ဒာသည် ငါနှင့်လည်း ဖွားဖက်တော်ချင်းဖြစ်သည်၊ မြတ်စွာဘုရားဟောသော တရားတော်တွေကိုလည်း သူအကုန်ရသည်၊ ငါနှင့်တော်သောတရား အရှင်အာနန္ဒာဆီမှာ ရှိမည် အရှင်အာနန္ဒာထံသွား၍ တရားရှာကမှချရမည်' ဟု စိတ်ကူးစဉ်းစားမိသည့်အတိုင်း ကောသမ္ဗီသို့ သွား၍ သူနှင့် သင့်တော်သော တရားကို တောင်းရာတွင် အရှင်အာနန္ဒာက နိဒါနဝဂ္ဂသံယုတ် ကစ္စာန ဂေါတ္တသုတ်နှင့် တရားပြကာမှ အရှင်ဆန္န တရားရ၍ ရဟန္တာဖြစ်ရလေသည်။ ထို့ကြောင့် –

'ပရိနိဗ္ဗာနကာလေ ပညတ္တေန ပန ဗြဟ္မဒဏ္ဍေန တဇ္ဇိတော
တံ ပီတိသောမနဿံ ပဟာယ ဝိသေသံနိဗ္ဗတ္တေသိ၊
တသ္မာအန္တရာယကရံ ဃေဝသန္တာယ ဣဒံ ဝုတ္တံ'
(ငင်းအဋ္ဌကထာ)

အရှင်ဆန္နတရားရသည်မှာ မြတ်စွာဘုရားသည် ပညတ်အပ်သော ဗြဟ္မဒဏ်ဖြင့် ခြိမ်းခြောက်ခံနေရသော အရှင်ဆန္နသည်၊ ထိုဘုရားတရားသံဃာ ရတနာသုံးပါး အပေါ်၌ ဖြစ်သော ငင်း၏ တွယ်တာနှစ်သက်ခြင်း တဏှာ လောဘကို ပယ်ဖျက်ဖြတ်တောက်၍ အားထုတ်ရာတွင်မှ မဂ်ဖိုလ်တရားထူးကို ရလေသည်။

ထို့ကြောင့် အရှင်ဆန္နသည် ငင်း၌ ဖြစ်သော ပီတိသောမနဿဟူသော (ကာမသုခလ္လိကအစွန်း) တရားသည် မဂ်ဖိုလ်၏ အန္တရာယ်

ကို ပြု၏ ဟူသော အချက်ကို ရည်ရွယ်၍ ဤစကားကို ဟောတော်မူခြင်းဖြစ်သည်ဟု အဋ္ဌကထာပြလေသည်။

ထိုနှစ်သက်ဝမ်းမြောက်ခြင်းသည် 'လောဘသဟဂတာပီတိ - ရာဂသဟဂတာပီတိ' ဟူ၍ အဋ္ဌကထာများ ပြရာ - နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းသည် ဆန္ဒရာဂ လောဘပင် ဖြစ်၍ သံသရာခန္ဓာမှ လွတ်မြောက်ရန် တရားရှာသူတိုင်း ကြဉ်ရှောင်ပယ်ထားအပ်သော အစွန်းတစ်ဖက်ဖြစ်လေသည်။ ထိုဆန္ဒရာဂပီတိဟူသော လောဘသည် -

'လုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ လုဒ္ဓေါ ဓမ္မံ န ပဿတိ,
အန္ဓတမံ တဒါဟောတိ၊ ယံလောဘောသဟတေနရံ'

လောဘဟူသော တရားသည် အကြောင်းအကျိုးကို မသိတတ်၊ လိုချင်နှစ်သက်မှုဟူသော လောဘတရားသည် တရားမှန်ကို လည်း မမြင်တတ်၊ ထိုလိုချင်မှုလောဘဖြစ်လာသောသူအား ဉာဏ်အလင်းရောင်မရပဲ အမိုက်မှောင်ကြီးဖြစ်လေသည်။ အကြင်လိုချင်မှု နှစ်သက်မှုလောဘသည် ၎င်းကို လက်ခံထားသူအား သေအောင်ပင် သတ်တတ်လေသည်။

ဘုရား တရား သံဃာ ရတနာသုံးပါးနှင့် စပ်သော နေရာမျိုးတွင်ပင် နူးညံ့သော လောဘကိလေသာပီတိသောမနဿ ဟူသည် ကိလေသာ လောဘဟူ၍ပင် မသိစေပဲ -

'ဂေဟဿိတံပီတိသောမနဿံ၊
ဈာနာဒိပဋိလာဘာယအန္တရာ ယကရံဟောတိ'

ဟူ၍ ဈာန်မဂ်ဖိုလ်အန္တရာယ်ဖြစ်ကြောင်း ဖော်ပြ ထားသည်မှာ အလွန်သတိထားရမည်ဖြစ်ကြောင်း ကိလေသာ ဖြစ်ခွင့် မပေးသော

သတိပဋ္ဌာန်လုပ်ငန်းသည် 'သတ္တာနံ ဝိသုဒ္ဓိယာ' ကစ၍ ကိလေသာဖြစ်စရာမဟုတ်သော ပရမတ်ကိုသာ စွဲမြဲရန် ညွှန်ပြလေသည်။

ဖော်ပြခဲ့သော ပုဂ္ဂိုလ်အချို့တို့ထင်သလို မြတ်စွာဘုရား၏ သူမတူသော ဘက်လိုအမှုမရှိသော မဇ္ဈိမပဋိပဒါလမ်းစဉ်သည်၊ အာရုံငါးပါးကို ခံစားနေစဉ်သာ ကာမသုခလ္လိက အစွန်းဖြစ်၍၊ နိဂဏ္ဌာတို့ကဲ့သို့ ရေငုတ်မီးလှုံ တုံးခုန် ဇယ်ချစသော ခန္ဓာကိုယ်နှိပ်စက်ညှင်းပန်းကျင့်မှသာ အတ္တကိလမထအစွန်းဖြစ်သည်ဟူသော အမှတ်မှားအသိမှားအစွဲမှားသူတို့ သတိရစေရန် ဖော်ပြခြင်းဖြစ်သည်။ ဝေဖန်ပါ။

ကျွန်ုပ်တို့သည် စတင်၍ တရားလေ့လာအားထုတ်စဉ်က ဤအစွန်းတို့ ဤမျှ ရှုဉာဏ်ကို အနှောင့်အယှက်ပေးသည်ကို သိလည်း မသိ, သတိလည်းမထားပါ။ အစွန်းတရား ဤနှစ်ပါးကို မမှီဝဲအပ်၊ မသုံးဆောင်အပ်ဟူသော ပညတ်ချက်မှာ ဓမ္မစကြာ၌ရှိသော ပညတ်ချက်သာဖြစ်သည်ဟူသော စွဲမှတ်မှုသည် မြတ်စွာဘုရား၏ ၄၅ ဝါ သက်တမ်းတစ်လျှောက်လုံး ဟောကြားလမ်းညွှန်မှုဟူသမျှ -

"ရာဂမဒနိမ္မဒန - ဒေါသ, မောဟ နိမ္မဒန" ရာဂ,ဒေါသ,မောဟ ကိလေသာတို့ ချုပ်ရန် ပြတ်ရန် မဖြစ်ရန် ဟောကြားတော်မူခဲ့သော မြတ်စွာဘုရား၏ တစ်ခုတည်း, တစ်မျိုးတည်း (ဧကောဓမ္မော) ဖြစ်သည်ကို ကျွန်ုပ်တို့ မသိခဲ့သည်အမှန် - နောက် ဤဗုဒ္ဓသာသနာမှာသာ ရှိသော မဂ္ဂင်အလုပ် စနစ်တကျ အားထုတ်ရာတွင်မှ ဝိပဿနာ သမ္မာဒိဋ္ဌိ၏ ခန္ဓာ၏ အမှန်တရား ပရမတ္ထ သဘာဝကို ယထာဘူတ အမှန်ကျ သိသော အသိဉာဏ်ဖြစ်နေချိန်တွင်ပင် -

အဒုက္ခ မသုခံ သန္တံ၊ ဘူရိပညေန ဒေသိတံ၊
တဥ္စာပိ အဘိနန္ဒတိ၊ နေဝဒုက္ခာ ပမုန္စတိ၊
(သဠာယတနသံယုတ်ပါဠိတော် ပဟာနသုတ် – ၄၀၈)

"အဒုက္ခမသုခံ–သုခ – ဒုက္ခ ချမ်းသာဆင်းရဲကို မရှုပဲ ခန္ဓာ သဘာဝဖြစ်နေပျက်နေသော သဘောတရားကိုသာရှုနေသော ဥပေက္ခာရှုချက်ကို သန္တံ – ငြိမ်သက်၏၊ ဣတိ – ဤသို့၊ ဘူရိပညေန – မြေကြီးထုနှင့်တူသော ပညာရှိတော်မူသော မြတ်စွာဘုရားသည်၊ ဒေသိတံ – ကိလေသာ မဖြစ်ကင်းသည်ဟု ဟောကြားမြွက်ဖော်မိန့်တော်မူ၏။ တဥ္စာပိ–ထိုဖြစ်ပျက်ကို သိရုံ ရှုရသော ဥပေက္ခာ ရှုချက်ကိုသော်လည်း၊ အဘိနန္ဒတိ– ရှုကောင်းချက်ဖြင့် နှစ်သက်သေး၏။ သော – ထိုဖြစ်ပျက်ကို နှစ်သက်စွာရှုမိနေသော ယောဂီသည်၊ ဒုက္ခာ – ဆင်းရဲ သံသရာမှ၊ နေဝပမုစ္စတိ – မလွတ်"

ဤကား မြတ်စွာဘုရားကိုယ်တော်တိုင် ဟောသော ပါဠိတော် စကားဖြစ်၍ ခန္ဓာ၏ အမှန်ရှိသော သဘာဝကို သိအောင် ရှုသော ဉာဏ်သည်၊ မိမိရှုနေသော ခန္ဓာ၏ အမှန်အရှိကိုသာ ရှိသည့်အတိုင်း သိရန် –

'ယထာဘူတံ သမ္မပ္ပညာယဒဋ္ဌဗ္ဗံ' ခန္ဓာ၏ အရှိသဘာဝကို ရှိသည့်အတိုင်းရှုပါ၊

'ယထာဘူတံ သမ္မပ္ပညာယ ပဿတော' ခန္ဓာအရှိသဘာဝကို ရှိသည့်အတိုင်း ရှုမြင်သော

'ယထာဘူတံ သမ္မပ္ပညာယဒိသွာ' ခန္ဓာ၏ အမှန်တရားကို မှန်သည့်အတိုင်း မြင်ပြီး၍ –

ဤသည်တို့မှာ ဗုဒ္ဓဘုရား၏ ကိုယ်တော်တိုင် ညွှန်ပြထားသော ပါဠိတော်များသာဖြစ်သည်။

ကျွန်ုပ်တို့ ယထာဘူတသဘာဝ ကျအောင် အားထုတ်နိုင်ရန် 'မူ ဘောင်' လေးချက်ကိုက်အောင် ရှုပွားနိုင်ရန်အတွက် ယင်းလေး ချက်မှာ –

၁ – ဓမ္မာနုပဿနာ နည်း –

၂ – မဇ္ဈိမပဋိပဒါ နည်း –

၃ – ဥပေက္ခာ နည်း –

၄ – သစ္စာနည်း – ဟူသော လေးမျိုးဖြစ်သည်။

သတိပြုရန်မှာ – တစ်မျိုးစီ၊ တစ်နည်းစီရှုရသော နည်းမဟုတ်၊ ဓမ္မာနုပဿနာ – ကျအောင်ပညတ်ပရမတ်သဘောပေါက်လျှင် လိုအပ်သော ပရမတ္ထဓမ္မကို – မဇ္ဈိမပဋိပဒါ လမ်းစဉ်အတိုင်း၊ ကိလေသာ အစွန်းမကပ်အောင် သမ္မာဒိဋ္ဌိမဂ္ဂင်မှန်လျှင် ရှုသိအပ်သော ဒွန္ဒသဘာဝသည် ချမ်းသာဖြစ်သော သဘောလည်း မရှိ ဆင်းရဲဖန် တီးရသော သဘောလည်းမရှိ၊ အကြောင်းတရားတို့ ထောက်ပံ့ထားသော သဘောတရားတို့သာ ဟု ဥပေက္ခာထင်မြင် ရှုကြည့်ဖန်များ သောအခါ ရှုသိသောဉာဏ်သည် ရင့်ကျက်လေ သဖြင့် ၎င်း၏ ဉာဏ်လမ်းစဉ်အတိုင်း အမှန်ဆုံးသော သစ္စာကို အမှန်အတိုင်း သိသွားရသော လုပ်ငန်းဖြစ်သည်။

## ဓမ္မာနုပဿနာ

မြတ်စွာဘုရားသည် သတ္တဝါတို့ သံသရာဝဋ်ဆင်းရဲမှ ထွက် မြောက်ရာလုပ်ငန်းသဘောတရား ဟောညွှန်သော သတိဂရုစိုက်၍

ခန္ဓာကို ရှုကြည့်သော တရားကို သတိပဋ္ဌာန်တရားခေါ်သည်။ ထိုသတိပဋ္ဌာန်သည် ရှုကြည့်သော ယောဂီ၏ ခန္ဓာကို ရှုကြည့်ရာ၌ ထိုထိုရှုကြည့်သော ပုဂ္ဂိုလ်၏ စရိုက် ဣန္ဒြေအလိုက် ရှုကြည့်သဘော ပေါက်နိုင်ရန် –

ကာယာနုပဿနာ – ရုပ်အဖွဲ့အစည်းအသီးသီးတို့ကို ၎င်းတို့၏ သဘာဝလက္ခဏာကို ရှုကြည့်ရာမှ – ပရမတ္ထသဘာဝကို ရှုမြင်ရသော အနုပဿနာ။

ဝေဒနာနုပဿနာ – သတ္တဝါတိုင်းမှာ ချမ်းသာခံစားမှု၊ ဆင်းရဲခံစားမှု၊ ချမ်းသာဆင်းရဲမဟုတ်သော ခံစားမှုမှစ၍ ပရမတ္ထသဘာဝကို ရှုမြင်ရသော အနုပဿနာ။

စိတ္တာနုပဿနာ – သတ္တဝါတို့မှာ အာရုံဝတ္ထုတွေ့ဆုံတိုင်း ဖြစ်ပေါ်လေ့ရှိသော အသိစိတ်ကို ၎င်း၏ ပရမတ္ထ သဘာဝကျအောင် ရှုရသော အနုပဿနာ။

ဓမ္မာနုပဿနာ – ရုပ်ဝတ္ထု၊ နာမ်ဝတ္ထုအားလုံးသော ဘုံသုံးပါး၌ ဖြစ်ရှိသော သဘောတရားတို့ကို ထိုပရမတ္ထသဘာဝကို တိုက်ရိုက်ရှုမြင်ရသော အနုပဿနာ။

ဟူ၍ လေးမျိုးဟောထားသည်။ ကျွန်ုပ်အနေနှင့် သတိပဋ္ဌာန်တရား ၄ ပါးလုံးကို ဆရာသမားတို့ ညွှန်ကြားသည့်အတိုင်း တစ်ခုစီလေ့လာမိသည်။ လေ့လာသလောက် ဉာဏ်မပေါက်. နောက်ဆုံး ဓမ္မာနု

ပဿနာ လေ့လာရာတွင် အသိဉာဏ်တွင် တစ်မျိုးသဘောပေါက်လာသည်။

## ဓမ္မာနုပဿနာကား

သတိပဋ္ဌာန်တရား ၄ ပါး တို့တွင် ကာယ, ဝေဒနာ, စိတ္တ သုံးပါးတို့ကို ပညတ်က စ၍ လေ့ကျင့်မှုပေးထားသည့် စိတ်ထိန်းလုပ်ငန်းဖြစ်သည်။ မှန်၏ ကျွန်ုပ်တို့၏ အသိစိတ်သည် အာရုံနှင့် ဝတ္ထု တွေ့ဆိုသည်နှင့် သူ့အကြောင်းအားလျော်သော စိတ်ဖြစ်သည်။ ကျွန်ုပ်တို့မှာလည်း အာရုံဝတ္ထုသည် အမြဲတိုက်တွေ့လျက်ရှိပြီး တွေ့တိုင်းဆိုင်ရာ စိတ်ဖြစ်တတ်သောကြောင့် အာရုံဝတ္ထုတိုက်ဆုံခွင့် မပေးပဲ သတိနှင့် စိတ်ကို ထိန်းသိမ်း စောင့်ရှောက်ရသော (သမာဓိလုပ်ငန်း) ပညတ်အာရုံကစ၍ လေ့ကျင့် ပေးသဖြင့် ငြိမ်သက်လာသော စိတ်ကို ခန္ဓာ၏ ပင်ကိုသဘာဝအမှန် ပရမတ်ကို ရှုကြည့်ရလေသည်။ ဆိုလိုသောအဓိပ္ပါယ်မှာ ကာယ – ဝေဒနာ – စိတ္တ တို့သည် ပညတ်ကို အခြေခံ၍ နောက်ပရမတ်ကို ရှုသောနည်းဖြစ်၍ ဓမ္မဟူသော ဓမ္မာနုပဿနာမှာ ပညတ်အခြေခံ မလုပ်တော့ပဲ ရှုရသိရမည့် ပရမတ်ကို ပရမတ်တိုက်ရိုက်ရှုသော နည်းဖြစ်ပေသည်။

အကြောင်းကိုဆိုသော်ဝိပဿနာရှုခြင်းသည် ပင်ကိုယ်ကပရမတ်အမှန်တရား၏ သဘာဝအပျက်ကို ပျက်တဲ့သဘော (အနိစ္စ)၊ ထိုပျက်မှုတို့သည် မရပ်မနား အဆက်မပြတ် ပျက်နေသဖြင့် (ဒုက္ခ)၊ ထိုပျက်မှု ဆင်းရဲစုတို့သည် မိမိတို့အလို, မိမိတို့သဘောနှင့် မည်သို့မည်မျှ ပြုပြင်ဖန်တီးခြင်းမပြုနိုင်၍ အစိုးမရ အလိုအတိုင်း မဖြစ်သော (အနတ္တ)၊ တရားတို့သည် ကျွန်ုပ်တို့လက်ရှိ ခန္ဓာ၏ ပင်ရင်းသဘာဝ

တရား အရှိတရားတို့သာ အမှန်အတိုင်း ရှိနေသော ပရမတ်တို့ ဖြစ်၍ ရှုသော ဉာဏ်သည် အမှန်ခန္ဓာ၏ ပင်ကိုယ်တရားကို ပင်ကိုယ် အမှန်အတိုင်းသာ ရှုရမည်ဖြစ်ရာ အမှန်တရား ပရမတ်နှင့် ဖွဲ့စည်းထားသော ခန္ဓာသဘာဝကို မိမိတို့က မည်သည့်စိတ်ကူး ကြံစည်မှုမှ မပါအောင် ရှုရမည်ဖြစ်ရကား –

## ခန္ဓာကိုမြင်ပုံ

ကျွန်ုပ်တို့သည် လောကီပညတ်နယ်သားများဖြစ်၍ နေရာတကာ တွင် ပညတ်ရှုထောင့်ကချည်း ကြည့်သည်။ မိမိတို့၏ ပညတ်နယ်သား တို့၏ အမြင်သာလျှင် အမှန်အကန်ဟုလည်း ဆုံးဖြတ်ထားကြသည်။ ဝိပဿနာရှုရာတွင်ကား ကျွန်ုပ်တို့၏ ကြည့်နေကျ ပညတ်အရှုမျိုး အမြင်မျိုးဖြင့် လုံးဝဆန့်ကျင်သော ပရမတ်ရှုထောင့်ဖက်က ကြည့်မှ, ရှုမှ မြင်မှ ရမည်ဖြစ်၍ မိမိတို့၏ ရှုထောင့်မှန်ဖို့လိုသည်။

ကျွန်ုပ်တို့သည် ဤခန္ဓာကိုယ်ကို ရှုကြည့်သုံးသပ်ရာ၌ အမြင် အမျိုးမျိုးဖြင့် သုံးသပ်ကြသည်။ ဤခန္ဓာကိုယ်ကား မည်သည့် အမြင် မျိုးဖြင့် သုံးသပ်စေကာမူ သူ၏ ပင်ကိုယ်သဘော သူ၏ ဓမ္မတာ လမ်းစဉ်မှ ပြောင်းလဲသွေဖည်၍ သွားမည်မဟုတ်ပေ။ ဤခန္ဓာကိုယ် ကို ကျွန်ုပ်တို့သတိနှင့် ဂရုစိုက်ကြည့်၏ ခန္ဓာသဘောသဘောထားကား မရပ်မနား ဖောက်ပြန်မှု သူ့ကိစ္စကိုသာ သူဆောင်ရွက်နေ၏။ ကျွန်ုပ်တို့ကမူ 'ပူသည်' ဟု ပညတ်ရှုထောင့်ကမြင်သည်။ ခန္ဓာကား 'ဖောက်ပြန်မှု' သာ ပြနေ၏။ ကျွန်ုပ်တို့က 'အေးသည်' ဟု ပညတ်ရှုထောင့်ကမှတ် ပြန်သည်။ ခန္ဓာကား 'ဖောက်ပြန်မှု' သာ ပြနေ၏။

ထိုသို့လျှင် ပရမတ်ဖြစ်သော ရုပ်နာမ်ခန္ဓာသည် သူ၏ အရှိတရား အမှန်တရားပရမတ်ချည်းသာ ပြနေပါလျက် – ကြည့်နေရှုနေသော ကျွန်ုပ်တို့၏ အမြင်အသိတွင် အဘယ့်ကြောင့် ပညတ်အမြင်ချည်း ဖြစ်နေပါသနည်း၊ ဤရှုချက်မြင်ချက်သည် ပရမတ်ကို ပရမတ်အသိ မသိပဲ – ပရမတ်ကို ပညတ်အမြင်နှင့် မြင်မှုသိမှုကား သက်သက်မှား ယွင်းမှုကြီးပင်ဖြစ်သည်။ သက္ကာယဒိဋ္ဌိ၏ ဝါဒအရပင်ဖြစ်သည်။ အဘယ့်ကြောင့်ဟူမူ – ရုပ်နာမ်တို့၏ အမှန်သဘောပရမတ်ကို ကျွန်ုပ်တို့က ပညတ်ကမ္ဗည်းဆိုင်းဘုတ်တပ်၍ မတရားကျေညာပြီး မဟုတ်ကို အဟုတ်၊ မမှန်ကို အမှန်လုပ်၍ သိနေမှုကြောင့်တည်း၊

'သင်္ကေတဝစနံသစ္စံ၊ လောကသမုတိကာရဏာ၊
ပရမတ္ထဝစနံသစ္စံ၊ ဓမ္မာနံ ဘူတကာရဏာ၊
(နိဒါနဝဂ္ဂ,အင်္ဂုတ္တရ,သီလက္ခန်, မူလပဏ္ဏာသဋ္ဌကထာများ)

လောက၏ အပြောအဆိုအသုံးအနှုန်း၊ အမှတ်အသား၊ အရိပ်နိမိတ်လက္ခဏာများသည် သမုတိသစ္စာဟူသော ပညတ်ဝေါဟာရများဖြစ်သည်၊ ပရမတ္ထသစ္စာ၏ သဘောသည် ထိုထိုတရားတို့၏ သဘာဝလက္ခဏာဖြစ်ရကား – ပရမတ်ဖြစ်သော 'ဖောက်ပြန်တတ်' သော သဘောအရ၊ သူ့လက္ခဏာသူဆောင်၍ သွားနေခြင်းကိုပင်လျှင် ကျွန်ုပ်တို့က မိမိတို့၏ အသုံးအနှုန်းအမှတ်လက္ခဏာသင်္ကေတဖြင့် လိုက်မှတ်နေခြင်းမှာ (ဆိုင်းဘုတ်ကမ္ဗည်းတပ်ပေးနေခြင်းမှာ) ပရမတ်ကို ရှုမြင်တတ်သော အမြင်နှင့် ကြည့်လျှင် လုံးဝဆန့်ကျင်မှားယွင်းလေသည်။

ဤသည်မှာ ပညတ်အားဖြင့် ရှုတိုင်းမြင်တိုင်း မှားသည်ဟုကား ကျွန်ုပ်တို့မဆိုလိုပေ၊ အမှန်သဘော ပရမတ်ကို သိရန် လေ့လာလေ့ကျင့် နေသောအခါတွင်သာ တစ်နည်း အမှန်တရားမသိမမြင်သေးမီ ပညတ် အနေနှင့် ရှုနေသိနေရပါသေးသည်။ အမှန်တရားကို သိနေရှုနေရသော အချိန်တွင်မှ ပညတ်ကို မခွာနိုင်ပဲ ပညတ်ချည်းသာ ရှုနေသိနေလျှင်ကား လုံးဝမှားသည်၊ အဘယ့်ကြောင့်နည်း – ဝိပဿနာဟူသည် ပညတ်ကို မရှုပဲ ပရမတ်အာရုံကိုသာ ရှုနေရသောကြောင့် ဖြစ်သည်။

## ရှုကွက်အမှန်ခန္ဓာ

မြတ်စွာဘုရားသည် ပင်ကိုယ်အမှန်တရားစုကိုသာ အမှန်အတိုင်း မြင်ရန်သိရန် ညွှန်ပြသော နေရာတိုင်းဟွင် ခန္ဓာ၏ရှုရမည့်သဘော တရားကို ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော်၊ သဠာယတနသံယုတ်ပါဠိတော် သုတ်ထောင်ပေါင်းများစွာသည် ခန္ဓာ၏ ရှုရမည့်သဘော အမှန်, ခန္ဓာ၏ မျက်စိစသော အာယတနသဘောတို့သည် ပင်ကိုယ်အမှန်တရားများ ဖြစ်၍ သူတို့ကို သူတို့ရဲ့ သဘောတရား အတိုင်းသာ –

> 'ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော' ( ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်) ခန္ဓာငါးပါးလုံးကို ဟောသည်။

ဣတိ – ဤသည်ကား၊ ရူပံ – ဖောက်ပြန်မှုသဘောတည်း၊ ဣတိ – ဤသည်ကား၊ ရူပဿ – ဖောက်ပြန်မှုသဘော၏၊ သမုဒယော – ဖြစ်ခြင်းတည်း၊ ဣတိ – ဤသည်ကား၊ ရူပဿ – ဖောက်ပြန်မှုသဘော၏၊ အတ္ထင်္ဂမော – ချုပ်ခြင်း၊ ပျက်ခြင်းတည်း' စသည်ဖြင့်

ခန္ဓာ၏ ပင်ကိုယ်သဘာဝကို သဘာဝအတိုင်း ရှုရ သိရပုံကို ဟော သည်။ ဝိပဿနာရှုသည်ဆိုရာတွင် အရှုခံဖြစ်သော ခန္ဓာ၏ အမှန် သဘာဝကိုသာ သိနေရသော ဉာဏ်လုပ်ငန်း, ပညာလုပ်ငန်း ဖြစ်သဖြင့် ခန္ဓာ၏ ပင်ရင်းအမှန်ကိုသာ လေ့လာသိရှိထားရမည်ဖြစ်၍ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်၌ ရှိသော သုတ်များသည် ခန္ဓာအကြောင်း လေ့လာ သိရှိထားရန် အကောင်းဆုံးဖြစ်သည်။ ခန္ဓာဝဂ္ဂသံယုတ် ပါဠိတော်မှ သုတ်တစ်ခုကို နမူနာထုတ်ကြည့်လျှင် –

"ရူပံ ဘိက္ခဝေအနိစ္စံ၊ ဝေဒနာအနိစ္စာ၊ သညာအနိစ္စာ၊
သင်္ခါရာအနိစ္စာ၊ ဝိညာဏံအနိစ္စံ၊ ဧဝံပဿံ ဘိက္ခဝေ
သုတဝါ အရိယ သာဝကော ရူပသ္မိမ္ပိနိဗ္ဗိန္ဒတိ၊
ဝေဒနာယပိနိဗ္ဗိန္ဒတိ၊ သညာယ ပိနိဗ္ဗိန္ဒတိ၊
သင်္ခါရေသုပိနိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိနိဗ္ဗိန္ဒတိ၊
နိဗ္ဗိန္ဒံဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊
ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ၊
'ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံကရဏီယံ၊ နာပရံ
ဣတ္ထတ္တာယာတိ' ပဇာနာတီတိ"

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အနိစ္စသုတ် – ၁၈)

"ချစ်သားတို့ ရူပက္ခန္ဓာ၏ ဖောက်ပြန်မှုသဘောစုသည် ပျက်နေ သည်၊ ခံစားမှုသဘောစုလည်း ပျက်နေသည်၊ မှတ်မှုသဘောစု လည်း ပျက်နေသည်၊ ပြုပြင်မှုသဘောစုတို့လည်း ပျက်နေသည်၊ သိမှုသဘောစုလည်း ပျက်နေသည်၊ ချစ်သားတို့ဤသို့မြင်သော ဤသို့သိသော အကြားအမြင်ရှိသော အရိယာ၏ ကပည့်သည်၊ ဖောက်ပြန်မှုသဘောစု၌လည်းငြီးငွေ့၏၊ ခံစားမှုသဘောစု၌

လည်းငြီးငွေ့၏၊ မှတ်မှုသဘောစုဌ်လည်း ငြီးငွေ့၏၊ ပြုပြင်မှုသဘောစုတို့၌လည်း ငြီးငွေ့၏၊ သိမှုသဘောစုဌ်လည်း ငြီးငွေ့၏၊ ငြီးငွေ့မှုများသော် တွယ်တာတပ်မက်မှုကင်း၏၊ တပ်မက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏။ ကိလေသာမှ လွတ်သော် ကိလေသာမှ လွတ်ကြောင်းသိ၏။ လွတ်ပြီဟု အသိဉာဏ်ဖြစ်၏။ ပဋိသန္ဓေနေမှု ဇာတိကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ အခြားတစ်ပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏"

ဤကား ခန္ဓာသံသရာမှ လွတ်မြောက်ရန် ခန္ဓာ၏ သဘာဝ အမှန် စတင်သိရှိရန် လေ့လာလေ့ကျင့်သည်ကစ၍ လုံးဝခန္ဓာ သံသရာမှ လွတ်မြောက်သော လမ်းအဆုံးသို့ ရောက်ပုံ နောက်ထပ် ဆင်းရဲဒုက္ခ ကုန်ရန် လုပ်ငန်းလုံးဝ မရှိတော့ပုံ မကျန်တော့ပုံကို ကိုယ်ကိုယ်တိုင်ပင် ကိုယ်ပိုင်ဉာဏ်နှင့် သိပုံတို့ကို ဟောထားသည့် အတိုင်း မြန်မာဘာသာ နှင့် ပြန်ဆိုလိုက်ခြင်းဖြစ်သည်။

ဤပုံကိုကြည့်ပါ မြတ်စွာဘုရား၏ သံသရာ လွတ်မြောက်ရေး သည်။ ရှုရသိရ မည့်သဘောတရားအနေနှင့် ဤသဘောချည်း သာဖြစ်သည်။ ကျွတ်လွတ်ရမည့် သတ္တဝါတို့၏ စရိုက်, ဣန္ဒြေ, အာသယ အနုသယ အတိမ်အနက် ခြားနားချက်ရှိ၍ ဟောကြား လမ်းညွှန်ရာ၌ လမ်းညွှန် ပုံနည်းပရိယာယ်သာ ကွဲပြားသွားမည်၊ ခန္ဓာပေါ် ရှုရာမြင်ရာ သိရာ၌ကား ဤခန္ဓာတိုင်း ရှိနေသော အရှိ တရား အမှန်တရားကို သိရချင်းတူသည်သာတည်း၊ ယင်းသို့ အသိအမြင်တူသည် ဆိုသော်လည်း ဉာဏ်အလုပ်, ပညာအလုပ် ဖြစ်သောကြောင့် ဉာဏ်ဝီရိယကောင်းသူ ခန္ဓာပေါ် မျက်ခြေပြတ်မခံ သူတို့ ပိုမိုလျှင်မြန်စွာ ရနိုင်ကြသည်။

## ခန္ဓာသည် ပင်ကိုယ်အမှန်တရား

ကျွန်ုပ်တို့ ဖော်ပြခဲ့သော မြတ်စွာဘုရား၏ လမ်းညွှန်ချက်များမှာ ခန္ဓာ၏ သဘာဝကိုသာ ညွှန်ပြခြင်းမှာ အမှန်တရားကို သိရန် ညွှန်ပြခြင်းဖြစ်၍ ကျွန်ုပ်တို့၏ ဤခန္ဓာသည် အမိ၏ ဝမ်းတိုက်အတွင်းတွင် ကလလရေကြည် ရေစက်ကလေးမှ စတင်ဖြစ်လာကတည်းက ခန္ဓာဖြစ် ရန် အကြောင်းတရား အထောက်အပံ့ကြောင့် ရေမြှုပ်၊ သွေးခဲ, သားတစ် စသည်ဖြင့် ဖွံ့စည်းလာခဲ့ရာ ရက်သတ္တပတ် - ၄၂ ပတ် လောက်တွင် လူ့လောကထဲသို့ ရောက်လာခဲ့ရာ - အမိဝမ်းတွင်းမှ ကလလရေကြည် ရုပ်ပရမတ်တို့ ဖောက်ပြန်ပြောင်းလဲ ရွေ့လျားကာ ပဋိသန္ဓေ ဝိညာဏ်နာမ် ပရမတ်ကလည်း သိမှုတို့ ပြောင်းလဲပျက်စီးကာ အဖြစ်မှ အရင့်သို့၊ အရင့်မှ အနာသို့၊ အနာမှ အသေသို့၊ ပို့ဆောင် သွားသည်မှာ အမှန်တရားပေါင်းစုထားသော ခန္ဓာသဘာဝတရားတို့ သူတို့ရဲ့ အမှန်လမ်းကြောင်းသို့ ပုံမှန်ချီတက်ရာတွင် ခန္ဓာသည် သူ့ရဲ့ အမှန်တရားလမ်းကြောင်းသို့ သူ့ကိစ္စသူ အမှန်အတိုင်း ဆောင်ရွက် နေသည်မှာ ဘုံသုံးပါးအတွင်းရှိ အကြောင်းအထောက်အပံ့မကင်း သော သင်္ခါရသဘောတရားမှန်ကမှန်သမျှအားလုံးသည် -

'သဗ္ဗေသင်္ခါရာအနိစ္စာ' ဟူ၍ ဟောတော်မူသည်မှာ ဤသင်္ခါရ သဘောတရားမှန်လျှင် အသည်းသတ်ဘုံနှင့် ဘုံသုံးပါးအတွင်းရှိ ရုပ်သင်္ခါရ အားလုံး၊ အရူပလေးဘုံ၌ ဖြစ်သော နာမ်သင်္ခါရ အားလုံး- ဘုံသုံးပါးအတွင်း ဖြစ်ရှိနေကြသော လူနတ်ဗြဟ္မာ ခန္ဓာငါးပါးရသော ရုပ်နာမ် နှစ်ပါး ပဉ္စဝေါကာရ ဘုံသားအားလုံးတို့သည် မိမိရရှိထားသော ရုပ်နာမ်ခန္ဓာ၏ သွားရာလမ်းကြောင်း မှန်သို့ အကန့်အကွက်,

အတားအဆီး မရှိမှန်မှန် ချီတက်သွားရာသို့ ကျွန်ုပ်တို့ ရရှိထားသော သူသူငါငါ ခန္ဓာတို့ လိုက်ပါသွားနေရသည်မှာ –

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေဝသတိမာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သောယာတိ၊ သဂစ္ဆံ န နိဝတ္တတိ။
(ထေရဋ္ဌ – ၁၁၉၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌ – ၂၂၃)

'တစ်ခုသောညဥ့် ရှေးဦးစွာ အမိဝမ်းတိုက်၌ ကလလရေကြည်မှ စ၍ တည်နေကိန်းအောင်းသော သတ္တဝါသည်၊ ထိုပဋိသန္ဓေတည်နေသော ခဏမှစ၍ မိုးတိမ်များ တက်သကဲ့သို့ သူရဲ့သွားရာ အသေပန်းတိုင်သို့သာလျှင် ရှေ့ရှုချီတက်သွား၏။ တစ်ချက်တစ်ခဏမျှ ရပ်တန့်ခြင်း၊ နောက်ဆုတ်ခြင်းမရှိ'

ယင်သို့ သေခြင်းပန်းတိုင်သို့ ရှေးရှုသွားသော ရုပ်နာမ်ခန္ဓာသည် တန်ခူး၊ ကဆုန်နေပူဟုန်တို့ ပူပြင်းသဖြင့် မြစ်ငယ် ချောင်းငယ်တို့ ခန်းခြောက်သကဲ့သို့ ၎င်း၊ နံနက်စောစောအခါ အညာရင်းသို့ လျှောက်သော ရေစာတ်ကြောင့် စိုစွတ်ရင့်ရော်သော သစ်သီးတို့၏ ကြွေကျခြင်းကဲ့သို့၎င်း၊ လက်ရိုက်ဆောက်ပုတ်ဖြင့် ရိုက်ခတ်အပ်ကုန်သော မြေအိုး မြေခွက်တို့ ကွဲခြင်း ပျက်ခြင်း ကဲ့သို့ ၎င်း၊ နေခြည်ရောင်ကြောက်သဖြင့် ဆီးနှင်းပေါက်တွေ ကျွေပျောက်သကဲ့သို့၎င်း၊ ဤခန္ဓာ၏ သဘာဝလမ်းကြောင်းသည် အသေသို့ နီး၏' ဟု ဆက်လက် ဖော်ပြသည်။

ကျွန်ုပ်တို့ ဖော်ပြလိုသော သဘောမှာ ဤခန္ဓာသဘာဝသည် သူ့ကိစ္စသာ သူဆောင်ရွက်သော မည်သူ့ဩဇာခံမှ မဟုတ်သော ပင်ကိုယ်အမှန်တရားဖြစ်သည်။ ခန္ဓာနာမ်ရုပ် စ ဖြစ်သည်မှ သူ့ကိစ္စ ပျက်ဆုံးချုပ်ပျောက်သည်အထိ မည်သည့် အကန့်အကွက် အတား

အဆီးမှ တားမြစ်ကန့်ကွက်၍မရသော အမှန်တရားဖြစ်ကြောင်း ကျွန်ုပ်တို့ လေ့လာထားရန် သိထားရန်ဖြစ်သည်။ မြတ်စွာဘုရား သည် ခန္ဓာ၏ ပင်ရင်းအရှိတရား အမှန်တရားကိုသာ အရှိအတိုင်း အမှန်အတိုင်း ဟောပေးထားသော ညွှန်ပြထားသော သုတ်ပေါင်း များစွာ သည် အမှန်အတိုင်း သိ၍ အမှန်တရားရရန် လမ်းညွှန်ချက် ချည်းသာ ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤခန္ဓာကို

"နာမဉ္စရူပဉ္စ ဣဓတ္ထိသစ္စတော"

"ဤခန္ဓာတွင် သိသဘော ဖောက်ပြန်သဘောသာ

အမှန်ရှိသည်" ဟု အခိုင်အမာ ရှိသည်ကို ကိုယ် တိုင်သိရန် လေ့လာထားရသည်၊ အဘယ်ကြောင့်ဟူမူ၊ ဝိပဿနာ ရှုခြင်း ဟူသည် ခန္ဓာ၏ပင်ရင်းအမှန်တရားကို အမှန်အတိုင်းသိရန်အတွက် အားထုတ်ခြင်းဖြစ်ရာ – ရှုသော ဝိပဿနာဉာဏ်သည် ခန္ဓာ၏ အမှန်သဘာဝ အရှိကိုသာ အရှိအတိုင်း သိနေရမည်ဖြစ်၍ ခန္ဓာ၏ သဘာဝ အရှိတရား အမှန်တရားကို ပင်ကိုယ်သဘာဝအရှိကို ရှိသည့်အတိုင်း မသိက မိမိလိုအပ်သော တရားသည် ခန္ဓာမှ တစ်ပါး အပြင်အပမှ ရောက်လာလိမ့်မည်ထင်၍ ခန္ဓာမှ တစ်ပါးအပြင်ထွက် ရှာတတ်သည်။

မြတ်စွာဘုရား လက်ထက်တော်ကပင် – ရဟန်းတစ်ပါး တရား သိရန် ဗြဟ္မာ ပြည်သို့ တက်၍ ရှာဖူးသည်၊ တကယ်သိရမှာက ခန္ဓာ မှာသာ ရှာရမည့်အကြောင်း ခန္ဓာကို ညွှန်ပြသည့်အတိုင်း ခန္ဓာကိစ္စ အမှန်ကို သိမှ ထိုရဟန်းတရားရတော့သည်၊ မြတ်စွာဘုရား၏ ခန္ဓာ လမ်းညွှန်ချက်ကို အရှင်နာဂသေနကလည်း –

'နတ္ထိတော ဒုရေဘာဝိတဗ္ဗံ၊ ဘဝဂ္ဂံကိ ကရိဿတိ၊
ပစ္စုပ္ပန္နမှိ ဝေါဟာရေ၊ သကောကာယမှိဝိန္ဒထ။
(မိလိန္ဒပဉှာပါဠိတော် - ၃၇၈)

မိလိန္ဒမင်းမြတ်အိမ်တွင် မွေးထားသောကြောင်သည်၊ အိမ်အတွင်းအနီး၌သာလျှင် အစာကိုရှာ၏။ မင်းမြတ် ဤအတူ သာလျှင် တရားအလုပ်အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ဤခန္ဓာငါးပါး အမှန်သဘောတရားကိုသာလျှင် သူ၏ သဘာဝ အတိုင်း ဤသဘောတရားကား ဖောက်ပြန်မှုတည်း၊ ဤကား ဖောက်ပြန်မှု၏ဖြစ်ခြင်း၊ ဤကား ဖောက်ပြန်မှု၏ ချုပ်ခြင်း (ဝေဒနာ - သညာ - သင်္ခါရ- ဝိညာဏ် - ဤနည်းအတိုင်း)

'ဤခန္ဓာ၏ အမှန်တရားကို ရှာရာ၌ ခန္ဓာ၏ အပြင်ဖက်ထွက်၍ မရှာသင့်၊ အထက်ဘဝဂ် ဖြဟ္မာ့ပြည်တက်၍ ရှာခြင်းဖြင့် အဘယ် အကျိုး ရအံ့နည်း၊ ပစ္စုပ္ပန်ခေါ်ဆိုအပ်သော မိမိကိုယ်၌သာလျှင် ရှာဖွေကြကုန် လော့' ဟု ထပ်ဆင့် ညွှန်ပြသည်၊ မှန်လှ၏၊ ခန္ဓာ၏ ပင်ကိုယ်သဘာဝအမှန်ကို အမှန်အတိုင်း မသိမှု - မလေ့လာမှု တို့ ကြောင့် ကျွန်ုပ်တို့မှာ ပညတ်နှင့် အစွဲများမှုကြောင့် သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ ဖြစ်နေရသည်ကား အထင်အရှားပင်။

## ပညတ်ပရမတ်

သံသရာပြတ်ကြောင်းတရားအလုပ်အားထုတ်ရာတွင် မိမိ၏ လက်ရှိ ပစ္စုပ္ပန်ခန္ဓာကို အရင်းအတိုင်း သိရန် သုတ်ပေါင်းများစွာမှ မြတ်စွာဘုရား၏ ဟောကြားလမ်းညွှန်ချက်ကို ကျွန်ုပ်တို့ကလည်း မိမိ နားလည်သော ဘာသာ စကားနှင့် ကြိမ်ဖန်များစွာ ထပ်ကာ ထပ်ကာပင် ဖော်ပြခဲ့၏။

ခန္ဓာအရှိသည် မည်မျှ မှန်ကန်ပါသနည်းဆိုသော် မြတ်စွာဘုရားသည် –

'သမာဓိံ ဘိက္ခဝေ ဘာဝေထ' 'ချစ်သားတို့ သင်တို့ စိတ်သာ ငြိမ်သက်စွာထားပါ'

'သမာဟိတော ယထာဘူတံ ပဇာနာတိ' 'သင်ချစ်သားတို့၏ စိတ်သည် ငြိမ်သက်ခဲ့သော် ခန္ဓာ၏ အမှန်သဘာဝတရားတို့ကို အမှန်အတိုင်း သိမည်'

'ကိဉ္စယထာဘူတံ ပဇာနာတိ'

'အဘယ်တရားတို့ကို အမှန်သိရမည်နည်းဆိုသော်'

'ရူပဿသမုဒယဉ္စ အတ္ထင်္ဂမဉ္စ' 'ဖောက်ပြန်မှု၏ ဖြစ်ခြင်း ချုပ်ခြင်း'

'ဝေဒနာယသမုဒယဉ္စ အတ္ထင်္ဂမဉ္စ' 'ခံစားမှု၏ ဖြစ်ခြင်းချုပ်ခြင်း'

'သညာယသမုဒယဉ္စ အတ္ထင်္ဂမဉ္စ' 'မှတ်မှု၏ ဖြစ်ခြင်းချုပ်ခြင်း'

'သင်္ခါရာနံ သမုဒယဉ္စအတ္ထင်္ဂမဉ္စ' 'ပြုပြင်မှုတို့၏ ဖြစ်ခြင်းချုပ်ခြင်း'

'ဝိညာဏဿသမုဒယဉ္စ အတ္ထင်္ဂမဉ္စ' 'သိမှု၏ ဖြစ်ခြင်း ချုပ်ခြင်း'

ဟူ၍ မိမိ၏ အာရုံကို သိတတ်သောစိတ်သာ မိမိခန္ဓာမှာ ရှိနေပါက ဤသို့သောအမှန်တရားတို့သည် အခြားတစ်ပါးက လာသည်၊ အခြားတစ်ပါးမှာ ရှာနေရသည်မဟုတ်ပဲ၊ ကျိန်းသေရှိကြောင်း (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် – သမာဓိသုတ် – ၁၂ ) တွင် မြတ်စွာဘုရားအာမခံနိုင်လောက်အောင် ဟောထားသည်။

မည်သူမဆို မိမိတို့၏ သိတတ်သော စိတ်သာ အပြင်အာရုံ မပြေးမသွားပါက ကိုယ့်ခန္ဓာ၏ အရှိတရားကို ကိုယ်ကိုယ်တိုင် သိပါလိမ့်မည်။

ဤသို့ သိရာ၌ ခန္ဓာ၏ ရှိနေပြီးသား သဘာဝတရားကိုသာ သိရုံသိဖို့လိုသည်။ မိမိက သိရအောင် သိစရာကို ကြံယူခြင်း, ပြုလုပ်ဖန်တီးယူခြင်း, ပညတ်နှင့် မရှိသဘော အမည်ပညတ်တပ်ယူခြင်းသည် ခန္ဓာ၏ အရှိတရားကို အရှိသဘောအတိုင်း ရိုးသားဖြောင့်မတ်စွာ အရှိသဘောကို မသိပဲ လုပ်ကြံသိ၊ ဖန်တီးသိ ဖြစ်လေသည်။ ပုံစံမှာ – "ရူပံ အတ္တ တော သမနုပဿတိ"

"ရူပံ–ခန္ဓာ၏ ပင်ကိုယ်အရှိ ဖောက်ပြန်မှုကို၊ အတ္တတော– ခန္ဓာမှာ အရှိမဟုတ်သော ငါဟူ၍ သူဟူ၍၊ သမနုပဿတိ – ရှုမြင်၏"

ဤ၌ ရူပံဟူသော ဖောက်ပြန်မှုအရှိတရားအမှန်သဘော တရားကို အမှန်အတိုင်း အရှိအတိုင်း မရှုမမြင်ပဲ ခန္ဓာမှာ မရှိသော ပညတ်လောကကမှတ်သော – ငါ ဟူ၍ သူဟူ၍ မိန်းမယောကျ်ား၊ ခေါင်းကိုယ်ခြေလက် စသော စွဲမှတ်မှားယွင်းသော ကြောင်း သက္ကာယ ဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ ဖြစ်လေသည်။ အမှန်တရား ပရမတ်သိမှုသည် သံသရာ ပြတ်သော မဂ်ဖိုလ်နိဗ္ဗာန်ရသကဲ့သို့ – အမှန်တရား ပရမတ်ကို မသိပဲ – မရှိသော မမှန်သော ပညတ် မိန်းမယောကျ်ား အသိမှားသော သက္ကာယဒိဋ္ဌိဖြစ်၍ သံသရာပတ်ခဲ့သည်မှာ ယခုသံသရာထဲတွင် ဒုက္ခဖြစ်နေသော ကျွန်ုပ်တို့အတွက် လက်တွေ့ပင်။

# သတိတရားရရန်

လောကတွင် မြတ်စွာဘုရားတို့ ပွင့်တော်မူသည်မှာ - သံသရာယဲ ခရီးခဲတွင် လူးလဲခုန်ပေါက် ရောက်မိရောက်ရာ ဖြစ်ချင်တိုင်း ဒုက္ခဖြစ်နေသော ဒုက္ခိတသတ္တဝါတွေ ထိုဒုက္ခ ထိုသံသရာဆင်းရဲမှ ထွက်မြောက်ရာသည် မိမိခန္ဓာပေါ်တွင် အမှတ်မှားသည်ကစ၍ အသိမှား - အစွဲမှား၍ သံသရာမှာ ဒုက္ခဖြစ်သည်။ သာသနာမရှိသော အချိန်မှာလည်း ဘုံသုံးပါးတွင် ရုပ်နာမ်ခန္ဓာတွေ ရနေသည်။ ဖြစ်နေသည်။ သာသနာတော်ရှိသောအခါတွင်လည်း ကျွန်ုပ်တို့ခန္ဓာတွေရနေသည်, ဖြစ်နေသည်။ သို့ရာတွင် ခန္ဓာတွင် အမှန်ရှိသော သဘာဝ အရှိတရား အမှန်တရားကို အမှန်အတိုင်း သိတော်မူမြင်တော်မူသော မြတ်စွာ ဘုရား တို့ ပွင့်တော်မူသော အခါမှ သိတော်မူပြီးသော ခန္ဓာ၏ အမှန်တရား ကို မှန်သည့်အတိုင်း ညွှန်ကြားသဖြင့် လိုက်နာလေ့ကျင့်မှ အမှန်တရား ကို ခန္ဓာမှာ တွေ့ဂိရလေရာ သံသရာတွင် ခန္ဓာအမျိုးမျိုး ဒုက္ခအမျိုးမျိုးနှင့် တွေ့လာရသော ကျွန်ုပ်တို့သည် ယခုမြတ်စွာဘုရား သာသနာတော်နှင့် တွေ့ရသော ခန္ဓာတွင်မှ ဤသဘာဝ တရားကို တွေ့လာသိလာရသည်မှာ - စင်စစ်မြတ်စွာဘုရား လမ်းညွှန်ချက်နှင့် အမှန်တရား ပရမတ်ကို အမှန်အတိုင်း သိရလေ သည်ကား မြတ်စွာဘုရား သာသနာတော်နှင့် တွေ့ရကျိုး, သံသရာ ပြတ်လုပ်ငန်းကို ယုံကြည်မှု၊ ယုံကြည်မှုမှ လုပ်ငန်းကို စိတ်ဝင်စားကာ ပါရမီ၏ တိုက်တွန်းနှိုးဆော်မှု ပါလာသောကြောင့် ကျွန်ုပ်တို့ အရတော် ကြောင်း သိလာရသည်။

## သက္ကာယဒိဋ္ဌိ

မြတ်စွာဘုရား၏ သာသနာလုပ်ငန်းတွင် ပဌမဦးဆုံးဖြစ်သော သောတာ ပတ္တိမဂ်၏ ကိစ္စသည် သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိကို ပယ်သတ် ရသော ကိစ္စဖြစ်လေသည်။ အနတ္တ ဉာဏ်ပေါက်သည့်အတွက် သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိကို ပယ်လိုက်သည်နှင့် အပါယ်လေးပါး ဟူသော အောက်သံသရာပြတ်၍ မြတ်စွာဘုရား၏ သားသမီး အရိယာ သောတာပန်ဖြစ်လေသည်။ သောတာပန်ဖြစ်သည်နှင့် နိဗ္ဗာန်ကို ကျိန်းသေ (၇–ဘ၀) ဖြင့်ရသော ပရမတ္ထသံဃာဟုခေါ်လေ သည်။ မြတ်စွာ ဘုရား၏ အနတ္တဝါဒ ဉာဏ်မသက်ရောက်မီ လောကကြီးသည် သဿတ, ဥစ္ဆေဒ အခြေခံသော အတ္တဝါဒက အုပ်ချုပ်ထားသည်။

ခန္ဓာနာမ်ရုပ်၏ ပရမတ်သဘောမှန်သို့ ဉာဏ်ရောက်လာသော အခါ ထိုအတ္တဟုခေါ်ရလောက်သောအကောင်အထည် သဏ္ဌာန်ဒြပ် အနှစ်သာရ ဘာမျှမရှိသည်ကို မရှိကြောင်း အထပ်ထပ်အဖန်ဖန် ဆင်ခြင်ပွားများ ဉာဏ်သက်ဝင်ထားသောအခါ ခန္ဓာ၏ အဖြစ်မှန်ကို အမှန်အတိုင်း သိလာသည်။ သိလာသည့်အတိုင်းလည်း ယုံကြည် သည်။ ဤခန္ဓာ၏ ရုပ်နာမ်ဟူသော ပင်ရင်းတရားတို့၏ သဘောထား လမ်းကြောင်းသည် ဖြစ်တတ်ပျက်တတ်သော သဘောမျှသာ ရှိပြီး အခြားသော ငါထင်စရာ မိန်းမယောကျ်ားဟု စွဲယူစရာ, ပြုသူလုပ်သူ ဟု မှတ်စရာ ခံစားတတ်သူ စီမံတတ်သူဟု စွဲလန်းစရာ ဘာမျှ မရှိ သော 'အနတ္တ' သူ့သဘောပေတကား ဟု ဉာဏ်သက်ဝင်လာ တော့သည်။

ခန္ဓာ၏ သဘာဝပရမတ်အမှန်သဘောကို ဉာဏ်မရောက်သော ပုထုဇ္ဇန်တို့မှာကား အတ္တ–ဇီဝဟူသော ခန္ဓာသဘောသည် ဖောက်ပြန်

ပျက်စီးခြင်းမရှိပဲ ပကတိခိုင်မြဲသော သဘောရှိသည် ဟူ၍ မှတ်ထင်စွဲလန်းတတ်ကြကြောင်းကို ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာတို့တွင် အကျယ်တဝင့် ပြဆိုထားပေသည်။

ကျွန်ုပ်တို့သည် လောကသုံးပါးကို သာသနာပကာလက ဈာန်အဘိညာဉ်ရပြီးသော သူရဘင် စသော ရသေ့ပညာရှိ ကြီးတို့ပင်လျှင် အလွန်ဆုံး သတ္တလောကနှင့် ဩကာသ လောကတို့ကိုသာ ရှုမြင်သိရှိနိုင်ကြလေသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကြီးတို့၏ အမြင်သည် ပုဂ္ဂိုလ်သတ္တဝါအကောင်အထည်ပေါ်တွင်သာ တည်၍ ရှုမြင်ခြင်းဖြစ်သောကြောင့် အတ္တအမြင် သက္ကာယဒိဋ္ဌိ အမြင်ဖြစ်လေသည်။ အတိုချုပ်လျှင် အတ္တအမြင်ဟူသည်မှာ သတ္တလောက သတ္တဝါကို အခိုင်အမာ ပြုသော ဝါဒဖြစ်လေသည်။

မြတ်စွာဘုရားသည် လောကကို ရှုမြင်သုံးသပ်ရာ၌ အကောင်အထည် အသက်ဝိညာဏ်အပေါ်တွင်သာ လုံးဝရပ်တည်၍ မစဉ်းစားခဲ့ချေ၊ အကြောင်းမူ ဤသတ္တလောကသည် အရင်းခံ မဟုတ်သေး၍ အဓိကမကျသေးပေ။ ယင်းသတ္တဖြစ်ရန် ပင်ရင်းသဘောတရားသည် အဘယ်နည်းဟု လေ့လာစူးစမ်းသောအခါ သင်္ခါရလောကဟူသော (ရုပ်နာမ်) ပရမတ်တရားကို ကိုယ်တော်တိုင်ပင် သိရှိရပေသည်။ ယင်းသို့ သိရှိရသော သင်္ခါရလောကပရမတ်ဖြစ်သော (ရုပ်နာမ်) ဟူသည် ခဏမစဲ တစ်သဲသဲ, တစ်လှုပ်လှုပ်, တစ်ဖြုတ်ဖြုတ်, တရွရွ စသောအားဖြင့် မငြိမ်မသက်ဖောက်ပြန်ပြောင်းလဲနေသော ၎င်းတို့၏ ပင်ကိုယ်အခြေအနေကို ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင် သိနေသော မြတ်စွာဘုရားအတွက် မည်သည့်နည်းနှင့်မျှ ဤရုပ်နာမ်ခန္ဓာသည် အခိုင်အမာမဟုတ်ကြောင်း အနှစ်သာရ မရှိကြောင်း အစိုးမရသူ့သဘော သာဖြစ်ကြောင်းကို ရှုမြင်သိရှိတော်မူလေသည်။

သရဘင်္ဂစသော အဘိညာဉ်ရ ရသေ့ဆရာကြီးတို့သည် လူနတ်ပြဟ္မာ စသော သတ္တလောကကို သိကြကုန်သည်၊ ထိုသတ္တဝါတို့ ဖြစ်ရှိတည်နေရာ ဩကာသလောကကိုလည်း သိရှိကြလေကုန်သည်။ သို့ရာတွင် ထိုသတ္တဩကာသတို့၏ အရင်းခံဖြစ်သော သင်္ခါရလောက ကိုကား မသိကြလေကုန်။ အဘယ့်ကြောင့်ဟူမူ သတ္တလောကနှင့် ဩကာသလောက ဟူသည် ပညတ်အားဖြင့် သိနိုင်၍ သင်္ခါရလောက သည်ကား ပရမတ်ဉာဏ်နှင့်သာ သိနိုင်သော (ဗုဒ္ဓဝိသယ) သဗ္ဗညု ဘုရားရှင်တို့သာ သိနိုင်သော ဉာဏ်တော်အရာသာဖြစ်သော ကြောင့်တည်း။

မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးတွင် 'လောကဝိဒူ' ဂုဏ်တော်သည်ရှိ၏။ 'လောကသုံးပါးကို သိတော်မူသည်' ဟူ၍ မဆံ့ဘင်္ဂ ပျံ့နှံ့တက်အောင် ထူးခြားထင်ရှားသော ဂုဏ်တော်ဖြစ်၏။ သာသနာပ ဗာဟိရတိတ္ထိ ဈာန် အဘိညာဉ်ရ ဆရာကြီးတို့သည် – ဩကာသ လောကတည်းဟူသော သတ္တတို့၏ ဖြစ်ရှိတည်နေရာ ဘုံဘဝတို့ကို အဘိညာဉ်၏ သတ္တိဖြင့် ရနိုင်ရောက်နိုင်ကြ၏။ ထိုဘဝ ထိုဘုံတို့ ဖြစ်ရှိ တည်နေရသည်မှာ သတ္တဟူသော သတ္တဝါတို့ ရှိနေမှုကြောင့် ထို သတ္တဝါတို့ နေရာထိုင်ရာ ဘုံဘဝတို့ ဖြစ်ရှိကြသည်။ တည်ရာမှီရာ ဘုံဘဝသည် အရင်းခံ ပဓာနမဟုတ်၊ အဘယ့်ကြောင့်ဆိုသော် နေထိုင်မည့် ရှိမှ နေရာထိုင်ရာသည် အဓိပ္ပါယ်ရှိမည်ဖြစ်၍ သတ္တဟူသော သတ္တဝါသည်သာ အရင်းခံဖြစ်သည်ဟု ပဓာနကျသည်ဟု သိကြလေသည်။ သို့ရာတွင် ထိုသတ္တဟူသော သတ္တဝါဟု သိရမှတ်ရလောက်သော အရင်းခံ ပဓာနကျသော တရားကား အဘယ်နည်းဟု မကြံနိုင် မတွေးနိုင်ကြကုန်၊ အဘိညာဉ်တန်ခိုးဖြင့်

လည်း အသုံးပြု၍ မရကုန်၊ သတ္တလောကနှင့် ဩကာသလောက တွင်သာ လမ်းဆုံးနေတော့သည်။

မြတ်စွာဘုရား ပွင့်လာသည်၊ မြတ်စွာဘုရားသည် ဩကာသ လောကကိုလည်း သိသည်၊ သတ္တလောကကိုလည်း သိသည်။ သတ္တ လောကသည် အရင်းခံလော, ပဓာနလော, အဓိကလော ဟု ရရှိ အပ်သော သဗ္ဗညုတဉာဏ်တော်နှင့် ထောက်လှမ်းကြည့်သည်။ ထိုအခါတွင် သတ္တဝါဟူသော သတ္တလောကသည် အရင်းခံ, ပဓာန, အဓိကမဟုတ်ကြောင်း သတ္တဟု သိရမှတ်ရလောက်အောင် ပြုပြင် ဖန်တီးသော သင်္ခါရကို ဉာဏ်နှင့် ထောက်၍ သိတော်မူလေသည်။ ထိုသင်္ခါရ အောက်တွင် သူ့ထက်အရင်းကျသော လောကတစ်ခု ကျန် ရှိသေးအံ့၊ ထိုလောကကိုလည်း ဉာဏ်တော်နှင့် သိမည်သာတည်း၊ ယခုမူ ထိုသင်္ခါရလောကကို ပြုလုပ်ဖန်တီးသည့် မည်သည့်လောက တစ်စုံတစ်ခုမျှ မရှိတော့သောကြောင့် ယင်းသင်္ခါရလောကသည်သာ အရင်းပဓာနဖြစ်၍ လောကသုံးပါးကို သိတော်မူသော 'လောကဝိဒူ ဂုဏ်တော်' ကို ရရှိတော်မူလေသည်။

စင်စစ် သတ္တလောကသတ္တဝါနှင့် ဩကာသလောက ဘုံဌာနတို့ သည် ပညတ်အာရုံတို့သာ ဖြစ်၍ သင်္ခါရလောကသည် ပရမတ် အာရုံ ဖြစ်ရကား – သရဘင်္ဂအဘိညာဉ်ရ ရသေ့ဆရာကြီး တို့မှာ သင်္ခါရလောကကို ပရမတ်အာရုံဖြစ်၍ မသိသည်မှာ သဘာဝ တရား၏ မှန် ကန်သော သဘောလက္ခဏာဖြစ်ပေသည်။

သက္ကာယဒိဋ္ဌိ ဟူသည်လည်း –

'သက္ကာယေ မိစ္ဆာဝသေနဒိဋ္ဌိ သက္ကာယဒိဋ္ဌိ'

"သက္ကာယေ – ပရမတ္ထအားဖြင့် ထင်ရှားဇကန်ရှိသည်မှန်သော၊

ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးအပေါင်း အစုဖြစ်သော ဤကာယ၌၊ မိစ္ဆာဝသေန - ချွတ်ယွင်းဖောက်ပြန် စွဲယူပုံမမှန်သည့်၏ အစွမ်းအားဖြင့်၊ ဒိဋ္ဌိ - ငါဟူသော အကောင်အထည် မဟုတ်ပါပဲလျက် ငါဟူ၍ မှားသော မြင်ခြင်းသည်၊ သက္ကာယ ဒိဋ္ဌိ - သက္ကာယဒိဋ္ဌိ မည်၏”

ခန္ဓာငါးပါးသည် သူ့သဘာဝလက္ခဏာအတိုင်း အမှန်အတိုင်း ဖြစ်ရှိနေသော ပရမတ္ထသဘာဝကို မသိပဲ အမှန်မရှိသော ယောကျ်ား မိန်းမစသည်ဖြင့် ပညတ်သဘောနှင့် အမှက် အသိအစွဲ မှားသော ကြောင့်ဖြစ်ရာ ဝိပဿနာအလုပ် စတင်အားထုတ်သော ယောဂီသည် ဒိဋ္ဌိကိလေသာဖြစ်သော သက္ကာယဒိဋ္ဌိကို ပြုတ်အောင် အနည်းဆုံး ကိလေသာဖြစ်ခွင့်မရသော ပရမတ္ထသဘာဝကို လေ့လာလေ့ကျင့်၍ ဤခန္ဓာ၏ သဘာဝအမှန်သည် ဖောက်ပြန်မှု သဘောတရားနှင့် ခံစားမှု - မှတ်မှု - ပြုပြင်မှု - သိမှုသဘောတရားစုသာ အမှန်ဟု ယုံကြည်မှု ရှိရန် လေ့ကျင့်အားထုတ်ရလေသည်။

ကျွန်ုပ်တို့၏ ခန္ဓာငါးခု အပေါင်းအစုတို့သည် ၎င်းတို့ပင်ကိုယ် သဘာဝကိုက အမှန်တရား ပရမတ်တရားတို့ ဖြစ်ကြသည်မှာ မိမိတို့ ခန္ဓာတွင် သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ, ရှုသည်ဖြစ်စေ, မရှုသည် ဖြစ်စေ၊ အမှန်တရား ပရမတ်တို့ကား သူ့လမ်းကြောင်းအတိုင်း သူ့ကိစ္စ သူပုံမှန်ချီတက်လျက် ရှိနေကြသည်၊ ဝိပဿနာ ရှုပါသည် ဆိုရာ၌ မိမိတို့၏ အသိဉာဏ်အနေနှင့်ကား ပင်ကိုယ်က သူ့ကိစ္စ သူဆောင်ရွက် နေသော ခန္ဓာ၏ သဘာဝကို သဘာဝ အတိုင်း အလိုက်သင့် သိနေရုံ သာဖြစ်သည်။ ခန္ဓာငါးပါး သဘာဝ တရားတို့ သူတို့ကိစ္စ သူတို့ ဆောင်ရွက်နေသည်ကို လေ့လာကြည့်လျှင် -

၁ – ရူပက္ခန္ဓာ – ဖောက်ပြန်လျက် ပျက်လျက်နေသည်၊
၂ – ဝေဒနာက္ခန္ဓာ – ခံစားလျက် ပျက်လျက်နေသည်၊
၃ – သညာက္ခန္ဓာ – မှတ်လျက် ပျက်လျက်နေသည်၊
၄ – သင်္ခါရက္ခန္ဓာ – ပြုပြင်လျက် ပျက်လျက်နေသည်၊
၅ – ဝိညာဏက္ခန္ဓာ – သိလျက် ပျက်လျက်နေသည်၊

ဝိပဿနာရှုသော ယောဂီသည် မိမိခန္ဓာသဘာဝကို တရားသဖြင့် သိရန်ဖြစ်သည်။ ခန္ဓာသဘာဝသည် သူ့ကိစ္စသူ ဆောင်ရွက်ရာ၌ သူ့ကိစ္စသူ ဆောင်ရွက်မှုမှလွဲ၍ အခြားသော ခန္ဓာကိစ္စ သူနှင့် မဆိုင်၊ သူ့ကိစ္စသာ သူဆောင်ရွက်ပုံကို သိအောင် ရှုသောယောဂီသည် မည်သို့မျှ စိတ်ကူးကြံစည်ဝေဖန်ခြင်း မပြုပါပဲ အသိအလုပ် ဉာဏ် အလုပ်ဖြစ်ရန်သာ ဂရုစိုက်ရသည်၊ ဤအပိုင်းသည် ခန္ဓာ၏ သဘာဝ မှန်ပုံကို ပြခြင်းတည်း၊ ဓမ္မာနုပဿနာ ခန္ဓပဗ္ဗကို မြတ်စွာဘုရား ဟောတော်မူရာ၌ ခန္ဓာငါးပါး၏ သူ့ဆိုင်ရာသဘာဝတရားကို သဘာဝ လက္ခဏာ အတိုင်း ပရမတ္ထသဘာဝကို လေ့လာသိရှိရန် ခန္ဓာ၏ ပင်ရင်း သဘာဝကို အခိုင်အမာ ယုံကြည်မှုရ၍ ခန္ဓာပေါ်တွင် အသိအမြင် သဘောထား ပြောင်းသွားရန်ဖြစ်သည်။

## မဇ္ဈိမပဋိပဒါ

ဝိပဿနာဉာဏ်ဟူသည်မှာ အမှန်တရားတို့ ရှိနေသော ခန္ဓာကိုယ်ကို သူ၏ အမှန်ရှိနေသော သဘောတရားကို အမှန်အတိုင်း သိသော သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ကို ဆိုလိုသည်။ ယင်းအမှန်သိ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်သည် ကိလေသာ မဖြစ်သော ခန္ဓာပရမတ်ကို သိရာ၌ ကိလေသာဖြစ်နေပါကထိုဉာဏ်မမှန်ပေ။ ကျွန်ုပ်တို့က သမ္မာဒိဋ္ဌိဉာဏ်

ဖြင့် ခန္ဓာ၏ အမှန်ကို ရှုမြင်နေသည့်ဆို၏။ ဝိပဿနာရှုရသော ဉာဏ်သည် – မဇ္ဈိမပဋိပဒါ စည်းကမ်းနှင့်ညီမှ ကိလေသာလွတ်သော ဝိပဿနာသမ္မာဒိဋ္ဌိမှန်သည်။ မဇ္ဈိမပဋိပဒါလမ်းစဉ်မှန်ရန် – ကိလေသာ အစွန်းလွတ်ရန် သတိထားရသည်။

မဇ္ဈိမပဋိပဒါလမ်းစဉ်အရ ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်ရန် အလွယ်ကူဆုံးသော နည်းမှာ မိမိရှုသော ခန္ဓာ၏ သဘာဝပရမတ်ကို သဘာဝအတိုင်း ပရမတ်အတိုင်း သိနေရန် ဖြစ်သည်။ ခန္ဓာ၏ အရှိပရမတ်အမှန်ကို သိနေသော အသိဉာဏ် လွတ်သွားပါက ပညတ်နယ် ကိလေသာနယ် စိတ်ရောက်သွားမည်၊ ဝိပဿနာ သမ္မာဒိဋ္ဌိ မဖြစ်၊ မဇ္ဈိမ ပဋိပဒါမကျ၊ ကိလေသာအစွန်းသို့ ရောက်နေမည်။

သတိထားနေရသော သတိပဋ္ဌာန်လုပ်ငန်းဟူသည်မှာ–သိအပ်သော ပရမတ်အာရုံပေါ်မှ လွတ်ပြီး ကိလေသာဖြစ်သော ပညတ်အာရုံသို့ မရောက်ရန် သတိနှင့် ဂရုစိုက်ရသော အလုပ်ဖြစ်သည်။ မဇ္ဈိမပဋိပဒါ၏ စည်းကမ်းချက်မှာ ကိလေသာဘေးအစွန်းတို့ လွတ်၍ ခန္ဓာ၏ ပင်ကိုယ်မူလ သဘာဝပရမတ်ကို ပရမတ်အတိုင်း သိရန် –

‘ကာယဂတာယ ဉာဏံ ဩတာရေတွာ’ ဟူသော

ဓမ္မပဒဋ္ဌကထာ၏ အညွှန်းအရ –

‘ကာယဂတာယေ – ရုပ်နာမ်ခတ်များစုပေါင်းထားသည့်

ဤခန္ဓာကိုယ်အတွင်းသို့၊ ဉာဏံ–အမှန်ကို အမှန်အတိုင်း သိ

တတ်သော ဉာဏ်ကို၊ ဩတာရေတွာ– သွင်း၍၊ ဝါ–သက်စေ၍’

ကျွန်ုပ်တို့ကလည်း – ‘ခန္ဓာကိုယ်တွင်း – ဉာဏ်စိုက်သွင်း – အလင်းရှုလေဘိ” ဟု ဆောင်ပုဒ်ဖြင့် ညွှန်ထားသည်၊ ခန္ဓာအကြောင်း သိလိုသော သူသည် – ဤပရမတ်တရား အပေါင်းအစုဖြစ်သော ခန္ဓာ

အတွင်းသို့ ဉာဏ်ကပ်၍ ရှုကြည့်နေလျှင် 'ရုပ်' ဟူသော ဖောက်ပြန်နေသော အမှန်သဘောကို တွေ့မည်။

'ဖောက်ပြန်နေသော အမှန်သဘော ဆိုတာ ဘာလဲ '

'မိမိ၏ ခန္ဓာသို့ ဉာဏ်အသိရောက်မှုမှန်လျှင် – ဤခန္ဓာ၏ မငြိမ်မသက်လှုပ်ရှား ပြောင်းလဲနေသော သဘောတရားနာတို့ကို ဆိုသည်'၊ ဥပမာ ပညတ်အားဖြင့် (ပူ–အေး–နွေး–ရိုက်–လှုပ်–ရွ) စသော ခန္ဓာနှင့် စပ်သော သိစရာအမှန်ကို ဖောက်ပြန်နေသော သဘော ဟုဆိုသည်။

ထိုသဘောတရားတို့သည် ခန္ဓာဟု တည်ဆောက်ထားသော (ရုပ်ပရမတ်) ဖောက်ပြန်မှု အမှန်တရားတို့ဖြစ်၍ ပညတ်မဟုတ်သော အသိဖြင့်သာ သိနေရသည်။ အားလုံးသော ဖောက်ပြန်မှုဆိုင်ရာ (ရုပ်ဝတ္ထုတို့၏) ဖောက်ပြန်မှုတို့ကို သိ၍သာနေပါ။ ရှုကာစ၌ အသိမထူးသေးသော်လည်း မိမိခန္ဓာကိုယ် အစိပ်အပိုင်း နှံ့အောင် အသိဉာဏ်လွှတ်ကြည့်ပါ၊ သိရမည့် တရားကား အဆန်းမဟုတ်ပါ၊ ခန္ဓာတွင် မိမိ မသိရသေးမီက ရှိနှင့်သော ဖောက်ပြန်မှုသဘောတရားတွေဖြစ်သည်။ ခန္ဓာကိုယ်ကို ဆံဖျားမှ ခြေဖျား၊ ခြေဖျားမှ ဆံဖျား ကြည့်နိုင်ရှုနိုင်သမျှ ဤခန္ဓာ၏ ပင်ကိုယ်သဘာဝ ဖောက်ပြန်မှုတို့ကိုသာ တွေ့ရမည်။ ထိုအခါတွင် –

ဤခန္ဓာသည် သူသူ ငါငါ ထင်ကြသည့် ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ ဘာမျှမဟုတ် – တစ်ကိုယ်လုံး မရပ်မနား နည်းမျိုးစုံနှင့် ဖောက်ပြန်ပြောင်းလဲနေသော သဘောတို့သာ ဧကန်ဟုတ်သည်။ နေရာမရွေး အကဲခတ်ကြည့်ပါ။ ခန္ဓာ၏ ပင်ကိုယ်သဘာဝ ပရမတ်ကို သိလိုသော နလုံးသွင်းမှန်လျှင် ဤသဘောတရားမှလွဲ၍ အခြားဘာမျှမရှိ၊ ဘာမျှမတွေ့နိုင်။

'နာမရူပမတ္တတော ဥဒ္ဓံအညောသတ္တောဝါ
ပုဂ္ဂလောဝါ နတ္ထီတိနိဋ္ဌံ ကစ္ဆတိ' (ဝိသုဒ္ဓိမဂ် - ၂၂၈)

ဆိုလိုသော အဓိပ္ပါယ်မှာ မိမိ၏ ပရမတ်သဘောတရားစုဖြစ်သော ခန္ဓာကိုယ်အတွင်းသို့ သိတတ်သော ဉာဏ်မှန်နှင့် ကြည့်ကပရမတ်ဟို့ ရှိနေသောနေရာသို့ အမှန်အတိုင်း ကြည့်သဖြင့်ပရမတ်ကို သိကမြင်က မှန်ပေသည်။ ပရမတ်သဘောတရားကိုကြည့်ပါလျက် ပုဂ္ဂိုလ်သတ္တဝါ မိန်းမ ယောကျ်ားဟု မြင်ကမှားပေသည်။ အလွန်မှားသည်။ မိမိခန္ဓာသည် မိမိတို့အမိဝမ်းတွင်း၌အကောင်အထည်ဟူ၍ မဖြစ်မီ ရေမှုန်ရေမွှားစတင်သည်မှပရမတ်ကစသည် ထို့ကြောင့် ဤခန္ဓာ၏ မူလပိုင်ရှင် အစစ်သည်ပရမတ်ဖြစ်ကြောင်း ဉာဏ်လေ့လာလေ အမှန်တွေ့မည် အမှန်ဟုသိမည်။ ယခု ကျွန်ုပ်တို့ ဤခန္ဓာကို လေ့လာ သောအခါ တွေ့ရသမျှသိရသမျှတို့သည် အမှန်တရား ပရမတ်တို့သာဟု အမှန်သိသမ္မာဒိဋ္ဌိ ဖြစ်ပေသည်။

"အနိစ္စညေဝ ဘိက္ခဝေဘိက္ခုရူပံ အနိစ္စန္တိပဿတိ
သာဿဟောတိ သမ္မာဒိဋ္ဌိ"
(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် - ၄၂)

'ချစ်သားတို့ ပင်ကိုယ်က ဖောက်ပြန်ပျက်စီးနေသော အမှန်သဘောတရားကို ရှုသော သိသောသူသည် ထိုသဘောတရားတို့ ဖောက်ပြန်ပျက်စီးသည်ကို မြင်အံ့သိအံ့၊ ထိုအသိ ထိုအမြင်သည် ခန္ဓာသဘော အမှန်ကို လေ့ကျင့်အားထုတ်သူအတွက်မှန်သော အသိ မှန်သောအမြင်ဖြစ်၏' ဟု ဟောထားသည်။ ဖောက်ပြန်သဘောတို့နှင့် ဖွဲ့စည်းထားသော ခန္ဓာကိုအမှန်အတိုင်း သိတတ်သော ဉာဏ်သည် ဖောက်ပြန်သဘော

အရှိကို အရှိအတိုင်း 'ဖောက်ပြန်မှု ဖောက်ပြန်နေတယ်' ဟု သိက ခန္ဓာ၏ ပကတိသဘောကို ပကတိအတိုင်း သိခြင်းဖြစ်လေသည်။'

## ဘာဝိတာ ဗဟုလီကတာ

ခန္ဓာကို ဉာဏ်နှင့် လေ့လာရေးလုပ်နေသော ယောဂီအတွက် ခန္ဓာ၏ အမှန်တရားကို အမှန်အတိုင်း သိနေသည်ဖြစ်အံ့၊ တိုက်ရိုက် ဆိုရသော် 'ဖောက်ပြန်မှု တို့ဟုသိအံ့ အမှန်သိဖြစ်လေပြီ၊ မြတ်စွာဘုရားသည် ရှေးဦးစွာ အမှန်သိရန် တိုက်တွန်းသည်၊ အမှန်တရား ဖောက်ပြန်မှုသည် ဤမျှသာလော၊ မဟုတ်ပါ ဤခန္ဓာတစ်ခုလုံးသည် ဤသို့ ပူ အေး နွေးရှိန် နှင့် ဖောက်ပြန်သည့် နည်းတူအခြားနေရာတို့၌လည်း ထုံကျင် – ရွ – မွ စသည်ဖြင့်လည်း ဖောက်ပြန်နေသည်။ ဤသို့သောနည်းဖြင့် မိမိခန္ဓာနှံ့အောင် ဉာဏ်ဖြန့်ကြည့်ပါက ဖောက်ပြန်မှုဟူသော တည်မြဲမ်ခိုင်မာမှုမရှိသော ဖောက်ပြန်မှု သဘောတရားစုတို့သာ အမှန်အတိုင်းရှိနေသော ခန္ဓာပါလား၊ ဖောက်ပြန်မှု သဘောတရားဆိုသည်မှာ ဤခန္ဓာတစ်ခုလုံး၏ အမှန်တရားစုတို့ ဖြစ်ကြောင်း သိလာမည်။

ယင်းသို့ ခန္ဓာတစ်ကိုယ်လုံး ပျံ့နှံ့အောင် ဉာဏ်နှင့် ရှုကြည့်တိုင်း နည်းမျိုးစုံနှင့် တစ်ကိုယ်လုံး မရပ်မနား ဖောက်ပြန်မှုသဘောတရား တို့ပဲဟု တစ်ကိုယ်လုံး အပေါ်မှာ အသိခိုင်မာလာသောအခါ "ဘာဝိတာ ဗဟုလီကတာ" ဟူသော "ပွားများနေပါ ကြိမ်ဖန်များစွာ သိနေပါ" ဟု မြတ်စွာဘုရားတိုက်တွန်းတော်မူထားခြင်းသည် ခန္ဓာသံသရာ ပြတ်ရေးတွင် အဓိကဖြစ်ကြောင်း နောင်တွင် သိလာရသည်။ ခန္ဓာ၏ အမှန်သဘော ဖောက်ပြန်မှုတို့ကို ခန္ဓာ၏ ပင်ကိုယ်

သဘာဝဟု တစ်ကိုယ်လုံး၏ အရှိကို ရှိသည့်အတိုင်း သဘောပေါက်သော ယောဂီအတွက် 'ဤခန္ဓာ၏ သဘောတရား အမှန်သည် အမှန်အတိုင်း ရှိနေသောကြောင့် ဤခန္ဓာကိုယ်သည် 'ငါမဟုတ် သူ မဟုတ်တာအမှန်' ဟု ယုံကြည်ချက်ဝင်လာမည်။ ဤသို့ ကိုယ်တိုင်ခန္ဓာပေါ်၌ ကိုယ်တိုင်သိသော ယောဂီမှာ ဤကိုယ်ခန္ဓာ ပေါ်တွင် ယခင်ကနှင့် မတူသော အသိထူး ဉာဏ်ထူး ဖြစ်လာသည်။ မှန်၏ ဤခန္ဓာမျိုးသည် ဘုံသုံးပါးတွင် ပြုခဲ့သော ကံက ပို့ဆောင်သောအတိုင်း ခန္ဓာတစ်ပါးရသည့်ဘဝ၊ ခန္ဓာလေးပါး ရသည့်ဘဝ၊ ခန္ဓာငါးပါး ရသည့်ဘဝများစွာ မည်သည့်ဘုံ မည်သည့်ခန္ဓာမျိုး ရသည့်ဘဝမှ – မိမိခန္ဓာ၏ သဘာဝအမှန်ကို အမှန်အတိုင်း သိခဲ့ရသော ဘဝဟူ၍ မရှိခဲ့၊ လုံးဝမရှိခဲ့ကြောင်း ယခု ခန္ဓာကိုယ်ကို လေ့လာသိရှိသော ဉာဏ်က ရဲရဲ ပြောဝံ့သည်။

ယောဂီ၏ ခန္ဓာကို မျက်ခြေမပြတ် လေ့လာသော ဉာဏ်သည် ခန္ဓာ အပေါ်၌ ယခင်ကနှင့် မတူသော အသိပြောင်းလာမည်။ 'ငါပဲ သူပဲ စွဲရင်သာစွဲသည်၊ ငါလဲ မဟုတ်သူလဲမဟုတ်ပါလား' 'မိန်းမ ယောကျ်ား အစွဲမှားရင်သာ မှားသည်။ မိန်းမယောကျ်ား မဟုတ်တာ တော့အမှန်' ဟု အမှန်အတိုင်း သိနေသော ယောဂီသည် မိမိ ကိုယ်တိုင်သိနေသော အသိအပေါ်၌ 'တကယ်ပဲ' ဟု သံသယ ကင်းလာသည်။ ဉာဏ်ထူး လာသည်။

ယင်းသို့ ခန္ဓာ၏ သဘောတရားအမှန်ကို အရင်းကျကျ သိနေပါက ပရမတ်ဖြစ်သော အမှန်သဘာဝမည်သည် – ၎င်း၏ လက္ခဏာအတိုင်း သွားမြဲတိုင်းသော ပရမတ်တို့၏ လမ်းစဉ်အတိုင်း တစ်ရွေ့ရွေ့နှင့် ပျက်စီး ချုပ်ပျောက်နေသော သဘောတို့ကို

ပထမတွင် စမ်းတစ်ဝါးဝါး တွေ့မည်။ အစိပ္ပါယ်မှာ ပျက်နေသည် ဆိုသည်ကို ထင်ထင်ရှားရှား တစ်ထစ်ကျ ယုံကြည်မှုမပါသေးခြင်းပင် ဖြစ်သည်။ သဘောအမှန်ကား ဖောက်ပြန်သော သဘောတရား ဟူသည် ဖြုန်းကနဲ ဖြစ်ပေါ်လာပြီး နောက် မပြောပလောက်စရာ လွန်စွာ တိုတောင်းသော အခိုက်အတံ့ ကာလခဏလေးများဖြင့် ပျက်ဆဲဖြစ်၍ တည်နေမှုကို 'ဌီ' ဟူ၍ငင်း၊ 'ဇရာ' ဟူ၍ငင်း ဆိုသည်။ ဖြုန်းကနဲ ပေါ်လာပြီးနောက် ဖြတ်ကနဲ ချုပ်ပျောက်သွားမှုကို 'ဘင်'ဟူ၍ ငင်း၊ 'အနိစ္စ' ဟူ၍ငင်း ဆိုသည်။

## အပျက်ဆိုတာဘာလဲ

'ဝိပဿနာစကားပြောကြားရာတွင် ဖြစ်ပျက်ဟူ၍ ငင်း၊ အပျက် ဟူ၍ငင်း၊ အနိစ္စဟူ၍ငင်း ပြောကြဆိုကြသည်။ ထိုအပျက်ဟူသော သဘောသည် အဘယ်နည်း' ဟု မေးချေက သူ့နည်းသူ့ဟန်နှင့် အမျိုးစုံအောင် မိမိတို့အထင်အမြင်အတိုင်း ပြောကြပေလိမ့်မည်။ ကြားရဖန်လည်းများလှပြီ၊ အချို့ကျတော့လည်း –

"အပျက်ဆိုတာ သိနိုင်ပါတယ် – အခုပူတယ်လို့ရှိနေတယ်၊ အဲနောက်တော့ ပူတာတွေ ဖြည်းဖြည်းနဲ့ ပျောက်သွားတာ အဲဒါ ပျက်တာပဲမဟုတ်လား။"

"နို့အဲဒီပူတာကြီးမပျောက်တော့ အပျက်မရှုဘူးလား။"

"အဲဒီလို ပူတာမပျောက်တော့လဲ အပျက်မရှုဘူး၊ ဝေဒနာပဲ ရှုတာပေါ့။"

ဤကား ကျွန်ုပ်တို့၏ ဝိပဿနာနယ်က စကားစစ်စစ်ဖြစ် ပေသည်။ မည်သို့ သင်ကြားနားလည်လာကြသည် မသိပေ ။ ထို့အပြင် –

"ပရမတ်သဘောတရားကို မရှုဘူးလား၊"

"အို ပရမတ်ဆိုတာ ကိုယ်သိနိုင်တာမှ မဟုတ်ပဲ ဘုရား ရဟန္တာများ မှ သိသတဲ့၊"

"ဒါဖြင့် ပရမတ်မရှုဘူးဆိုရင် ပညတ်ရှုနေသလား၊"

"ပညတ်လဲ မဟုတ်ပါဘူး ဝိပဿနာဖြစ်ပျက်ပဲ ရှုနေတာ"

ဆက်မေး၊ ဆက်ဆွေးနွေးကပို၍ ပို၍ လုံးလည်လိုက်တော့မည်ကို သိသဖြင့် ရပ်လိုက်ရသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသနာ၏ ဝိပဿနာ နယ်တွင် ယထာဘူတ အခြေခံဉာဏ်ဖြစ်အောင် ပြုပြင်ပေးရမည့် ယောဂီစာရင်းဝင်မှာ နည်းအံ့မထင် 'ဖြစ်ပျက်ဆို၍ ဖြစ်ပျက်ရှုသည် – ဘာကို ဖြစ်ပျက်ဟူ၍ မသိဖြစ်နေသည်၊ အပျက်ဆို၍ အပျက်ရှု သည်၊ ဘာပျက်နေသည်မသိ၊ ဝေဒနာဆို၍ ဝေဒနာရှုသည် ဝေဒနာ ဟူသည် ဘာကိုမှန်းမသိချေ၊ ကျွန်ုပ်တို့အဖို့ သာသနာစိတ်မည်မျှ ရှိစေကာမူ၊ မတတ်နိုင်ပါ၊ သက်ဆိုင်ရာ ဆရာသမားများ၏ သင်ပြမှုပေါ်မှာ တည်နေသည်။ ယခုဆွေးနွေးတင်ပြသော ယောဂီအား – ၎င်း၏ ဆရာ သမားကိုသာ ပြန်၍ လျှောက်ပြရန် တိုက်တွန်းလိုက်ရသည်။

အပျက်ဆိုသည်မှာ ခန္ဓာ၏ကိစ္စဖြစ်သည်။ ခန္ဓာကို လေ့လာအကဲ ခပ်သော ဉာဏ်သည် ခန္ဓာပရမတ်၏ သဘောလက္ခဏာဖြစ်သော 'ဖြစ်ပျက်' ကို တွေ့မည်၊ ဖြစ်သဘော ဟူသည် အဘယ်နည်း – ပရမတ်သဘောတရားတို့၏ လက္ခဏာဖြစ်၍ "ရုပ်"၏ သဘော 'ဖောက်ပြန်ခြင်း'သည် ဖြစ်သဘောပင်၊ ထိုဖြစ်ဟူသော 'ရူပဿ သမုဒယော' သည် ထိုဖောက်ပြန်သဘော 'ဖြစ်' ဟု သိပြီးသည်နှင့် မိမိကအပျက်ဟု မရှုနိုင်မီ ၎င်းဖြစ်သဘောက 'ရူပဿအတ္ထင်္ဂမော' နှင့် ချုပ်ပျက်သွားလေသည်။ အမှန်ကား ထိုဖြစ်လာသော

ဖောက်ပြန်မှုကို အာရုံစိုက်၍ သိနေခိုက် သဘာဝတရားသည် အရှိန်အဟုန်ပြင်းစွာနှင့် သူ့ကိစ္စ၊ သူ့တာဝန်အရ သူပျက်သွားသည် ကား – သဘာဝပရမတ် တို့၏ ထုံးစံဖြစ်၍ ကျွန်ုပ်တို့၏ ရှုဉာဏ်သည် မည်သို့မျှ မီအောင် မလိုက်နိုင်ပေ။

သဘာဝတရားတို့ဖြစ်ခြင်းကို ဣတိရူပသသမုယယော–'ဖြစ်'

သဘာဝတရားတို့ပျက်ခြင်းကို ဣတိရူပသအတ္တင်္ဂမော–'ပျက်'

ဤသည်ကို ပေါင်း၍ ဖြစ်ပျက်ဟုပြောသည်။ ဖြစ်ပျက်ရှုသည်ဟု ဆိုသည်၊ သဘောတရားသည် ဖြစ်တစ်ချက်, ပျက်တစ်ချက်၊ ဤနှစ် ချက်တို့ကို အသိတစ်ခုတည်းနှင့် သိ၍မရ, ရှု၍ မရဖြစ်သည်။

'ဖြစ်' သဘောကို ရှုခြင်း သိခြင်းသည် ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်၏။

'ပျက်' သဘောကို ရှုခြင်း သိခြင်းသည် သဿတဒိဋ္ဌိကို ပယ်နိုင်၏။ ဟု ဝိသုဒ္ဓိမဂ်က ဆိုသည်။ ဖြစ်ပျက်ရှုသည် ဆိုခြင်းမှာ သဘာဝတရားတို့ရဲ့ လက္ခဏာကို ပေါင်းပြောခြင်းသာဖြစ်၍ တရား ရှုသောယောဂီအတွက် ပေါင်းရှု၍မရပေ။ ဖြစ်သည် သဘောတစ်မျိုး၊ ပျက်သည် သဘောတစ်မျိုး ပုံစံမှာ – ယောဂီသည် ခန္ဓာ၌ – 'ပူ – အေး – နွေး – ရှိန်' စသော သဘောကို သိနေ၏။ 'ဖောက်ပြန် နေတယ်, ဖောက်ပြန်တဲ့သဘော' ဟု ရှု၏။ (ဣတိ ရူပသသမုဒယော) ဖောက်ပြန်မှုသဘောတရားတို့ ဖြစ်နေမှုကို သိခြင်းဖြစ်၍ ကြာလာ သောအခါ အရှု ကြာလာသောအခါ ထိုဖောက်ပြန်သော သဘာဝ တရားမျိုးစုံကို အရှုအသိများလာသော ဉာဏ်သည် ခန္ဓာသဘာဝ တရားအပေါ်၌ ကြီးစွာသောသမာဓိစိတ်ဖြင့် ရင့်ကျက်သော ဉာဏ်က ခန္ဓာ၌ ဖြစ်နေ ရှိနေသော ဖောက်ပြန်မှု သဘောတရားတို့ သည် ချုပ် – ပျောက် – ပျက်စီးနေတဲ့ သဘောတွေ ပါလား ဟု

(ဣတိရူပဿအတ္ထင်္ဂမော) ဖြစ်လာသော ဖောက်ပြန်မှု တို့၏ ပျက်သွားမှုကို သိနေခြင်းဖြစ်သည်။ ခန္ဓာသဘာဝသည် ဖြစ်ပြီး ပျက်သွားသော သဘောတရား မှန်သော်လည်း ရှုသော သိသော ယောဂီ၏ ကိုယ်တိုင်သိမှု ဉာဏ်ဖြစ်မည်။ ဖြစ်သဘောသည် အကြောင်း အထောက်အပံ့ကြောင့်ဖြစ်၍ ပျက်သဘောသည် ထောက်ပံ့မှု ရုပ်သိမ်း က ချုပ်ငြိမ်းသောသဘောဖြစ်၍၊ မတူသော ဆန့်ကျင်မှုတို့ဖြစ်၍၊ တစ်ပေါင်းတည်းတွဲ၍ ဖြစ်ပျက်ရှုမရ၊ ဤခန္ဓာတွင် ရှုသိရသော ဖောက်ပြန်မှု တို့သည် ဖြစ်စေသော အကြောင်း အထောက်အပံ့ ကြောင့် ဖြစ်၏။

၁ – ကံ အကြောင်း အထောက်အပံ့ကြောင့် ကမ္မဇရုပ်တို့
(ကမ္မသမုဒယာ ရူပသမုဒယော) " ဖြစ် "
၂ – စိတ် အကြောင်း အထောက်အပံ့ကြောင့် စိတ္တဇရုပ်တို့
(စိတ္တသမုဒယာ ရူပသမုဒယော) " ဖြစ် "
၃ – ဥတု အကြောင်းအထောက်အပံ့ကြောင့် ဥတုဇရုပ်တို့
(ဥတုသမုဒယာ ရူပသမုဒယော) " ဖြစ် "
၄ – အာဟာရအကြောင်း အထောက်အပံ့ကြောင့် အာဟာရဇရုပ်တို့ (အာဟာရသမုဒယာ ရူပသမုဒယော) " ဖြစ် "

ယင်းသို့ အထောက်အပံ့ကြောင့် ဆိုင်ရာဆိုင်ရာဖောက်ပြန်မှုတို့သည် ထောက်ပံ့မှုအကြောင်း ရုပ်သိမ်းကလည်း –

၁ – ကံ အကြောင်းထောက်ပံ့မှုရုပ်သိမ်းက ကမ္မဇရုပ်တို့
(ကမ္မနိရောဓာ ရူပနိရောဓော) ဖြင့် ' ပျက် '
၂ – စိတ် အကြောင်းထောက်ပံ့မှုရုပ်သိမ်းက စိတ္တဇရုပ်တို့
(စိတ္တနိရောဓာ ရူပနိရောဓော) ဖြင့် ' ပျက် '

၃ – ဥတု အကြောင်းထောက်ပံ့မှု ရုပ်သိမ်းက ဥတုဇရုပ်တို့
(ဥတုနိရောဓ ရူပနိရောဓော) ဖြင့် ' ပျက် '
၄ – အာဟာရ အကြောင်းထောက်ပံ့မှု ရုပ်သိမ်းက အာဟာရဇရုပ်
တို့ (အာဟာရနိရောဓ ရူပနိရောဓော) ဖြင့် ' ပျက် '
နေကြသည်။ ဆိုင်ရာအကြောင်းထောက်ပံ့မှုကြောင့် ဖြစ်လာသော သဘာဝတရားသည် ထိုထောက်ပံ့မှုရုပ်သိမ်းသည်နှင့် ချက်ချင်းပင် ပျက်နေရကား ဖြစ်ပျက်ဟူ၍ တစ်ခါတည်း ပေါင်းမရှုနိုင်ပေ။ တစ်ကိစ္စစီဖြစ်သည်။

သို့ရာတွင် ခန္ဓာတွင်ဖြစ်ရှိနေသော သဘောတရားတို့မှာ – ဖြစ်ပြီးလျှင် ထိုနေရာ၌ပင် ချုပ်ပျက်လေသော သဘောတရားဖြစ်သည်။ ဒေသနာတော်အရသာ ပြောရသည်။ ကျွန်ုပ်တို့ ဉာဏ်နှင့် သိမိနိုင်သည်မဟုတ်။ အမှန်ကား ဖြစ်လာသော ဖောက်ပြန်မှုကို ဖောက်ပြန်နေတယ်ဟု သိနေသော ကြိမ်ဖန်များစွာ ဖောက်ပြန်မှုကို စူးစိုက်သိနေသော ယောဂီသည် ယင်းသို့ သိနေရသော ဖောက်ပြန်မှု၏ ' ဖြစ် ' သဘောကို သိနေရာမှ ထိုဖောက်ပြန်မှုတို့ မရှိတော့သည်ကို ' မရှိ ' ဟု သိခြင်းသည်ပင် ' ပျက် ' သဘောဖြစ်ရာ ခန္ဓာသဘာဝ၏ ဖောက်ပြန်ဖြစ်ရှိကို သိနေရာမှ ထိုသဘောတို့ ပျက်သွားသည်ကို ရှုမိ သိမိတော့သည်။

ဤသဘောကို ဉာဏ်ကပ်လေ့လာလေ့ကျင့်ခြင်း ဉာဏ်မျက်ခြေမပြတ်အားထုတ်ခြင်းကြောင့် ရိပ်မိသိရှိထားသော ယောဂီမှာ – နောက်တစ်ကြိမ်တွင်မူ ဖောက်ပြန်မှု သဘောတရား စတင်တွေ့ရှိပြီးသည်နှင့် ထိုသဘောတရားတို့ ချုပ်ပျက်သွားသည်ကို တန်းတန်းမတ်မတ် ရှုနိုင်တော့သည်။

(မှတ်ချက် – ဤကိစ္စတွင် ကျွန်ုပ်တို့ စာသဘော, ဒေသနာ သဘောကို ဘာသာပြန်ဖော်ပြနေသည်မဟုတ်။ အလုပ်တကယ် လုပ်သဖြင့် တကယ်ဉာဏ်ရောက်လျှင် တကယ်တွေ့သိရချက်ကို ရလိုသိလိုသော ယောဂီသူတော်ကောင်းများအားတက် ဝမ်း မြောက်ပါစေရန် အလုပ်လက်တွေ့ကို ဖော်ပြခြင်းဖြစ်ပေသည်။)

ဤသည်တို့မှာ အစွန်းလွတ်သော မဇ္ဈိမပဋိပဒါ မဂ္ဂင်ဉာဏ်သည် ခန္ဓာ၏ ပင်ရင်းသဘောအမှန်ကို မည်သို့မှ ပြုပြင်ဖန်တီး၍ လုပ်ကြံ မရှုရပဲ – ခန္ဓာ၏ ပင်ရင်းကိလေသာ မဖြစ်သည့် ပရမတ်သဘော တရားအမှန်ကို ပင်ကိုယ်အတိုင်း သိပုံကို မေးမြန်းခဲ့သော် –

မေး – ' ဖောက်ပြန်တတ်သော သဘောကို သိသလား – သိလျှင် ဘယ်လိုသဘောပေါက်သလဲ ' –

ဖြေ – ' သိပါသည်၊ ဘယ်နည်းနှင့်မျှ ငြိမ်သက်ခိုင်မာမှုမရှိဟု သဘောပေါက်ပါသည် '

မေး – 'ဖောက်ပြန်သောသဘောသည် အစဉ်အမြဲ ရှိနေသလား'

ဖြေ – 'ဖောက်ပြန်လျက် ပျက်လျက် အမြဲဖြစ်နေပါသည်'

မေး – 'ဖြစ်ပျက်ရှုသည်ဆိုရာတွင် ဘယ်သဘောတရားတို့ ဖြစ်ပျက်ကို ရှုပါသလဲ' –

ဖြေ – 'ဖောက်ပြန်သဘောသည် ရုပက္ခန္ဓာ၏ 'ဖြစ်'သဘော ဖြစ်၍ ထိုဖြစ်လာသော သဘောတရားတို့ ထုံးစံလမ်း ကြောင်းအတိုင်း ပျက်သွားသည်ကို မြင်မှ ' အပျက် ' ရှု ပါသည်။ ဖြစ်ပျက်ဟူ၍ တစ်ခါတည်း ရှု၍ မရပါ '

ဤအတိုင်း တရားစစ်သောအခါ ဖြေနိုင်သော ယောဂီမှာ မြတ်စွာ ဘုရား၏ သတိပဋ္ဌာန် သာသနာလုပ်ငန်းတွင် အမှန်ကန်ဆုံး

သော ဉာဏ်အမြင်ရသဖြင့် လက်ခမောင်းခတ်ထိုက်ပေပြီ။ အကြောင်းကား – ပဥ္စဝဂ္ဂီတို့အား ဗုဒ္ဓဘုရားက မေးသဖြင့် ဖြေကြပုံနှင့် တူညီနေသော ကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့၏ အသိကို ပဥ္စဝဂ္ဂီတို့၏ အထောက်အထားကို ယူနေသည်မဟုတ်၊ ပဥ္စဝဂ္ဂီတို့၏ အဖြေကို မိမိတို့ တွေ့သိသော သဘောအရ ထောက်ခံခြင်းသာဖြစ်သည်။ ပဥ္စဝဂ္ဂီတို့သည် ခန္ဓာတွင်သိသော ဉာဏ်နှင့် ဖြေကြသည်ဟုလည်း မိမိတို့က အကြွင်းမရှိယုံကြည်ထားပြီး ဖြစ်သည်။ ပဥ္စဝဂ္ဂီတို့သည် ဖောက်ပြန်မှုတို့၏ အပျက်ကို ကျွန်ုပ်တို့ သိသောအံ့သိထက် များစွာသာလွန်ပေလိမ့်မည်။ အဘယ့်ကြောင့် ဟူမူ ပဥ္စဝဂ္ဂီတို့သည် ထိုသို့ဖြေနေချိန်တွင် 'သောတာပန်အရိယာ ကြီးများ ' ဖြစ်ပြီးသောကြောင့်ပါတည်း။

## အပျက်ရှုသျှောင်ဆင်းရဲမြင်

ခန္ဓာကို ဉာဏ်ရောက်၍ ဖောက်ပြန်မှုတို့ကို ကပ်၍ သိနေစဉ် – ထိုဖောက်ပြန်ဖြစ်မှုတို့ ချုပ်ပျောက်သည်ကို မြင်သဖြင့် ၎င်းတို့သည် ပျက်နေသည်ဟု ဉာဏ်မှာ သိလိုက်ရပြီးလျှင် ၎င်းအပျက်ကို ဆက်ကာ ဆက်ကာ သိနေရသော အသိဉာဏ်တွင် တစ်ပျက်တည်း ပျက်နေ သော အပျက်စုကြီးပါတကားဟု အပျက်စဉ်ကြီးကိုသာ သိသော ဉာဏ်၌ ဆင်းရဲခန္ဓာဆင်းရဲသံသရာကြီးဟု ခန္ဓာတွင် အသိဖြစ်လာ ချိန်၌ မြတ်စွာဘုရားက –

'အကြင်ဖောက်ပြန်သော သဘောတရားသည် မမြဲသဖြင့် ပျက်နေသည်။ ထိုသဘောတရားသည် ဆင်းရဲသလား, ချမ်းသာ

သလား’ ဟူသော မြတ်စွာဘုရား၏ အမေးကို ပဉ္စဝဂ္ဂီတို့က -

‘ ဆင်းရဲပါဘုရား ’ ဟု လျှောက်သည်ကား ခန္ဓာဉာဏ်ရောက် သောယောဂီတိုင်း ဤအတိုင်းလျှောက်ကြမည်သာဖြစ်သည်။ ပရမတ်၏ လက္ခဏာသဘောတရားလမ်းစဉ်သည် ဤသို့သာ သွား နေသည်။ သူ့သဘောလမ်းကြောင်းအတိုင်း လိုက်သိနေသော မဇ္ဈိမ ပဋိပဒါ သမ္မာဒိဋ္ဌိ အသိဉာဏ်မှန်လာလျှင် ဤအသိမှ ပြောင်းရွှေ့ ဖြေဆို၍ မရချေ။ ထိုအပျက်ကိုမြင်၍ ဆင်းရဲကို သိသည်မှာ ဉာဏ်ကိစ္စ ဖြစ်သည်။ ရုပ်နာမ် ခန္ဓာပရမတ်သည် ဖြစ်ပြီး ပျက်နေသည်။ သည့် အပြင် ဘာမျှမရှိ။ ထိုပျက်နေသည့် ခန္ဓာသဘာဝကို သိသော ဉာဏ်ကသာ -

‘ဒီလိုတစ်ပျက်တည်း ပျက်နေတာ ဆင်းရဲပါလား ’ ဟု ခန္ဓာ၏ အပျက်ကို သံဝေဂပါသော ဉာဏ်ကသိမှုဖြစ်သည်။ ထို့ကြောင့် သစ္စာ ခန်းတွင် ‘သစ္စပဋိဝေဓ’ ဟုဆိုသည်။ ဤရှုဉာဏ် အသိသည် ဉာဏ်၏ ခန္ဓာအမြင်တွင် ထိုးထွင်းလာသော ကိစ္စဖြစ်သည်။ ခန္ဓာက ဒုက္ခ ပြသည် မဟုတ်။ ခန္ဓာ၏ ပင်ကိုယ်အပျက်သဘောကို ယူစရာမရှိ, ရစရာ မရှိအောင် သိမြင်နေရသဖြင့် ခန္ဓာ၏ ပင်ကိုသဘောကို အလွန်သံဝေဂ ဖြစ်၍ သံသရာတစ်ခွင်တွင် ခန္ဓာအစဉ် ဖြစ်တတ်သော ဤရုပ်နာမ် အပေါ်တွင် သိနေရာမှ သံသရာဘဝတိုင်း ဖြစ်ရသော ခန္ဓာဒုက္ခကို ထိတ်လန့်ကြောက်ရွံ့လာသည်။ ခန္ဓာရခြင်းသည် ဆင်းရဲရခြင်း, ဆင်းရဲ ဖြစ်ခြင်း, ဆင်းရဲအစုအပုံ, ဆင်းရဲတုံး ဆင်းရဲခဲ ချမ်းသာဟူ၍ မြူမျှပင် မပါသက်သက် ဆင်းရဲသာဟူသော ဟောတော်မူချက်ကိုလည်း သဘော ပေါက်လာမည်။

ဤသည်မှာ ခန္ဓာနာမ်ရုပ်က ဖြစ်ပျက်ကိစ္စသာ ဖြစ်သော်လည်း ၎င်းကို သိသောဉာဏ်၏ သံသရာဘေးက လွတ်မြောက်ရန် ဉာဏ်ရင့်လာသော အချိန်တွင် ဖြစ်သည်။ ယင်းဉာဏ်အမြင်ရင့်သန်လာသော ပစ္စဝေက္ခဏာတို့က 'ဒုက္ခံဘဏ္ဍေ' ဆင်းရဲပါဘုရား ဟု လျှောက်ကြသည်မှာ လိုက်လိုက်လှဲလှဲ ဉာဏ်ဖြင့် သိနေရသည်ကို ရင်ဖွင့်လျှောက်ထားကြခြင်းဖြစ်လေသည်။

## ဆင်းရဲမြင်ကာ ခိုးမရ

မဇ္ဈိမပဋိပဒါဟူသော ဉာဏ်လုပ်ငန်းသည် တစ်မျိုးပြီးတစ်မျိုး ရှာဖွေတည်ထွင်၍ လုပ်သိရသော အလုပ်မျိုးမဟုတ်သဖြင့် အခြေခံ အမှန်ဖြစ်သော 'ရုပ် နာမ်' သဘောကို ပရမတ်ကျကျ ဉာဏ်သိရသော အလုပ်ဖြစ်သောကြောင့် အခြေခံ ပရမတ်ဖြစ်သည့် 'ရုပ်'ဟူသော ဖောက်ပြန်မှုကို ဖြစ်စေ 'နာမ်' ဟူသော သိမှုကိုဖြစ်စေ၊ သတိနှင့် ကပ်၍ ဉာဏ်ပညာနှင့် သိနေရသော တစ်ခုတည်း တစ်မျိုးတည်းသော လမ်းစဉ်ဖြစ်သည်။ ပရမတ်ခန္ဓာ၏ သဘာဝသည် အပျက်သာ ဖြစ်၍ ဉာဏ်သည် အပျက်တစ်ခုတည်းကိုသာ ဦးတည်ချက်ထားပြီး သိနေက ကြာလျှင် ဆက်တိုက်အပျက်ချည်းသာ သိနေရကား ရစရာမရှိအောင် ပျက်နေသဖြင့် ဆင်းရဲကို ဉာဏ်ထိုးထွင်းသိလာမည်။ ထိုအပျက် ထိုဆင်းရဲကိုပင် ထပ်ကာထပ်ကာ အကဲခပ်သိနေသော ယောဂီ၌ –

'ချစ်သားတို့ အကြင်သဘောတရားသည် မမြဲသော အပျက်ဖြစ်၏။ ထိုပျက်မှုသည် ဆင်းရဲဖြစ်၏ ဟု သင်တို့သိပြီ။ ထိုပျက်၍ ဆင်းရဲနေသော ပြောင်းလဲ ဖောက်ပြန်ခြင်းသဘောတရားကို ဧါ – ဧါ့ဥစ္စာပဲ – ဧါ့အမာခံ အနှစ်သာရပဲ

ဟု သုံးသပ်စွဲယူခြင်းငှါ သင့်လျော်ပါမည်လော' ဟု မြတ်စွာ ဘုရား မေးတော်မူလျှင် ပဉ္စဝဂ္ဂီတို့က –

'မခိုင်မမြဲသဖြင့် ပျက်နေသော,ပျက်နေသဖြင့် ဆင်းရဲသော, အပျက်နှင့်တကွ ဆင်းရဲသော ဤသဘောတရားကို ငါ့ဥစ္စာ ဟူ၍ ငါ၏အမာခံ အနှစ်သာရဟူ၍ သိမြင်သုံးသပ် စွဲယူ ခြင်းငှါ လုံးဝမသင့်တော်ပါဘုရား' ဟု

တဏှာမာနဒိဋ္ဌိပြတ်ကြောင်းကို လျှောက်ထားကြလေသည်။ ပရမတ် ဖြစ်သောသဘောတရားသည် သူ့လမ်းစဉ်အတိုင်း ပျက်သွားသည်ကို သိသော ဉာဏ်၌ ဆင်းရဲထင်လာလျှင် ထိုသဘောကို ငါ၏ ပစ္စည်း – ငါ့ဥစ္စာ ဟု ထင်စရာ လုံးဝမရှိချေ။ ရစရာမရှိအောင် ပျက်နေသည်ကို သိသော ဉာဏ်သည် မိမိဥစ္စာ ဘယ်မှာ ရှိသနည်း၊ ပျက်နေသည်ကို သဘောဉာဏ်မြင်လေလေ 'ငါ' ဟူသော အတ္တစွဲ၍ မရလေလေ ဖြစ်သည်။ အမှန် ကျဆိုရမူ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ဆိုသည်မှာ အကောင်အထည်အခိုင်အမာမှတ်မှုပေါ်တွင်ဖြစ်ရာ ယခုခန္ဓာသဘာဝသည် အကောင်အထည်အခိုင်အမာ ဘာမျှမရှိ သော အပျက်တို့ ဆင်းရဲနေသော သဘောကို ဉာဏ်ရောက်သော အခါတွင် မိမိအနေနှင့် တားမရ, ဆီးမရ, ကန့်ကွက်တားမြစ်၍ မရလေသောကြောင့် အနတ္တ သူ့သဘောဖြစ်လေသည်။ ငါ့ဥစ္စာ ငါ့သဘောဟု မည်သို့မျှ မှတ်သား ၍မရပေ။

ရုပ်နာမ်တို့၏ ပျက်နေသော သဘောတရားသည် 'အနိစ္စ'

ရုပ်နာမ်တို့၏ ပျက်နေသော အနိစ္စသည်ပင်လျှင် 'ဒုက္ခ'

ရုပ်နာမ်တို့၏ ထိုအပျက်အနိစ္စ, ဆင်းရဲဒုက္ခသည်ပင်လျှင် 'အနတ္တ' ဟု ဉာဏ်သက်ရောက်သော အခြေအနေအရ ဆင့်ကာ

ဆင့်ကာ ဖြစ် သွားလေသည်။ အဓိပ္ပါယ်မှာ ရုပ်နာမ်သဘာဝတရားတို့၏ အပျက်ကိုသိမှ အနိစ္စဖြစ်သည်။ အနိစ္စဟူသော အပျက်များများ မြင်လာမှ ဒုက္ခ ထင်လာသည်။ ယင်းသဘောတို့၏ အနိစ္စအပျက် , ဒုက္ခဆင်းရဲကို ကြာကြာဉာဏ်မိမှ အစိုးမရသော သူ့သဘော အနတ္တဖြစ်၍ ၎င်းတို့ကို သိသော ဉာဏ်က မဂ်ဝင်လာမည်။

အနိစ္စဟူသော အပျက်ကို ကြာကြာ ကြပ်ကြပ် မမြင်ပဲ ခန္ဓာ၏ သဘာဝဆင်းရဲကို မသိပေ၊ ဆင်းရဲကို ကြပ်ကြပ်သဘောမပေါက်ပဲ အစိုးမရသော အနတ္တကို မသိနိုင်ရကား အပျက်ကို အသိဉာဏ် ရင့်လောက်အောင် မသိပဲ 'ဆင်းရဲဟု, ရှုနေသည်မှာ တရားသဖြင့် အစဉ်အတိုင်း ဉာဏ်တက်မှုမဟုတ်ပဲ လုပ်ယူလုပ်ရှုသော သဘောသာဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဆောင်ပုဒ်ပုဒ်တွင် –

– အပျက်ရှုလျှင်၊ ဆင်းရဲမြင်၊ ဤတွင် သူ့သဘော၊
– ဖြစ်ပျက်ဆင်းရဲ ၊ ရှုလေမြဲ ၊ ဒါလဲ သူ့သဘော၊
– အပျက်မမြင် ၊ ဆင်းရဲထင် ၊ ရှုလျှင် လုပ်သဘော၊ ဟူ၍ စပ်ဆိုထားရာ –

ပထမဆောင်ပုဒ်တွင် အပျက်ရှုလာသော ဉာဏ်သည်၊ ဆင်းရဲကို သိမြင်လာမည်ဖြစ်၍ အနတ္တပေါ်လွင်အောင် 'အနိစ္စေနဝါ' ဟူသော အနိစ္စအချက်နှင့် ဖော်ထားသည်။

ဒုတိယဆောင်ပုဒ်တွင် အပျက် , ဆင်းရဲ နှစ်ခုတွဲ၍ ရှုသော အားဖြင့် 'အနိစ္စဒုက္ခေဟိဝါ' အရ အနတ္တထင်ရှားအောင် ဟောကြောင်း ဆိုထားသည်။

ယင်းသို့သော ပရမတ်တရားတို့သည်၊ အပျက် , ဆင်းရဲ, အစိုး မရသော လက္ခဏာတို့သို့ ဉာဏ်အဆင့်ဆင့်ရ၍ ရောက်လာရမည့် သဘော အတိုင်း မဟုတ်ပဲ၊ ရုပ်နာမ်ပရမတ်တို့၏ အပျက်သဘောကို ဉာဏ်ရောက်အောင် မရှုပါပဲ ကြာကြာထိုင်မှုကြောင့် ညောင်းလာ သောဆင်းရဲ – ကိုက်လာသော ဆင်းရဲ – ထုံကျင်လာသော ဆင်းရဲ – မခံသာသော ဆင်းရဲ စသည်တို့ကို ရှုနေသိနေက ပရမတ်အပျက် လမ်းစဉ်မှ လာသော ဆင်းရဲမဟုတ်ပဲ လုပ်ယူသော ကြားဖြတ် ဆင်းရဲ, လုပ်ဆင်းရဲသာဖြစ်၍ အနတ္တ – သူ့သဘောမဟုတ်ပဲ လုပ်ယူသော သဘောသာဖြစ်ကြောင်း တတိယ ဆောင်ပုဒ်က ပြညွှန်ထားသည်။

## ပရမတ်အနိစ္စ

ပရမတ္ထသဘာဝဖြစ်သော ရုပ်နာမ်ခန္ဓာ၏ ပင်ရင်းသဘောကို သိရန် မဇ္ဈိမပဋိပဒါ မဂ္ဂင်ဉာဏ်ဖြင့် လေ့လာလေ့ကျင့်လိုသော ယောဂီ သည် 'ရုပ်' ဟူသော ဖောက်ပြန်မှုတစ်ခုကို ရှေးဦးစွာ သိအောင် သတိကပ်ထားပါ။ ကြာကြာ သတိကပ်ထားသောအခါ ထိုဖောက်ပြန် ပြောင်းလဲသော သဘောတရား၏ ဇာတိသဘောနှင့် ဖြစ်မှု၊ မရဏ သဘောနှင့် ပျက်မှုတို့ကို ကြာလေ သိလေသိလာလိမ့်မည်။ ၎င်းတို့၏ ဖြစ်မှု ပျက်မှုတို့သည်လည်း အလွန်လျှင်မြန်သည်ကိုသာ ဉာဏ်ကခြုံ၍ လိုက်သိနေမည်။ ပရမတ်သဘောတရားတို့၏ ဖြစ်မှု ပျက်မှုလျှင်မြန် ပုံမှာ –

'ဥဒကေဒဏ္ဍရာဇီဝ၊ အာရဂ္ဂေရိဝသာသပေါ၊
ဝိဇ္ဇုပ္ပါဒေါဝမ္ဘာတော၊ ပရိတ္တဋ္ဌာယိနောသိယုံ။

တေစမ္မာကို ထိုရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်၊ ဥဒကေ – ရေအပြင်၌၊ ဒဏ္ဍရာဇိဝ – တုတ်လုံတံဖြင့် ရေးခြစ်သော အရေး အကြောင်းကဲ့သို့၎င်း၊ အာရဂ္ဂေ – အပ်နဖူးဖောက်သော စူးဖျား၌၊ သာသပေါက္ကဝ – တင်ကာခဏချက်ခြင်းကျရသော မုန်ညင်းစေ့ကဲ့သို့ ၎င်း၊ ဝိဇ္ဇုပ္ပါဒေါဝ – တိမ်တိုက်နှစ်ခုတိုက်ရာတွင် လက်ကနဲ ပေါ်လာပြီး ချက်ချင်းချုပ်ပျောက်တတ်သည့် လျှပ်လက်လိုက်သကဲ့သို့၎င်း၊ ပရိတ္တ ဌာယိနော – လွန်စွာ တိုတောင်းလှသော တစ်ခဏသာ တည်နိုင် ကုန်သည်၊ သိယုံ – ဖြစ်ကုန်၏။ ဟူ၍ ရေးအဋ္ဌကထာတို့အဆိုအရ – ရေအပြင်တွင် တုတ်လုံတန်တစ်ခုနှင့် ရေးခြစ်လိုက်သောအခါ တုတ်လုံ တန်သည် ရေပြင်ကို ထိဆဲခဏ၌သာ ရေပြင်၌ အရေး အကြောင်း ဖြစ်ပေါ်လာပြီး တုတ်ကို သိမ်းယူလိုက်သောအခါ ရေပြင်တွင် အရေး အကြောင်းမကျန်တော့သကဲ့သို့၎င်း၊

အပ်နဖားဖောက်သော စူးသည် အလွန်သေးငယ်လှ၏။ ထိုစူးဖျား ပေါ်သို့ မုန်ညင်းစေ့ကို တင်လိုက်သောအခါ စူးဖျားပေါ်သို့ တည့်တည့် မတ်မတ် ကျခိုက်အခါတွင်သာ တင်သည်ဟု ဆိုရ၍ တစ်ခဏချင်း ရွေ့လျားလိမ့်ကျသွားသကဲ့သို့၎င်း၊ ပထဝီဝါယော နှစ်ခုသော ဓာတ်တို့ လွန်ကဲမှုကြောင့် ကောင်းကင်အပြင်တွင် တိမ်နှစ်ခုတို့ တိုက်မိကြရာတွင် ချက်ချင်းပင် လျှပ်စစ်ဓာတ်သည် ဖြတ်ကနဲ ပေါ်လာပြီးနောက် ချက်ချင်းပင် ကွယ်ပျောက်လျက် အနိစ္စသဘောဖြစ်သကဲ့သို့၎င်း။

ထို့အတူ ယခုပစ္စုပ္ပန်ကာလတွင် ထင်ရှားလက်ငင်းအာရုံငါးပါး အကြောင်းတရားတို့ကြောင့် သိမှုဟူသောနာမ်တရားတို့သည်လည်း

လျှပ်စစ်ပြက်လိုက်သောကာလခဏ ကလေးအချိန်မှာ အခါအကြိမ် ပေါင်းကုဋေတစ်သိန်းမျှလောက် အဟောင်းတွေချုပ်ပျောက်လျက် အသစ်သစ် ဖြစ်ပေါ်ကာ နေကြသောကြောင့် ရေ၌ ရေးသော အရေး အကြောင်းသည် မမြဲသကဲ့သို့ငှင်း၊ စူးဖျား၌ တင်လိုက်သော မုန်ညင်း စေ့သည် မမြဲသကဲ့သို့ငှင်း၊ တိမ်နှစ်ခုတိုက်သဖြင့် ပေါ်လာသော လျှပ်စစ် ရောင်သည် မမြဲသကဲ့သို့ငှင်း၊ တစ်စက္ကန့်မျှ ခိုင်မြဲခြင်းမရှိသော အနိစ္စ တရား, သင်္ခတတရား, ပဋိစ္စသမုပ္ပန္နတရား, ခယတရား, ဝယတရား, ဝိရာဂတရား, နိရောဓတရား တို့သာတည်း။

ထိုဖောက်ပြန်သော သဘောတရားတို့သည်လည်း မျက်စိ တစ်မှိတ်၊ လျှပ်တစ်ပြက်အခါမှာပင် ကုဋေပေါင်းများစွာ ချုပ်တတ် ပျက်စီးတတ်သော သဘောတို့ဖြစ်၍ အဟောင်းများစွာ ချုပ်ပျောက် လျက် အသစ်အသစ် ဖြစ်ပေါ်ကာနေကြသောကြောင့် တစ်စက္ကန့်မျှ လောက်ပင် အစဉ်ထာဝရခိုင်မြဲစွာ မတည်တံ့နိုင်ကြပဲ တစ်ဖြစ်တည်း ဖြစ်ပြီးနောက် ချက်ချင်းချုပ်ပျောက်ကြသည့်အတွက် ခိုင်မြဲခြင်းမရှိ သော အနိစ္စတရား၊ ကံ-စိတ်-ဥတု-အာဟာရ တည်းဟူသော အကြောင်းလေးခု ပြုပြင်မှုရှိကြသော သင်္ခတတရား၊ ယင်းသင်္ခတ တည်းဟူသော အကြောင်းလေးခုကို အစွဲအမှီရမှ ဖြစ်ပေါ်လာ တတ်သော ပဋိစ္စသမုပ္ပန္နတရား၊ ဖြစ်ပေါ်ပြီးသည့်နောက် ချက်ချင်းပင် ကုန်ပျောက်တတ်သော ခယတရား၊ ပျက်စီးတတ်သော ဝယတရား၊ ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပင် ပျောက်တတ်ကင်းတတ်သော ဝိရာဂတရား၊ ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပင် ချုပ်ငြိမ်းတတ်သော နိရောဓတရားစသော အရပ်ရပ်သော ကျမ်းဂန်များ၏ ဆိုမိန့်

ကြသော အနိစ္စသဘောကိုပင်လျှင် အမျိုးမျိုးသော ပရိယာယ်ပုဒ်တို့ဖြင့် လဲလှယ် ပြဆိုတော်မူကြကုန်၏။

ရုပ်နာမ်ပရမတ်ဟူသော တရားတို့သည် အကြောင်းအခွင့်တိုက်ဆိုင်မှ ခဏချင်းဖြစ်၍ ခဏချင်းပျက်သွားတတ်သော အာဂန္တုက တရား – တဒင်္ဂတရား – တစ်ခဏတရားတို့သာ ဖြစ်ကြလေသည်။ ၎င်းတရားတို့တွင် ရုပ် ဟူသော ဖောက်ပြန်မှုကလည်း သူ့ကိစ္စနှင့်သူ ပျက်နေသဖြင့် နာမ်ဟူသော သိမှုကို ဂရုမစိုက်နိုင်၊ နာမ်ဟူသော သိမှု သည်လည်း သူ့ကိစ္စနှင့်သူ ပျက်နေသဖြင့် ရုပ်ဟူသော ဖောက်ပြန်မှုကို အကူအညီမပေးနိုင်၊ သမုဒ္ဒရာ ပင်လယ်တွင်း၌ သဘော်ပျက်သကဲ့သို့ ရှိချေသည်။

ထိုရုပ်နာမ်ဟူသော သဘောတရားတို့သည် သင်္ခါရဟူသော ပြုပြင်စီမံမှု ရှိပါမှ ဖြစ်ပေါ်ခွင့်ရကြသော အာဂန္တုက, တဒင်္ဂ, တစ်ခဏတရားတို့သာ ဖြစ်ကြသည့်အတွက် ကံ–စိတ်–ဥတု–အာဟာရဟူသော အနိစ္စတရားတို့ကြောင့်သာ ဖြစ်ပေါ်လာရသော ဤရုပ်နာမ်တရားနှစ်ပါးသည် အဘယ်မှာလျှင် တည်တံ့ခိုင်မြဲသော သဘောရှိပါမည်နည်း။ ထို့ကြောင့် –

> 'ရူပံဘိက္ခဝေ အနိစ္စံ၊ ယောပိ ဟေတု၊ ယောပိပစ္စယော
> ရူပဿ ဥပ္ပါဒါယ၊ သောပိအနိစ္စော၊ အနိစ္စသမ္ဘူတံ
> ဘိက္ခဝေ ရူပံ၊ ကုတောနိစ္စံ ဘဝိဿတိ။'

(ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော် သဟေတုအနိစ္စသုတ် – ၂၀)

ဘိက္ခဝေ – ချစ်သားတို့၊ ရူပ – ဖောက်ပြန်မှုသဘောတရားသည်၊ အနိစ္စံ – ဖောက်ပြန်ဖြစ်ပျက်နေသည့် တွက်ကြောင့် မြဲပြီ၊

ဘိက္ခဝေ–ချစ်သားတို့၊ ရူပဿ–ဖောက်ပြန်မှုသဘောတရား၏၊ ဥပ္ပါဒါယ – ဖြစ်ပေါ်ရခြင်းငှါ၊ ယောပိဟေတု – အကြင်ဖောက်ပြန်သဘောကို ဖြစ်ပေါ်စေတတ်သော၊ ကံ – စိတ် – ဥတု – အာဟာရ တည်းဟူသော ဇနကအကြောင်းသည်ဇင်း၊ ယောပိပစ္စယော–အကြင်ထောက်ပံ့တတ်သော ကံ–စိတ်–ဥတု–အာဟာရ တည်းဟူသော ဥပထမ္ဘကအကြောင်းသည်ဇင်း၊ အတ္တိ – အကြောင်း မချုပ်သမျှ တစ်ရွရွ–တစ်မွမွ ရှိနေကြ၏။ သောပိ–ထိုအကြောင်းအထောက်အပံ့ မကင်းသရွေ့ ရှိနေကြသော ဖောက်ပြန်မှု၊ သိမှုသဘောတရားနှစ်ခုတို့သည်လည်း၊ အနိစ္စော–ဖောက်ပြန်ဖြစ်ပျက်နေသည့်တွက်ကြောင့် မမြဲပြီ။ ဘိက္ခဝေ – ချစ်သားတို့၊ အနိစ္စသမ္ဘူတံ – ဖြစ်ချုပ်ကြိမ်ဖန်အတန်တန်တို့ကြောင့် ဧကန်မမြဲသော သဘောတရားဟု ဆိုအပ်သော၊ ရူပံ–ဖောက်ပြန်မှုသဘောတရားစုသည်၊ ကုတောနိစ္စံ ဘဝိဿတိ – အဘယ်မှာလျှင် ခိုင်မြဲတည်တံ့စွာ ဖြစ်ပါလိမ့်မည်နည်း။ (ဝေဒနာ–သညာ–သင်္ခါရ–ဝိညာဏ်တို့လည်း ဤနည်းအတူသာတည်း)

## ပရမတ်ကြည့်မှ အမှန်သိရ

မြတ်စွာဗုဒ္ဓ၏ သာသနာနယ်တွင် အဓိကဖြစ်သော သူမတူသည့် မဇ္ဈိမပဋိပဒါ လမ်းစဉ်ဉာဏ်အမြင်တွင် ဖောက်ပြန်မှု သိမှု ဉာဏ် ရောက်မှုမှ စ၍ ခန္ဓာပေါ်တွင် အမှန်မြင်ရာ၌ – ပညတ်အားဖြင့် – ငါကောင်သူကောင် ပုဂ္ဂိုလ်သတ္တဝါ မိန်းမယောကျ်ားစသည်များဟု ပုထုဇ္ဇန်နယ် – ဉာဏ်မကျယ်သူတို့ ခေါ်ဝေါ်သုံးစွဲနေသော သဘောတို့သည် သမုတိသစ္စာဟူသော

ပညတ်တို့သာ ဖြစ်ကုန်၏။ ထိုပညတ် တို့သာ လောကက သတ်မှတ် သုံးစွဲနေကြသဖြင့် အဟုတ်အမှန်ဟု မှတ်ထင်နေကြကုန်သည်။ အထင်အားဖြင့် ရှိသည်ဟု စွဲမှတ်ပြောဆို ကြလေကုန်သည်။

သမုတိအားဖြင့် ဟုတ်မှန်သည်ဆိုသော်လည်း ပရမတ္ထအမှန်သိ တတ်သော ဉာဏ်နှင့် ကြည့်လျှင်ကား ဧကန်မုချမရှိကြောင်းကို မြတ်စွာ ဘုရား လက်တွေ့ကျကျ အနုရာဓရဟန်းကို စစ်ပြရာ၌ –

'(တံကိံ မညသိ အနုရာဓ ရူပံ နိစ္စံဝါ အနိစ္စံဝါ)'
'အနုရာဓ–ခန္ဓာမှာ ဉာဏ်နှင့် ကြည့်ထားဖောက်ပြန်နေတဲ့ သဘောသည် မြဲသလား , မမြဲဘူးလား '
(အနိစ္စံ ဘန္တေ)
'မြတ်စွာဘုရား ဖောက်ပြန်သော သဘောတရားသည် မမြဲပါဘုရား'
(ယံပနာနိစ္စံ၊ ဒုက္ခံဝါ တံသုခံဝါ)
'ထိုမမြဲသော ဖောက်ပြန်မှုသည် ဆင်းရဲလား ချမ်းသာလား' (ဒုက္ခံ ဘန္တေ)
'မြတ်စွာဘုရားဖောက်ပြန်သဖြင့် ပျက်နေသော သဘော သည် ဆင်းရဲပါဘုရား –'
(ယံပနာနိစ္စံ ဒုက္ခံဝိပရိဏာမဓမ္မံ။ လ ။ ဧသောမေအတ္တာတိ)
အကြင်ဖောက်ပြန်မှုသဘောတရားသည် ပျက်နေသည်။ ပျက်နေသဖြင့်လည်း ဆင်းရဲ၏။ ထိုပျက်နေသော – ပျက်သဖြင့် ဆင်းရဲသော ထိုဖောက်ပြန်မှုကို ငါ့ဉစ္စာပဲ–ငါပဲ ငါ၏ အနှစ်သာရ အခိုင်အမာအတ္တပဲဟူ၍ စွဲယူခြင်းငှါ ထိုက်ပါမည်လော – '

(နောဟေတံ ဘန္တေ)
'မြတ်စွာဘုရား အကြင်ဖောက်ပြန်မှုသဘောတရားသည် ပျက်နေပါသည်။ ပျက်နေသဖြင့်လည်း ဆင်းရဲပါသည်။ ထို ပျက်နေသော ပျက်နေသဖြင့်ဆင်းရဲသော ထိုဖောက်ပြန်မှု ကိုငါ့ဥစ္စာ ဟူ၍၊ ငါဟူ၍၊ ငါ၏ အနှစ်သာရအခိုင်အမာ အတ္တ ဟူ၍ စွဲယူခြင်းငှါ လုံးဝမထိုက်ပါဘုရား'

လေ့လာကြည့်ပါ။ အနုရာဓရဟန်းသည် ခန္ဓာသဘာဝကို ဉာဏ် လေ့လာရေး မလုပ်ရသေးသဖြင့် သတ္တဝါပုဂ္ဂိုလ် ပညတ်အမှတ်သာ မှတ်ထားသဖြင့် ပုဂ္ဂိုလ် သတ္တဝါ အမှတ်အသားနှင့် တိတ္ထိတို့နှင့် စကား ပြောရာတွင် အမှန်သဘာဝကို အမှန်မသိသဖြင့် မဖြေရှင်းတတ်သော ကြောင့် မြတ်စွာဘုရားထံ လာရောက်လျှောက် ထားရာတွင်မှ မြတ်စွာ ဘုရားက ခန္ဓာစစ်တမ်းထုတ်ပြခြင်းဖြစ်သည်။ ဆက်လက်၍ မြတ်စွာ ဘုရားက –

(တံကိံ မညသိ အနုရာဓ ရူပံတထာဂတော တိသမနုပဿတိ)
'အနုရာဓခန္ဓာကို သတိထားကြည့်ပါ – ဖောက်ပြန်နေသော သဘောတရားကို သတ္တဝါ, ပုဂ္ဂိုလ်ဟု ရှုသလား–သတ္တဝါ ပုဂ္ဂိုလ် လို့ ဆိုမလား – '
(နော ဟေတံ ဘန္တေ)
'ဖောက်ပြန်သဘောသည် ဖောက်ပြန်နေသော သဘောတရား သာ ဖြစ်၍ သတ္တဝါ ပုဂ္ဂိုလ်မဟုတ်ပါ – '
(ဝေဒနာ–သညာ–သင်္ခါရ–ဝိညာဏ်အားလုံး မေးသည်)
(အနုရာဓ–ဖောက်ပြန်မှုသဘောတရားအတွင်း၌ ကောသတ္တဝါ ကို ရှုနိုင်သလား, မြင်နိုင်သလား)
'ဖောက်ပြန်မှုသဘောတရားအတွင်း၌လည်း သတ္တဝါကို

မတွေ့ပါ – မမြင်ပါဘုရား – ’
(အညတြရှုပါ – )
‘အနုရာဓ ဖောက်ပြန်မှုသဘောတရား၏ အပြင်ဖက်၌လည်း သတ္တဝါ ရှိသလား ’
(နောဟေတံဘန္တေ)
‘မြတ်စွာဘုရား ဖောက်ပြန်မှု သဘောတရားအပြင်တွင်လည်း သတ္တဝါ မရှိပါ’
(တံကိံမညသိအနုရာဓ – ရူပံ – ဝေဒနာ –သညာ –သင်္ခါရ – ဝိညာဏံ တထာဂတောတိ သမနုပဿတိ)

‘အနုရာဓ–ခန္ဓာသဘာဝကို ကြည့်ပါ–ဖောက်ပြန်မှု ခံစားမှု မှတ်မှု – ပြုပြင်မှု – သိမှု – ခန္ဓာငါးခုအပေါင်း အစုကို သတ္တဝါဟု ရှုနိုင်သလား – မြင်နိုင်သလား ’
(နောဟေတံဘန္တေ) ‘မြတ်စွာဘုရားခန္ဓာတစ်ခုစီတွင် သတ္တဝါ ပုဂ္ဂိုလ်မရ မရှိပါပဲ – ခန္ဓာငါးခုပေါင်းစုရာ၌လည်း သတ္တဝါ ပုဂ္ဂိုလ် မရ မရှိပါ ဘုရား’
(ဧတ္ထစ တေအနုရာဓ ဒိဋ္ဌေဝဓမ္မေ ။လ။ နဟောတိ တထာဂတော ပရံမရဏာ)
‘အနုရာဓရဟန်း – ဤယခုမျက်မှောက် အခြေအနေတွင်ပင် အမှန်အားဖြင့် အဟုတ်အားဖြင့် သတ္တဝါဟူ၍ မမြင်မတွေ့မရ အပ် မသိရပါပဲလျက် – သတ္တဝါသည် သေပြီးသည်နောက် ဖြစ်သည်၊ မဖြစ်သည်၊ ဖြစ်သည်လည်းရှိသည်၊ မဖြစ်သည်လည်း ရှိသည်၊ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ် – စသော စကားမျိုး ပြောဆိုဆွေးနွေး ငြင်းခုန်ကြခြင်းသည် သင့်ပါမည်လော’ (နောဟေတံဘန္တေ) ‘လုံးဝမသင့်လျော်ပါ ဘုရား’ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အနုရာဓသုတ် – ၉၄ )

ယခုအနုရာဓရဟန်းကို မြတ်စွာဘုရား ဤပုဂ္ဂိုလ်သတ္တဝါ ထင်မြင် နေကြသော ခန္ဓာ၏ သဘာဝအပေါင်းအစုကို - ပင်ကိုယ်ခန္ဓာ၏ သဘာဝ အရှိသဘော ပရမတ်ကို အရှိအတိုင်း သိမည့်မဇ္ဈိမပဋိပဒါ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ဖြင့် ကြည့်က ကိလေသာ အစွန်းဖြစ်သည့် ပညတ် အမှတ်အစွဲတို့သို့ မကပ်မထိသော မဇ္ဈိမပဋိပဒါ အလယ်လမ်းကြောင်း မှ ပရမတ် အမှန်သဘာဝတို့ ရှိနေသော ခန္ဓာတွင် -
ဖောက်ပြန်မှု သဘောစု '
'ခံစားမှု သဘောစု '
'မှတ်သားမှုသဘောစု '
'ပြုပြင်စေ့ဆော်မှုသဘောစု '
'သိမှု သဘောစု ' တို့သာ ရှိသဖြင့် မိမိတို့ ရှုကြည့်မည့် မည်သည့်သဘာဝကို ရှုရှု အမှန်ရှိသည့်အတိုင်း အမှန်ကိုသိက မြတ်စွာဘုရား၏ သာသနာတော်တွင် အမှန်ကို အမှန်အတိုင်း သိသော ယထာဘူတဉာဏ်' ဖြစ်လေသည်။

အနုရာဓရဟန်းအား မြတ်စွာဘုရားသည် ဤခန္ဓာတွင် 'ရုပ်' ဟူသော သဘောတရားကို စတင်၍ မေးသည်။ ချစ်သား အနုရာဓ ခန္ဓာတွင် ဖောက်ပြန်မှုသဘောတရားကို သိသလား' ဟု မေးတော်မူရာ - မြတ်စွာဘုရား၏ ကိုယ်တော်တိုင် မေးတော်မူလျှင် ခန္ဓာပေါ်တွင် ဉာဏ်မျက်ချေပြုတ်မခံဝံ့သော အနုရာဓက မှန်ပါသိပါသည်။ ယင်းသို့ သိလျှင် ထိုဖောက်ပြန်မှု၏ သဘော တရားလမ်းကြောင်းအပျက်ကို မေးရာ အနိစ္စံ ဘဝေနေ့ ပျက်နေပါသည် ဘုရားဟု လျှောက်ရာ - မှန်သည်ခန္ဓာ၏ သဘာဝတရားမှန်က - မည်သူက သိသည်၊ မသိသည်၊ ရှုသည် မရှုသည်ခန္ဓာ၏ သဘာဝ

ကား ပျက်နေသည်သာတည်း၊ ကျွန်ုပ်တို့လည်း ခန္ဓာ၏ ပင်ရင်း ဖောက်ပြန် သဘောသာ ဉာဏ်ရှုးစိုက်က ပျက်သဘောသည် သူ့ကိစ္စ သူဆောင် ရှက်သောအနေနှင့် ပျက်နေသည်ကား – ဝိပဿနာ ပရမတ်ဉာဏ် မှန်လာလျှင် မသိမရှိသိပါသည် အဆက်မပြတ် သိဖို့သာလိုသည် –

အနုရာဓ ရဟန်းသည် မြတ်စွာဘုရား၏ခန္ဓာစစ်တမ်းကို မှန်ကန်စွာ ဖြေပြလျှောက်ထားနိုင်ရန် ခန္ဓာသိသော ဉာဏ်မျက်ချေမပြတ်ဝံ့ရကား – မြတ်စွာဘုရားက ' ဖောက်ပြန်မှုသည် ပျက်နေသည်ကို သိက ထိုဖောက်ပြန်မှုသဘောစုသည် သတ္တဝါလား' ဟု မေးရာ ဖောက်ပြန်ပျက်စီးနေသည်ကိုသာ သိနေသည်မှန်က သတ္တဝါပုဂ္ဂိုလ်မဟုတ်ကြောင်း အနုရာဓ ရဟန်းဖြေသည့်အတိုင်း ဖြေနိုင်ကြသည်။ ယင်းသို့သော သဘာဝတရား ဖောက်ပြန်ပျက်စီးနေသော သဘောသည် သတ္တဝါမဟုတ်ရုံသာမဟုတ် ရှုရကြည့်ရသည်ကပင် သိသောအသိ၌ ဆင်းရဲလှပါသည်။

ကျွန်ုပ်တို့၏ ခန္ဓာတွင် အကောင်းအဆိုးချမ်းသာဆင်းရဲစသည်တို့ ခံစားတတ်သော ဝေဒနာဟူသော တရားလည်း ခန္ဓာငါးပါးအစုအပုံ ငါးခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းခံစားမှုဟူသည် ကောင်းသော ဣဋ္ဌာရုံနှင့် တွေ့လျှင် ချမ်းသာသော ခံစားမှု (သုခဝေဒနာ) ဖြစ်၍ မကောင်းသော အနိဋ္ဌာရုံနှင့် တွေ့လျှင် (ဒုက္ခဝေဒနာ) ဆင်းရဲသော ခံစားမှုသည် တွေ့သော အာရုံအလိုက် ဖြစ်တတ်သော အမှန်တရား များဖြစ်၍ မည်သူကမှ အမိန့်ပေးဖန်တီးမရသော ပရမတ္ထသဘာဝ တရားဖြစ်၍ ဖောက်ပြန်မှုသဘောတို့ ပျက်နေသော သဘောချည်း တွေ့နေက သိရသော အသိသည် ဆင်းရဲဖြစ်သည်။

ခန္ဓာ၏ ပင်ကိုသဘာဝကို ကြည့်ပါ –

'ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ အယံရူပဿအာဒီနဝေါ'

ယံရူပံ – အကြင်ဖောက်ပြန်မှုသည်၊ အနိစ္စံ–ပျက်သော သဘော ရှိ၏၊ ဒုက္ခံ–ဆက်ကာ ဆက်ကာ ပျက်တတ်စွာကြောင့် ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ – မျိုးစုံ ဖောက်ပြန်ပြောင်းလဲဟန်ကြောင့် ဇကန် မတည်ငြိမ်သော သဘောလည်း ရှိ၏။ ဤသဘောတရားတို့ သည်ဖောက်ပြန်မှုသဘောစု၏ အဖြစ်တည်း' ဟု သတ္တဋ္ဌာန သုတ်တွင် ဟောဖော်ထားရာ ခန္ဓာ၏ ပင်ကိုယ်သဘာဝ အမှန်ကိုက (အာဒီနဝ) အပြစ်ချည်းတည်း ဤအပြစ်ဟူသော ခန္ဓာသည် ခန္ဓာဟူ၍ စတင်ဖွဲ့စည်းသည့်မှစ၍ ဖြစ်ရှိနေသော အပြစ်တို့ဖြစ်သည်။ ဤခန္ဓာ၏ ပင်ရင်းအမှန်ကို သိပါသည်ဆိုသော ယောဂီတို့မှာ ဤခန္ဓာပေါ်တွင် သိစရာကား သိရမည်ကား ခန္ဓာ၏ အာဒီနဝ – ပင်ကိုယ်အပြစ်သာ တွေ့ရမည် သိရမည်ဖြစ်သည်။

## ဥပေက္ခာနည်း

ဝိပဿနာ သတိပဋ္ဌာန်လုပ်ငန်းတစ်ရပ်လုံးသည် ကိလေသာ အစွန်းဖက်အသိဉာဏ်မရောက်ရသော မဇ္ဈိမပဋိပဒါမဂ္ဂင်လမ်းစဉ် ဖြစ်လေသည်။ ဤမဇ္ဈိမပဋိပဒါမဂ္ဂင်သည် အမှန် ရှိသော ခန္ဓာ၏ ကိလေသာဖြစ်ခွင့်မရသော ပရမတ်ကို ပရမတ်အတိုင်း အမှန်ကို အမှန်အတိုင်း အစွမ်းကုန် သိပြီးသဖြင့် မိမိလေ့လာ လေ့ကျင့် လျက်ရှိသော ခန္ဓာ သံသရာ၏ ပင်ကိုယ်သဘာဝ ဒုက္ခသစ္စာကို ဒုက္ခ သစ္စာမှန်းကိုယ်တိုင် သိလာသော ဉာဏ်သည် ဒုက္ခခန္ဓာ ဆင်းရဲ သံသရာကို စွန့်ပြီး မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုသည်အထိ ဝိပဿနာ လုပ်ငန်းတစ်လျှောက် လုံး ဤမဇ္ဈိမပဋိပဒါ မဂ္ဂင်ဉာဏ်၏

အလုပ်ချည်းသာ ဖြစ်၍ ခန္ဓာတွင် ဥဒယဗ်ရောက်မှုကိစ္စကား – ပြောမကုန် ရေးမကုန် ဖြစ်နေပါသော်လည်း ယခုအဖွဲ့၏ အဓိကမှုဘောင် – ၄ ချက်၊ ခန္ဓာမှာ မသိမသာဖြစ်သော ရှုသိရမည့် ကန့်သတ်ချက်များ ပြည့်စုံရန် ဖော်ပြပြီးမှ ဝိပဿနာ လုပ်ငန်းတွင် အဓိကဖြစ်သော မဇ္ဈိမပဋိပဒါ ရှင်းလင်းဖော်ပြဦးမှာ ဖြစ်၍ ယခုတတိယမှု ဘောင်ဖြစ်သော ဥပေက္ခာနည်းကို ဖော်ပြပေအံ့။

## ဝေဒနာနုပဿနာ

သတိပဋ္ဌာန်ဝိပဿနာ ရှုရာတွင် ဝေဒနာနုပဿနာ ရှုပုံရှုနည်းသည်လည်း ရှုရမည့် အရှုခံခန္ဓာ (ဝေဒနာက္ခန္ဓာ) ခန္ဓာငါးပါးထဲက တစ်ပါးဖြစ်၍ ဝိပဿနာ ရှုရာတွင် ထင်ရှားသော ရှုကွက်တစ်ကွက်လည်း ဖြစ်သည်။ ဝေဒနာ နုပဿနာသတိပဋ္ဌာန်ကို မြတ်စွာဘုရား ဟောတော်မူရာ၌ ဝေဒနာဟူသော ခံစားမှုနှင့် ပတ်သက်၍ (၉) မျိုး ဟောထား၏။ မြတ်စွာဘုရားသည် ခံစားမှုနှင့် ပတ်သက်၍ ရသင့်သော ဝေဒနာပေါင်း (၁၀၈) မျိုးထိအောင် ဟောသော်လည်း အလုပ်သဘော လည်း သက်ရောက် ကျွန်ုပ်တို့လည်း နားလည် သဘောပေါက်သည့် ဝေဒနာမှာ သုခ ဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ အားဖြင့် သုံးမျိုးသာ ရှိပေသည်။ ဝေဒနာနုပဿနာ ဟူသည်မှာလည်း –

“ဝေဒနာသု ဝေဒနာနုပဿနာ ဘာဝေန္တော သတော” ဟူ၍ – သတိဂရုစိုက်မှုပြုသော ခံစားမှုအစုဖြစ်သော (ဝေဒနာက္ခန္ဓာ) ခံစားမှု အစုကို ပွားအောင် များများသိအောင် ပွားနေသော သတိထား လေ့ကျင့်မှုဟူ၍ မဟာနိဒ္ဒေသပါဠိတော်တွင် ဖော်ညွှန်းထားသည်သာ မဟုတ်သေး – မဟာသတိပဋ္ဌာန်၏ ပင်ရင်းဖြစ်သော

ဝေဒနာနုပဿနာ သတိပဋ္ဌာန်တွင်လည်း စတင်၍ –

ဘိက္ခဝေ – ချစ်သားတို့၊ ဣဓ – ဤငါဘုရား အဆုံးအမ သာသနာတော်၌၊ ဘိက္ခု – သံသရာကို ဘေးဟု မြင်တတ် ယောဂီမြတ်သည်၊ သုခံဝေဒနံ – ချမ်းသာခံစားမှုကို၊ ဝေဒယ မာနော၀ါ – ခံစား၍နေစဉ်မှုလည်း၊ သုခံ ဝေဒနံ–ချမ်းသာခံစား မှုကို၊ ဝေဒယာ မီတိ–ခံစားသည်၊ ခံစား၏ ဟူ၍၊ ပဇာနာတိ – သိ၏။ ဒုက္ခံဝေဒနံ – ဆင်းရဲခံစားမှုကို၊ ဝေဒယမာနော၀ါ – ခံစား ၍ နေစဉ်မှုလည်း၊ ဒုက္ခံ ဝေဒနံ – ဆင်းရဲခံစားမှုကို၊ ဝေဒယာမီတိ – ခံစားသည့် ခံစား၏ဟူ၍၊ ပဇာနာတိ – သိ၏။

အဒုက္ခမသုခံ ဝေဒနံ –ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ခံစားမှုကို၊ ဝေဒယမာနော၀ါ – ခံစား၍ နေစဉ်မှုလည်း၊ အဒုက္ခံ မသုခ ဝေဒနံ – ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ခံစားမှုကို၊ ဝေဒယာမီတိ – ခံစားသည်။ ခံစား၏ဟူ၍၊ ပဇာနာတိ – သိ၏။

ဤမြတ်စွာဘုရား ဟောသော ပါဠိတော် ဟောချက်ကို မိမိတို့သဘော ပေါက်သလို အချို့သော ဆရာတို့က 'မြတ်စွာဘုရား ကိုယ်တော်တိုင်က ချမ်းသာခံစားရင် ချမ်းသာခံစားတယ်၊ ဆင်းရဲ ခံစားရင် ဆင်းရဲခံစား တယ်လို့ ရှုရန် မြတ်စွာဘုရား ဟောတော်မူ သဖြင့် – ချမ်းသာတယ်၊ ချမ်းသာတယ်၊ ဆင်းရဲတယ်၊ ဆင်းရဲတယ်' လို့ ရှုတာ ဝေဒနာ နုပဿနာပါပဲ' ဟု ပြောဟောကြသည်။

ဝေဒနာဟူသည်ကား … ခံစားမှုနာမ်ပရမတ် (ဝေဒနာ စေတသိက်) အနုပဿနာဟူသည်မှာ ရှုပွားခြင်း၊ ကျွန်ုပ်တို့၏ ခန္ဓာငါးခုတွင် ဝေဒနာက္ခန္ဓာ ခံစားမှုအစုတို့ရှိ၍ ကျွန်ုပ်တို့ ရှုသည် ဖြစ်စေ၊ မရှုသည်ဖြစ်စေ ခံစားမှုသည် ပင်ကိုယ်သဘာဝအနေနှင့်

ရှိနေသည်သာ အဋ္ဌကထာကလည်း –

"တတ္ထကာမံ ဥတ္တာ န သေယျကာပိ ဒါရကာ
ထညပိဝနာ ဒိကာလေ သုခံဝေဒယမာနာ –
သုခံ ဝေဒနံ ဝေဒယာမာတိပဇာနန္တိ၊ နပနေတံ ဇဝရှုပံ ဇာနနံ
သန္ဓာယ ဝုတ္တံ" (သတိပဋ္ဌာန်အဋ္ဌကထာ – ၃၆၄)

တတ္ထ–သုခံဝေဒနံ ဝေဒယမာနာအစရှိသော ပါဠိ၌၊ ဥတ္တာ န သေယျကာ ပက်လက်အိပ်တတ်ကာမျှ ဖြစ်ကုန်သော၊ ဒါရကာပိ – သူငယ်တို့သည်လည်း၊ ထညပိဝနာဒိကာ လေ – နို့ရည်ကို သောက်စို့ရာအစရှိသော အခါ၌၊ သုခံ–ချမ်းသာသော၊ ဝေဒနံ – ခံစားမှုကို ဝေဒယ၊ မာနာ–ခံစားကြကုန်လျက်၊ မယံ – ငါတို့သည်၊ သုခံ–ချမ်းသာသော၊ ဝေဒနံ – ခံစားမှုကို၊ ဝေဒယာမ – ခံစားကြပါကုန်၏။ ဣတိ–ဤသို့၊ ကာမံ ပဇာနန္တိ – အကယ်၍ကား သိကြပေကုန်၏။ ပန – ထိုသို့ပင် သိကြပါကုန်သော်လည်း၊ ဇဝရှုပံ – ဤသို့ကလေးသူငယ်၏ သိခြင်းနှင့် တူသော သဘောရှိသော၊ ဇာနနံ–သိခြင်းကို၊ သန္ဓာယ – ရည်ရွယ်၍၊ ဘဂဝတာ – မြတ်စွာဘုရားသည်၊ နဝုတ္တံ – ဟောတော်မမူအပ်။

ဤအဋ္ဌကထာရှင်းပြချက်ကို ကြည့်ပါ။ ကျွန်ုပ်တို့ သတိပဋ္ဌာန် မလုပ် ဝိပဿနာအားမထုတ်ပေမည့် ကောင်းသည့်အာရုံ ၆ ပါး တွေ့လျှင် ကောင်းသည်၊ ချမ်းသာသည် ဟု (သုခဝေဒနာ) ချမ်းသာ ခံစားချက်ဖြစ်သည်။ မကောင်းသည့် အာရုံ ၆ ပါး တွေ့လျှင် မကောင်း သော၊ မကြိုက်သော (ဒုက္ခဝေဒနာ) ဆင်းရဲခံစားမှု ဖြစ်သည်မှာ အဋ္ဌကထာ ဖော်ပြသည့် နို့စို့ရသော ကလေး၏ ခံစား

ချက်နှင့် တူသည်။ နို့စို့ရသော ကလေးမှာ ချမ်းသာဟူ၍ကား မပြောတတ်သော်လည်း ချမ်းသာခံစားမှုတော့ ဖြစ်သည်ကား အမှန်ပင်။ ယင်းသို့ သိသော အသိမျိုးကို ရည်ရွယ်၍ မြတ်စွာဘုရားဟောတော်မူသည်မဟုတ်၊ အမှန်သိစေတော်မူရင်းကား–

"ကော ဝေဒယတိ – အဘယ်သူခံစားသနည်း"
(ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါမရှိပါ)
"ကဿ ဝေဒနာ – အဘယ်သူ၏ ခံစားမှုလဲ"
(အဘယ်သူ၏ ခံစားမှုမှ မဟုတ်ပါ)
"ကိံကာရဏာ ဝေဒနာ – အဘယ်အကြောင်းကြောင့် ခံစားသလဲ"

'ဝတ္ထုအာရမ္မဏာဝ – ခံစားမှု၏ တည်ရာဖြစ်၍ဖြစ်သော၊ ရူပါရုံ အစရှိသော အာရုံကြောင့်သာလျှင်၊ ဝေဒနာ – ခံစားမှုသည်၊ အဿ – ဖြစ်ရာ၏။ လ ။ သုခါဒီနံ – ချမ်းသာအစရှိသည်တို့၏၊ တံတံဝတ္ထုံ – ထိုထိုဝတ္ထုကို၊ ဝါ – ထိုထိုတည်ရာဖြစ်သော ရူပသဒ္ဒအစရှိသည်ကို၊ အာရမ္မဏံ – အာရုံကို၊ ကတွာ – ပြု၍၊ ဝေဒနာဝ–ခံစားမှုသည်သာလျှင်၊ ဝေဒယတိ – ခံစား၏၊ ပန–ထိုသို့ပင် ဝေဒနာသာ ခံစားပါသော်လည်း၊ ဝေဒနာယ – ခံစားမှု၏၊ တံပဝတ္တိံ–ထိုဖြစ်ခြင်းကို၊ ဥပါဒါယ – စွဲ၍၊ အဟံ – ငါသည်၊ ဝေဒနံ–ခံစားမှုကို ဝေဒယာမိ–ခံစား၏၊ ဣတိ – ဤသို့၊ ဝေါဟာရမတ္တံ – ခေါ်ဝေါ်သမုတ်အပ်သော ပညတ်မျှသည်၊ ဟောတိ – ဖြစ်၏၊ ဣတိ – ဤသို့၊ ပဇာနာတိ – သိ၏။

(သုတ်မဟာဝါအဋ္ဌကထာ – ၃၆၄)

ခံစားမှုဟူသည် ဝတ္ထုအာရုံအကြောင်းဆုံ၍ ဖြစ်ပေါ်သော သဘောတရားသာဖြစ်ကြောင်း အဋ္ဌကထာက ရှင်းပြထားသည်။ ခံစားသည်ဆိုရာ၌ ချမ်းသာကို ဖြစ်စေ၊ ဆင်းရဲကိုဖြစ်စေ၊ မျက်စိစသော အခံဝတ္ထုနှင့် အဆင်းစသော အတိုက်အာရုံတို့ တိုက်ဆိုင်တွေ့ထိဆဲ၊ အသိဖြစ်ကာမျှ ခံစားမှုကို ဆိုသည်။ ရုပ်နာမ်တို့၏ သဘာဝကိစ္စသာ ဖြစ်သည်။ ခံစားရန် ဖန်တီးတတ်သော ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါ မရှိချေ၊ ထို ပုဂ္ဂိုလ်သတ္တဝါ ခံစားတတ်သူမရှိပါပဲ 'ငါခံစားတယ်' ဟု ဘာကြောင့် ပြောသနည်းဆိုသော် အဋ္ဌကထာ ရှင်းပြထားသော အတိုင်း –

'ရုပ်နာမ်နှစ်ပါး၏ လှုပ်ရှားမှု၊ ရွေ့လျားမှုကို ငါသွားသည်၊ သူသွားသည်ဟုထင်သကဲ့သို့တည်း၊ ခံစားမှုပရမတ်သဘောကို မျက်ခြေပြတ်မခံသော ဝိပဿနာ ရှုယောဂီသည်၊ ထိုထိုဝတ္ထုအာရုံနှစ်ပါး ဆုံ၍ ဖြစ်ပေါ်လာသော ခံစားမှုပရမတ်သဘောကို သိမှတ်လျက်ရှိရကား – 'ချမ်းသာဟုသမှတ်ထားသော' ဝတ္ထုအာရုံနှစ်ပါးဆုံ၍ ဖြစ်လာမှုကို 'ချမ်းသာကို ခံစားနေတယ်' ဟု သိမှုမှာ ပုဂ္ဂိုလ်သတ္တဝါ မပါသော အသိဖြစ်ကြောင်း ရှင်းနေပေသည်။

## ဣန္ဒြိယသဘာဝနှာသုတ်

ဝိပဿနာရှုမှုဟူသည် ထိုင်မှ, စင်္ကြံလျှောက်မှ စသော တစ်ခုခုသော ဣရိယာပုထ်ကို သတ်မှတ်ထားရသော အလုပ်မဟုတ်ပေ။ အဓိက လိုအပ်ချက်မှာ သံသရာပြတ်လုပ်ငန်းဖြစ်၍ သံသရာတွင် ဒုက္ခ ပေးတတ်သော ကိလေသာဝင်တတ်ဖြစ်တတ်သော ဝင်ပေါက် တံခါး တို့ကို ပိတ်ဆို့ရသော အလုပ်ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ ခန္ဓာတွင် ကိလေသာဝင်တတ်သော တံခါး ၆ ပေါက်ရှိရာ –

၁ – မျက်စိတံခါးပေါက်၊
၂ – နားတံခါးပေါက်၊
၃ – နှာခေါင်းတံခါးပေါက်၊
၄ – လျှာတံခါးပေါက်၊
၅ – ကိုယ်တံခါးပေါက်၊
၆ – စိတ်တံခါးပေါက် – ဟူ၍ (ဒွါရ ၆ ပါး) တံခါး ၆ ပေါက်ဟူ၍ ဖြစ်၏။ ၎င်းတို့တွင် –

၁ – မျက်စိတံခါးပေါက်မှ + အဆင်းအာရုံ မြင်
= ကောင်း – မကောင်း ဖြစ်၊
၂ – နားတံခါးပေါက်မှ + အသံအာရုံ ကြား
= ကောင်း – မကောင်း ဖြစ်၊
၃ – နှာခေါင်းတံခါးပေါက်မှ + အနံ့အာရုံ နံ
= ကောင်း – မကောင်း ဖြစ်၊
၄ – လျှာတံခါးပေါက်မှ + စားအာရုံ စား
= ကောင်း – မကောင်း ဖြစ်၊
၅ – ကိုယ်တံခါးပေါက်မှ + ထိအာရုံ ထိ
= ကောင်း – မကောင်း ဖြစ်၊
၆ – စိတ်တံခါးပေါက်မှ + ကြံအာရုံ သိ
= ကောင်း – မကောင်း ဖြစ်၊

ဤ၌ မြင်, ကြား, နံ, စား, ထိ, သိ သည် ပရမတ် သဘောဖြစ်၍ ကောင်း–မကောင်းသတ်မှတ်ချက်သည် ပညတ်ကိလေသာတို့ ဖြစ်လေသည်။ ‘ကောင်း’ ဟု သတ်မှတ်ရာတွင် ‘လောဘကိလေသာ’ ဖြစ်၍ ‘မကောင်း’ဟု ဆုံးဖြတ်ရာတွင် ‘ဒေါသ၊ ဒေါမနဿ’ ကိလေသာဖြစ်လေသည်။ သို့အတွက် ဤခန္ဓာကိုယ်တွင် ကိလေသာ

ဝင်တတ်သော တံခါး – ၆ ပေါက်ကို ကိလေသာ ဝင်ခွင့် ဖြစ်ခွင့် မရစေရန်–

“စက္ခုန္ဒြာသံဝရောသာဓု – သာဓုသောတေန သံဝရော” စသော ဒေသနာတော်များဖြင့် ၎င်းတံခါးတို့ ပိတ်ဆို့နည်းများကို ဟောကြားတော်မူပေရာ ယခုဖော်ပြမည့် ဣန္ဒြိယဘာဝနာ သုတ်သည် လည်း မျက်စိစသော ဣန္ဒြေ တို့ကို ကိလေသာဝင်ခွင့်, ဖြစ်ခွင့် မရစေပဲ–ပိတ်ဆို့နည်း၌ အကောင်းဆုံး ဟု မြတ်စွာဘုရားကိုယ်တော်တိုင် ဟော တော်မူသည်။

တစ်ချိန်က မြတ်စွာဘုရားသည် ‘ဂဇင်္ဂလနိဂုမ်း’ သုဝေဠုတော အုပ်၌ သီတင်းသုံးတော်မူစဉ် ပါရာသိဝိယ ပုဏ္ဏားဆရာကြီး၏ တပည့် ဥတ္တရ အမည်ရှိသော လုလင်ကို အကြောင်းပြု၍ မြတ်စွာဘုရား၏ အရိယသာသနာတွင် မျက်စိအစရှိသော ဣန္ဒြေ တို့ ပွားများရှုမှတ် ရပုံကို ဟောတော်မူသည်။

“ချစ်သား အာနန္ဒာ – ဤသာသနာ၌ ကိလေသာ တို့ကို မဖြစ်စေမူ၍ – ထိုကိလေသာတို့ကို ပယ်ဖျက်သတ်ဖြတ်လိုသော ယောဂီသည် မျက်စိဖြင့် အဆင်းကိုမြင်၏၊ ထိုအခါ နှစ်သက်ခြင်း, မနှစ်သက်ခြင်းတို့တွင် တစ်မျိုးမျိုးဖြစ်တတ်၏၊ ထိုသို့ဖြစ်သော အခါ နှလုံးသွင်းရမည်ကား –

‘ဤယခုမျက်စိဖြင့် အဆင်းကို မြင်ရာ၌–ငါ့အား နှစ်သက်မှု –သို့မဟုတ် မနှစ်သက်မှု ဖြစ်လေပြီ။ ထိုနှစ်သက် မနှစ်သက် ဟူသော သဘောသည် အကြောင်းတရားတို့ ပြုပြင်အပ်သော သဘောရှိ၏။ ကိလေသာဖြစ်၍လည်း ကြမ်းတမ်း၏။ အကြောင်း ကိုစွဲ၍ ဖြစ်သော အကျိုးတရား ပဋိစ္စသမုပ္ပါဒ်မျိုးဖြစ်၏။ ထိုသဘောတို့သို့ မလိုက်ပဲ ၎င်းတို့၏ သဘောတို့ကိုသာ

သိနေရသော 'ဥပေက္ခာ' သည် ငြိမ်သက်၏၊ မြတ်၏၊ မကြမ်းတမ်း၊ သို့အတွက် ငါသည် သိစရာရှိသည်ကိုသာ သိနေမည်' ဟု နှလုံးသွင်း၍ ကိလေသာကို လစ်လျူရှုသော ယောဂီအား နှစ်သက်, မနှစ်သက် စသော ကိလေသာတို့သည် ထိခဏ္ဍ်ပင် ချုပ်၍ 'ဥပေက္ခာ' သည် မျက်စိမှိတ်ရာမှ ဖွင့်သကဲ့သို့၊ ဖွင့်ရာမှ မှိတ်သကဲ့သို့သော အချိန်အတွင်း တည်လာလေသည်။

အာနန္ဒာ ဤဟောပြချက်သည် အရိယာတို့၏ အဆုံးအမ သာသနာ၌ မျက်စိတံခါးပေါက်မှ ဝင်လာသော ကိလေသာတို့ကို ပိတ်ဆို့ရှုမှတ်ခြင်း၌ အတုမရှိကောင်းသော ဣန္ဒြေပွားခြင်းပေတည်း။

(နား ဖြင့် အသံ, နှာခေါင်းဖြင့် အနံ့, လျှာဖြင့် စား, ကိုယ်ဖြင့် ထိ, စိတ်ဖြင့် သိ)တို့ကိုလည်း ဤနည်းအတိုင်း ပါဠိတော်တွင် အပြည့်အစုံဟောထားသည်။ အကျယ်ကို (ဥပရိပဏ္ဏာသပါဠိတော်ဣန္ဒြိယ ဘာဝနာသုတ် – ၃၄၈) တွင် ကြည့်ပါ) ဤနေရာတွင်ကား သဘောကိုသာ ဝေဖန်ဖော်ပြအံ့။

ဤ၌ ဝိပဿနာတရားအားထုတ်သူသည် မည်သည့် ကိလေသာ ဝင်ပေါက်ကမှ ကိလေသာဝင်ခွင့် မပေးခြင်း၊ ကိလေသာမဝင်နိုင်စေရန် ပိတ်ဆို့ခြင်းကို တရားအားထုတ်သည်ဟု ခေါ်ရပေရာ –ထိုင်နေသည် ဖြစ်စေ စင်္ကြံသွားနေသည်ဖြစ်စေ၊ မျက်စိစသော တံခါးတို့မှ ကိလေသာဝင်ခွင့်ဖြစ်ခွင့် မပေးလျှင် အကောင်းဆုံးပင်၊ ယခု ကျွန်ုပ်တို့ ထိုင်ခြင်းဖြင့် ကာယဟူသော ကိုယ်တံခါးပေါက်မှ ကိလေသာကို စောင့်ကြည့်သောအားဖြင့် ကိုယ်ဖြင့် တွေ့သိရာ၌ –

'ထိုင်လိုက်သောအခါ တိုက်တွေ့မှုတို့ကား ဖြစ်မြဲပင်။ ထိုတွေ့လာသော ကိုယ်သိတွင် ချမ်းသာ - ဆင်းရဲတစ်ခုခုကို အကြောင်းပြု၍ (နှစ်သက်, မနှစ်သက်) တစ်ခုခုဖြစ်လာသောအခါ အထက်ပါ မျက်စိနှင့် အဆင်းတွေ့သကဲ့သို့ ၎င်းတို့သည် ကိလေသာဖြစ်၍ ကြမ်းတမ်းသော သဘောစသည်ဖြစ်၏။ ထိုသဘောတို့ကို ဂရုမပြု လစ်လျူရှု၍ သိရမည့် တရားကိုသာ သိနေရသော ဥပေက္ခာမှသာလျှင် ကောင်းမွန်ပေသည် ဟု စိတ်ပြောင်း၍ ရှုလိုက်လျှင် ကိလေသာတို့သည် ဆက်လက်၍ ဖြစ်ခွင့်ဝင်ခွင့် မရတော့ပေ။ အလိုလို ဥပေက္ခာ ဖြစ်လာလေသည်။

ကျွန်ုပ်တို့သည် မဇ္ဈိမပဋိပဒါဖြင့် ဥပေက္ခာရှုနည်းကို တိုက်တွန်းညွှန်ပြရာ၌ ဒေသနာတော်၏ သဘောအရ ရှုခြင်းသာဖြစ်ရာ နည်းသစ် နည်းဆန်းမဟုတ်ပေ။ ဥပေက္ခာ ဟူသည် ဤသို့ ရှုမှတ်နေစဉ်၌ 'ဝိပဿန ပေက္ခာ' ဟုခေါ်သည်၊ ၎င်းသည် ကိလေသာဖြစ်သည့် 'နှစ်သက် , မနှစ်သက်' သဘောများကို ပယ်သတ်၍, ခွာ၍ ရှုရလေရာ ဤဥပေက္ခာနည်းနှင့် မရှုပဲ - ကိလေသာကွာမည်မဟုတ် ပေ။ မဂ်ရမည်မဟုတ်ပေ။ ဝိပဿနာ ရှုသော ယောဂီသည် အနည်းဆုံး အောက်တန်းမဂ်တစ်ခုခုကို ရရန် အားထုတ်လျက်ရှိရာ မဂ်ဟူသည် မှာလည်း -

'ကိလေသေ မာရေန္တော ဂစ္ဆတီတိမဂ္ဂေါ' ဝိဂြိုလ်အရ -

'ကိလေသေ - ကိလေသာတို့ကို၊ မာရေန္တော - ပယ်သတ်လျက်၊ ဂစ္ဆတိ - နိဗ္ဗာန်သို့သွားတတ်၏၊ ဣတိ - ထို့ကြောင့်၊ မဂ္ဂေါ - မဂ် မည်၏' ဆိုရာ၌ မဂ်ဟူသည် ကိလေသာကို သတ်တတ်သော တရား ဖြစ်၍ မိမိ၌ နှစ်သက်, မနှစ်သက်' ဟူသည် သိမ့်မွေ့သော အနုသယ ကိလေသာတို့ ဖြစ်ပေရကား ထိုကိလေသာ

ကို မသတ်လျှင် ထိုကိလေသာဖြစ်မှုကိုမှ ဥပေက္ခာနည်းနှင့် မပယ်နိုင်လျှင် "မည်သည့် မဂ်မှ ရမည်မဟုတ်ပေ၊ ဤကား သဘာဝကျသော နည်းဖြစ်၏။ ထိုကိလေသာကို မဖြတ်မပယ်နိုင် သေးသမျှ မဂ်မရဟုဆိုလျှင် ထိုသို့ သော အနုသယကိလေသာမျိုးကို မည်သည့်နည်းနှင့် ပတ်သက်နိုင် မည်နည်း။ အဋ္ဌကထာက နည်းပေးထားပုံကို ကြည့်ပါ -

"တဒုဘယံ - ထိုနှစ်သက် မနှစ်သက်၊ ဝမ်းသာ ဝမ်းနည်း ကိလေသာ နှစ်မျိုးကို၊ အဘိနိ ဝေဇ္ဇေတွာ - ကြဉ်ဖယ်၍၊ ဝိဟရိ တုကာမော-ရှုကာနေလိုသော ယောဂီသည်၊ ကိံကရောသိ - အဘယ်ကဲ့သို့ ရှုရမည်နည်းဆိုသော်၊ ဣဋ္ဌနိဋ္ဌေသု - ကောင်း သောချမ်းသာအာရုံ - မကောင်းသော မနှစ်သက်စရာ ဆင်းရဲ အာရုံတို့၊ အာပါတဂ တေသု - ဖြစ်ပေါ်လာထင်လာခဲ့သည် ရှိသော်၊ နေဝသောမနဿိကော - ဝမ်းမမြောက် မနှစ်သက် ပါလေနှင့်၊ နဒေါမနဿိကော - စိတ်ပျက်ဝမ်းနည်းမရှိလိုက်ပါနှင့်၊ ဣတိ - ဤသို့ရှုပါ" ဟူ၏။

( ဥပရိပဏ္ဏာသဋ္ဌကထာ - ၂၅၁ )

ရှုပုံကား မိမိမျက်စိနားစသော တံခါးပေါက်တစ်ခုခုတွင် အပြင် အာရုံ အဆင်း အသံ စသည်တို့နှင့် တိုက်တွေ့ခဲ့သော် ကောင်း, မကောင်း၊ နှစ်သက်, မနှစ်သက် တစ်ခုခုဖြစ်လာမည်။ ဝင်ရောက် လာမည်၊ သို့ဖြစ်လာလျှင် ယောဂီသည် ထိုဝင်လာဖြစ်လာသော ကိလေသာတို့ကို အာရုံမပြု ဂရုမစိုက်ပါပဲ မိမိ၏ ရှုနေသိနေကျ သဘာဝ ဖောက်ပြန်မှု သိမှု ရုပ်နာမ်အာရုံကိုသာ သိနေကာမျှနှင့်ပင် 'ဥပေက္ခာ' ဖြစ်နိုင်လေသည်။ ထိုဥပေက္ခာဟူသည် ရုပ်နာမ်တို့၏

သဘာဝ အရှိ သဘော – ဖောက်ပြန်မှု ပျက်မှုကို ၎င်း၏ အရှိအတိုင်း ဖောက်ပြန် သဘော, ပျက်သဘောသို့ အသိရောက်နေမှာသာလျှင် ဝိပဿန ပေက္ခာ' ဖြစ်၍ ထိုခန္ဓာ၏ သဘာဝအရှိကို မသိပဲ နေလျှင်ကား 'အဝိဇ္ဇာ' မောဟသာ ဖြစ်ပေလိမ့်မည်။

အဋ္ဌကထာတွင် မျက်စိနှင့် မြင်ရာ၌၎င်း, နားနှင့်အသံ စသည်ဖြင့် တိုက်တွေ့ကြရာ၌၎င်း ထိုတွေ့တိုင်း သိတိုင်းတို့တွင် နှစ်သက်ဖွယ်ရာဟု တွေ့လျှင် "ရဇ္ဇိတုံဝါ – နှစ်သက်စွဲငြိတပ်မက်မှု ကိုလည်း၊ အဒတွာ – မပေးမူ၍ မဖြစ်စေမူ၍" မနှစ်သက်ဖွယ် တွေ့လာလျှင်လည်း "ဒုဿိ ထုံဝါ – မနှစ်သက် မသက်သာမှုကို လည်း အဒတွာ – မပေးမူ၍၊ မဖြစ်စေမူ၍" မေ့လျော့၍ မသိသည်ကိုလည်း "မုယှိတုံဝါ – မေ့လျော့ခြင်းကိုလည်း၊ အဒတွာ – မပေးမူ၍ ပရိဂ္ဂဟေတွာ – မူလရုပ်နာမ်သဘာဝ ဖြစ်ပျက်သဘော ကို သိမ်းဆည်း ရှုပွား၍ ဝိပဿနံ – ရုပ်နာမ်တို့၏ ပရမတ်သဘောမှန် ကို ရှုသိနေရသော ဝိပဿနာကို၊ မဇ္ဈတ္တေ – လောဘဒေါသ ကိလေသဝအစွန်း လွတ်သော မဇ္ဈိမပဋိပဒါ အလယ်လမ်း၌၊ ဌပေတိ – ထား၏" ဟူ၍ ညွှန်ပြထားသောကြောင့် ဘေးအစွန်း ကိလေသာ တစ်ဖက်တစ်ချက် မလွတ်လျှင် အလယ်လမ်းကြောင်း မဇ္ဈိမပဋိပဒါ ဖောက်ပြန်ပျက်မှု သိပျက်မှုသဘောသို့သာ ဝင်သွားမည်ကို ဖော်ပြထားလေသည်။ ၎င်းပြင် –

"ဝိပဿနံ မဇ္ဈတ္တေဌပေတီတိ–အနုတ္တမေန ဝိပဿနုပေက္ခံ နိဗ္ဗတ္တေတွာ တံ သဒ်ါရုပေက္ခံ ပါပေတွာ ဌပေတိ"
( ဥပရိပဏ္ဏာသဋီကာ – ၄၄၀ )

'ဝိပဿနံ မဇ္ဈိမတ္တေဥပေတီတိ–ဥပေတိဟူသည်ကား၊ ဝါ – မဇ္ဈိမ ပဋိပဒါအလယ်လမ်းကြောင်းအားဖြင့် ဝိပဿနာကို ထား၍ ဟူသည်ကား အနုက္ကမေန အစဉ်အားဖြင့်၊ ဝိပဿနုပေက္ခံ – ဝိပဿနာရှုရာ ဥပေက္ခာကို၊ နိဗ္ဗတ္တေတွာ–ဖြစ်စေ၍၊ တံ – ထို ဝိပဿနာရှုဉာဏ်ကို၊ သင်္ခါရုပေက္ခံ – ရှုဉာဏ်၏အဆုံး သင်္ခါရု ပေက္ခာသို့၊ ပါပေတွာ – ရောက်စေ၍၊ ဥပေတိ – ထား၏'။

ဝိပဿနာရှုသော ယောဂီသည် ဝိပဿနာရှုဉာဏ်၏ အထွဋ် အထိပ် သင်္ခါရုပေက္ခာဟူသော ရုပ်နာမ်သဘာဝ ဖြစ်ပျက် သင်္ခါရကို လစ်လျူရှု စွန့်ပစ်သည်အထိ ရှုသွားရမည်ဖြစ်ရာ ထိုသင်္ခါရုပေက္ခာ ဉာဏ်သို့ရောက်ရန် ဝိပဿနုပေက္ခာဟူသော ဥပေက္ခာရှုနည်း ရှုချက် ဖြင့်သာ ရောက်အပ်သည်ဖြစ်၍ ထိုထို လောဘ ဒေါသစသော နှစ်သက်, မနှစ်သက်၊ သဘောကျမှု, မကျမှု သဘောတို့ကို ခွါပစ်၍ ရှုရသိရသော ကိလေသာ မကပ်သည့် လမ်းဖြစ်သော မဇ္ဈိမပဋိပဒါ ဥပေက္ခာဖြင့်သာလျှင် ရှုရမည်ဖြစ်လေသည်။

## အဆင်းမဟုတ်သောရှုနည်း

ယင်းသို့ ကိလေသာကို မကပ်အောင် ဥပေက္ခာထား၍ ရှုရခြင်း သည် ဝိပဿနာ လုပ်ငန်းအားထုတ်သူတိုင်း ကိလေသာဖြစ်သော အစွန်း ၂ ဖက်ကို လွတ်အောင် မဖြစ်အောင် မဇ္ဈိမပဋိပဒါကျကျ ရှုသွား ရခြင်းဖြစ်ရာ မည်သည့် ဝိပဿနာ သတိပဋ္ဌာန်နည်းမဆို ကိလေသာ အစွန်းလွတ်အောင် မရှုနိုင်က မိမိတို့ လိုအပ်သော ပန်းတိုင်သို့ ရောက်မည်မဟုတ်ပေ။ ဆိုလိုသည်မှာ – မည်သည့် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မသတိပဋ္ဌာန်ဝိပဿနာ အားထုတ်စေကာမူ ရှုဉာဏ်သည် မဇ္ဈိမပဋိပဒါ ဥပေက္ခာ မရှုပဲ ထိုရှုဉာဏ်မှန်ပြီဟု မဆိုရ၊

မဇ္ဈိမပဋိပဒါ မကျလျှင် – ဥပေက္ခာ မဖြစ်လျှင် ကာမ – အတ္တ အစွန်း တစ်ဖက်ဖက်၊ နှစ်သက် – မနှစ်သက် ကိလေသာတစ်ဖက်ဖက်သို့ ကပ်ရောက်နေမည်။ အစွန်းတစ်ဖက်ဖက်သည် ကိလေသာတို့ ဖြစ်နေ၍လည်း မိမိတို့ အလိုရှိသော မဂ်၏ ဆန့်ကျင်ဖက်ဖြစ်သွား လေသည်။ သို့ဖြစ်၍ ဥပေက္ခာရှုနည်းသည် အဆန်းမဟုတ်ပေ။ မဇ္ဈိမ ပဋိပဒါမဂ္ဂင် လမ်းကြောင်းမှန်လျှင် ဥပေက္ခာသည် အလိုလိုပါပြီးသား ဖြစ်၍ ဥဒါန်း အဋ္ဌကထာက "မဇ္ဈတ္တုပေက္ခာ"ဟုပင် ဂုဏ်ပြုထားပေသည်။ မိမိ တို့ ရှုနေကျဖြစ်သော ရုပ်နာမ်ပရမတ် သဘော၊ ဖောက်ပြန်ပျက်သော သိပျက်သော သဘာဝလမ်း ကြောင်းအတိုင်းသာ ရှုရကြောင်းကို –

"ရူပါနံ့ တွေဝ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမ ဝိရာဂ နိရောခံ ပုဗ္ဗေစေဝရုပံဧတရဟိစ။ လ ။ တသ္မာသာ ဥပေက္ခာ နေက္ခမ္မသိတာတိ ဝုစ္စတီတိ"

( ဥပရိပဏ္ဏာသပါဠိတော် သဠာယတနဝိဘင်္ဂ – ၂၆၁ )

မြင်အပ်သော အဆင်းစသည်တို့၏ သာလျှင် မမြဲခြင်း, ဖောက်ပြန်ခြင်း, ကင်းခြင်း ချုပ်ခြင်း စသည်ကိုသိ၍ ရှေးအခါ၌ဗုင်း၊ ယခုသိဆဲ အခါ၌ဗုင်း၊ ထိုအလုံးစုံသော အဆင်းစသည်တို့သည် မမြဲကုန်၊ ဆင်းရဲကုန်၊ အနှစ်သာရမရှိ ဖောက်ပြန်ပျက်စီးသော သဘောရှိကြကုန်၏ ဟု မဖောက်မပြန် မှန်ကန်သော မဇ္ဈိမပဋိပဒါ မဂ္ဂင်ဉာဏ်ဖြင့် ကောင်း စွာ ရှုမြင်နေသော ယောဂီအား ဥပေက္ခာ သဘောသည်ဖြစ်၏။ ဤသို့သဘောရှိသော ဥပေက္ခာသည် အဆင်းစသည်ကို လွန်၍ မဖြစ်၊ ထိုအဆင်းစသည်၌ တည်၍ ဖြစ်သော ဥပေက္ခာသည် ထွက်မြောက်ရာကို မှီ၍ ဖြစ်သော ဥပေက္ခာဟု ဆိုအပ်၏။"

ဤသို့ ဟောတော်မူထားလေရာ မိမိတို့သည် ထိုဥပေက္ခာ ဖြစ်အောင် တစ်ပါးတစ်ခြား ရှာကြံ၍ ရှုရအားထုတ်ရသည်မဟုတ် ကုန်၊ ရုပ်နာမ်တို့၏ ပင်ကိုယ်သဘောကို ယထာဘူတကျအောင် မဇ္ဈိမပဋိပဒါ ဖြစ်အောင် ရှုနိုင်ခြင်း၊ ကိလေသာအစွန်းလွတ်အောင် ရှုနိုင်ခြင်းသည်သာလျှင် ပဓာန ကိစ္စဖြစ်၍ ထိုမဇ္ဈိမပဋိပဒါ ကျလာသည်နှင့် ဥပေက္ခာ သည် အလိုလို ဖြစ်လေသည်၊

(အာရဒ္ဓဝိပဿက) ဝိပဿနာ ရှုအားသန်သော ယောဂီသည် ရုပ်နာမ်ခန္ဓာ၌ ဖြစ်ပေါ်လျက်ရှိသော ပရမတ်ဖြစ်သည့် သဘောတရား တို့ကို ရှုဉာဏ်မှန်မှန်နှင့် ရှုနေရာဝယ် ဝိပဿနုပေက္ခာ ဖြစ်၍ အစဉ် အတိုင်း ဆက်လက်၍ သိသင့်သည်တို့ကို မှန်မှန် ဆက်သိသွားပါက သင်္ခါရုပေက္ခာ သဘောသို့ရောက်ကြောင်းကို –

'အာရဒ္ဓဝိပဿကဿ ဝိပဿနာ ဉာဏေန
လက္ခဏတ္တယေဒိဋ္ဌေ။ လ ။ ဣတိဝိပဿနုပေက္ခာ
ယ သိဒ္ဓါယ သင်္ခါ ရုပေက္ခာပိ သိဒ္ဓါ ဝဟောတိ "
(ဝိသုဒ္ဓိမဂ် – ၁၅၇။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ – ၁၇၅)

'ဝိပဿနာရှုအားသန်သော ယောဂီအား ရုပ်နာမ်ပရမတ် သဘောတရားကို မှန်မှန်မြင်သော ဝိပဿနာ ဉာဏ်သည် ထိုသင်္ခါရ သဘောတို့၏ မမြဲသော၊ ဆင်းရဲသော၊ အနှစ်မဲ့သော သဘောတို့ကို မြင်သောအခါ၌ ထိုသင်္ခါရတို့ မမြဲခြင်း– စသော သဘောတို့ကို တွေ့မြင်စိစစ်ပြီး 'ဤသင်္ခါရတို့သည် ဤသဘော မျှပါတကား' ဟု ရှုမြင်သော ဉာဏ်သည် ဝိပဿနုပေက္ခာဖြစ်၍ ထိုသို့ မမြဲခြင်း၊ ဖြစ်ခြင်း၊ ပျက်ခြင်း စသည်ကို ဉာဏ်ဖြင့် မြင်ခြင်း

ရှိသော ယောဂီအား ထိုသဘောတို့ကို မြင်သဖြင့် 'ဤကဲ့သို့သော သင်္ခါရတို့သည် ဤသဘောမျိုးရှိလေသောကြောင့် ဤသို့ ရုပ်နာမ်သင်္ခါရဖြစ်လျက်ရှိသော ဘုံသုံးပါးသည် မီးတောက်ကြီးကဲ့သို့ ပူလောင်ဆင်းရဲလှချေ၏။ စသည်ဖြင့် ရုပ်နာမ်သင်္ခါရ တို့၌ ဉာဏ်ဖြင့် ရှုကြည့်သိမ်းဆည်းလျက် သံဝေဂဉာဏ်ဖြင့် ထိုဖြစ်ပျက်လျက်ရှိသော ရုပ်နာမ်သင်္ခါရတို့ကို တရားသဘောအတိုင်း မဇ္ဈိမ ပဋိပဒါကျစွာ မျှတအောင်ရှု၍ လွတ်အောင် နှလုံးသွင်းနိုင်မှုသည် သင်္ခါရုပေက္ခာ ဖြစ်လေသည်။

ဤသို့ အဋ္ဌကထာတို့က ဆိုထားပေရာ - ဝိပဿနာ ရှုဉာဏ်သည် မည်သည့်သတိပဋ္ဌာန်နည်းနှင့် ရှုရှု ရုပ်နာမ်သင်္ခါရအပေါ်၌ ၎င်းတို့၏ ဖောက်ပြန်သော ပျက်သော သဘောသိနိုင်မြင်နိုင်လျှင် 'ဝိပဿနုပေက္ခာ' ဖြစ်သည်။ ထိုရုပ်နာမ်သင်္ခါရတို့ကို ဖြစ်ပျက်သဘော မြင်ပြီးနောက် ၎င်းသဘောကို မြင်သဖြင့် ဘုံသုံးပါး၌ ဖြစ်နေကြသော ပရမတ္ထရုပ်နာမ်မှန်သမျှတို့သည်လည်း အလိုမရှိအပ်သော အလွန်ပူ ဖောင်သည့် မီးကြီးမီးတောက် အသွင်ထင်မြင်လျက် မရချင်, မလိုချင်၍ စွန့်ပစ်လိုသည့်သဘောမျိုး သံဝေဂဉာဏ်ထင်လျက် ရုပ်နာမ်ခန္ဓာကို စွန့်လွှတ်ရာတွင် သံသရာလွှတ် တရားဖြစ်၍ ခန္ဓာသံသရာမှ လွတ်မြောက်နိုင်ပေသည်။

မိမိတို့၏ ဝိပဿနာ 'ရှုသော ဉာဏ်သည် အဘယ်သို့လျှင် ဉပေက္ခာဖြစ်ပါမည်နည်း' ဟု တွေးတော၍ ပူစရာမလိုပေ။ မိမိတို့သည် ခန္ဓာ၏ ပင်ကိုယ်အရှိဖြစ်သော ဖောက်ပြန်မှု ပရမတ်ကို အမှန်အတိုင်း ဖောက်ပြန်သော သဘောဟု သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်ဖြင့်

မဇ္ဈိမပဋိပဒါ ကျကျ သိမြင်နေ၏။ ထိုဖောက်ပြန်သည်ကို သိသော အသိသည် ခန္ဓာသဘာဝ၏ အရှိအမှန် ပရမတ်ကိုသာ သိနေရသဖြင့် ကိလေသာ ဖြစ်သော ပညတ်ကို အာရုံမပြု နှစ်သက် မနှစ်သက်ကို နှလုံးမသွင်း၊ ချမ်းသာဝမ်းသာမှုမပါ, ဆင်းရဲဝမ်းနည်းမှုမရှိသဖြင့် လုံးဝ ကိလေသာ ဖြစ်ခွင့်မရသော 'ဆန္ဒရာဂဝိနယ' ဖြစ်သော ကြောင့် ဥပေက္ခာသဘာဝ သည် ရှာဖွေလုပ်ယူရသည် မဟုတ်။ ထို့ကြောင့် –

'အဒုက္ခမသုခန္တိ ဒုက္ခာဘာဝေန အဒုက္ခံ၊ သုခါဘာဝေန အသုခံ၊ ဧတေနေတ္ထဒုက္ခသုခ ပဋိပက္ခဘူတံ၊ တတိယဝေဒနံ ဒီပေတိ၊ နဒုက္ခသုခါဘာဝမတ္တံ တတိယဝေဒနာနာမ၊ အဒုက္ခ မသုခါဥပေက္ခာ တိပိဝုစ္စတိ'

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ – ၁၇၉)

အဒုက္ခမသုခဟူသော ဥပေက္ခာသည် ဆင်းရဲမဖြစ်သော ကြောင့် အဒုက္ခ၊ ချမ်းသာ မဖြစ်သောကြောင့် အသုခ၊ ဤဥပေက္ခာနေရာ၌ ထိုဆင်းရဲမဟုတ်ခြင်း၊ ချမ်းသာမဟုတ် ခြင်းသည် ဆင်းရဲချမ်းသာ တို့၏ ဆန့်ကျင်ဖက်ဖြစ်၍ ဖြစ်သော သုံးခုမြောက်တတိယဝေဒနာဖြစ်၏။ ဆင်းရဲ ချမ်းသာမဖြစ်ကာမျှ ကားမဟုတ်၊ တတိယဝေဒနာဆိုသည်ကား – ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ပရမတ်တို့ကို သိရှိသာ ခံစားသော ဥပေက္ခာကိုပင် ခေါ်ဆိုခြင်းဖြစ်ပေသည်။

ဤ၌ ရုပ်နာမ်ခန္ဓာအား သတိဖြင့် ရှုသိနေသောအခါ ဆင်းရဲကို တွေ့နေချိန်တွင် 'ဒုက္ခဝေဒနာ' ဖြစ်၍ ချမ်းသာကို တွေ့နေချိန်တွင် 'သုခဒေဝနာ' ဖြစ်နေပေသည်။ မဇ္ဈိမပဋိပဒါ ဉာဏ်ဝင်လာသော 'ပညာ'ဖြင့် သိနေချိန်တွင် ထိုဆင်းရဲကိုလည်း ဆင်းရဲဟူ၍ မရှု၊

ချမ်းသာ ကိုလည်း ချမ်းသာဟူ၍ မရှုပဲ၊ အလယ်လမ်းကြောင်း မှန်မှန်ယထာဘူတ သဘာဝအားဖြင့် ဆင်းရဲလည်း ပျက်သဘော, ချမ်းသာလည်း ပျက်သဘောဟု ရှုမိ သိမိသောအခါ ထိုဆင်းရဲ (ဒုက္ခဝေဒနာ) ချမ်းသာ (သုခဝေဒနာ) တို့မှ တစ်ပါးသော တတိယမြောက် (ဥပေက္ခာဝေဒနာ) ဖြစ်လာလေသည်။ သို့အတွက် သုံးခုမြောက် 'တတိယ ဝေဒနာ' သဘောသည် ဆင်းရဲချမ်းသာ မဟုတ်သော ကိလေသာမကပ်သည့် အလယ်လမ်းကြောင်း အကျင့်အသိဖြစ်သောကြောင့် ဝိပဿနာ ရှုသော ယောဂီသည် ဤဥပေက္ခာသို့ ရှုဉာဏ်မရောက်လျှင် မဖြစ်သော ကိစ္စဟု ဆိုအပ်သည်။

ဥပေက္ခာဟူသည် လောကတွင် အများသော လူတို့ ပြောကြား သုံးစွဲကြသကဲ့သို့ 'အမှတ်မဲ့' နေမှုမျိုးမဟုတ်၊ ကိလေသာ ဖြစ်တတ်သည့်တရားတို့ကို မဖြစ်စေရန်အတွက် နှစ်သက်, မနှစ်သက် ချမ်းသာ ဆင်းရဲတို့ကို ကိလေသာဖြစ်ခွင့်မပေးပဲ အသိဉာဏ်သည် ရုပ်နာမ် ပရမတ်၏ ကိလေသာမဖြစ်သော ပျက်မှုသဘော တရားတို့ကို ၎င်းတို့၏ သဘောတရားအတိုင်း သိနေမှုကို 'ဥပေက္ခာရှုသည်' ဟု ခေါ်ရလေသည်။ အစစ်အမှန်ကား ယောဂီ၏ ရုပ်ပရမတ်၏ ဖောက်ပြန် သဘောကို ဖောက်ပြန်သဘောဟု ပျက်သဘောကို အပျက်ဟု မဇ္ဈိမ ပဋိပဒါ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ဖြင့် ရှုမြင်နေခြင်းကိုပင်လျှင် ကျွန်ုပ်တို့က နာမည်ဖော်ပေးခြင်း သာဖြစ်သည်။ အကယ်၍ နာမည်မတပ်စေကာမူ အမှန်တရားကို အမှန်အတိုင်း သိနေခြင်းသာ အဓိကဖြစ်သည်။

## ဥပေက္ခာဝေဒနာ

ဖော်ပြခဲ့သောအတိုင်း အာရုံနှင့် ဝတ္ထုတိုက်ဆုံမှုကြောင့် ဖြစ်ပေါ်ခဲ့သော နှလုံးသွင်းမမှန်သောအခါ (သုခဝေဒနာ, ဒုက္ခဝေဒနာ) ဖြစ်သဖြင့် ရောဂ ဒေါသ ကိလေသာ ဖြစ်တတ်ကြောင်း ကိလေသာ မဖြစ်အောင် ပြတ်အောင် အားထုတ်လိုသူသည် အထူးမလုပ်ရကြောင်း ကိလေသာဖြစ်တတ်သည့် ချမ်းသာခံစားမှု (သုခဝေဒနာ) ဆင်းရဲခံစားမှု (ဒုက္ခဝေဒနာ) မဖြစ်အောင်၊ ဖြစ်လာသော ချမ်းသာခံစားမှု ဆင်းရဲခံစားမှုတို့သည် ကိလေသာဖြစ်သည်ကိုသိ၍ ၎င်းတို့ကို မစွဲမယူပဲ ဖြတ်တတ်ပျက်တတ်သော သဘောတို့ဟူ၍ ရှုနိုင်က ဥပေက္ခာ ဝေဒနာသည် အလိုလိုကိစ္စပြီးပေသည်။

ဤနေရာ၌ တရားအားထုတ်သူယောဂီသည် မည်သည့် ကိလေသာဝင်ပေါက်ကမှ ဝင်ခွင့်မပေးခြင်း၊ မဝင်နိုင်စေရန် စောင့်စည်းပိတ်ဆို့ခြင်းကို တရားအားထုတ်ခြင်းဟု ဆိုရာ ကိလေသာ မဖြစ်အောင် ဆုံးမခြင်းဖြင့် ကိလေသာမဖြစ်ပါက ထိုင်ရှုမှ စကြံ့န်လျှောက်ရှုမှ တရားအားထုတ်ရာရောက်သည်မဟုတ်၊ မည်သည့်ဣရိယာပုထ် တစ်ခုခုဖြင့် တည်ရှိနေစေကာမူ မျက်စိ - နား - နှာ - လျှာ - ကိုယ် - စိတ် တစ်ခုခုသော (ဒွာရ) တံခါးပေါက်မှ ကိလေသာ မဝင်အောင် သာ ပိတ်ဆို့နိုင်အောင် -

'ယထာ ယထာဝါ ပနဿ ကာယော ပဏိဟိတော၊
ဟောတိ၊ တထာ တထာ နံ ပဇာနာတိ'

(သတိပဋ္ဌာန်ပါဠိတော်)

ဆိုလိုသော သဘောမှာ ကိလေသာ အညစ်အကြေးကို သက်ဖြတ်ဆုံးမလိုသော ယောဂီ၏ အရှုခံဖြစ်သော ပရမတ်ရုပ်နာမ်အပေါင်း

အစုသည် အသွင်ပုံစံတစ်မျိုး, ဣရိယာပုထ် တစ်မျိုးမျိုးဖြင့် တည်ရှိနေ၏။ ယောဂီသည် ခန္ဓာ၏ တည်ရှိနေတိုင်းသော အသွင်ပုံစံအတိုင်းသာ ရှုနေရန်, သိနေရန် ဟောတော်မူသည်၊ ဣရိယာပုထ်တစ်ခုတည်း တစ်မျိုးတည်း ရှုရန် မဟောခဲ့ကြောင်း သတိပြုရန်ဖြစ်၏။

သတိပဋ္ဌာန်လုပ်ငန်းကို စံနစ်တကျအားထုတ်သော ယောဂီသည် သတိလုပ်ငန်းဖြစ်သည့်အားလျော်စွာ သတိမပြတ် စောင့်နေရန်လို၏။ ကိလေသာဝင်တတ်ဖြစ်တတ်သော မျက်စိစသည့် တံခါးပေါက်တို့ကို ဉာဏ်နှင့်ပိတ်ဆို့ရာ၌ (ဣရိယာပုတ် – ၄ ပါး၊ အာရုံ ၆ ပါးဟူသော) မူလကမ္မဋ္ဌာန်းရှုနိုင်ရာတို့တွင် မည်သည့်ဌာနက ကိလေသာဝင်ဝင် သတိထားစောင့်ကြည့်ခြင်းဖြင့် တားဆီးပိတ်ဆို့နိုင်ရာ၏။

တရားအားထုတ်သည်ဆို၍ ထိုင်ကြရာ၌လည်း ကာယဟူသော တံခါးပေါက်က ကိလေသာမဝင်နိုင်ရန် သတိဖြင့် စောင့်ကြည့်သောသဘောဖြစ်သည်။ ယင်းသို့ စောင့်ကြည့်ရာတွင် စောင့်ကြည့်သော ယောဂီသည် ကာယနှင့် ဖေါဋ္ဌဗ္ဗတို့ တိုက်တွေ့သောကြောင့် (ကာယဝိဉာဏ်) ကိုယ်သိသိရာ၌ ထိုအသိဉာဏ်သည် (သုခဝေဒနာ) ချမ်းသာခံစားမှု (ဒုက္ခဝေဒနာ) ဆင်းရဲခံစားမှု တစ်ခုခု တွေ့ရမည်ဖြစ်သည်။ ယင်းသို့ တွေ့လေက ထိုတွေ့သော ချမ်းသာ သို့မဟုတ် ဆင်းရဲဟု ရှုသိလိုက်လေလျှင် ထိုအသိဖြင့် ကိလေသာကို ဝင်ခွင့်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။ အဘယ့်ကြောင့်ဟူမူ – ချမ်းသာ ဟုငင်း – ဆင်းရဲဟု ငင်း သိမှတ်မှုသည် မူလခန္ဓာသဘာဝ၏ ပရမတ်အမှန်သဘောမဟုတ်ပဲ – ပညတ်သဘောအရ သမုတိသစ္စာ၏ လုပ်ကြံမှုကြောင့်ပေတည်း။ ယင်းသို့ ဆိုချေက – မြတ်စွာဘုရားသည် ဝေဒနာနုပဿနာ အစဟောရာ၌ –

'ချမ်းသာကို ခံစားခိုက် ချမ်းသာကို ခံစားနေတယ်'
'ဆင်းရဲကို ခံစားခိုက် ဆင်းရဲကို ခံစားနေတယ်'
ရှုရန် ဟောတော်မူသည်မဟုတ်လော ဟူငြားအံ့ –

မှန်ပါသည်၊ ထိုချမ်းသာဆင်းရဲဟု မှတ်ရမည့် အချိန်ကား 'ဝေဒနာ နုပဿနာ'အစဟောရာ၌ 'ခံစားမှု ဟူသည် ပရမတ်သဘောတရားသာ ဖြစ်ကြောင်း မည်သည့်ပုဂ္ဂိုလ်သတ္တဝါ ပညတ်မှမဟုတ်ကြောင်း အာရုံ၌ နှစ်သက်မှုဖြစ်လာလျှင် ချမ်းသာထင်၍ – မနှစ်သက်မှုဖြစ်လာလျှင် ဆင်းရဲထင်ကြောင်း၊ ထိုထင်ချက်သည် (သညာဝိပလ္လာသ) အမှတ်မှားသော ဖောက်ပြန်မှုကြောင့်သာဖြစ်ကြောင်းကို ကွဲပြားစွာ သိစေလိုခြင်း – ၎င်းအပြင် ချမ်းသာဟု ထင်ဆဲအခိုက်တွင်လည်း ဆင်းရဲထင်ချက်နှင့် မတူကွဲပြား ခြားနားကြောင်း၊ ဆင်းရဲထင်ခိုက်တွင်လည်း၊ ဆင်းရဲထင်ချက်နှင့် မတူကွဲပြားခြားနားကြောင်း၊ ဆင်းရဲထင်ခိုက်တွင်လည်း ချမ်းသာဟူသော အထင်မရှိ ခြားနားသော ကွဲပြားချက်ကို သိစေလိုခြင်း စသည်အားဖြင့် ပုထုဇ္ဇန်တို့၏ ပညတ်ဝေလေ့အစွဲမပျောက်မီ မှတ်နေရသော သတိ ထူထောင်ကာစ အခါမျိုး ဖြစ်ပုံကို အဋ္ဌကထာ ဖော်ပြရာ၌ –

'သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတီတိ
သုခ ဝေဒနာက္ခဏေဒုက္ခာယဝေဒနာယ၊
အဘာဝတော သုခံဝေဒနံ ဝေဒယမာနော
သုခံဝေဒနံ ဝေဒယာမီတိပဇာနာတိ'

(သတိပဋ္ဌာန်အဋ္ဌကထာ ၃၆၅၊ မူလပဏ္ဏာသဋ္ဌကထာ ၂၈၂)

'သုခံဝေဒနံဝေဒယမာနော – ပဇာနာတိ ဟူသည်ကား သုခ ဝေဒနာက္ခဏေ – ချမ်းသာကို ခံစားသော ခဏ၌၊ ဒုက္ခာယ

ဝေဒနာယ – ဆင်းရဲခံစားမှု၏၊ အဘာဝတော – မရှိခြင်း, မဖြစ်ခြင်းကြောင့်၊ သုခံ – ချမ်းသာသော၊ ဝေဒနံ – ခံစားမှုကို၊ ဝေဒယမာနော – ခံစားသည်ရှိသော်၊ အဟံ – ငါသည်၊ သုခံ – ချမ်းသာသော၊ ဝေဒနံယေဝ – ခံစားမှုကိုသာလျှင်၊ ဝေဒယာမိ–ခံစား၏၊ ဣတိ – ဤသို့၊ ပဇာနာတိ – သိ၏' ဆိုလိုသော သဘောမှာ 'ချမ်းသာကို ခံစားခိုက် ချမ်းသာကို ခံစားသည်' ဟု သည် ဆိုရာ၌ ထိုခံစားမှုသည် ဆင်းရဲခံစားသည်မဟုတ်၊ ဆင်းရဲခံစားသည်ဟု မသိ' ဟူသော သဘောမျိုးဖြစ်ရာ ခံစားမှုတစ်ခုကို သိမှတ်ရာ၌ 'ချမ်းသာဟူ၍၎င်း၊ ဆင်းရဲဟူ၍ ၎င်း၊ ချမ်းသာမဟုတ်၊ ဆင်းရဲမဟုတ်ဟူ၍၎င်း သုံးမျိုးရှိရာတွင် တစ်စုံတစ်ခု တစ်မျိုးမျိုးသော ခံစားမှုတွင် အခြားခံစားမှုသည် မရောမပါ – တစ်မျိုးချုပ်မှ တစ်မျိုးပေါ်သော သဘောကိုလည်း မြတ်စွာဘုရား ဟောတော်မူရာ၌ –

'ယသ္မိံ အဂ္ဂိဝေဿန သမယေ သုခံဝေဒနံ ဝေဒေတိ၊
နေဝတသ္မိံ သမယေ ဒုက္ခံဝေဒနံ ဝေဒေတိ၊
နအဒုက္ခ မသုခံ ဝေဒနံ ဝေဒေတိ'

(မဇ္ဈိမပဏ္ဏာသပါဠိတော် – ၁၆၈)

'အဂ္ဂိဝေဿန–ဒီဃနခပရိဗိုဇ်၊ ယသ္မိံသမယေ–အကြင်အခါ၌၊ သုခံဝေဒနံ – ချမ်းသာခံစားမှုကို၊ ဝေဒေတိ – ခံစား၏၊ တသ္မိံသမယေ–ထိုချမ်းသာကို ခံစားသော အခါ၌၊ ဒုက္ခံဝေဒနံ – ဆင်းရဲခံစားမှုကို၊ နေဝဝေဒေတိ – မခံစား၊ အဒုက္ခမသုခံ ဝေဒနံ – ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုကို၊ နဝေဒေတိ – မခံစား'

ဟူ၍ ဟောတော်မူထားရာ 'ချမ်းသာဟု ခံစားဆဲ အခိုက်တွင် ဆင်းရဲခံစားမှုမရှိမဟုတ်၊ ဥပေက္ခာလည်း မရှိမဟုတ်၊ ထို့အတူ

ဆင်းရဲဟု ခံစားဆဲ သိဆဲအခိုက် ခဏတွင် ချမ်းသာမရှိ မဟုတ်၊ ဥပေက္ခာလည်း မရှိမဟုတ်၊ ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ဥပေက္ခာ ခံစားမှု၌လည်း ချမ်းသာမရှိမဟုတ်၊ ဆင်းရဲမရှိမဟုတ် ချမ်းသာမဟုတ် သော ဥပေက္ခာ ခံစားမှု၌လည်း ချမ်းသာ မရှိမဟုတ် ဆင်းရဲ မရှိမဟုတ် ပုံကို ဟောတော်မူသည်။

အာရုံ ၆ ပါး မူလကမ္မဋ္ဌာန်းတရား၌တွင် မျက်စိနှင့် အဆင်း ဖြစ်စေ, နားနှင့်အသံဖြစ်စေ၊ အာရုံနှင့် ဝတ္ထုတိုက်ဆိုမှုတစ်ခုခု ဖြစ်ရာတွင် ခံစားချက်တစ်ခုခုသည်ဖြစ်မြဲတည်း၊ ထိုအခါတွင် ကိလေသာမဖြစ်အောင် တားဆီးပိတ်ဆို့ရေး အလုပ်ကို သတိကပ်၍ ပြုလုပ်အားထုတ်နေသော ယောဂီသည် ထိုခံစားချက်အပေါ် မည်သို့ သဘောထားမည်နည်း၊ ကိလေသာဟူသည် တိုက်တွေ့ခံစားရမှု အပေါ်၌ –

'ချမ်းသာဟူ၍ငင်း, ကောင်းသည်ဟူ၍ငင်း, သဘောကျ ကျေနပ်နှစ်သက်ပါက လောဘ မောဟ ကိလေသာ –
ဆင်းရဲဟူ၍ငင်း, မကောင်းဟူ၍ငင်း, သဘောမကျ မကျေနပ် မနှစ်သက်ပါက ဒေါသ မောဟ ကိလေသာ –'

ကိလေသာတို့ဖြစ်ရာတွင် ထိုကိလေသာတို့ မဖြစ်စေရန် ထိုခံစားမှုအပေါ်တွင် –

'တဒုဘယံ – ထိုချမ်းသာ၊ ဆင်းရဲ၊ ဝမ်းသာ – ဝမ်းနည်းခြင်းဖြင့်၊ လောဘဒေါသကိလေသာ ဖြစ်စေတတ်သော၊ ထို ၂ မျိုးကို၊ အဘိနိဝေဇ္ဇေတွာ – ကြည်ဖယ်ရှောင်ရှားဝေးကွာအောင် ခွာထား၍၊ ဝိဟရိတုကာမော – ရှုကာနေလိုသော ယောဂီသည်၊ ကိံက ရောသိ – အဘယ်သို့ရှုရမည်နည်းဆိုသော် – ဣဋ္ဌနိဋ္ဌေသု – ကောင်းသောနှစ်သက်စရာ ချမ်းသာအာရုံမကောင်းသော မနှစ်

သက်စရာ ဆင်းရဲအာရုံတို့၌၊ အာပါထဂတေသု – ဖြစ်ပေါ်လာ ထင်လာခဲ့သည်ရှိသော၊ နေဝသော မနသိကော – ဝမ်းသာ ဝမ်းမြောက်မဖြစ် မနစ်သက်ပါလေနှင့်၊ နဒေါမနသိကော – စိတ်ပျက်ဝမ်းနည်းမရှိလိုက်ပါနှင့်၊ ဣတိ – ဤသို့ရှုပါ' ဟူ၏။

(ဥပရိပဏ္ဏာသဋ္ဌကထာ – ၂၅၁)

အဋ္ဌကထာ၏ ဆိုလိုချက်မှာ – အာရုံဝတ္ထုတိုက်ဆိုမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ခံစားမှုတစ်ခုခုတွင် ချမ်းသာတွေ့လျှင်လည်း ဝမ်းမြောက်မှုလောဘမဖြစ်အောင် – ဆင်းရဲတွေ့လျှင်လည်း ဝမ်းနည်း စိတ်ပျက်ဒေါသမဖြစ်အောင် – ထိုဝင်လာဖြစ်လာသော ကိလေသာသဘောတို့ကို အာရုံမပြု – ဂရုမစိုက်ပါပဲ – မိမိသိစရာအာရုံ (ဖောက်ပြန်ပျက်စီး – သိပျက်စီး) ကို သိနေကာမျှနှင့်ပင် ဥပေက္ခာ ဖြစ်နိုင်လေသည်။

အလုပ်သဘောအားဖြင့် ဆိုရမူ တရားအားထုတ်မည့် ယောဂီသည် ခန္ဓာတွင် အသိဉာဏ်ကပ်ရောက်နေစဉ် အာရုံဝတ္ထုတို့ တိုက်တွေ့မှုကြောင့် မိမိ၏ ခန္ဓာတွင် တစ်ရွရွ, တစ်လှုပ်လှုပ်၊ တစ်သုတ်သုတ်, တစ်ဖြုတ်ဖြုတ်နှင့် တွေ့လာမည်။ ထိုအချိန်တွင် ယခုတွေ့ရှိချက်သည် ရုပ်ပရမတ်တို့၏ ပင်ကိုယ်အရှိသဘော ကိစ္စများပင် ဖြစ်၍ မိမိတို့၏ ပညတ်သဘောနှင့် နာမည်မတပ်လိုက်ပါနှင့်၊ အမှန်သဘော ပရမတ်တို့သည် သူတို့ကိစ္စ သူတို့လုပ်ဆောင်နေကြသည်ကို မိမိက သိရုံသိပေးနေမှုမှတစ်ပါး – နာမည်တပ်၍ ပညတ်ဖက်သို့ ယူမသွားပါလေနှင့် –

ပရမတ်ရုပ်နာမ်တို့၏ သဘောသည် 'ဖောက်ပြန်ပျက်လျက်, သိပျက်လျက်' ရှိနေသည်။ 'ပူတယ် အေးတယ်၊ ချမ်းသာတယ် ဆင်းရဲ

တယ်' စသည်ဖြင့် မှတ်နေပါက ခန္ဓာ၏ ပရမတ်အမှန်တရားကို မမှန်မကန်သော ပညတ် ကိလေသာဖက်သို့ အတင်းပို့ဆောင်သည်နှင့် တူလေသည်။ ထိုစကားမှန်သည် လောကတွင် ပူသည် – အေးသည် – ချမ်းသာသည် – ဆင်းရဲသည်' ဟူသော အမှတ်အသား အယူအဆွဲ များသည် ပညတ်ကိလေသာ၏ အာရုံဖြစ်သောကြောင့် ထိုခံစားရမှု မျိုးကို ခန္ဓာပရမတ်သဘောတို့၏ 'ဖောက်ပြန်ပျက်မှု' ဟု သိသော အသိဖြင့်၊ ဝါ – ချမ်းသာ၊ ဆင်းရဲ ဟူသော ကိလေသာကို ခွာသော အသိဖြင့် ဥပေက္ခာ ရှုချက်ဝိပဿနာဉာဏ်ဖြစ်လေသည်။ အဋ္ဌကထာ တွင် ဆက်၍ –

> 'ဣတိအယံ ဘိက္ခုစက္ခုဒွါရေ ရူပါရမ္မဏာမှိ ဣဋ္ဌေအာရမ္မဏေ မနာပံ၊ အနိဋ္ဌေအမနာပံ၊ မဇ္ဈတ္တေမနာပါမနာပဥ္စစိတ္တံ၊ တဿရဇ္ဇိတုံဝါ ဒုဿိတုံဝါ မုယှိတုံဝါ အဒတွာဝ ပရိဂ္ဂဟေတွာ ဝိပဿနံ မဇ္ဈတ္တေဋ္ဌပေတိ'
>
> (ဥပရိပဏ္ဏာသဋ္ဌကထာ ၂၅၁)

ဝိပဿနာရှုသော ယောဂီသည် မျက်စိနှင့် အဆင်းတွေ့ဆုံရာ၌ ကောင်းသော အာရုံတွေ့လျှင်လည်း သာယာတပ်မက် နှစ်သက်သဘောကျခွင့် မပေးဘဲ၊ မကောင်းသော အာရုံ တွေ့လျှင်လည်း ပြစ်မှား၊ ဖျက်ဆီးခြင်း၊ ဝမ်းနည်း စိတ်ပျက်ခြင်း အခွင့်ကို မပေးဘဲ၊ ကောင်း မကောင်း အာရုံတွေ့လျှင်လည်း နှစ်သက် မနှစ်သက် မဖြစ်စေပဲ၊ ခန္ဓာ၏ ပရမတ်သဘောဖြစ်သော 'ဖောက်ပြန်ပျက်မှု – သိပျက်မှု ကို' သိမ်းဆည်း၍ ထိုအသိဖြစ်သော ဝိပဿနာဉာဏ်ကို ကိလေသာ လွတ်သော အလယ်လမ်းကြောင်း မဇ္ဈိမပဋိပဒါ ဥပေက္ခာ၌ ထား၏။

## ဝိပဿနာ၏ ဥပဒေသ

ဤအဋ္ဌကထာသည် ဣန္ဒြိယဘာဝနာသုတ်၏ အဖွင့်အဋ္ဌကထာ ဖြစ်၍ ထိုသုတ်၏ အဖွင့်သာ ဟု မယူဆအပ်ပေ၊ မြတ်စွာဘုရား၏ သံသရာလွတ်ရေး ပဋိပတ္တိ သာသနာတစ်လျှောက်လုံးနှင့် လုံးဝ သက်ဆိုင်လေသည်။ ယင်းသို့ ဥပေက္ခာ တစ်ခုကိုသာ တွင်တွင် တိုက်တွန်းရေးသားခြင်း၏ အဓိပ္ပါယ်လည်း ပေါ်လွင်သင့်ပေသည်။ ဥပေက္ခာသဘောသည် ဝေဒနာ တစ်ခုအတွက် သာမဟုတ် တစ် သာသနာလုံးအတွက် တစ်ခုတည်းသော မဇ္ဈိမပဋိပဒါလမ်းစဉ် ဖြစ်သောကြောင့် အလယ်လမ်းကြောင်းသို့ သက်ဝင်လွယ်စေခြင်းငှါ ရေးသားနေခြင်းဖြစ်သည်။

စင်စစ်မှာ ဝိပဿနာရှုသည်ဆိုရာ၌ 'ဥပေက္ခာသဘောသည် သက်ရောက်အောင် ရှုသွားရသည့်ချည်းပင်ဖြစ်သည်' မြတ်စွာဘုရား သည် ကိလေသာလွတ်သော နိဗ္ဗာန်ကို ညွှန်ပြရာ၌ 'ရာဂကုန်ရာ, ဒေါသကုန်ရာ, မောဟကုန်ရာသည် နိဗ္ဗာန်ဟု ဟောတော်မူထား ရကား – နိဗ္ဗာန်ရလို၍ တရားအားထုတ်သော ယောဂီအား အကြွင် အကျင့်လမ်းစဉ်သည် ရာဂ ဒေါသ မောဟ ကွာသည်ဖြစ်လျှင် ထိုလမ်းစဉ် ထိုအကျင့်သည် မှန်ကန်လေသည်။ ရာဂဒေါသမောဟ ကုန်လျှင် လမ်းဆုံးသည်။ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းသည် ရာဂ ဒေါသ မောဟ ကိလေသာ တို့ကို ပယ်နိုင်ရန် ဆုံးမဖို့ ပိတ်ဆို့ဖို့ ဖြစ်ခွင့်မရအောင် တားဆီးဖို့ (ဆန္ဒရာဂဝိနယ) လုပ်အပ်သော အလုပ် ဟူ၍ နားလည်ထား ရသည်။ မဂ် – ဖိုလ် – နိဗ္ဗာန် ဟူသော လောကုတ္တရာတရားသည် လောကီပညတ်ဖြစ်သော ကိလေသာ တို့ကို မည်သည့် နေရာက

ဖြစ်စေ – လက်မခံပေ၊ ဤသည်လျှင် ဝိပဿနာ၏ သဘာဝ ဖြစ်လေသည်။

## ဗာဟိယဒါရုစီရိယ

ဥဒါန်းပါဠိတော်လာ ဒါရုစီရိယ ခေါ် ဗာဟိယ အကြောင်းကား ၎င်းသည် ကုန်ရောင်းဝယ်ကုန်အလုပ်နှင့် သမုဒ္ဒရာသို့ သွားရာမှ သင်္ဘော ပျက်သဖြင့် သုပ္ပါရက ဆိပ်ကမ်းမှ (ကဿပဘုရား လက်ထက်က တရားအားထုတ်ဖက်) အနာဂါမ်ဖြဟ္မာ၏ သာဝတ္ထိ တွင် ဘုရားပွင့်နေပြီ ဖြစ်ကြောင်း အမြန်သွားရန် ညွှန်ပြပြောဆိုသော ကြောင့် ယူဇနာ ၁၂၀ ဝေးသော သာဝတ္ထိသို့ ထွက်လာခဲ့ကာ တစ်ညလုံး မည်သည့် အရပ် ဒေသရောက်ရောက် မအိပ်မနေ မရပ် မထိုင်လာခဲ့ရာ နံနက် မိုးလင်း သာဝတ္ထိသို့ ရောက် ဆွမ်းခံ ကြွနေသော ဘုရားကိုရှာ၍ မြို့တွင်းလမ်း လမ်းတစ်ခုတွင် တွေ့လေ သောအခါ –

'စိရဿံ ဝတ သမ္မာသမ္ဗုဒ္ဓေါ ဒိဋ္ဌော တိ ဟဋ္ဌတုဋ္ဌော ပဉ္စဝဏ္ဏာယ ပီတိယာ နိရန္တရံ ဖုဋသရီရော'

(ဥဒါနဋ္ဌကထာ – ၇၈)

'မြတ်စွာဘုရားကို အလွန်ကြာမြင့်မှ ဖူးရပေပြီဟု ဝမ်းမြောက် ဝမ်းသာ ငါးမျိုးသော ပီတိတို့ လျှမ်းဖြာ၍ ၎င်း၏ ကိုယ်သည် အဆက်မပြတ် ပီတိတို့ ဖျန်းပက်လျက် ' (ဟူသော အဋ္ဌကထာ ပြသည်ကို မှတ်ခဲ့ပါ)

'မြတ်စွာဘုရား သံသရာ အကျိုးချမ်းသာရန် မြော်ကိုးလျက် တပည့်တော်အား တရားဟောတော်မူပါ' ဟု တောင်းပန်ရာ တွင် မြတ်စွာဘုရားက –

'ဗာဟိယ ဤအချိန်သည် ဆွမ်းခံချိန်ဖြစ်သည်။ တရားဟောရန် အချိန်မဟုတ်' ဟု ပယ်လိုက်လေရာ ဗာဟိယလည်း မြတ်စွာဘုရားကို ကြည်ညိုသဒ္ဓါနှင့် ပီတိဖြာပြီး ဖူးနေဆဲ – နောက်တစ်ဖန် သတိရပြန်၍ မြတ်စွာဘုရားနောက် အမီလိုက်ပြီးလျှင် –

'မြတ်စွာဘုရား – တပည့်တော်ကို တရားဟောတော်မူပါ' ဟု ဒုတိယအကြိမ် လျှောက်ပြန်ရာ မြတ်စွာဘုရားသည် ဗာဟိယ၏ အကြောင်းကို ဆင်ခြင်လျက် –

'ဗာဟိယ – ငါဆွမ်းခံဝင်နေဆဲ ဖြစ်သည်၊' ဟုပင် မိန့်ဆို၍ ဒုတိယအကြိမ် ပယ်ပြန်ရာ – ဗာဟိယသည်လည်း – "အန္တိမဘဝိကတ္တာ ပန ဥပနိဿယ သမတ္တိယာ စောဒိယမာနော"

'ရဟန္တာ ဖြစ်မည့် နောက်ဆုံးဘဝရသော ပုဂ္ဂိုလ်တို့ကား ရှေးအခါက ဆည်းပူးခဲ့သော အကြောင်း အထောက်အပံ့တို့ ပြည့်စုံခြင်းသည် နှိုးဆော်တိုက်တွန်းလေရကား – ဗာဟိယသည် –

'မြတ်စွာဘုရား – သံသရာတစ်လျှောက်လုံးတွင် သတ္တဝါတိုင်း အစာအာဟာရကို ရှာဖွေခဲ့ကြပါသည်၊ ဤသို့ ရှာဖွေစားသောက်ကြလျက် သေခဲ့ကြရပါသည်။ အစာအာဟာရသည် အရေးမကြီးလှပါ၊ မြတ်စွာဘုရား၏ အသက်သည်ရင်း တပည့်တော်၏ အသက်သည်ရင်း သေမည့်အချိန်ကို မသိနိုင်ပါ၍ – ယခု မသေမီ တရားဟောတော်မူပါ' ဟု

သံဝေဂဉာဏ်ပါသော စကားဖြင့် လျှောက်ရာတွင်မှ မြတ်စွာဘုရားက သို့ဖြစ်လျှင် ဗာဟိယ –

‘ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ သုတေသုမတ္တံ ဘဝိဿတိ
မုတေမုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာမတ္တံ
ဘဝိဿတိ၊ ဇဝဥ္စိတေဗာဟိယသက္ခိတဗ္ဗံ’
(ဥဒါနပါဠိတော် – ၈၅)

‘ဗာဟိယ – မြင်သည်ရှိသော် မြင်ကာမျှ၊ ကြားသည်ရှိသော် ကြားကာမျှ၊ နံသည်, စားသည်, ထိတွေ့သည်ရှိသော် ထိတွေ့ကာမျှ၊ သိသည်ရှိသော် သိကာမျှ ဟု ဤသို့ကျင့်ပါ၊ ယင်းကဲ့သို့ မြင်လျှင်မြင်ရုံ၊ ကြားလျှင်ကြားရုံ၊ ထိတွေ့လျှင် ထိတွေ့ရုံ၊ သိလျှင် သိရုံ (ဥပေက္ခာသဘောနှင့်) သင်ရှုနိုင်လျှင် သင်အား နှစ်သက်မှု မနှစ်သက်မှု တွေဝေမှုစသော ကိလေသာ တို့ မဖြစ်လတ္တံ့ – ထိုအခါ သင်သည်ထိုမြင်အပ်၊ ကြားအပ်သောအာရုံတို့အပေါ်၌ ရာဂစသော ကိလေသာတို့ဖြင့် မတည်လတ္တံ့၊ ထိုသို့ ရာဂဒေါသ မောဟ တို့မတည်သော သင့်အား – ဤပစ္စုပ္ပန်ဘဝ၌၎င်း, တမလွန်ဘဝ၌၎င်း ယခုဘဝ နောင်ဘဝနှစ်ပါးစုံသော ဘဝ၌၎င်း မဖြစ်လတ္တံ့၊ ဗာဟိယ – ဤသည်ပင်လျှင် သင့်အား ဆင်းရဲ အဆုံး ဖြစ်သော နိဗ္ဗာန်ပင်တည်း’ ဟု ဟောတော်မူလေရာ–တရားတော်၏ အစဦးသို့ ဉာဏ်လိုက်၍ သိလာသော ဗာဟိယသည် တရားဆုံးလျှင် ဉာဏ်ဆုံးသဖြင့် ရဟန္တာ အဖြစ်သို့ ရောက်လေသည်။

## ခ်ိစ်ဝေဖန်ရန်

အချို့ပုဂ္ဂိုလ် တို့ ယူဆသည်မှာ ‘ဒိဋ္ဌေဒိဋ္ဌမတ္တံ စသည်ဖြင့် ဟောသော တရားသည် မြတ်စွာဘုရား၏ တစ်လက်ထက်တော်လုံးတွင် ‘ဗာဟိယခေါ် ဒါရုစီရိယနှင့် မာလုကျပုတ္တ နှစ်ဦးသာ တရားရသော

သုတ်ဖြစ်၍ အခြားသူများအတွက် မဟုတ်’ ဟု ယူဆကြရာ - တရား၏ သဘာဝကို မကြည့်ပဲ ပုဂ္ဂိုလ်အနေနှင့် ကြည့်သော ယူဆချက်ဖြစ်၍ မမှန်ကန်ပေ၊ တရား၏ သဘာဝကို ကြည့်လျှင် ‘ဒိဋ္ဌေ ဒိဋ္ဌမတ္တံ’ မြင်သောအခါ မြင်ခိုက်၊ ကြားသောအခါ ကြားခိုက်၊ နံသောအခါ နံခိုက်၊ စားသောအခါ စားခိုက်၊ တွေ့ထိသောအခါ ထိခိုက်၊ သိသော သိခိုက်ရှုရသော နည်းဖြစ်ရာ ပစ္စုပ္ပန်ကျရန် လမ်းညွှန်ပြသော တရားဖြစ်၍ -

‘ပစ္စုပ္ပန္နဥ္စ ယောဓမ္မံ၊ တတ္ထတတ္ထဝိပဿတိ၊
အသံဟိရံ အသံကုပ္ပံ၊ တံဝိဒွါ မနုဗြူဟယေ’

ဟူသော ဥပရိပဏ္ဏာသပါဠိတော် ဘဒ္ဒေကရတ္တ သုတ်ထားဖို့ကောင်းလေသည်။ ဗာဟိယနှင့် မာလုကျတို့ကို မြင်ခိုက် ကြားခိုက်စသော ပစ္စုပ္ပန် အခိုက်တွင် ဝင်တတ် ဖြစ်တတ်သော ကိလေသာတို့ မဝင်မဖြစ်စေရန် ဟောညွှန်၍ တရားရစေပါလျှင် ဤဘဒ္ဒေကရတ္တ သုတ်သည် ဗာဟိယတို့အတွက် သာလော - မြတ်စွာဘုရား၏ သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်စေလိုသော ဆန္ဒတော်ဖြင့် သံသရာဘဝတွင် မကျွတ်မလွတ်စေပဲ ဒုက္ခပေးတတ်သော ကိလေသာ တို့ကို ပိတ်ဆို့တားမြစ်ရာ၌ ကိလေသာ ဝင်ပေါက်ဖြစ်သော (ဒွါရ ၆ ပါး) တံခါး ၆ ပေါက်မှ သတိနှင့် စောင့်ကြည့်ပြီး ဉာဏ်ပညာနှင့် သတ်ဖြတ်ဖျက်ဆီးနိုင်ရန် ဟောသော လမ်းညွှန်မှုပေးသော တရား တော်ချည်းသာ ဖြစ်၍ အားထုတ်မည့် ယောဂီက မိမိ၏ စရိုက်, ဣန္ဒြေ စသည်ဖြင့် လေ့လာလေ့ကျင့်ကြည့်၍ မိမိသဘောပေါက် ဉာဏ်ရောက်သော သတိပဋ္ဌာန်သည် မိမိ၏ ထွက်မြောက်ရာ လုပ်ငန်းဖြစ်ကြောင်း သိရမည်။

"ကဿစိပိ အဝါရိတော ဓသမ္မော"

'မြတ်စွာဘုရား၏ တရားတော်ဟူသည် တစ်စုံတစ်ယောက် မည်သူ့ကိုမျှ မတားမြစ်ရ' ဟု ဓမ္မပဒဋ္ဌကထာတွင် သတိပေးလျက် ရှိသည်။

ဤ၌ ဗာဟိယအား ဒွါရ ၆ ပါး ကိလေသာဝင်ပေါက်များတွင် ကိလေသာတို့ ဝင်မလာစေရန် မြင်လျှင်မြင်ကာမျှ မြင်ရုံသာထား ပါက (စက္ခုနာသံဝရေဝသာစ) ကိလေသာဆက်၍ မဖြစ်နိုင်ကြောင်း၊ ကြားရာ, နံရာ၊ စားရာ တွေ့ထိရာ တို့၌လည်း ကြားရုံ–နံရုံ–စားရုံ – တွေ့ထိရုံ – သိရုံမျှသာ ထားနိုင်လျှင် ထိုကိလေသာတို့ပြတ်၍ 'ဧသေဝန္တော ဒုက္ခဿ' ဆင်းရဲဆုံးရာ နိဗ္ဗာန် အထိ ညွှန်ပြထားသည်။ မြင်မှု ကြားမှု စသော အာယတနနှင့် ပတ်သက်လာလျှင် 'သဠာယ တနသံယုတ်' တစ်ကျမ်းလုံးသည် ဤနည်းမျိုးချည်းသာတည်း ရူပါရုံ ဟူသော မြင်မှုကို စက္ခုဝိညာဏ်ဖြင့် မြင်သိသိရာ၌ –

> 'ယထာ အာပါထဂတေ ရူပေ စက္ခုဝိညာဏံ နရဇ္ဇတိ၊
> နဒုဿတိ၊ နမုယှတိ၊ ဧဝံရာဂါဒိဝိရဟေန စက္ခုဝိညာဏ
> မတ္တမေဝ မေဇဝနံ ဘဝိဿတိ၊
> စက္ခုဝိညာဏပ္ပမာဏေနေဝဇဝနံ ဌပေဿာမိတိ'
>
> ( ဥဒါနဋ္ဌကထာ – ၈၁ )

စက္ခုဝိညာဏ်ဖြင့် အဆင်းကို အာရုံ၌ ထင်လာသောအခါ မြင်စိတ် သည်၊ ထိုအဆင်း၌ ရာဂအားဖြင့် မတပ်မက်၊ ဒေါသအားဖြင့် မပြစ် မှား၊ မောဟအားဖြင့် မတွေဝေပဲ၊ မြင်သိသဘောကို မြင်ကာ မတ္တ သာလျှင် ထား၏၊ မြင်သဖြင့် သိသည့်အတိုင်းသာလျှင် ထား၏။

ဤ၌ အာရုံ ၆ ပါး ရှိသော တရားတိုင်းတွင် ဤစည်းမျဉ်း သဘာ၀ တရားကို မည်သည့်တရားအားထုတ်သော ယောဂီမှ ကျော်လွန်၍ မရ၊ မြင်ခိုက်တွင် မြင်ရုံနှင့် မရပ်ပဲ၊ ရှေ့ဆက်သွားပါက ရာဂ – ဒေါသ, မောဟ တို့သို့ ရောက်၍ 'ကာမသုခလ္လိက – အတ္တကိလမထ' အစွန်း – ၂ ဖက်တွင် တဖက်ဖက်သို့ ရောက်၍ မြတ်စွာဘုရား၏ မဇ္ဈိမပဋိပဒါ လမ်းစဉ်မှ သွေဖည်သွားမည် ဖြစ်သည်။

ယခုဘ၀ဘုရားနှင့်တွေ့နေဆဲ အချိန်ပိုင်းလောက်သာ အသက်ရှင် နေသေးသည့် ဗာဟိယအား မြတ်စွာဘုရားသည် ဤအချိန်မှ နောက် ဗာဟိယ၏ အသက်ပိုင်း မရှိတော့သည်ကို သိတော်မူပြီးဖြစ်၍ အစွန်း – ၂ ဖက်သို့ မရောက်စေပဲ အချိန်ရ သလောက် အစွန်းမှ လွတ်နိုင် ပယ်နိုင် စိမ့်သောငှါ ခေတ္တမျှ တရား မဟောသေးပဲ –

ဤဗာဟိယသည် ငါဘုရားကို မြင်တွေ့သည်မှစ၍ ၎င်း၏ ဟစ်ကိုယ်လုံးသည် နှစ်သက်ခြင်း ၀မ်းသာခြင်းပီတိတွေ ဖုံးလျက် ရှိသည်။ ဤပီတိ လှိုင်းထန်းပိုး ရိုက်၍ နှစ်သက်နေချိန်တွင် (ကာမသု ခလ္လိက) အစွန်းထဲ ၀င်ရောက်နေသဖြင့် ငါဘုရား တရား ဟောသော်လည်း တရားကို ထိုးထွင်း၍ သိမည်မဟုတ် ချေ။ သို့ကြောင့် –

"ယာ၀ ပန မဇ္ဈတ္တ၊ ပေက္ခာ သဏ္ဌာတိ၊ တာ၀တိဋ္ဌတု" အကြင်မျှလောက် နှစ်သက်မှု (ကာမသုခလ္လိက) အစွန်းလွတ်၍ မဇ္ဈိမပဋိပဒါဥပေက္ခာဖြစ်စေဦး၊ ထိုအစွန်းလွတ်သောမဇ္ဈိမပဋိပဒါ ဥပေက္ခာ ရှိနိုင်သည်တိုင်အောင် ဆိုင်းဦးမည်' ဟု သတိပြု၍ 'ငါတရားမဟော' ဟု ပထမ ငြင်းလိုက်ခြင်းဖြစ်လေသည်။

နောက် ဒုတိယအကြိမ် ငြင်းလိုက်သည်မှာကား -

'ဝိသ ယောဇနသတံ မဂ္ဂံ အာဂတတ္တာ ဒရတော
ပိဿကာယေ ဗလဝ ါ သောပိ တာဝ ပဋိပ္ပဿမ္ဘတု'

ယူဇနာ (၁၂၀) ရှိသောခရီးကြမ်းကို လာခဲ့ရသည်ဖြစ်၍ ဗာဟိယ၏ ခန္ဓာကိုယ်သည် အလွန်ပင်ပန်းလျက်ရှိသည်၊ ထိုပင်ပန်းချက် (အတ္တကိလမထ) လည်း ငြိမ်းစေဦး ထိုအစွန်းမှ လွတ်အောင်စောင့်သော အနေအားဖြင့် သတိပြု၍ 'တရား မဟောရန်' ဒုတိယအကြိမ် ငြင်းပယ်လိုက်ခြင်းဖြစ်လေသည်။

ဗာဟိယအား မြတ်စွာဘုရား၌ ကြည်ညိုသော ပီတိ သောမနဿ လည်း လျော့ကျလာစဉ် - ပင်ပန်းမှုကြောင့် မသက် မသာဖြစ်ခဲ့သော ကိုယ်သည်လည်း သက်သာလာဆဲ - သံဝေဂ ပါသော အသံဖြင့် တတိယအကြိမ် တရားဟောရန် တောင်းပန်သော အခါမှ ဗာဟိယ၏ ဣန္ဒြေလည်း ရင့်ကျက်လာပြီဖြစ်ရကား - သေမည့်ဘေးကို မြင်တတ် သည့် ဉာဏ်ရင့်လာသော အချိန်တွင် မြတ်စွာဘုရားသည် ဤဒိဋ္ဌေ ဒိဋ္ဌမတ္တံ စသော ဒေသနာတော်ကို "မဇ္ဈိမပဋိပဒါ ဥပေက္ခာကျကျ" ဟောတော်မူလေသည်။

မည်သည့်တရားဒေသနာကိုမဆို မြတ်စွာဘုရားသည် အဓိက ဦးတည်၍ ဟောရမည့် ပုဂ္ဂိုလ်၏ အလို (အဇ္ဈာသယ) ကို ကြည့်၍ နည်းပရိယာယ်သာ ပြောင်းသွားမည်။ တရားသဘောကား အတူတူပင်ဖြစ်သည်။ ဤဒိဋ္ဌေဒိဋ္ဌမတ္တံ စသော ဒေသနာတော်ကို ဗာဟိယနှင့် မာလုကျပုတ္တ - ၂ ဦးကိုသာ ဟောသည်ဆိုရာ၌ - ဗာဟိယကို ဟောပုံနှင့် မာလုကျပုတ္တကို ဟောပုံနည်း ပရိယာယ်မတူ ပဲ-ကွဲပြားပုံကို လေ့လာကြည့်ပါ။ ဗာဟိယကို ဟောရာ၌ "ဗာဟိယ-

မြင်သည်ရှိသော် မြင်ကာမျှ၊ ကြားသည်ရှိသော် ကြားကာမျှ၊ တွေ့ထိသည်ရှိသော် တွေ့ထိကာမျှ၊ သိသည်ရှိသော် သိကာမျှ သင်ရှုနိုင်လျှင်။ လ။ သင်သည် ဆင်းရဲဆုံးရာ နိဗ္ဗာန်ကို ရလတ္တံ့ဟု ဟောတော်မူသည်။ ထိုတရားမျိုးပင် မာလုကျပုတ္တကို ဟောရာ၌ –

'မာလုကျပုတ္တ – သင်သည် မမြင်ရဖူးကုန်သော, မြင်ဆဲလည်း မဟုတ်ကုန်သော, နောင်မြင်ဖို့ပင် စိတ်မကူးရသေးကုန်သော၊ မြင်စရာအဆင်း (ရူပါရုံ) တစ်ခုခုတွင် သင်သည် နှစ်သက်မှု, စွဲမက်မှု, သာယာမှု တို့ ဖြစ်ပါမည်လော'

'မဖြစ်ပါအရှင်ဘုရား'

(အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အသိ အားလုံး)

မာလုကျပုတ္တ – ထိုသို့ဖြစ်လျှင် သင်သည် မြင်ဆဲ, မြင်ခိုက်ဖြစ်သော အဆင်းတစ်ခုခုတွင် ကိုယ်တိုင် တိုက်တွေ့သော လက်ငင်းကြုံတွေ့နေဆဲအဆင်း မြင်ခိုက်တွင် – ပထမသင်မမြင်ဖူးသော အဆင်း၌ စွဲမက်မှု, နှစ်သက်မှု, သာယာမှုတို့ မဖြစ်သကဲ့သို့ ယခု မြင်ဆဲဖြစ်သော အဆင်းတွင်လည်း မဖြစ်အောင် (ဥပေက္ခာသဘောနှင့်) ရှုနိုင်ငြားအံ့။ လ။ သင်သည် ဆင်းရဲဆုံးရာနိဗ္ဗာန်ကို ရလတ္တံ့၊ ဟု ဟောတော်မူသည်။

မြတ်စွာဘုရား၏ အလိုတော်မှာ – ကျွတ်ထိုက်သော သတ္တဝါ၏ စရိုက်, ဣန္ဒြေစသည်တို့အတွက်သာ ဓမ္မက္ခန္ဓာပေါင်းများစွာ ဟောရသော်လည်း အနှစ်သာရသဘောကား – ရာဂငြိမ်းကြောင်း, ဒေါသငြိမ်းကြောင်း, မောဟငြိမ်းကြောင်း တရားတို့သာ ဖြစ်ကြကုန်၏။ ဤဒိဋ္ဌေဒိဋ္ဌမတ္တံ ဒေသနာတော်၌ လိုရင်းကို ထုတ်ကြည့်လျှင် မြင်ရာ၊ ကြားရာစသော ကိလေသာဝင်ပေါက်တို့တွင် ရာဂ – ဒေါသ –

မောဟ စသော ကိလေသာတို့ မဝင်နိုင်အောင် - မဖြစ်အောင် - လုံးဝ ပြန်မပေါ်အောင် သတ်သော သဘောသာ တွေ့ရ၏။ မည်သည့် တရားလုပ်ငန်းတွင် ရာဂ - ဒေါသ - မောဟ တို့ဖြစ်စေသနည်း။ မည်သည့် သံသရာလွတ်ကြောင်းတရားတစ်ခုမျှ ရာဂ - ဒေါသ - မောဟ ဖြစ်သော တရားမရှိချေ။

(သုခသော မနသာ) ချမ်းသာ - ဝမ်းသာခြင်းသည်သည် 'ကာမ သုခလ္လိက' ရာဂဖြစ်၍ (ဒုက္ခဒေါမနဿ) ဆင်းရဲဝမ်းနည်းခြင်းသည် 'အတ္တကိလမထ' ဒေါသမောဟ ဖြစ်ရကား - ဘုရားသာသနာ ဘုရား၏ တရားတော် မဟုတ်၍ (နသေဝိတဗ္ဗာ) မမှီဝဲအပ်ကုန်ဟု - ကိလေသာလွတ်သော မြတ်စွာဘုရား၏ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ဗုဒ္ဓဘုရားကိုယ်တော်တိုင် ချမှတ်တော်မူထားသည်။ အကြောင်းမူ ရာဂ - ဒေါသ - မောဟ ကိလေသာသတ်တရားနှင့် ရာဂ ဒေါသ မောဟ ဖြစ်သော တရားသည် ဆန့်ကျင်နေသောကြောင့် ဖြစ်၏။

သို့အတွက် အစွန်းတရား - ၂ ပါးသည် ရာဂ ဒေါသ မောဟ ကိလေသာတို့ဖြစ်သောကြောင့် မြတ်စွာဘုရား၏ တစ်ခုတည်းသော မဇ္ဈိမပဋိပဒါမဂ္ဂင်တရားကို အဓိကထားသော သာသနာအလုပ် အားထုတ်သူတိုင်း အထူးဂရုစိုက်နိုင်ရန် ကျွန်ုပ်တို့ ဆိုနေရခြင်း ဖြစ်သည်။ အစွန်းတရား ၂ ပါးနှင့် ပတ်သက်၍ ပေါ့ပေါ့တန်တန် သာမန် မှတ်သော ပုဂ္ဂိုလ်အချို့အား ကျွန်ုပ်တို့ ရှင်းပြခဲ့ဖူးသည်။ ဤအစွန်း တို့သည် တရားအားထုတ်သူ ယောဂီတို့အား မဂ်နားရောက်သည် အထိ ဒုက္ခပေးနိုင်ကြောင်း ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီ။

အစွန်းတရား ၂ ပါးသည် ချမ်းသာ, ဆင်းရဲ စွဲထင်ရာမှ လာသော ကြောင့် ဥပေက္ခာသည်သာ ထိုအစွန်းတို့မှ လွတ်ရာလွတ်ကြောင်း ဆိုခဲ့သည် – ဥပေက္ခာ ဆိုရာတွင် –

'အဒုက္ခ မသုခံ သန္တံ – အဒုက္ခိနံ အနိစ္စတော'

'ဥပေက္ခာဟူသည် ရုပ်နာမ်ခန္ဓာ၏ သဘာဝအပျက်ကို မြင်နေသောအခါဖြစ်သည်' ဟု ဝေဒနာသံယုတ်တွင် ဟော တော်မူသည့်အတိုင်း ကျွန်ုပ်တို့ ခန္ဓာ၏ သဘာဝအပျက်ကိုသာ အပျက်ဟု ရှုနေသည်၊ ယင်းသို့ ဖောက်ပြန်သဘောတို့၏ အပျက် – သိသဘောတို့၏ အပျက်ကို ကျွန်ုပ်တို့ ရှုချက်သည် မှန်နေပါလျက် ထိုရှုနေသော ခန္ဓာ၏ အပျက်ကို သိနေရာမှ – မိမိတို့ ရှုနေသော ဉာဏ်ကို ကျေနပ်လာသည်, သဘောကျလာသည်။ ထိုအချိန်တွင် မြတ်စွာဘုရားသည် –

"အဒုက္ခ မသုခံ သန္တံ၊ ဘူရိပညေန ဒေသိတံ၊
တဉ္စာပိအဘိနန္ဒတိ၊ နေဝဒုက္ခာ ပမုစ္စတိ။
(ဝေဒနာ သံယုတ်ပါဠိတော် – ၄၀၈)

အဒုက္ခ မသုခံ–ချမ်းသာဆင်းရဲကို မရှုပဲ၊ ချမ်းသာမဟုတ် ဆင်းရဲ မဟုတ်၊ ပျက်သဘောဟု ရှုသော ဥပေက္ခာကို၊ သန္တံ–ကိလေသာ မဖြစ်သဖြင့် ငြိမ်သက်၏။ ဣတိ – ဤသို့၊ ဘူရိပညေန – မြေကြီး ထုနှင့်တူသော ပညာကြီးတော်မူသော မြတ်စွာဘုရားသည် ဒေသိတံ – ဟောတော်မူအပ်၏။ တဉ္စာပိ – ထိုခန္ဓာ၏ ပင်ကိုယ် သဘာဝအပျက် ကိုသာရှုသော ဥပေက္ခာရှုချက်ကို သော်လည်း၊ အဘိနန္ဒတိ – ရှု ကောင်းချက်နှင့် နှစ်သက်သေး၏။ သော–ထို ဖြစ်ပျက်ကို နှစ်သက်စွာ ရှုနေသော ယောဂီသည်၊ ဒုက္ခာ–ဆင်းရဲ သံသရာမှ၊ နေဝပမုစ္စတိ – မလွတ်သည်သာတည်း။

ဝိပဿနာ ရှုဉာဏ်သည် မည်မျှကိလေသာ အညစ်အကြေး အပူအလောင်မှ စင်ကြယ်ရမည်ကို သတိအထူးထားရန် လိုသည်။ ထိုစကားမှန်လှ၏။ ကျွန်ုပ်တို့ ရှုနေသော ခန္ဓာသည် လုံးဝပရမတ်အမှန် တရားဖြစ်၍ ခန္ဓာ၏ ပင်ကိုယ်သဘာဝကိုက ကိလေသာ မဖြစ်သော စင်ကြယ်သည့် တရားဖြစ်၏။ ခန္ဓာကို ကြည့်သော ကျွန်ုပ်တို့၏ အသိကသာ ခန္ဓာပေါ်မှာ မမှန်မကန် ကိလေသာဖြစ်နေသည်။ ဤရှုမြင် ချက်ကို ကြည့်ပါ။

ကျွန်ုပ်တို့သည် ခန္ဓာ၏ 'ရုပ်ပရမတ်' ဟူသော ဖောက်ပြန်မှု သဘောတရားကို ၎င်း၊ ထိုသဘောတရား၏ ဖြစ်ပေါ်မှုကြောင့် ပျက်စီးသွားသော သဘာဝအပျက်ကို ရှုနေ၏။ လေ့လာ လေ့ကျင့်သား ရနေသော ဉာဏ်သည် ခန္ဓာ၏ ပင်ကိုယ်သဘာဝ ကို သဘာဝအတိုင်း ပျက်တဲ့သဘော ရစရာမရှိအောင် ဖောက် ပြန်သဘောတို့သည် တစ်ကိုယ်လုံး တစ်ကောင်လုံးတွင် နေရာကွက်လပ်မကျန်အောင် အသိစိတ်တို့ ရောက်သောနေရာ တိုင်း သွက်သွက်ခါအောင် ပျက်နေကြသည်မှာ ကိုယ်တိုင် သိရ သော ခန္ဓာ၏ အမှန်တရားတို့ဟူ၍လည်း ယုံကြည်မှု ရှိနေ၏။ သတ္တဝါ ပုဂ္ဂိုလ်မရှိဆိုသည်ကိုလည်း ခန္ဓာ၏ ပင်ကိုယ်တရား အပျက်ကို သိနေရသော အချိန်တွင် ကျွန်ုပ်တို့ နှလုံးမသွင်း၊ ဤခန္ဓာတွင် ဤသဘောတရားတို့သာ ရှိနေသော အမှန် တရားတို့ ဖြစ်ကြောင်း ကိုယ်တိုင်သိသော 'ယထာဘူတဉာဏ်' ဖြစ်၍ မှန်နေပေသည်။

ဤခန္ဓာ၏ သဘာဝကို စတင်လေ့လာစဉ်က (ဣတိရူပဿ သမုဒယော) ဤခန္ဓာဟူ၍ ဖွဲ့စည်းထားသော သဘောတရား

တို့တွင် – ခန္ဓာတွင် တွေ့နိုင်သိနိုင်သော (ပူ – အေး – နွေး – ရိုန် – ထုံ – ကျင် – ကိုက်ခဲ) စသော မငြိမ်မသက် ရွေ့ရှား ပြောင်းလဲနေသော မိမိ သူတစ်ပါး မည်သူမျှ ပြုပြင်လုပ်ဆောင် မပေးရသော ခန္ဓာ၏ – အရှိ အမှန်သဘာဝ တရားတို့ကို 'ဖောက်ပြန်မှု' ဟု သိနေပါ ဟု ဆိုသည့်အတိုင်း ကျွန်ုပ်တို့ သိနေပြီ။

ဤခန္ဓာ၏ ပင်ရင်းရှိနေသော သဘာဝတရားကို သတိမထားအမှတ်မဲ့နေသဖြင့် (ပူတယ် – အေးတယ် – ထုံတယ် – ကျင်တယ်) ဟု သူ့ပင်ကိုသဘာဝကို သတိမထား မလေ့လာပဲ လောက ပညတ်နှင့် ကျွန်ုပ်တို့က နာမည်တပ်ခြင်းသာဖြစ်သည်။ အမှန်အားဖြင့်ကား နာမည်ပညတ်မတပ်မယူပဲ သူ့သဘာဝ အရှိကိုသာ သတိထားပါက မငြိမ်မသက် ရွေ့ရှားပြောင်းလဲ နေသော ဖောက်ပြန်မှုတို့ဖြစ်ကြောင်း ထပ်ကာထပ်ကာ သိလေ ယုံကြည်မှုရလေဖြစ်တော့သည်။ နောက်ခန္ဓာတစ်ခုလုံး အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်မှုရှိလာသောအခါ ခန္ဓာမှာ တွေ့ရသော မျိုးစုံသော ဖောက်ပြန်မှုတို့သည်–သူတို့ကိစ္စအပျက်သို့ သွားနေသည်ကား သူ့ကိစ္စ အမှန်ဆောင်ရွက်နေခြင်း, သွားနေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ကား – အပျက်ကို သိလောက်သည့် ဉာဏ်မဖြစ်သေးသော်လည်း သဘာဝတရားတို့ကား (ဣတိ ရူပဿအတ္ထင်္ဂမော) ဖြစ်သတောရှိက ပျက်ရမည်မှာ ဓမ္မတာ ဆိုသော်လည်း အလွန်လျှင်မြန်စွာ ပျက်နေသော သဘာဝတရား တို့ ပျက်နေသည်ကို ယုံကြည်ပါသော်လည်း ကျွန်ုပ်တို့၏ ဉာဏ် မရင့်ကျက်သဖြင့် မလိုက်နိုင်ပဲ ဖြစ်ရသည်။ အပျက်သည်လည်း ခန္ဓာ၏ ဖောက်ပြန်မှုတို့ ဖြစ်သည့်နည်းတူ အပျက်လည်း အရှိ

တရားဖြစ်၍ သိနိုင်ရမည်ဟူသော ယုံကြည်ချက်ဖြင့် ဂရုတစိုက် ရှုကြည့်ဖန်များလတ်သော် မထင်မရှား 'ရိပ်ကနဲ' အပျက် တစ်ချက်ကို သိလိုက်သည်။ သို့ရာတွင် မသေချာ "ကိုယ်တိုင် မသိလျှင် ဉာဏ်မဖြစ်' ဆိုသောကြောင့် ထပ်ကာထပ်ကာ ရှုကြည့်ရာတွင် တစ်ရိပ်ရိပ်နှင့်သော်၎င်း၊ တစ်ရှိန်ရှိန်နှင့်သော်၎င်း၊ တစ်လှုပ်လှုပ်နှင့်သော်၎င်း၊ တစ်သုတ်သုတ်နှင့်သော်၎င်း၊ မျိုးစုံပျက်သည်ကိုသိလာရပေသည်။ ခန္ဓာကိုယ်တွင် ဖြစ်သဘော တို့ခန္ဓာတစ်ကိုယ်လုံးဖြစ်သလိုဖြစ်သဘောတိုင်း ပျက်နေကြ သည် ပျက်သွားကြသည်ကို သိလာရသော ကျွန်ုပ်တို့အတွက် ရှုရမည့် သိရမည့် သဘာဝတရားကို သိနေရာမှ ကျေနပ်မှု ကိလေသာ 'ကာမသုခလ္လိက' အစွန်းသို့ အသေအချာ ဝင်သွား တော့ရာ တရားအားထုတ်မှုမှ ရပ်၍ မြတ်စွာဘုရားကို အကြိမ်ကြိမ် ရှိခိုးမိတော့၏။ နူးညံ့လှစေ၏။

မြတ်စွာဘုရား၏ သာသနာလုပ်ငန်းတွင် 'မဂ္ဂင်ရှစ်ပါး အမှန်တရားသည်သာ သံသရာလွတ်ကြောင်းဖြစ်၍ သံသရာအဆင့် ဆင့် လွတ်မြောက်သော အရိယာကြီးများ ဖြစ်ကြရှိကြကြောင်း မြတ်စွာဘုရား၏ သာသနာတော်မှ တစ်ပါးအခြားသော တိတ္ထိတို့ သာသနာမှာဖြစ်စေ၊ သာသနာပမှာဖြစ်စေ၊ အရိယာပုဂ္ဂိုလ် ဖြစ်အောင် ပြုလုပ်ပေးသော မဂ္ဂင်ရှစ်ပါး မရှိသည့်အတွက် သံသရာပြတ်သော လွတ်သော အရိယာကြီးများ မရှိကြ၊ မဖြစ်ကြ ကြောင်း ဟောတော်မူချက်ရှိသည် ဖြစ်၍ –

ယခုအခါ ကျွန်ုပ်တို့သည် မိမိတို့ ကိုးကွယ်သော မြတ်စွာ ဘုရား၏ ဟောတော်မူချက်အရ သံသရာဒုက္ခ၊ ခန္ဓာ ဒုက္ခ ကိုလည်း

သိလာသည်။ နိဗ္ဗာန်ချမ်းသာ ဆိုသည်ကိုလည်း သဘောပေါက်လာသည်။ ထိုခန္ဓာ သံသရာမှ လွတ်သော နိဗ္ဗာန်ကိုလည်း မိမိ၏ လေ့ကျင့်အားထုတ် အပ်သော ဉာဏ်နှင့်သာ မျက်မှောက်ပြုရမည်ကိုလည်း နားလည်လာသည်။ ကိုယ့်ခန္ဓာ ၊ ကိုယ့်သံသရာ ဖြတ်ရေးသည် သူများကို အားကိုးရသည်မဟုတ်၊ ကိုယ့်အသိ ကိုယ့်ဉာဏ်နှင့်သာ ခန္ဓာသံသရာဖြတ်နိုင်သည်ကို သဘောပေါက်လာသဖြင့် ကိုယ့်ခန္ဓာ၏ ယထာဘူတ သဘာဝအမှန်အတိုင်း သိအောင် – ပညတ် ပရမတ် ရှေးဦးစွာ ကွဲပြားစွာ နားလည်ထားပါ။

ခန္ဓာသည် ၎င်း၏ ပင်ရင်းကိုက ပရမတ်ဖြစ်သည် အမှန်တရားဖြစ်သည်၊ ဤခန္ဓာကို ကျွန်ုပ်တို့က လူဟု ၊ ပညတ် နှင့် မှတ်ကထည်းက မှားတော့သည်။ အဘယ့်ကြောင့်ဆိုသော် လူဟု မှတ်ခြင်းသည် ပညတ် နှင့် မှတ်သောကြောင့် ခန္ဓာသည် ပရမတ်ဖြစ်ရာ – ထိုလူဟု ပညတ်နှင့် ကိလေသာ ဖြစ်ကာ မှားသည်ကစ၍ ဦးခေါင်းဟု ထပ်မှားသည်၊ လက်ဟုထပ်မှားသည်၊ ခြေဟု ထပ်မှားသည်၊ ၃၂ ကောဋ္ဌာသ ၃၂ မျိုးမှားသည်၊ ပညတ်အမည်ပါသမျှ – အမှားချည်းတည်း သက္ကာယ ဒိဋ္ဌိ, အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ စသည်အားဖြင့် အမှားပေါင်းစုံ ဖြစ်သမျှ ခန္ဓာဒုက္ခ၊ သံသရာဒုက္ခ ချည်းဖြစ်ကြရသည်မှာ ခန္ဓာသဘာဝ အမှန်ကို အမှန်မသိဖြစ်ဟု သဘောပေါက်လာသောကြောင့် အမှန်သဘာဝကို သိချင်လာသည်။

ဤခန္ဓာ၏ အမှန်သဘောကို 'ယထာဘူတဉာဏ်' ဖြစ်အောင် လေ့လာလေ့ကျင့်ရန် စတင်ဖို့အတွက် ။

## ဝိပဿနာအခါက ဥပဒေကဘွာ

သတိပဋ္ဌာန်တရားအားထုတ်ရာတွင် သတိပဋ္ဌာန် ၄ ပါး၊ ရှုရပုံမှာ –

၁ – ကာယာနုပဿနာတွင် (သမုဒယဝယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ) 'အပေါင်းအစုတို့၏ ဖြစ်ခြင်း ပျက်ခြင်း ကို ရှုနေရာ၏'

၂ – ဝေဒနာနုပဿနာတွင် (သမုဒယဝယဓမ္မာ နုပဿီဝါ ဝေဒနာသု ဝိဟရတိ) 'ခံစားချက် ဝေဒနာ တို့၌ ဖြစ်ခြင်း ပျက်ခြင်းကို ရှုနေရာ၏'

၃ – စိတ္တာ နုပဿနာတွင် (သမုဒယဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ) 'သိတတ်သောသဘော၌ဖြစ်ခြင်း ပျက်ခြင်းကို ရှုနေရာ၏'

၄ – ဓမ္မာနုပဿနာတွင် (သမုဒယဝယဓမ္မာနုပဿီဝါ ဓမ္မေသု ဝိဟရတိ) 'ပရမတ္ထ သဘာဝတရားတို့၌ ဖြစ်ခြင်း ပျက်ခြင်းကို ရှုနေရာ၏'

ဝိပဿနာဘာဝနာအလုပ်ဟူသည် ဤသတိပဋ္ဌာန်း ၄ မျိုးကလွဲ၍ ဝိပဿနာဖြစ်ရိုးထုံးစံ မရှိပေ။ ကာယာနုပဿနာတွင် တစ်ဆယ့် လေးမျိုး သဘောပေါက်ရာကြိုက်ရာကို ရှု၊ ဖြစ်ခြင်း ပျက်ခြင်း သာတွေ့ ရမည်၊ ဝေဒနာနုပဿနာ ခံစားချက်နှင့် ပတ်သက်၍ ၉ မျိုးတွင် ကြိုက် ရာကို ရှု ဖြစ်ခြင်း ပျက်ခြင်းသာတွေ့ရမည်၊ စိတ္တာနုပဿနာ အသိစိတ် နှင့် ပတ်သက်၍ ၁၆ မျိုးတွင် ကြိုက်ရာကို ရှု၊ ဖြစ်ခြင်းပျက်ခြင်းသာ တွေ့ရမည်။ ဓမ္မာနုပဿနာသဘာဝ ငါးမျိုးတွင် သဘောပေါက်ရာ ကြိုက်ရာကိုရှု ဖြစ်ခြင်း ပျက်ခြင်းသာတွေ့ရမည် ဟု မဟာသတိ ပဋ္ဌာန် သုတ်

ပါဠိတော် တွင် မြတ်စွာဘုရား ဟောထားသည်၊ အဓိပ္ပါယ်မှာ ဘာရှုရှု အပျက်သိဖို့ပင်၊ ယင်းကို လက်တွေ့အား ထုတ်သူသည်။

'ဝိသေသတောပန ဣမသ္မိံဉာဏေ အနိစ္စ လက္ခဏာ ဒဿန မေဝ ပဓာနံ' ဟု

အထူးသဖြင့် ဤဝိပဿနာရှုဉာဏ်၌ ပျက်သည့် သဘော လက္ခဏာကို မြင်ခြင်းသိခြင်းသာ ပဓာနဖြစ်ကြောင်း အဓိက ဖြစ်ကြောင်းကို 'ပရမတ္ထဒီပနီဋီကာ'၌ တိုက်ရိုက်ပင် ဆိုထား သည်။ လိုရင်းဆိုသော် 'ဝိပဿနာ ရှုဆိုသည်မှာ ခန္ဓာသဘာဝ၏ အပျက်ကို ရှုရခြင်းသိရခြင်း' ဖြစ်သည်ဟု ဆိုက မြတ်စွာဘုရား၏ သံသရာလွတ်ကြောင်း ဓမ္မက္ခန္ဓာတို့၏ အဓိကလမ်းညွှန်ချက် - အနှစ် သာရကို ဆိုကြောင်း- သာသနာလုပ်ငန်း၏ အမှန်ဆုံးဖြစ်ကြောင်း သဘောပေါက်နိုင်သည်။

ခန္ဓာ၏ အဓိကပစ်မှတ်မှာ - အပျက်သဘောဖြစ်သည်၊ အပျက် ကို ရှုနေသိနေသော ဉာဏ်သည် အပျက်ကို သိနေသည်မှတစ်ပါး အခြား သိစရာမရှိပေ။ မဇ္ဈိမပဋိပဒါ ကျနေပြီ။ ခန္ဓာ၏ အပျက်သဘောကို 'ပျက်နေတယ်' ဟု ရှုနေသည်မှန်၏။ ခန္ဓာ - ၅ ပါး ပင်ရင်းသဘော တရားအားလုံးသည် ပျက်နေသည် မှန်၏။ ထို့ကြောင့် ခန္ဓာ၏ အမှန် သဘာဝကို 'ပျက်နေတယ်, ပျက်တဲ့သဘော' ဟု ရှုသည်မှာ အမှန် ဆုံးဖြစ်နေသည်။

ခန္ဓာကိုယ်တွင် ခန္ဓာရှိသတ္တဝါတိုင်းအတွက် မရှိလျှင် မဖြစ်သော (ဝေဒနာ) ဟူသော ခံစားချက်သည် ကိလေသာဝင်ပေါက်တံခါး ၆ ပေါက်တွင် ကိလေသာဝင်နိုင်အောင် ပြုလုပ်နိုင်ဖန်တီး နိုင်သည်မှာ ဤ (ဝေဒနာ)ဟူသော ခံစားချက်သည် ဝင်ပေါက် ၆ ခုလုံးကို သူချုပ်

ကိုင်ထားသည်။ ယခုကျွန်ုပ်တို့ ခန္ဓာ၏ ပင်ကိုသဘာဝအပျက်သည် သူ့လမ်းစဉ် သူ့ထုံးစံ ပျက်နေပါလျက် ထိုအပျက်သည် ၎င်း၊ ထိုအပျက် ကို သိသော ဉာဏ်သည်၎င်း ကိလေသာ မဖြစ်ပါပဲ – ထိုသဘောကို မသိပဲ သိအောင် မလေ့ကျင့်အား မထုတ်ပဲ – တံခါး တစ်ပေါက် ပေါက်မှ တိုက်တွေ့လာသော သဘောတရား တစ်ခုကို 'ကောင်းသည်, နှစ်သက်, သဘောကျသည်' ထင်ရာ၌ –

'သုခံဝေဒယမာနဿ ။ လ ။
သောရောဂါ နုသယော ဟောတိ'
(ရာဂလောဘဖြစ်သွားသည်)

အကယ်၍ တွေ့သိရသော အာရုံသည် 'မကောင်း , မလိုချင်, မနှစ်သက် ' ဟု ထင်မြင်ရာ၌ –

'ဒုက္ခံ ဝေဒယ မာနဿ ။ လ ။
ပဋိဃာ နုသယော ဟောတိ'
(ဒေါသ ဒေါမနဿဖြစ်သွားသည်)

(ဤသဘောတို့ကို ဝေဒနာ သံယုတ် – ၄၀၈၊ ပါဠိတော်)

ပါဠိတော်တွင် 'ဝေဒနံ အပ္ပဇာနတော' ဟု ဟောတော်မူသော ကြောင့် ခန္ဓာ၏ ပင်ရင်းအမှန်တရားသည် အမှန်အတိုင်း ပျက်နေ သဖြင့် အပျက် ရှုရသည်။ အပျက်မရှုပါပဲ 'ချမ်းသာတယ်, သဘော ကျတယ်'ဟု စိတ်ဖြစ်က လောဘကိလေသာဖြစ်၍ 'ဆင်းရဲတယ်, မလိုချင် မနှစ်သက်' ဖြစ်ပါက ဒေါသကိလေသာဖြစ်ရကား –

'အဒုက္ခ မသုခံ သန္တံ၊ အဒ္ဒုက္ခိနံ အနိစ္စတော'
(ဝေဒနာသံယုတ်ပါဠိတော် ၄၀၉)

'ငြိမ်သက်သော ဥပေက္ခာ ရှုချက်သည် ခန္ဓာတွင် အပျက်ရှုခြင်း

ဖြစ်၏။ တစ်နည်း --ခန္ဓာ၏ ရုပ်နာမ် သဘာဝသည် အပျက်ဖြစ်၏။ ယင်းပင်ရင်းအမှန်ပျက်သဘောကို အမှန်အတိုင်း, အရင်းအတိုင်း ရှုခြင်းသည်၊ ဥပေက္ခာ ရှုခြင်း သိခြင်းဖြစ်၏။ အကြောင်းမူ ဤခန္ဓာ၏ ကိလေသာဝင်ပေါက်တို့မှ တိုက်တွေ့လာသော မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှုတို့ ကျွန်ုပ်တို့တွင် အချိန်တိုင်း တွေ့ထိနေရ၏။ တွေ့ထိတိုင်းလည်း 'ကောင်း – ကိလေသာ၊ မကောင်း – ကိလေသာ၊ မသိကိလေသာ' ကျွန်ုပ်တို့တွင် အမြဲ ဖြစ်လျက်ရှိ၏။ ဝိပဿနာရှုရာတွင် ရှေးဦးစွာ သတိထားနေရ၏၊ အာရုံ ၆ ပါးမှ ဝင်နေကျ ကိလေသာတို့ကား ဝင်ရန် ဟန်ပြင်၏။ ကျွန်ုပ်တို့ သတိထားကာ – ခန္ဓာသဘာဝကို မျက်ခြေမပြတ်ပဲ 'ဖောက်ပြန်မှု'ဟု သိလိုက်၏။ လွန်ခဲ့သော အချိန်များက ဤလိုခန္ဓာတွင် သတိမထား သောကြောင့် ကိလေသာတို့ အဝင်ခံရသော်လည်း၊ ယခုသတိထားနေချိန်တွင် ဝင်၍မရ ဖြစ်လေသည်။ ခန္ဓာတွင် ကာယနှင့် အာရုံဖောဋ္ဌဗ္ဗတို့ တိုက်တွေ့ရာ၌လည်း 'ချမ်းသာ၊ ဆင်းရဲ ကိလေသာ အဝင်ကြဲအောင် သတိထား၍ 'ဖောက်ပြန်သဘော' ကို ကြိမ်ဖန် များစွာ စူးစိုက်လေ့လာရာတွင်မှ ခန္ဓာ၏ 'သဘာဝအပျက်' ကို သိလာရတော့ရာ –

'ဝေဒနာ နမ္ပိ သာ အနိစ္စတာ ဇေ'

(ဝေဒနာသံယုတ္တဋ္ဌကထာ – ၁၁၉)

'ခန္ဓာတွင် သိရှိရသော ခံစားချက်မှန်သမျှ အပျက်ချည်း သာတည်း'

ဝေဒနာဟူသော ခံစားချက်မှန်လျှင် ချမ်းသာခံစားရလည်း အပျက်ရှုသည်။ ဆင်းရဲခံစားချက်လည်း အပျက်ရှုရသည်၊ ချမ်းသာ ဆင်းရဲ တာတွေ တွေ့–ခန္ဓာ၏ ဝေဒနာ၏ ပင်ရင်းသဘာဝ အပျက်ကို ရှုနိုင်သိနိုင်မှသာ ဝိပဿနာ ရှုသည်မှန်သောကြောင့် အပျက်မှတစ်ပါး အခြားရှုစရာမရှိပြီ၊ ထိုအပျက်ကိုသိသော ရှုသောရှုမှုသည် –

'အဒုက္ခမသုခံ သန္တံ၊ အဒ္ဒုက္ခိနံ အနိစ္စတော'

ဟု ဟောတော်မူသောကြောင့် မိမိက ဥပေက္ခာဟု ရှုသည် ဖြစ်စေ၊ မရှုသည်ဖြစ်စေ၊ အပျက်ကိုသာ ရှုနေပါသည်ဟု ရှုသော ယောဂီများ အပျက်ကိုသာရှုနေ၊ သိနေသည်မှန်ကမိမိမသိသော ဥပေက္ခာသည်၊ ရှုပြီး၊ သိပြီးဖြစ်ကြောင်း ဝမ်းမြောက်နိုင်ကြပါသည်။

## သစ္စာနည်း

မြတ်စွာဘုရား၏ (နိယျာနိက) သာသနာဆိုသည်မှာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်၏။ ထိုဝဋ်ဆင်းရဲမှ ထွက်မြောက်ရာကို ညွှန်ပြရာ၌ မြတ်စွာဘုရားသည် –

'ချစ်သားတို့ အရိယာတို့ သိအပ်သော အမှန်တရား (သစ္စာ)လေးပါးတို့ကို ဖြောင့်ဖြောင့်မှန်မှန်မသိခြင်းကြောင့်၊ ထိုးထိုးထွင်းထွင်း မသိခြင်းကြောင့် ငါသည်လည်းကောင်း၊ သင်ချစ်သားတို့သည်လည်းကောင်း၊ ဤမျှရှည်လျားလှစွာ သံသရာကြီးတွင် တပြောင်းပြန် ပြန်ကျင်လည်ခဲ့ရလေပြီဟု – သစ္စသံယုတ် ကောဋိဂါမသုတ်တွင် ဟောတော်မူခဲ့ပြီ။

သို့ဖြစ်ရာ ဝဋ်ဆင်းရဲသံသရာမှ ထွက်မြောက်ရေးသည် ထွက်မြောက်လိုသူများရှင်လူတို့၏ အပူတပြင်း ရှာဖွေပြုကျင့်ရမည်ဖြစ်ရာ

ယင်းတရားသည် အရိယာဖြစ်သူတို့သည် သိအပ်သော အမှန်တရား (သစ္စာ) လေးပါးတို့ဖြစ်၍ ထိုတရားလေးပါးကို မရမနေ မသိမနေ သိလို ရှုလိုသောသူသည် --

- အဇ္ဇာကာသ–ကောင်းကင်ဝသို့ တမ်းတမြော်မှန်း လက်ကို လှမ်းပြီး – တောင်းရမ်း၍လည်း မရချေ။
- ယမုန်နာနှင့် ဂင်္ဂါမြစ်တွင်း သက်ကာ ဆင်းပြီး ဝင့်ကင်းဖို့ရန် စိတ်ရည်သန်လျက် မန္တာန်တွတ်တွတ် နှုတ်ကရွတ်၍ ဖွတ်ရှာသော်လည်း မရချေ။
- မိဖ ဘိုးဘေး အစဉ်ရှေးက ကျင့်သုံးကြသည့် အဂ္ဂိဟုတ ပြာဟ္မဏတို့ မီးစ ကိုယူ တောမြိုင်ငှဝယ် လူသူကင်းဝေး မီးလုပ်ကျွေး၍ လွတ်ရေးရှာလည်း – မရချေ။
- ဘဝ ဘဝါ ကမ္ဘာမှာက ပြုလာခဲ့ငြား အပြစ်များကို ပျောက်သွားရန်တွက် ကျောက်ဖျာထက်၌ ရပ်လျက်နေပူ ကျင့်နေသူလည်း ပူသာ ပူ၍ မရချေ။
- စိမ့်စမ်းဂနိုင် တောအုပ်မြိုင်တွင် စိုင်ဆင်ပြောင်ကျား ဘေးရန်များနှင့် အစားချို့တဲ့ အဝတ်မဲ့လျက် မငဲ့ခန္ဓာ ပင်ပန်းစွာလျက် ရှာသာရှာလည်း – မရချေ။
- နွားတို့ ထုံးစံ ခွေးနည်းဟန်ဖြင့် ပုံစံ ထပ်တူကျင့်နိုင်သူအား အယူဖြောင့်မတ် ဝင့်ကင်းပြတ်၍ ထက်ရပ်နိဗ္ဗာန် ရောက်မည်မှန်ဟု ကျင့်ကြံသော်လည်း မရချေ။
- ထိုမှတကြောင်း အပေါင်းများစွာ လူတို့မှာလည်း ကျင့်သာ မူလအစိကဟု သိမှုမပါ– ဉာဏ်ဗလာဖြင့် ကျင့်သာ ကျင့်လည်း မရချေ။

သို့လျှင် မည်သည့် နေရာတွင် မည်သို့ ရှာမှ ရမည်နည်း။
စတုက အင်္ဂုတ္တရ – ရောဟိတဿ သုတ်တွင် 'တကာနတ်သား စင်စစ်အားဖြင့် အမှတ်သညာလည်း ရှိ၍ အသိစိတ်လည်း ရှိသော ဤတစ်လန်မျှလောက်သော ပရမတ္ထအစုအပေါင်းခန္ဓာ၌သာလျှင် လောက (ဒုက္ခ)ကိုဎင်း၊ ၎င်းလောကဖြစ်ကြောင်း (သမုဒယ) ကိုဎင်း၊ လောက၏ချုပ်ရာ (နိရောဓ) ကိုဎင်း၊ လောက၏ချုပ်ရာသို့ရောက်ကြောင်း (မဂ္ဂ) ကိုဎင်း 'ငါပညတ်၏' ဟုမိန့်တော်မူသည်။

နေရာဌာနကား ဤခန္ဓာဟု ညွှန်ပြတော်မူပြီ၊ မည်သို့မည်ပုံ ရှာရမည်ကို လေ့လာရမည်ဖြစ်၏။

## သတိပဋ္ဌာန်ကျင့်လမ်းမှန်

ဆင်းရဲ သံသရာမှ လွတ်နိုင်သော အမှန်တရား (သစ္စာ)သည် မိမိတို့၏ခန္ဓာ တိုင်းတွင်ရှိကြောင်း ဟောကြားညွှန်ပြပြီးဖြစ်ရာ အမှန်တကယ် သိလို မြင်လိုသူတို့ ဂရုစိုက် လေ့လာသင့်လေသည်။ လေ့လာနိုင်ရန်လည်း မဟာသတိပဋ္ဌာန်နည်းအရ (၄)မျိုး၊ (၄)ပုံ လေ့လာနိုင်ကြသည်။ ယင်းကို သတိပဋ္ဌာန်လေးပါးဟုခေါ်သည်။ အဓိပ္ပါယ်မှာ မိမိတို့၏ လက်ရှိခန္ဓာကို ရှုထောင့် (၄)မျိုးမှ သတိဦးစီး၍ လေ့လာနည်း ဖြစ်သည်။

ခန္ဓာကို သတိပဋ္ဌာန် (၄)မျိုးတို့ဖြင့် လေ့လာရှုကြည့်ခြင်းသည် ခန္ဓာ၏ အမှန်ဆုံး (သစ္စာ) ကို သိဖို့ဖြစ်၏။ ဝိပဿနာအားထုတ်ခြင်း၊ သတိပဋ္ဌာန်လေ့ကျင့်ခြင်းသည် အမှန်တရားသစ္စာကိုသာ သိဖို့ဖြစ်၍

'သစ္စဝိနိမုတ္တာ ဟိ ဘဂဝတော ဒေသနာ နတ္ထိ)

(နေတ္တိအဋ္ဌကထာ – ၅၆)

'မြတ်စွာဘုရား၏ တရားတော်ဒေသနာသည် သစ္စာလေးပါး

လွှတ်သော မည်သည်မရှိ' ဟု ဖော်ပြသည်။ ဤမျှသာမကသေး ထိုအဋ္ဌကထာ - ၈၁ တွင်လည်း -

'ဘဂဝတော ဝစနံ ဧကဂါထာ မတ္တမ္ပိ သစ္စ ဝိမုတ္တံ နတ္ထိ' ဟူ၍ လာပြန်သည်။ မြတ်စွာဘုရား၏ တရားစကား ပြောဟောရာတွင် ဂါထာ တစ်ပုဒ်မျှ ရွတ်စေကာမူ 'သစ္စာလေးပါး မလွတ်ကြောင်း' ပြတော်မူကြသည်။ အဘယ့်ကြောင့် သစ္စာကို ဒေသနာတိုင်းတွင် ဟောရပါသနည်းဆိုသော် -

'သစ္စဝိမုတ္တဿ နိယျာနဿ အဘာဝ တော'
(မဇ္ဈိမပဏ္ဏာသဋီကာ - ၁၉၇)

'သစ္စာလေးပါးမပါပါပဲ လွှတ်ခဲ့လျှင် - ဝဋ်ဆင်းရဲမှ ထွက်မြောက်မှု မဖြစ်သောကြောင့်' ဟူ၏။

မှန်လှ၏ ကျွတ်လွတ်ရန်ပါရမီရှိသူများအတွက် တာဝန်ရှိသော မြတ်စွာဘုရားသည် ထိုသတ္တဝါဝေနေယျတို့ ကျွတ်လွတ်စေမှုအတွက် သစ္စာကို ပြရချေမည်။ သို့အတွက် သစ္စာမပါလျှင် မည်သည့် သတ္တဝါမျှ မကျွတ်မလွတ်နိုင်သောကြောင့် ကျွတ်လွတ်စေရန် သစ္စာကို ဟောကြောင်း ကိုယ်တော်တိုင်ပင် ကျွတ်လွတ်မှုဆိုင်ရာ၌ သစ္စာကို အရေးတကြီးဟောကြားညွှန်ပြပုံကို အကဲခပ်လျှင် သတ္တဝါတို့ သံသရာမှ ထွက်ကြရသည်မှာ 'သစ္စာသိလို့' ဟု တိုက်ရိုက်အဖြေထွက်လာသည်။

သို့ကြောင့် မြတ်စွာဘုရားသည် သစ္စာကို အရေးတယူ ဟောတော်မူသည်ကိုလည်း သဘောပေါက်ကြရပါသည်။ ယင်းအချက်ကို ဗုဒ္ဓမတညာအဋ္ဌကထာ ဆရာတို့ကလည်း သစ္စာသိစေရန် ထပ်ဆင့် တိုက်တွန်းကြသည့်အနက် အထူးခြားဆုံးမှာ -

'ဧဝံယသ္မိံ သုတ္တေ စတ္တာရိသစ္စာနိ သရူပတော အာဂတာနိ၊ တတ္ထယထာ ရုတဝသေန၊ ယံတ္တ ပန သုတ္တေ စတ္တာရိသစ္စာနိ သရူပတော န အာဂတာနိ၊ တတ္ထ အတ္ထတော စတ္တာရိ

သစ္စာနိ ဥဒ္ဒရိတွာ တေသံ ဝသေန အသာဒါဒယော နိဒ္ဒါရေတဗ္ဗာ၊ ယတ္ထစ အသာဒါဒယော သရူပတောအာဂတာ၊ တတ္ထဝတ္တဗ္ဗမေဝနတ္ထိ၊ ယတ္ထပန န အာဂတာ၊ တတ္ထအတ္ထတော ဥဒ္ဒရိတွာ တေသံဝသေန စတ္တာရိသစ္စာနိ နိဒ္ဒါရေတဗ္ဗာနိ' (နေတ္တိအဋ္ဌကထာ – ၅၆)

'ဤသို့လျှင် အကြင်သုတ်၌ အမှန်တရား(သစ္စာ) လေးပါးတို့ကို သရုပ်အားဖြင့် ဖော်ပြဟောကြားခဲ့သော် ထိုဟောကြားသည့်အတိုင်း ယူရာ၏။ အကြင်သုတ်၌ သစ္စာလေးပါးအမှန်တရားတို့သည် သရုပ်အားဖြင့် မပါမရှိခဲ့သော် အနက်အဓိပ္ပါယ်တို့ကို ကြည့်၍ သစ္စာလေးပါးတို့ကို ထုတ်ဖော်ပြီးလျှင် ထိုသစ္စာလေးပါးတို့ကို သိရာသိကြောင်း ဖြစ်သော 'သာယာဖွယ်,အပြစ်,ထွက်မြောက်ရာ'တို့ကို ထုတ်ဆောင်ယူရမည်။ အကြင်သုတ်၌ အသာဒစသော သစ္စာသိကြောင်း တရားတို့ သရုပ်သဘောနှင့် တကွလာရှိလျှင် ပြောဖွယ်ရာမလို ထိုအတိုင်း ယူအပ်သိအပ်၏။ အကြင်သုတ်၌ကားအသာဒစသော သစ္စာသိကြောင်းတရား မထုတ်ဖော် မပါရှိခဲ့လျှင်–ထိုအသာဒစသော သစ္စာသိကြောင်း သဘောသရုပ်တို့ကို ထုတ်ဆောင်၍ ထိုသာယာဖွယ်, အပြစ်, ထွက်မြောက်ရာတို့၏ အစွမ်းအားဖြင့် သံသရာဝဋ်မှ ထွက်မြောက်စေတတ်သော သစ္စာလေးပါးအမှန်တရားတို့ကို ထုတ်ဖော်ယူအပ်ကုန်၏'

အဋ္ဌကထာ၏ ညွှန်ကြားပုံကို ကြည့်ပါ – ဤညွှန်ကြားသော စကားအဓိပ္ပါယ်မှာ အလွန်တရာ လေးနက်ပါသည်။ အမှန်တရား (သစ္စာ) လေးပါးကို အမှန်အတိုင်း မသိကြသည့်အတွက် ထိုးထိုးထွင်းထွင်း မသိကြသည့်အတွက် မသိခဲ့သူ ငါသည်ဖြင်း, မသိခဲ့ကြ

သော သင်ချစ်သားတို့သည်ဝင်း ဤရွေ့ ဤမျှ ဟု မရေမတွက် နိုင်သော ဒုက္ခ သံသရာဘဝများမှ မထွက်မြောက်နိုင်ခဲ့ကြောင်းကို ဟောတော်မူသည် မှာ မည်မျှအရေးကြီးကြောင်း သိမြင်တော်မူသော ဤနေတ္တိအဋ္ဌကထာ ဆရာ အရှင်ဓမ္မပါလသည် –

'သစ္စာကို တိုက်ရိုက်ဟောလျှင် ဟောသည့်အတိုင်းယူ၊

တိုက်ရိုက်မပါလျှင် (သစ္စာကိုသိနိုင်ဖို့) သာယာဖွယ်,အပြစ်, ထွက်မြောက်ရာကို ထုတ်ဆောင်ယူ' ဟု အသေအချာ တိုက်တွန်း ထားသော အထက်ပါစကားများကို ထောက်လျှင် –

'သစ္စာသိမှုလုပ်ငန်းသည် မြတ်စွာဘုရား၏ အဓိကလုပ်ငန်းရပ်' ဟု သဘောပေါက်နိုင်လေသည်။ သို့အတွက် လုပ်ငန်းလမ်းညွှန်ချက် မဟာသတိပဋ္ဌာနသုတ် ဒေသနာသည်လည်း သစ္စာကို–လုပ်ငန်း တစ်ရပ်နေနှင့်ဟောကြားတော်မူလေသည်။ ပါဠိတော် တော်တွင် –

'ချစ်သားတို့ –သင်ချစ်သား တို့သည် သံသရာဝဋ်ကို ဘေး ဟူ၍ အပြစ်ဟူ၍ ဧကန် ရှုမြင်တတ်သဖြင့် ထိုသံသရာ ဘေးမှ လွတ်မြောက် ငြိမ်းအေးလိုလျှင် – သဘောတရား အမှန်တို့ကို အမှန်အတိုင်း –

'ဤကား ဆင်းရဲအမှန် (ဒုက္ခသစ္စာ) ပေတည်း၊ ဤကား ဆင်းရဲဖြစ်ကြောင်း (သမုဒယသစ္စာ) ပေတည်း၊ ဤကား ဆင်းရဲချုပ်ရာ (နိရောဓသစ္စာ) ပေတည်း၊ ဤကား ဆင်းရဲ ချုပ်ကြောင်းလမ်း(မဂ္ဂသစ္စာ) ပေတည်း ဟု အမှန်အကန်ကို အမှန်အတိုင်း ရှုနေသိနေကြရ၏' အကျဉ်း (ဥဒ္ဒေသ) ဟော

ပြီးမှ အကျယ်တဝင့် အလုပ်ဖြစ်စေရန် (နိဒ္ဒေသ) ကို ဆက်၍ ဟောတော်မူသည်။

ဤသစ္စာကို ဟောတော်မူသော အခန်း၌ ပရမတ်ဖြစ်သော ဤခန္ဓာ ဒုက္ခသစ္စာကို ကျွတ်လွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ သိနိုင်စေရန် သဗ္ဗညုမြတ်စွာဘုရားတို့သည်သာလျှင် – ပညတ် – သမ္မုတိသစ္စာသို့ ရှေးဦးစွာ သိစေတော်မူပြီး နောက်မှ ပရမတ္ထသစ္စာသို့ ကိုယ်တိုင် ဉာဏ်ဖြင့် ဆိုက်ရောက်ကာ သစ္စာအသိဉာဏ်ဖြစ်ရန် ညွှန်ပြဟောကြားတော်မူလေသည်။ ထို့ကြောင့် –

'တသ္မာ ဗုဒ္ဓါ ပဌမံ သမ္မုတိကထံ ကထေတွာ
ပစ္ဆာ ပရမတ္ထ ကထံ ကထေန္တိ'
(သုတ်သီလက္ခန်အဋ္ဌကထာ – ၃၁၆)

'တထာ ဟိသမ္မုတိ သစ္စမုခေနေဝ ပရမတ္ထ သစ္စာ
ဓိဂမော ဟောတိ' (နေတ္တိအဋ္ဌကထာ – ၁၀၀)

သံသရာဒုက္ခမှ လွတ်ရေး၌ သစ္စာသည် အဓိကဖြစ်ကြောင်း ယထာဘူတကျအောင် လေ့လာအားထုတ်ရာတွင်မှ မိမိတို့သဘော ပေါက်လာကြောင်း သိကြမည်။ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားဖြစ်မည့် အချိန်တွင် ခန္ဓာ သံသရာ အဆင့်ဆင့်ဖြစ်လာမှုတွင် 'အဝိဇ္ဇာ' ဟူသော သစ္စာမသိမှုက စသည်၊ အဝိဇ္ဇာပြုတ်က သံသရာ ဒုက္ခ ခန္ဓာ ဒုက္ခ တို့ ချုပ်ဆုံးကုန်ပျောက်ကြောင်း 'အဝိဇ္ဇာ' သစ္စာ မသိမှု 'ဝိဇ္ဇာ' သစ္စာသိမှုတို့ကို အနုလောမပဋိလောမ အပြန်ပြန် အမှန် သိသဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်အောင် မှန်ကန်သောသစ္စာ ကို အမှန်အတိုင်း သိမှုသည် မသိလျှင် မဖြစ်သော အဓိက ကိစ္စဖြစ် သည်။ ထို့ကြောင့် –

'နဟိ စတုသစ္စ ကမ္မဋ္ဌာန ကထာယ ဝိနာသာဝကာနံ
အရိယ မဂ္ဂါဓိဂမော အတ္ထိ'
(မဟာဝဂ္ဂဋီကာ – ၂၈၂၊ မူလပဏ္ဏာသဋီကာ – ၃၃၃)

သံသရာပြတ်မှု၊ အရိယမဂ်ရမှု တစ်ခုအတွက်သာ ရည်ရွယ်အား ထုတ်သော အရိယာတပည့်အား သစ္စာသိမှု တရားကလွဲ၍ တရား မရနိုင်၊ တရားရမှုမရှိ ' ဟု ဆိုကြသည်။ မြတ်စွာဘုရား၏ သာသနာ တော်တွင် အထက်တန်း နိဗ္ဗာန်မျက်မှောက်ပြုသွားသော အရိယာ ရဟန္တာကြီးများ မှစ၍ အပါယ် ၄ ပါး တံခါးပိတ်သော အောက်တန်းသောတာပန် အရိယာပင်လျှင် သစ္စာတရားသည် အရိယာလောင်းအတွက် မသိလျှင်မဖြစ်သည်မှာ သစ္စာတရား သာဖြစ်၍ ကျွတ်လွတ်ရမည့် သတ္တဝါအတွက် သစ္စာတရားသိဖို့ မညွှန်ပြ မဟောကြားလျှင် မြတ်စွာဘုရားမကြိုက် သဘော မကျကြောင်း –

တစ်ချိန်တွင် အရှင်သာရိပုတ္တ၏ လူ့ဘဝက သူငယ်ချင်း နေဓွာနိ ပုဏ္ဏားကြီး မမာမကျန်း၍ တရားဟောဖို့ အရှင်သာရိပုတ္တကို ပင့်၍ ရောက်လာပြီးသော် အရှင်သာရိပုတ္တသည် လူနာ၏ အခြေအနေ ဆည်းပူးထားခဲ့သော အကျင့်စရိုက်တို့ကို ထောက်၍ သူတို့ပုဏ္ဏား မျိုး၏ အထက်တန်းဖြဟ္မာ၊ ဘုံ သို့ သွားလမ်း ဗြဟ္မဝိဟာရတရား ပွား၍ နှလုံးသွင်းရန် ဟောပြောခဲ့ပြီး ပြန်ကြွသည်တွင် မြတ်စွာဘုရား နှင့်တွေ့၍ မေးတော်မူရာ ဗြဟ္မဝိဟာရကြောင့် သေပြီး ဗြဟ္မာသွား ဖြစ်ကြောင်း သေကာနီးသော သူအတွက် ဤခန္ဓာကို အမျိုးမျိုး ဒုက္ခ တို့အကြီးအကျယ်နှိပ်စက်ခံနေရသူမှာ ဒုက္ခသစ္စာသိ၍ လွတ်မြောက် နိုင်ပါလျက် ယခု ဗြဟ္မာ ဒုက္ခသွားဖြစ်နေရကြောင်း ညွှန်ပြတော်မူမှ အရှင်သာရိပုတ္တဗြဟ္မာပြည်တက်၍ သစ္စာတရားဟောမှ ထိုနေဓွာနိ ဗြဟ္မာ – သစ္စာသိ၍ အရိယာဖြစ်သွားသည်ကို မဇ္ဈိမပဏ္ဏာသ ပါဠိတော် နေဓွာနိသုတ်တွင် တွေ့နိုင်ပြီး – အရှင်သာရိပုတ္တ သံဝေဂ ဖြစ်လျက် –

'တတော ပဌာယ စာတုပ္ပဒိကံ ဂါထံ ကထေန္တော ပိ
စတုသစ္စံ ဝိမုတ္တံနာမ နကထေသိ'

(မဇ္ဈိမပဏ္ဏာသဋ္ဌကထာ – ၂၉၄)

တတောပဌာယ – ထိုဖြစ်ရပ်လက်တွေ့ကျကျ သိမြင်တော်မူပြီးချိန်မှစ၍၊ (သော–ထိုအရှင်သာရိပုတ္တသည်) စာတုပ္ပဒိကံဂါထံ လေးပါဒရှိသော ဂါထာတစ်ပုဒ်ကို၊ ကထေန္တောပိ – ဟောပြောပါသော်လည်း၊ စတုသစ္စံ – အမှန်တရား (သစ္စာ) ကို၊ ဝိမုတ္တံ နာမ – လွတ်သော သစ္စာမပါသောတရား မည်သည်ကို၊ နကထေသိ – ဟောတော်မမူ'

သတ္တဝါတွေ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက်တော်မူစေလိုသော မြတ်စွာဘုရားသည် – သံသရာဝဋ်မှ လွတ်စေတတ်သော အမှန်တရားသစ္စာကို အဓိကထားသည်မှာ ဘုရားတိုင်း၏ တာဝန်ပေ၊

ဆိုခဲ့ပြီးသော စကားအရပ်ရပ်မှာ ကျွတ်လွတ်ထွက်မြောက်ရမည့် ဝေနေယျသတ္တဝါတို့အတွက် အလိုအပ်ဆုံးဖြစ်၍ မြတ်စွာဘုရား အဓိက ထားတော်မူသောသစ္စာကို ဤမျှ အရေးကြီးကြောင်း သိစေလိုခြင်း ပင်ဖြစ်ပါသည်။

## သစ္စာသိဖို့ ဦးတည်ရန်

ကျွန်ုပ်တို့သည် သံသရာဝဋ်ခန္ဓာဝဋ်၏ ဆင်းရဲပုံကို မြတ်စွာဘုရား၏ ဟောတော်မူချက်ကို – ပါရမီအထောက်အပံ့ – အကူအညီကြောင့် မိမိဉာဏ်အားလျော်စွာ အထိုက်အလျောက် သဘောပေါက်သဖြင့် ကျွတ်လွတ်ထွက်မြောက်လိုရကား ကျွတ်လွတ်ရန် သတိပဋ္ဌာန်လုပ် ငန်းကို ယထာဘူတ ကျအောင်

လေ့လာလျက် အားထုတ်ကြခြင်း ဖြစ်ရာ – သတိပဋ္ဌာန်အမျိုးမျိုးကို မိမိတို့နားလည် သဘောပေါက်သလို ဒေသနာတော်အညွှန်းအတိုင်း အားထုတ်သမျှသည်၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဟူသော သံသရာ လွတ်လောကုတ္တရာ တရားရမှုအတွက်သာ ဖြစ်လေသည်။ ဤမဂ်, ဖိုလ်, နိဗ္ဗာန် ဟူသည် တရားအားထုတ်သော ယောဂီ၏ ရအပ်သော ဆုလာဘ်အကျိုးတရားဖြစ်ရာ လုပ်ငန်းအတွက် အရေးကြီးသော ကိစ္စမဟုတ်ပေ၊ လုပ်ငန်းမှန်လာလျှင် မလွဲမသွေ ရရှိမည့်အကျိုးတရားဖြစ်သောကြောင့်ပေတည်း။

ထိုမဂ်, ဖိုလ်, နိဗ္ဗာန်အတွက် လုပ်ငန်း၏ အရေးအကြီးဆုံး ကိစ္စမှာ 'သစ္စာသိရန်' ကိစ္စသည် လုပ်ငန်း၏ အရေးအကြီးဆုံး သိရမည့်ကိစ္စ ဖြစ်သည်။ သတိပဋ္ဌာန်အလုပ် မဂ္ဂင်အလုပ်ဟူသမျှသည် သစ္စာသိမှုကို ဦးတည်သွားရ၏။ သစ္စာဟူသည် အားထုတ်လျက်ရှိသော ယောဂီ၏ ဉာဏ်ထိုးထွင်းသိမှုဖြစ်၏။ သိရမည့်သစ္စာ မသိက သံသရာမှ မည်သူမှ ထွက်ခွင့်မရကြောင်းကို 'မဟာပရိနိဗ္ဗာန သုတ်ပါဠိတော်'အရဖြင့်၎င်း 'မဟာဝဂ္ဂသံယုတ်ကောဋိဂါမ သုတ်'ပါဠိတော်အရအားဖြင့်၎င်း သိနိုင် ကြပေသည်။

သစ္စာသိရမည်ဆိုသဖြင့် သစ္စာလေးပါး**စလုံး** သိရမည် မဟုတ်ပေ။ သစ္စာလေးပါးသည် သူ့ကိစ္စနှင့်သူဖြစ်သည်။

ဒုက္ခသစ္စာ, ဆိုသည်မှာ "ပိုင်းခြား၍ ပိုင်နိုင်စွာ သိရမည့်အမှန် တရားဖြစ်သည်"

သမုဒယသစ္စာ, ဆိုသည်မှာ "ပယ်ရမည့်အမှန်တရား ဖြစ်သည်။"

နိရောဓသစ္စာ, ဆိုသည်မှာ "ချုပ်ငြိမ်းရမည့်အမှန်တရားဖြစ်သည်"

မဂ္ဂသစ္စာ, ဆိုသည်မှာ "ပွားများအားထုတ်ရမည့် အမှန်တရား ဖြစ်သည်။

ရှေးဦးစွာ 'ဒုက္ခသစ္စာ' ဆိုရာ၌ 'ဒုက္ခ'ဟူသည် ဆင်းရဲဖြစ်၍ 'သစ္စာ'ဟူသည်မှာ 'အမှန်'ဖြစ်သည်။ ၂ ပုဒ်ပေါင်းသော် 'ဒုက္ခသစ္စာ' ဆင်းရဲအမှန်၊ လောကတွင် ဆင်းရဲပေါင်းစုံ မရေမတွက်နိုင်အောင် များလှချေ၏။ ထိုဒုက္ခပေါင်းစုံ ဆင်းရဲပုံကို ဖော်ပြရန်မလိုပါချေ။ ဆင်းရဲ အားလုံး၏ အရင်းခံသည် 'ဇာတိ'ဟူသော ရုပ်နာမ်ခန္ဓာရခြင်းဖြစ်ခြင်း၊ ဘုရားရှင်သည်လည်း အကျဉ်းချုပ်အားဖြင့် အစွဲအလန်း၏ အာရုံဖြစ် သော ဉ်ခန္ဓာငါးပါးရခြင်း ဖြစ်ပေါ်ခြင်းသည် ဆင်းရဲအမှန်ဖြစ်၏' ဟု ဟောတော်မူသည်။

## ဇာတိဒုက္ခ

နိဒါနဝဂ္ဂသမ္မသသုတ်တွင် – "ချစ်သားတို့ သင်တို့သည် အိုခြင်း, သေခြင်း၏ သဘောကို အတွင်းကျကျ သုံးသပ်ခဲ့သော် 'ဇာတိ' ဟူသော ခန္ဓာအဖြစ်ကို ရခြင်း၊ ခန္ဓာဖြစ်ပေါ်မှုကို တွေ့ရှိရပေလိမ့်မည်။ ဖြစ်ပေါ်ခြင်း, အဖြစ်ကိုရခြင်းကြောင့် အိုရသေရသည်။ အိုခြင်း , သေခြင်းသည် အရင်းခံမဟုတ်၊ 'ဖြစ်ခြင်း'သာလျှင် အရင်းခံ ဖြစ်သည်။ မအိုလိုသော မသေလိုသော သူသည် အိုမှု သေမှု၏ အရင်းခံ 'ဖြစ်ခြင်း' ဇာတိကိုသာ မဖြစ်အောင်ချုပ်အောင် နည်းလမ်းရှာရမည်' ဖြစ်ခြင်းသည် သေခြင်း၏ အရင်းခံအကြောင်း ဖြစ်၏။ အဖြစ်ကို ဖြစ်ခြင်းကို ရှာသောသူသည် ဆင်းရဲကို ရှာသည်

မည်၏။ ဇာတိ – အဖြစ်ကို မရဏာအသေဖြင့် နိဂုံးချုပ်သည်။ 'ဇာတိဒုက္ခ' ဖြစ်ခြင်း၊ ဆင်းရဲကို မသိသောသူသည် 'အဖြစ်' ကိုပင် နည်းအမျိုးမျိုးဖြင့် ရှာဖွေသည်။ ရလာလျှင် ဆင်းရဲကလွဲ၍ ဘာမျှရသည်မဟုတ် – ဤ ရုပ်နာမ်ခန္ဓာငါးပါးရခြင်းသည် ဆင်းရဲအမှန်ဟူသော 'ဒုက္ခသစ္စာ' ကိုရခြင်း ဖြစ်ပေသည်။

ဒုက္ခသစ္စာကို သိလိုသောသူသည် ဤခန္ဓာငါးပါး, ရုပ်နာမ် နှစ်ပါးကို သိရမည်ဖြစ်၏။ ခန္ဓာငါးပါးဆိုရာ၌လည်း ဤဖောက်ပြန်မှု, သိမှု သဘောတရားစုတို့ကို အပိုင်အနိုင် သိဖို့သာဖြစ်၏။ သတိပဋ္ဌာန် လေးပါးတရားအလုပ်အားထုတ်ရခြင်းသည် ဤခန္ဓာ ဒုက္ခကို ဘက်ပေါင်းစုံမှ ရှုကြည့်ရသော လုပ်ငန်းဖြစ်လေသည်။ ရုပ်နာမ် ခန္ဓာ ဟူသည် – ဤခန္ဓာသည် (ရုပ်) ဟူသော ဖောက်ပြန်မှုအမှန် (နာမ်) ဟူသော သိမှုအမှန်တို့ကို ပိုင်နိုင်စွာ သိသွားရန် အားထုတ်ရလေသည်။

ရုပ်နာမ်ကို သိရမည်ဆိုရာ၌ 'ဖောက်ပြန်သဘော – သိသဘော' ကို ၎င်းတို့၏ ပင်ကိုသဘာဝကို သိရမည်ဖြစ်၏။ ဖောက်ပြန်မှုသဘော သည် ခန္ဓာမှာရှိ၍ သိသဘောလည်း ခန္ဓာမှာပင် ရှိရကား ခန္ဓာဉာဏ် ရောက်လုပ်ငန်းဖြစ်သည်။

ဖောက်ပြန်သဘောဟူသည် – ခန္ဓာကိုယ်တွင် နည်းအမျိုးမျိုး ပုံစံအမျိုးနှင့် ဖောက်ပြန်နေသည်။ ဤသည်ကို ကျွန်ုပ်တို့ ပညတ်နယ်က ကြည့်လျှင် ထုံသည်၊ ကျင်သည်၊ ပူသည်၊ အေးသည်၊ ညောင်းသည်၊ ကိုက်သည် စသည်ဖြင့် မှတ်မည်။ ပရမတ်ဟူသော အမှန်သိမှု အနေနှင့် သိပါမူ ထိုသဘောတရားတို့သည်

'ဖောက်ပြန်နေသည်။ ပြောင်းလဲ နေသည်၊ တည်တံ့မှု ခိုင်မာမှု မရှိ' သော သဘောတို့ဟူ၍ အမှန်ကို အမှန်ဟု မြင်တတ်သိတတ်လျှင် ပရမတ်ကို မြင်သည်။ အမှန်ကို သိသည်ဟု ဆိုရ၏။ ထိုသဘောတို့သည် မိမိတို့ခန္ဓာကိုယ်၌ မရပ်မနား အမြဲမပြတ် ပြောင်းလဲဖောက်ပြန်နေသည့် သဘောတို့ဖြစ်၍ ထိုသဘောကို ပင်လျှင် ယောဂီ၏ ဉာဏ်အမြင်၌ အလွန်လည်း ဆင်းရဲ သည့် အမှန်လည်းဖြစ်သည်။ ခန္ဓာကိုယ်တွင် ဉာဏ်နှင့် မြင်တိုင်း၊ သိတိုင်း၊ ချမ်းသာဟူ၍ ရှာမရ၊ သက်သက် ဆင်းရဲအမှန်ဖြစ်နေသည်။

ထိုဆင်းရဲတို့သည် ဣရိယာပုတ်ကြောင့်ဝင်း၊ တစ်စုံတစ်ရာသော အကြောင်းကြောင့်ဝင်း၊ ခန္ဓာကိုယ်အပေါ်မှာ အခံခက်သော ဒုက္ခ ဒုက္ခတာ မျိုးမဟုတ်ချေ။ ကျင်နာခံခက်နှိပ်စက်သည်ကို ခံစားသော ဝေဒနာ နာမ်သိမျိုးလည်းမဟုတ်၊ ထိုဖောက်ပြန်တတ်သော သဘောကို ဝင်း၊ ခံစားသော သဘောကိုဝင်း ထိုဒုက္ခနှစ်မျိုးစလုံးကို သိနေသော ဉာဏ်သည်၊ ထိုရုပ်နာမ်သိတို့မှ တစ်ပါးတစ်ခြားသော ဖြစ်သည်။ ဉာဏ် ဟူသည် ဘုံသုံးပါး၌ ဖြစ်တတ်သော 'ဖောက်ပြန် သဘော, သိသဘော' တို့ကို ဝင်းသဘောတို့၏ ဖြစ်တတ် ပျက်တတ် သော သဘောတရားတို့ကို မြင်နေရ သိနေရသဖြင့် အပြစ်မြင်ကာ မပျော်မွေ့တော့ပဲ စွန့်လွှတ်ချင်လောက်အောင် ငြီးငွေ့နေသော သဘောနှင့် ထပ်ကာထပ်ကာ သိပေးနေရသော သဘောဖြစ်၏။

အရှုခံ အကြည့်ခံ အသိခံနေသော ရုပ်နာမ်သည် 'သူ့ဟာသူပင် ဆင်းရဲနေသည်' ဟိုဆင်းရဲဟူသည် ဖောက်ပြန်တတ်သော သဘောနှင့် သိတတ်သော သဘောတို့သာ ဖြစ်၍ ထိုဖောက်ပြန် နေခြင်း ဘူတ အတိုင်း ဘူတတော ဉာဏ်က သိနေရခြင်းသည်

'ဖောက်ပြန်သဘော တို့ ပျက်နေခြင်းသည် ဆင်းရဲတာအမှန်' ဟု သိသော ဉာဏ်သည် + ကိစ္စဉာဏ်ဖြစ်သည်။

ယင်းကဲ့သို့ ဖောက်ပြန်ဖြစ်ပျက်သော သဘောကိုသာ အစဉ်တစိုက် ဆက်သိ – ထပ်ကာထပ်ကာ သိခြင်းသည် ထိုသိနေရသဖြင့် ရုပ်နာမ်ခန္ဓာ၏ အဖြစ်မှန် – အမှန်ဆုံးကို သိနေရသဖြင့် ထိုဆင်းရဲရုပ်နာမ်ကို ပိုင်းခြားသိနေသည်။ ပိုင်ပိုင်နိုင်နိုင် သိနိုင်သည်။ တစ်ကယ်ပင် ဆင်းရဲပါတကားဟု သေသေချာချာ သိနေခြင်းသည် 'ဒုက္ခသစ္စာ'ကို ပိုင်းခြားသိခြင်းဖြစ်၍ သိရမည့်တရားကို မိမိတာဝန် အရ သိခြင်းဖြစ်သည်။

ဤသည်လျှင် အမှန်တရား **သစ္စာ**လေးပါး၌ မဂ္ဂသစ္စာ (မဇ္ဈိမ ပဋိပဒါ) ဖြင့် တာဝန်အရ အရှုခံရသည့် ရုပ်နာမ်ကို ၎င်း၏ (ဒုက္ခသစ္စာ) ဆင်းရဲအမှန်ကို သိနေရာ၌ မိမိဝတ္တရားအရ ဆောင်ရွက်ခြင်းဖြစ်သည်။ သမုဒယသစ္စာကို ပယ်ဖို့ – နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ဖို့ကား – မိမိအလုပ်မဟုတ်ပါချေ။ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ဖို့ကား တဏှာဟူသော သမုဒယသစ္စာကို ကုန်အောင် ပယ်နိုင်မှသာ ဖြစ်ရကား နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူသည် နိဗ္ဗာန်၏ ဆန့်ကျင်ဖက် သမုဒယသစ္စာ (တဏှာ) ကုန်မှဖြစ်ရာ – ထိုတဏှာ သမုဒယကို ပယ်နိုင်ရန် ဒုက္ခသစ္စာကို မြင်ဖို့ မဂ္ဂသစ္စာ အလုပ်အား ထုတ်ရသည်။

မဂ္ဂသစ္စာဘာဝနာဖြင့် ရုပ်နာမ်ဒုက္ခသစ္စာကိုသာ အမှန်အတိုင်း သိနိုင်မြင်နိုင်အောင် ကြိုးစားအားထုတ်ရသည်။ လုပ်ငန်းစဉ်တွင် ဒုက္ခသစ္စာ ခန္ဓာကိုယ်တွင်းသို့ မဂ္ဂသစ္စာ မဇ္ဈိမပဋိပဒါ ဉာဏ်ပညာဖြင့်

သိအောင်, မြင်အောင် သိနေရှုနေရခြင်းသည်သာလျှင် ယောဂီအလုပ် ဖြစ်သည်၊ ထို့နောက် – ထို့ကြောင့် –

'ယော–အကြင်ယောဂီပုဂ္ဂိုလ်သည်၊ ဒုက္ခံ ဒုက္ခသစ္စာကို၊ ပဿတိ – မြင်၏၊ သော – ထိုဒုက္ခသစ္စာကို သိနေသော ယောဂီသည်၊ ဒုက္ခ သမုဒယမ္ပိ – ဒုက္ခသမုဒယသစ္စာကိုလည်း –

ပဿတိ – မြင်သည် မည်၏၊ ဒုက္ခနိရောဓမ္ပိ – ဒုက္ခနိရောဓ သစ္စာကိုလည်း ပဿတိ – မြင်သည် မည်၏၊ ဒုက္ခနိရောဓ ဂါမိနိံပဋိပဒမ္ပိ – မဂ္ဂသစ္စာကိုလည်း၊ ပဿတိ – မြင်သည် မည်၏။ (မဟာဝဂ္ဂသံယုတ်ပါဠိတော် – ၃၈၂)

## ဇာတိပိဒုက္ခာ

ဒုက္ခသစ္စာဟူသည် ဘုံသုံးပါးတွင် အကျုံးဝင်သော တရား ဖြစ်သည်၊ ဘုံသုံးပါးတွင် ဖြစ်သော ရုပ်သင်္ခါရ အားလုံး၊ နာမ်သင်္ခါရ အားလုံး၊ ဒုက္ခသစ္စာ ဖြစ်အောင် ဇာတိက အစဖြစ်ပေသည်။ ထိုဇာတိ စဖြစ်ပေးသည့် အချိန်မှစ၍ (ဒုက္ခသစ္စာ) အမှန်ဆင်းရဲဖြစ်လေသည်။ အလောင်းတော် ဘုရားဖြစ်ကာနီး ဉာဏ်၌ ပေါ်လာသည်ကား –

'သတ္တဝါတိုင်း အိုမှု သေမှုကို ကြောက်ကြသည်။ ထိုအိုမှု – သေမှု သည် ဘာကြောင့်ဖြစ်သလဲ' ဟု ဆင်ခြင်သောအခါ 'အဖြစ်'ဟူသော ဇာတိကြောင့်ဟု သိလာသည်' ဟု ဉာဏ်တော် ပေါ်လာသည်။ မှန်၏။ ကျွန်ုပ်တို့ ခန္ဓာဇာတိရလာခြင်းကြောင့် လောကဒုက္ခ၊ ခန္ဓာဒုက္ခ၊ သံသရာဒုက္ခ မျိုးစုံတွေ့ခဲ့ ကြုံခဲ့ ဆုံခဲ့ကြရသည်။ ဇာတိ – အဖြစ်ရခြင်းသည် ခန္ဓာဒုက္ခ – သံသရာဒုက္ခ တွေ့ကြုံဖို့ လုပ်ငန်းအစဖြစ်၏။

မြတ်စွာဘုရားသည် –

'သေယျထာပိဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ၊ ဧဝမေဝံ ခေါ အဟံ ဘိက္ခဝေ အပ္ပမတ္တကမ္ပိ ဘဝံ န ဝ ဏ္ဏေမိ အန္တမသော အစ္ဆရာသင်္ဃာတမတ္တမ္ပိ'

(ဧကနိပါတ်အင်္ဂုတ္တရပါဠိတော် – ဧကဓမ္မပါဠိ – ၃၆)

'ချစ်သားတို့ အနည်းငယ်မျှသာ ဖြစ်သော မစင်ကျင်ကြီးသည်လည်း မကောင်းသော အနံ့ရှိသကဲ့သို့ ဤနည်းအတူပင် – ငါဘုရားသည် အနည်းငယ်မျှ ဘဝဇာတိအဖြစ်ကို ချီးမွမ်းတော်မမူ၊ အယုတ်ဆုံး အညှံ့ဆုံးအားဖြင့် လက်ဖျစ်တစ်တွက်ကာလ ခဏလေးမျှပင် ဘဝဇာတိဖြစ်ခြင်းကို ချီးမွမ်းတော်မမူ'

သိတော်မူ – မြင်တော်မူပြီးသော မြတ်စွာဘုရားသည် ဇာတိ–အဖြစ် ပေးလိုက်သည်ကစ၍ သံသရာကျင်လည်ဖို့ ဒုက္ခမျိုးစုံတွေ့ဖို့ အစဖြစ်လာသော ဇာတိဒုက္ခတို့ အဆိပ်ပင်ဖြစ်ရန် မျိုးစေ့မှ စပြီဟု သိတော်မူပြီးဖြစ်သည့်အတိုင်း –

၁ – ဇာတိပိဒုက္ခာ = ဘဝတစ်ခုရခြင်း ခန္ဓာဖြစ်ခြင်း ဒုက္ခ၊
၂ – ဇရာပိဒုက္ခာ = ရင့်ရော်ယိုယွင်း အိုမင်းရခြင်း ဒုက္ခ၊
၃ – ဗျာဓိပိဒုက္ခော = ရောဂါအနာ နှိပ်စက်ခံရခြင်း ဒုက္ခ၊
၄ – မရဏမ္ပိဒုက္ခံ = သေဆုံး ကွန်ပျောက်ရခြင်း ဒုက္ခ၊
၅ – အပ္ပိယေဟိသမ္ပယောဂေါဒုက္ခော = မချစ်မနှစ်သက်အပ်သော အာရုံ – သတ္တဝါ – သင်္ခါရတို့နှင့် တွေ့ဆုံပေါင်းသင်းဆက်ဆံရခြင်း ဒုက္ခ၊

၆ – ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော = ချစ်ခင်နှစ်သက်အပ်သော အာရုံ – သတ္တဝါ – သင်္ခါရ တို့နှင့် ကွဲကွာ ကွေကွင်းရခြင်း ဒုက္ခ၊

၇ – ယံပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ = အကြင်အလိုရှိအပ်သော လိုချင်မှုတောင့်တမှုသည် အလိုရှိသည့် အတိုင်း မရ ထိုမရခြင်းသည် ဒုက္ခ၊

၈ – သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ = အကျဉ်းချုပ်အားဖြင့် အစွဲအလန်း၏ အာရုံဖြစ်သော ဉာဏ်ခန္ဓာ ရခြင်း သည် ဒုက္ခ၊

ဟု ဒုက္ခသစ္စာ – အမှန်ဆိုးသော ဒုက္ခသစ္စာ – ၌ အကျုံး ဝင်သော ဉာဏ်ခန္ဓာတွင် ဒုက္ခဖြစ်ဖို့ အစဆုံးဖြစ်ပေးသော ဇာတိဒုက္ခ၏ ကြီးကျယ် ပုံကို ဟောတော်မူရာ–မြတ်စွာဘုရား၏ အလိုတော်ကို အဋ္ဌကထာ၌–

'သွာယမိဓ ဂဗ္ဘသေယျကာနံ ပဋိသန္ဓိတောပဋ္ဌာယ။ လ ။
တေသံ တေသံ ပဌမပါတုဘာဝေါ ဇာတိနာမ'

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ – ၁၂၉)

ဇာတိသဒ္ဒါသည် ဉာဏ်သစ္စနိဒ္ဒေသ၌ အမိဝမ်းလျှင် ကိန်းဝပ်ရာ ရှိသော သတ္တဝါတို့သည် ပဋိသန္ဓေတည်နေသည်မှ စ၍ မွေးဖွားသော ကာလတိုင်အောင် ဖြစ်ကုန်သော ခန္ဓာတို့၌ ဖြစ်သင့်၏။ အဏ္ဍဇ – ဇလာဗုဇမှ တစ်ပါးကုန်သော သံသေဒဇ – ဩပပါတိက တို့အား ပဋိသန္ဓေခန္ဓာတို့၌သာလျှင် ဖြစ်သင့်၏ဟူ၍ မှတ်အပ်၏။ 'ဉာဏ်ပဋိသန္ဓေ ခန္ဓာတို့၌သာလျှင်' ဟု ဆိုသော စကားသည်လည်း –ပရိယာယ် စကားသာလျှင် ဖြစ်၏။ မုချအမှန်ကို ဆိုရလျှင်ကား

ထိုထိုဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့အား အကြင်အကြင် ဇာကဝေါကာရစသော ခန္ဓာတို့၏ ပင်ရင်းမူလ ပဌမဖြစ်ခြင်းသည် ဇာတိမည်၏ ဟု ဖွင့်ပြလေသည်။

ပရမတ္ထဓမ္မဖြစ်သော 'ရုပ်နာမ်ဟူသော သဘောတရားတို့ ဖြစ်ခြင်း' ရခြင်းသည် ဇာတိ၏ ဖြစ်ခြင်းရခြင်းဖြစ်သောကြောင့် စင်စစ် အားဖြင့် ရုပ်,နာမ်တို့၏ ဖောက်ပြန်မှု, သိမှုဖြစ်လာသည်ကစ၍ ဇာတိ ဟုခေါ်ဆိုကြောင်း ထိုဇာတိကစ၍ ဖြစ်လျှင် 'ဒုက္ခဝင် လာပြီ' ဟု ဟောတော်မူသည်။ အားလုံးသော လောကဒုက္ခမျိုးစုံ ရင်ဆိုင်ကိုယ် တွေ့ကြုံဖို့ ဇာတိက ဖြစ်ပေးသည်။ ဇာတိဖြစ်လာပုံကို ကြည့်ပါ –

ဇာတိ = ရှေးဦးစွာဖြစ်ခြင်း ၊

သဉ္ဇာတိ = ပြည့်စုံစွာဖြစ်ခြင်း ၊

ဩက္ကန္တိ = အမိဝမ်းတွင်းဝင်သကဲ့သို့ဖြစ်ခြင်း၊

အဘိနိဗ္ဗတ္တိ = ဘဝအသစ်၌ ကိုယ်ကောင်ထင်ရှားဖြစ်ခြင်း၊

ခန္ဓာနံပါတုဘာဝေါ = ခန္ဓာတစ်ပါး၊ ခန္ဓာလေးပါး၊ ခန္ဓာငါးပါး ထင်ရှားဖြစ်ခြင်း၊

အာယတနာနံ ပဋိလာဘော = မျက်စိအကြည်စသော အာယတနတို့ တစ်ဖန်ရခြင်း၊

စသည်ဖြင့် ဇာတိပုဒ်ကို အသေအချာ ဟောတော်မူသည်၊ ဇာတိ ဟူသော အဖြစ်သည် ဆင်းရဲလှသော သဘောပေတည်း။

## ပဋိသန္ဓေအခနေဆင်းရဲ

ထိုဖြစ်မှုဇာတိသည် အဘယ့်ကြောင့် (ဒုက္ခ) ဆင်းရဲမည်သနည်း ဆိုသော် များစွာ ကုန်သော ဆင်းရဲတို့၏ တည်ရာအဖြစ်ကြောင့် ဆင်းရဲ မည်၏။ ထိုဇာတိအဖြစ်ရသည်ရှိသော် ရင့်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ လောကတွင် ရှိသမျှ ဆင်းရဲတို့သည် ထိုဇာတိရှိသော သတ္တဝါအားသာလျှင် တွေ့ရှိရ၏၊ ကြုံရ၏၊ ဆုံရ၏၊ ခံစားရ၏၊ ဇာတိ ပဋိသန္ဓေနေရသည်မှာလည်း ချမ်းသာသည်မဟုတ် အလွန်ကြောက် လန့်စရာကောင်းကြောင်းကို (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၊ သမ္မောအဋ္ဌကထာ) တို့တွင် အကျယ်ပြထား၏။ ဤ၌ မချဲ့သာပြီ။ အကျဉ်းချုပ်မှာ –

'ဇာယေထ နော စေနရကေသုသတ္တော ၊ အစ၊ ဒုက္ခာတိ သဗ္ဗပဋ္ဌမံ ဣမမာဟဇာတိ'' အဆုံးရှိသော ၆ ဂါထာတို့ကို ဟောလေသည်။ အဓိပ္ပါယ်မှာ –

၁ – သတ္တဝါသည် ငရဲဘုံတို့၌ ဇာတိမဖြစ်ငြားအံ့ – ဤသို့ မဖြစ် သည်ရှိသော် ထိုအပါယ်ငရဲ၌ ငရဲမီးလောင်ခြင်း စသည်တို့ ကြောင့်ဖြစ်သော သည်းမခံနိုင်သော ဒုက္ခသည် အဘယ်မှာ ဖြစ်နိုင်အံ့နည်း၊ ပဋိသန္ဓေဖြစ်ခြင်း ဇာတိနှင့် ကင်း၍ ထိုဆင်းရဲ၏ တည်ရာသည် မရှိ၊ ထို့ကြောင့် ဤလောက၌ သဗ္ဗညုရှင်တော် ဘုရားသည် ပဋိသန္ဓေနေခြင်း ဇာတိရခြင်းကို ဆင်းရဲခြင်း၏ အကြောင်းရင်း, ဆင်းရဲ၏ တည်ရာဟူ၍ ဟောတော်မူသည်။

၂ – တိရိစ္ဆာန်ဘုံ၌ ကြိမ်လုံးနှင့် တံ–တုတ်တို့ဖြင့် ပုတ်ခတ်ခြင်း–ရိုက် နှက်ခြင်းစသည်တို့ကြောင့် ဖြစ်သော များစွာသော ဒုက္ခသည် ရှိ၏။ ထိုတိရိစ္ဆာန်ဘုံ၌ ပဋိသန္ဓေနေခြင်း ဇာတိအဖြစ်ကို ကြဉ်၍

ထိုဒုက္ခသည် အဘယ်မှာ ဖြစ်လေတော့အံ့နည်း – သို့ကြောင့်လည်း ပဋိသန္ဓေနေခြင်း ဇာတိဖြစ်ရခြင်းကို ဆင်းရဲဟူ၍ ဟောတော်မူသည်။

၃ – ပြိတ္တာဘုံ၌ အစာတော်မွတ်ခြင်း၊ ရေဆာလောင်ခြင်း၊ လေ နေပူ စသော များစွာသော ဒုက္ခသည်ရှိ၏။ ၎င်းပြင် အထူးထူး အထွေထွေဆန်းကြယ်၍ အံ့ဖွယ်သရဲ ဖြစ်သော ဆင်းရဲခြင်းသည် ထိုပြိတ္တာဘုံ၌ ပဋိသန္ဓေဇာတိမဖြစ်သော သတ္တဝါအားမရှိသည် သာတည်း၊ ထို့ကြောင့် မြတ်စွာဘုရားသည် ပဋိသန္ဓေဇာတိ ရခြင်းကို ဆင်းရဲခြင်းဟူ၍ ဟောတော်မူသည်။

၄ – လ – နေ – ပတ္တမြားရောင် – မီးရောင်စသော အရောင်မရှိခြင်းကြောင့် အလွန်ထူထပ်သော အမိုက်မှောင်အတိဖြစ်သော သည်းမခံနိုင်အောင် ကြောက်စရာချမ်းအေးလှစွာသော လောကန္တရိတ်၌၎င်း၊ အသူရကာယ်တို့၌၎င်း အမျိုးမျိုးသော ဆင်းရဲဒုက္ခသည်ရှိ၏။ ထိုလောကန္တရိတ် အသူရကာယ်ဘုံတို့၌ အကယ်၍ ပဋိသန္ဓေဇာတိမဖြစ်အံ့၊ ထိုဒုက္ခသည် မဖြစ်ရာ – ထို့ကြောင့်လည်း ဤဇာတိသည် ဒုက္ခမည်၏။

၅ – ဘင်ပုတ်ရေ၌ ကြာမြင့်စွာ နေရသကဲ့သို့ အမိဝမ်းတိုက်၌ကြာမြင့်စွာ နေရသည်လည်း ဖြစ်သော ထိုအမိဝမ်းတိုက်မှ ပြင်ပသို့ ထွက်ရသည်ဖြစ်သော သတ္တဝါသည် အလွန်ပြင်းပြကြမ်းကြုတ်သော ဆင်းရဲခြင်းသို့ ရောက်၏။ ဤဒုက္ခသည်လည်း ဇာတိကို ကင်း၍ မဖြစ်၊ ထို့ကြောင့်လည်း ဤဇာတိသည် ဒုက္ခမည်၏။

၆ – ဤစကားများစွာ အကျယ်အပွားဆိုသဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ဤလောကဝယ် အမှတ်မရှိသောအရပ်၌ ရှိရှိသမျှ အလုံးစုံသော ဆင်းရဲအပေါင်းသည်လည်း ပဋိသန္ဓေနေခြင်းကင်းလတ်

သော် တစ်ရံတစ်ဆစ်မျှ တစ်စုံတစ်ရာ မရှိရာသည်မဟုတ်လော၊ ထို့ကြောင့် မြတ်စွာဘုရားသည် အလုံးစုံသော ဆင်းရဲတို့၏ ရှေးဦးစွာ ဤဇာတိကို ဆင်းရဲ (ဒုက္ခ) ဟူ၍ ဟောတော်မူသည်။

မြတ်စွာဘုရားသည် သမ္မသသုတ်၌ ဟောတော်မူသည်ကား –

ချစ်သားတို့ – ဤခန္ဓာကို အတွင်းကျကျ သုံးသပ်သော ပုဂ္ဂိုလ်သည် လောက၌ အထူးထူး အပြားပြားအားဖြင့် များစွာသော အိုမှု၊ သေမှု ဟူသော ဤဆင်းရဲသည်ဖြစ်၏။ ယင်းဆင်းရဲသည် အဘယ်တရားလျှင် အကြောင်းရင်းရှိသနည်း – အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း။ အဘယ်တရားကြောင့် ဖြစ်သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်း၊ အဘယ်တရားရှိသော်ဇရာမရဏရှိသနည်း၊ အဘယ်တရားမရှိသော် ဇရာမရဏမရှိသနည်း ဟု အတွင်း၌ သုံးသပ်ခြင်းကို ပြုအပ်၏။

ယင်းသို့ သုံးသပ်သော ရဟန်းသည် အထူးထူး အပြားပြားအားဖြင့် များစွာသော အိုမှု သေမှုဟူသော ဤဆင်းရဲသည် ဇာတိဟူသော ဥပဓိကြောင့် ဖြစ်၏။ ဇာတိဟူသော ခန္ဓာဖြစ်မှု ဥပဓိလျှင်အကြောင်းရင်းရှိ၏။ ဥပဓိလျှင် အမွန်အစရှိ၏၊ ခန္ဓာဇာတိ ဟူသော ဥပဓိရှိလျှင် ဇရာမရဏ (ဒုက္ခ) ရှိ၏။ ခန္ဓာဇာတိ ဥပဓိမရှိလျှင် ဇရာမရဏ (ဒုက္ခ) မရှိဟု ဆို၏။ ထိုရဟန်းသည် ဇရာမရဏ (အိုမှုဒုက္ခ၊ သေမှုဒုက္ခကိုလည်း သိသည်၊ ထိုအိုမှုဒုက္ခသေမှုဒုက္ခတို့အကြောင်းကိုလည်း သိသည်၊ ထိုအိုမှုဒုက္ခ သေမှုဒုက္ခတို့၏ ချုပ်ရာကိုလည်း သိသည်။ ထိုအိုမှုဒုက္ခ သေမှုဒုက္ခတို့၏ ချုပ်ရာကို သိခြင်းငှါ လျောက်ပတ်သော အကျင့်ကိုလည်း သိသည်။ ထိုသို့သိသော အတိုင်းလည်း

ကျင့်၏၊ တရားသို့ အစဉ်လိုက်၍ ကျင့်လေ့ရှိ၏။ ချစ်သားတို့ ဤသို့ကျင့်သော ပုဂ္ဂိုလ်ကို အိုခြင်းသေခြင်းတို့ ချုပ်ခြင်းငှါ ဝဋ်ဆင်းရဲကုန်ခြင်းငှါ ကောင်းစွာ ကျင့်သူဟု ဆိုအပ်၏' ဟု မိန့်တော်မူသည်။

ဤ၌ ပဋိသန္ဓေဟူသော သံသရာ၏ အရင်းအမြစ် အမှန်အစ ဖြစ်သဖြင့် သံသရာဒုက္ခခန္ဓာ ဒုက္ခဖြစ်ရာ ပေါက်ပွားရာ ဖြစ်သောကြောင့် သစ္စာခဏ်းကို ဟောတော်မူရာတွင် (ဒုက္ခသစ္စာ) ဟု အရင်းအဂျဆုံးထား၍ ဟောတော်မူခြင်းဖြစ်လေသည်။

## ဇရာပိဒုက္ခာ

ဇာတိဟူသော ဖြစ်မှုရလာပြီးသော် – ရရှိခဲ့သည့် ခန္ဓာငါးပါး ရုပ်နာမ်တရားသည် ထင်ထင်ရှားရှားသော်၎င်း၊ မထင်မရှားသော်၎င်း နှစ်ပါးသော အခြင်းအရာအားဖြင့် တစ်ချိန်ထက်တစ်ချိန် ပျက ပြား ယိုယွင်း၍ ကိုယ်တွင်း ကိုယ်ပြင် တို့တွင် အဆင်းသဏ္ဌာန် တို့မှာ ယိုယွင်းရင့်ရော် ခဏာနော်မစဲ တသဲသဲ တလှုပ်လှုပ် တဖြုတ်ဖြုတ် တရွရွဖြင့် ရုပ်၏ ဇရာနာမ်၏ ဇရာဟု နှစ်ဖြာရင့်ကျက် ဖောက်ပြန် လျက်မို့ သေဖက်ရောက်အောင် ပို့ဆောင် ဆက်သွင်း အိုခြင်း၏ လက်တွင်းသို့ သက်ဆင်း၍ နေရသော ဤရုပ်နာမ် ခန္ဓာသည် '[illegible] ဘာနံပမိုပါကော' ဘုရား ဟောအရ ဒုက္ခသစ္စာ ဆင်းရဲစွာသည် သူသာစင်စစ် ဖြစ်ချေ၏။

ရင့်ရော်အိုမင်းခြင်း ဇရာတရားဟူသည် ဘဝအဖြစ် တစ်ခုရလာသော ထိုထိုသ[illegible]ဖွဲ့အစည်း အစုအပေါင်းအတွင်း –

| | |
|---|---|
| (ဇရာ) | – ရင့်ခြင်း |
| (ဇိရဏတာ) | – ရင့်ရော်မှုအခြင်းအရာ |
| (ခဏ္ဍိစ္စံ) | – သွားကျိုးခြင်း |
| (ပါလိစ္စံ) | – ဆံဖြူခြင်း |
| (ဝလိတ္တစတာ) | – အရေတွန့်ခြင်း |
| (အာယုနောသံဟာနိ) | – အသက်၏ ဆုတ်ယုတ်ခြင်း |
| (ဣန္ဒြိယာနံပရိပါကော) | – မျက်စိစသော ဣန္ဒြေတို့ |

ရင့်ခြင်း စသည်အားဖြင့် ရင့်ရော်ယိုယွင်း အိုမင်းခြင်း၏ သရုပ်ကို ဖော်ထုတ်ဟော ကြားတော်မူသည်။

ရင့်ကျက်စေတတ်သော ဇရာတရား နှိပ်စက်သည်ရှိသော် –

'ဒဟရကာလေ – ငယ်စဉ်အခါ၌၊ ဒန္တာ – သွားတို့သည်၊ သမသေတာ–အညီအမျှ ဖြူကုန်သည်၊ ဟောန္တိ – ဖြစ်ကုန်၏။ တေဒန္တာ – ထိုသွားတို့သည်၊ ဝယေ – အရွယ်သည်၊ ပရိပစ္စန္တေ – ကြီးရင့်သည်ရှိသော်၊ အနုက္ကမေန – အစဉ်အားဖြင့်၊ ဝဏ္ဏဝိကာရံ – အဆင်း၏ ဖောက်ပြန်ခြင်းသို့၊ အာပဇ္ဇိတွာ – ရောက်ကုန်၍၊ တသ္မိံ ဌာနေ – ထိုထိုအရပ် ဌာန၌၊ ပတန္တိ – ပြုတ်ကျကုန်၏'။

ဟူသော မဟာဝဂ္ဂဋ္ဌကထာ လာသောအတိုင်း မွေးလာသည်မှ တဖြည်းဖြည်း ရင့်ကျက်ရင့်ကျက်နေသော ရုပ်နာမ်တရားတို့၏ မခိုင်မမြဲသော ပြောင်းလဲမှုတို့ကို ပကတိမျက်စိဖြင့် အမှန်မြင်သည်မဟုတ်။ ရုပ်နာမ် ပရမတ်သဘောတရားဟူသည် ပကတိမျက်စိဖြင့် မြင်ရသည်မဟုတ်၊ ဉာဏ်နှင့်သာသိရမည့် အလုပ်ဖြစ်သောကြောင့် –

'န ဟိ ဇရာ စက္ခုဝိညေယျာ ဟောတိ'

'ဇရာ – ရင့်ခြင်းသဘောကို၊ စက္ခုဝိညာဉ်ယျာ – ပကတိမျက်စိဖြင့် မြင်နိုင်သည်။ နပေါတိ – 'မဖြစ်' ဆိုသော မဟာဝဂ္ဂဋ္ဌကထာ အဆိုအတိုင်း ရုပ်တို့၏ ရင့်မှု နာမ်တို့၏ ရင့်မှုကား – မျက်စိဖြင့် မြင်ရသည်မဟုတ်။ ဉာဏ်ဖြင့် ကြည့်မှ ဉာဏ်ဖြင့်ရှုမှ သဘောတရားပရမတ်တို့သည် သူ့ဟာသူ သူ့လမ်းကြောင်းသူသွား နေကြခြင်းသာ ဖြစ်သည်ကို ယုံကြည်စွာ နှင့် ဉာဏ်နှင့်သိနေရသော သဘောတို့သာတည်း။

ထိုရင့်ရော်ခြင်း၊ ယိုယွင်းခြင်း၊ အိုမင်းခြင်း၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း တို့သာ ကျန်ရှိတော့သည်။ အသက်ပိုင်းဆုတ်ယုတ် လာခြင်း၊ မျက်စိစသော ဣန္ဒြေတို့ ရင့်ကျက်လာခြင်းစသော သဘော တို့သည် ခန္ဓာဇာတိ ရရှိလာသော သတ္တဝါအားထိုခန္ဓာရအောင် ဖွဲ့စည်းတည်ထောင်လာသော ရုပ်တရားနာမ်တရားတို့၏ ပရမတ္ထ သဒ်တ လက္ခဏာ အားဖြင့် အတွင်းတွင်ပြောင်းလဲဖောက်ပြန်၍ ဖြစ်ပျက်သဘောတို့၏ နှိပ်စက်မှုကြောင့် –

'ဥဒယဗ္ဗယ ပဋိပီဠိတတ္တာ ဒုက္ခာတိ ဒုက္ခလက္ခဏံ
အာရော ပေတိ'

ဟူ၍ မူလပဏ္ဏာသဋ္ဌကထာတို့ မိန့်ဆိုတော်မူကြသော အတိုင်းဖြစ်ခြင်း၊ ပျက်ခြင်း တို့သည် မပြတ်မလပ်အတွင်း ကပ်၍ နှိပ်စက်ခံနေရသော သဘောကြောင့် 'ဒုက္ခ' ဟူသော ဆင်းရဲအမှန်ပင်ဖြစ်လေသည်။ ခန္ဓာကိုယ်အတွင်းတွင် မျက်စိဖြင့် မမြင်ရသော သဒ်တပရမတ်သဘောတို့၏ မရပ်မစဲ အမြဲမပြတ် နှိပ်စက်အပ်၏ဟူသည် – ပကတိမျက်စိဖြင့် မြင်ရသော အရာမဟုတ်ပဲ 'သမ္မာဒိဋ္ဌိ' ပရမတ်အမှန်ကို အမှန်အတိုင်း သိတတ် မြင်တတ်သော ဉာဏ်မျက်စိ၏

အရာသာဖြစ်ပေသောကြောင့် ထိုရင့်ရော် ပြောင်းလဲဖြစ်ပျက်နေသော သဘောကို ဝိပဿနာ ရှုရလေသည်။ အပြင်ပကတိမျက်စိနှင့် မြင်နေရသော သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ အရေတွန့်ခြင်း စသည်တို့ကား ပညတ်ဖြစ်၍ ဝိပဿနာ မရှုရပေ။

ဇာတိသည်လည်း ဂုဏ်နည်းအတိုင်းပင်ဖြစ်သည်။ ဇာတိနိဒ္ဒေသတွင် ဟောသော အချက်အလက်တို့တွင်လည်း ဇာတိဟူသည် ပဋိသန္ဓေနေခြင်းသာမညအားဖြင့် သိနေလျှင် ဝိပဿနာရှု၍မရပေ။ မြတ်စွာဘုရားသည် 'ပညတ် ပရမတ်' တစ်နည်း 'သမ္မုတိကထာ – ပရမတ္ထကထာ' အားဖြင့် အတွဲလိုက် အစုံလိုက် ဟောသည်တွင်–

'ဇာတိ – သဥ္ဇာတိ – ဩက္ကန္တိ – အဘိနိဗ္ဗတ္တိ ဣတိအယံ စတုဗ္ဗိဓာပိ သမ္မုတိ ကထာနာမ'

(သတိပဋ္ဌာန်အဋ္ဌကထာ – ၃၈၆)

'ဇာတိ – ရှေးဦးစွာဖြစ်ခြင်း၊ သဥ္ဇာတိ – ပြည့်စုံစွာဖြစ်ခြင်း၊ ဩက္ကန္တိ – အမိဝမ်းတွင်းဝင်သကဲ့သို့ ဖြစ်ခြင်း၊ အဘိနိဗ္ဗတ္တိ– ဘဝအသစ်၌ ကိုယ်ကောင်ထင်ရှား ဖြစ်ခြင်း၊ ဣတိ – ဤသို့၊ စတုဗ္ဗိဓာပိ – လေးပါးအပြားရှိသည်လည်းဖြစ်သော၊ အယံကထာ–ဤကထာ ဤစကားသည်၊ သမ္မုတိကထာနာမ – ပညတ်နှင့် ဟောသော သမ္မုတိကထာမည်၏။ ဂုဏ်းပြင် 'အယံတာဝသမ္မုတိ ကထာ' ဟူ၍လည်း 'သမ္မောအဋ္ဌကထာ' ကလည်း ဖော်ညွှန်းလိုက် သေး၏။ ထိုလေးမျိုးတို့သည် သမ္မုတိကထာ ပညတ်ဟောဖြစ်သော ကြောင့် ပရမတ်အာရုံ မဟုတ်ရကား – ဝိပဿနာရှု၍ မရပေ။ ဝိပဿနာ ရှုရသော ဇာတိကား –

'ခန္ဓာနံပါတုဘာဝေါတိ – အယံပနပရမတ္ထကထာ၊ ဧက ဝေါကာရဘာဝါဒီသုဧကစတုပဉ္စဘောဒါနံ ခန္ဓာနံ ယောဝ ပါတုဘာဝေါ – န ပုဂ္ဂလဿ'

(သတိပဋ္ဌာန်အဋ္ဌကထာ – ၃၈၆)

'ခန္ဓာနံပါတုဘာဝေါတိ – ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘောဟူသော၊ အယံကထာ – ဤကထာ ဤစကားသည်၊ ပရမတ္ထကထာ – ဝိပဿနာ ရှုအပ်သော ပရမတ္ထကထာမည်၏။ ဝါ – မဖောက်မပြန် ဟုတ်မှန်သော သဘောတရားကို ဆိုရာဆိုကြောင်း ဖြစ်သော စကားတည်း၊ ဧကဝေါ ကာရဘာဝါဒီသု – ဧကဝေါကာရဘဝ အစရှိသည့်တို့၌၊ ဧကစတုပဉ္စ ဘောဒါနံ – တစ်ပါးသော အပြား၊ လေးပါးသော အပြား၊ ငါးပါးသော အပြား ရှိကုန်သော၊ ခန္ဓာနံယောဝ – ခန္ဓာတို့၏ သာလျှင်၊ ပါတုဘာဝေါ – ထင်ရှားဖြစ်ခြင်းသည်၊ အတ္ထိ – ရှိ၏။ ပုဂ္ဂလဿ – ပုဂ္ဂိုလ်သတ္တဝါ၏၊ ပါတုဘာဝေါ – ထင်ရှားဖြစ်ခြင်းသည်၊ နအတ္ထိ – ရှိသည်မဟုတ်။

ခန္ဓာတစ်ပါး၊ ခန္ဓာလေးပါး၊ ခန္ဓာငါးပါး အာယတန စသည်များ၏ ဖြစ်ခြင်း ရင့်ခြင်း နာခြင်း သေခြင်း သဘောတရားတို့သည် အမှန်တရား ပရမတ်တို့ဖြစ်၍ ၎င်းပရမတ်သဘောတရားတို့၏ သွားရလမ်းကြောင်းအမှန်တို့ ဖြစ်သည်ကို မသိသော ပုဂ္ဂိုလ်သတ္တဝါ မိန်းမယောကျ်ား ထင်မှတ်မှားသော ပုထုဇ္ဇန်တို့အား –

'ဣဒါနိ ပရမတ္ထကထာ ဟောတိ၊ ခန္ဓာဧဝ ဟိ ပရမတ္ထတော ပါတုဘဝန္တိ၊ နသတ္တာ' (သမ္မော အဋ္ဌကထာ – ၈၀)

'ခန္ဓာတစ်ပါး–ခန္ဓာလေးပါး–ခန္ဓာငါးပါး၊ အာယတနများ သည်သာလျှင် ပရမတ်တို့ဖြစ်၍ ထင်ရှားကြသည်၊ အမှန်

တရားများဖြစ်၍ ဝိပဿနာရှုရသည်။ ခန္ဓာသဘာဝတို့သည် ၎င်းတို့ အမှန် တရားလမ်းကြောင်းအတိုင်းသာ - သဘာဝအတိုင်းဖြစ်ခြင်း ဖောက်ပြန် ပြောင်းလဲ တည်တံ့ခိုင်မြဲမှု မရှိသော သဘောတရား တို့သည် ၎င်းတို့၏ ပင်ကိုသဘာဝအတိုင်း အကြောင်း အထောက်အပံ့ မကင်းသော သဘောတရားတို့၏ သူတို့သူတို့၏ လက္ခဏာအတိုင်း တဖွားဖွား တစ်လှုပ်လှုပ်၊ တစ်သုတ်သုတ် - တစ်ရှူရှူနှင့် မရပ်မနား ရွေ့လျားဖြစ်ပေါ်နေခြင်းကို ပင်လျှင် အမှန်သဘာဝတို့၏ ပင်ကိုသဘာဝ အတိုင်း 'ရူပဿသမုဒယော' ဟု သူရဲ့သဘောတရားအမှန်ကို အမှန်အတိုင်း သိနေခြင်းသည် သစ္စာမျက်စိနှင့် ကြည့်က 'ဇာတိပိ ဒုက္ခာ' ဖြစ်လေသည်။ ပညတ်လောက က ပဋိသန္ဓေနေခြင်း၊ ကလေး မွေးခြင်းကို ဆိုသည်မဟုတ်။

## ဒုက္ခသစ္စာ ဉာဏ်ခန္ဓာ

မီးသည် လောင်စာကို နှိပ်စက်သကဲ့သို့၎င်း လက်နက်သည် ပစ်ကွင်းကို နှိပ်စက်သကဲ့သို့၎င်း၊ မှက်ခြင် စသည်တို့သည် နွားအပေါင်း ကို နှိပ်စက်သကဲ့သို့၎င်း၊ ကောက်ရိတ်သော သူသည် ကောက်ပင် ကို နှိပ်စက်သကဲ့သို့၎င်း၊ ခိုးသူ၊ တိုက်သူတို့သည် မြို့ရွာ နေသူတို့ကို နှိပ်စက် သကဲ့သို့၎င်း၊ ဇာတိအဖြစ် ဖြစ်လာရလာခြင်း သည် အစွဲအလန်း ကြောင့်ဖြစ်သော ခန္ဓာငါးပါးတို့ကိုသာလျှင် အထူးထူး အပြားပြား အားဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍ -

မြက်နွယ် စသည်တို့သည် မြေ၌ ဖြစ်ကုန်သကဲ့သို့၎င်း အညွန့်အပွင့် အသီး တို့သည် သစ်ပင်တို့၌ ဖြစ်ကုန် သကဲ့သို့၎င်း ဖြစ်ခြင်းဇာတိ၊ ရင့်ခြင်း ဇရာ၊ သေခြင်း မရဏ

တို့သည် အစွဲအလန်းကြောင့် ဖြစ်လာသော ဤရုပ်နာမ်ခန္ဓာ တို့၌သာလျှင် ဖြစ်ကုန်၏။

ဘဝ၌ဖြစ်ခြင်း ဇာတိသည်။ အစွဲအလန်းကြောင့်ဖြစ်သော ခန္ဓာတို့၏ – အစဆင်းရဲတည်း၊ ရင့်ခြင်း၊ အိုခြင်းသည် – အစွဲအလန်းကြောင့်ဖြစ်သော ခန္ဓာတို့၏ အလယ်ဆင်းရဲ တည်း၊ သေခြင်း၊ ပျက်ခြင်းသည် အစွဲအလန်းကြောင့် ဖြစ်သော ခန္ဓာတို့၏ အဆုံးဆင်းရဲတည်း – သေကာနီးဖြစ်သော ဆင်းရဲသည်၊ အလွန် နှိပ်စက်ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်းသည် – 'သောက' မည်၏။ ထိုသေဝပါးနီး အားကြီးသော ဆင်းရဲကို သည်းမခံနိုင်ခြင်းကြောင့် အမျိုးမျိုး ယောင်ရမ်း မြည်တမ်းခြင်း ဟူသော ဆင်းရဲသည်ကား 'ပရိဒေဝ' မည်၏။ ထိုပရိဒေဝထက် အလွန်အမင်း ခန္ဓာကိုယ်၌ အမျိုးမျိုး အဖုံဖုံ ဆင်းရဲပေါင်းစုကို တိုက်တွေ့နှိပ်စက်ခြင်းဖြင့် ကိုယ်၏ နာကျင်ခြင်း ဆင်းရဲသည် 'ဒုက္ခ'မည်၏။ ထိုသို့ ကိုယ်ဆင်းရဲခြင်းသည် နှိပ်စက်အပ်ကုန်သော ပုထုဇ္ဇန်တို့အား ထိုကာယိက ဒုက္ခ၌ စိတ်ဆင်းရဲ မှုကြောင့် စိတ်၏ နာကျင်ခြင်း ဒုက္ခသည် 'ဒေါမနဿ' မည်၏။ သောကစသော တရားတို့သည် ပြင်းထန်စွာ နာကျင်ကုန်သော သူတို့၏ ခန္ဓာအတွင်း၌ ပြင်စွာ ပူပန်ခြင်းဆင်းရဲသည် 'ဉပါယာသ' မည်၏။

စိတ်အလိုမပြည့်ကုန်သော သူတို့အား၊ မိမိတို့ အလိုရှိအပ်သော ဆန္ဒမပြည့်ခြင်းကြောင့်ဖြစ်သော ဆင်းရဲသည်။ 'ယမ္ပိစ္ဆံ န လဘတိ' မည်၏။ ဤသို့ အထူးထူးအပြားပြားအားဖြင့် ဉာဏ်နှင့် ရှုးစမ်းဆင်ခြင် အပ်ကုန်သည်ရှိသော် အားလုံးသော ဆင်းရဲတို့၏ အရင်းခံ အခြေခံဖြစ်သော အစွဲအလန်းကြောင့်ဖြစ်သော ခန္ဓာ တို့သည် သာလျှင် 'ဆင်းရဲအစစ်ပင်ရင်းဖြစ်၏' ဟု မှတ်အပ်၏။

အကြင်အကြင်ဒုက္ခကို တစ်ပါးစီ – တစ်ခုစီပြ၍ ဟောတော်မူ အပ်သည်ရှိသော် များစွာသော ကပ်ကမ္ဘာ တို့ ပတ်လုံး အကြွင်း အကျန် မရှိသောအားဖြင့် ဟောပြခြင်းငှါ မတတ်ကောင်းပေ။

ထို့ကြောင့် အလုံးစုံရှိရှိသမျှ ဆင်းရဲအပေါင်းကို ပင်လယ် သမုဒ္ဒရာ ရေတစ်စက် တစ်ပေါက်၌ အလုံးစုံသော သမုဒ္ဒရာရေ၏ ငန်သော အရသာကို ချုံးချပြသကဲ့သို့ အကြင်အမှတ်မရှိသော ငါးပါးသော အစွဲအလန်းကြောင့်ဖြစ်သော ရုပ်နာမ်ခန္ဓာတို့၌ 'အလုံးစုံသော ဆင်းရဲ ဒုက္ခသည်လည်း ဤသို့သဘောသာတည်း' ဟု အကျဉ်းချုံးကာ စုရုံး၍ ပြခြင်းငှါ – 'သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ' ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူလေပြီ။

(ဤကား–သမ္မော – ဝိသုဒ္ဓိမဂ် – ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ တို့၌လာသော အဓိပ္ပါယ်တည်း)

'နတ္ထိခန္ဓသမာဒုက္ခာ' ဟု ဟောတော်မူသော ပါဠိအရ 'ဤခန္ဓာ ငါးပါးနှင့်တူသော ဆင်းရဲသည်မရှိ' ဟူ၍ဇင်း၊ 'ပုဗ္ဗေစာဟံ အနုရာဓ ဧတရဟိစ ဒုက္ခဉ္စေဝ ပညပေမိ၊ ဒုက္ခဿစ နိရောဓံ' ဟု အနုရာဓ ရဟန်းအား 'ခန္ဓာငါးပါး၌ သတ္တဝါ ပုဂ္ဂိုလ် မရအပ်ပုံ မရှိပုံကို သရုပ်နှင့် တကွ ခွဲခြားပြပြီး ဟောတော်မူလျက် 'ငါသည် ခန္ဓာငါးပါးတို့ကို ဆင်းရဲသာဖြစ်၍ ဆင်းရဲသာချုပ်၏ဟူ၍ ရှေးကလည်း ဟောခဲ့ပြီ။ ယခုလည်း ဤအတိုင်းပင်ဟောသည်' ဟု ညွှန်ပြတော်မူသည်။ ဇင်းပြင် 'ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ'

'ဖြစ်ခွင့်ရှိ၍ ဖြစ်လျှင် ဆင်းရဲသာဖြစ်၍၊ ချုပ်ခွင့်ရှိ၍ ချုပ်ရလျှင် ဆင်းရဲသာချုပ်သည်' ဟု ကစ္စာန ဝေါဒ္ဒသုတ်တွင် ဟောတော်မူလျက် ရှိသည်။

သံသရာတွင် ခန္ဓာငါးပါးတို့ အဆက်မပြတ်ဖြစ်နေခြင်းသည် ဒုက္ခ သံသရာဖြစ်နေခြင်း၊ လည်နေခြင်းဖြစ်သည်ကို ဟောတော်မူထားသည်၊ ထို့အပြင် –

'ယောဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံသော အဘိနန္ဒတိ၊'

'ချစ်သားတို့အကြင်သူသည် ရူပက္ခန္ဓာကို တွယ်တာနှစ်သက်၏၊

ထိုသူသည် (ဒုက္ခကို) နှစ်သက်သည်။ တွယ်တာသည်မည်၏' ဟု ခန္ဓဝဂ္ဂ – အဘိနန္ဒနသုတ်တွင် ဟောသည်။ သို့ဖြင့် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် သုတ်ပေါင်း (၇၀၀) ကျော်သည် ခန္ဓာငါးပါးနှင့် စပ်သော ခန္ဓာ ငါးပါး၏ ဒုက္ခဖြစ်ပုံ၊ လွတ်မြောက်ပုံ စသည်တို့ကို ဟောထား၏။ အခြားသော ပါဠိတော်များတွင်လည်း သံသရာလည်မှု ဒုက္ခ၏ အရင်းခံ လက်သည်ကို ညွှန်ပြဟောကြားပါလျှင် ခန္ဓာငါးပါးကို သာလျှင် အရင်းကျကျ ညွှန်ပြတော်မူသည်။

ကျွန်ုပ်တို့ တရားအားထုတ်သည်ဆိုရာ၌ – မိမိတို့ လက်ရှိ ရယူထားသော ခန္ဓာ၏ ပင်ကိုသဘာဝ အရှိကိုသာ အမှန်အတိုင်း သိရန် ယုံကြည်မှု ရရှိခိုင်မာရန်သာ ရှုကြည့်လေ့လာရသော လုပ်ငန်း ဖြစ်ရာ မိမိခန္ဓာ၏ ပင်ရင်းအမှန်တရားကို မှန်ကန်သော အသိဉာဏ် ဖြင့် အပိုင်အနိုင် အပြတ်အသတ် သိအောင် လေ့ကျင့်အားထုတ်က ခန္ဓာဇာတ်သိမ်း ဒုက္ခခပ်သိမ်းချုပ်ပြတ်ငြိမ်းသော နိဗ္ဗာန်အတွက် ခန္ဓာ လေ့ကျင့်မှုကလွဲ၍ အခြားပြုလုပ်ဖွယ်မရှိပေ။

## သက္ကာယဒိဋ္ဌိ

ကျွန်ုပ်တို့ဘဝတိုင်း ဘဝတိုင်း ခန္ဓာရမှု ခန္ဓာကောင်းစားမှု၊ ခန္ဓာချမ်းသာ မှုတို့ကိုသာ ရအောင်ဖြစ်အောင် ရှာဖွေသည်။ လုပ်ဆောင်သည်။ အမျိုးမျိုး လုပ်ဆောင်ဖန်တီးမှု အားလုံးသည် ဒုက္ခချည်း ဖြစ်ရသည်။ ဒုက္ခဖြစ်အောင် ဖန်တီးနေသည်ဟုပင် ကျွန်ုပ်တို့ မသိခဲ့၊ ကံပါရမီ အားလျော်စွာ ဤဘုရားသာသနာတော်နှင့် တွေ့၍ ပါရမီတိုက်တွန်း မှုကြောင့် ခန္ဓာအကြောင်း သံသရာအကြောင်း နာရကြားရပြီး စိတ်ဝင်စားမှုဖြစ်၍ လေ့လာမိမှ မိမိတို့၏ သံသရာ လည်ရဒုက္ခဖြစ်ရ သည်မှာ ကိုယ်ရသော ခန္ဓာသည် 'ဘာ' ဟူ၍ မသိသော အပြစ်ကို တွေ့လာရသည်။ မြတ်စွာဘုရား၏ 'သံသရာ အစ မသိမှု အဝိဇ္ဇာက' ကို ရိပ်မိလာသည်။ မြတ်စွာဘုရားသည် သာဝကတို့ လွယ်ကူစွာ သိနိုင်ရန် –

'သမာဓိံ ဘိက္ခဝေ သာဝေထ'

'ချစ်သားတို့ – စိတ်အသိကို ငြိမ်ငြိမ်သက်သက်ဖြစ်အောင် ထားကြည့်ကြ –

'သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ'

'ချစ်သားတို့ စိတ်ငြိမ်သက်စွာ ထားနိုင်သော ယောဂီသည် မိမိခန္ဓာကိုယ်၏ အမှန်သဘာဝကို အမှန်အတိုင်း သိ၏'

'ကိဉ္စ ယထာဘူတံ ပဇာနာတိ'

'မိမိခန္ဓာ၌ သိရမည့်အမှန် သဘာဝသည် ဘာတွေလဲ'

'ရူပဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ၊ ဝေဒနာ–သညာ–သင်္ခါရ ဝိညာဏဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ'

'ဖောက်ပြန်မှုတို့၏ ဖြစ်ခြင်း – ချုပ်ခြင်း၊ ခံစားမှု၏၊

မှတ်မှု၏၊ ပြုပြင်မှုတို့၏၊ သိမှု၏ ဖြစ်ခြင်း ချုပ်ခြင်းတို့ဖြစ်၏'

(ဤကား ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် သမာဓိသုတ် (၁၂) အရ ဖြစ်သည်)

မြတ်စွာဘုရားသည် သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ထွက်မြောက် မည့် ဝေနေယျသတ္တဝါအား ထိုသတ္တဝါ သိလောက်သော ဉာဏ်မီမည့် လိုရင်းသဘောတရားကို အတိုအကျဉ်းဖြင့် သိစေတော်မူသည်၊ ရှေးဦးစွာ 'မိမိတို့၏ သိတတ်သော စိတ်ကို ငြိမ်သက်စွာထားပါ' ဆိုသည်မှာ ကျွန်ုပ်တို့၏ မူလပင်ကိုယ် စိတ်သည် အိပ်နေသော အချိန်မှတစ်ပါး အပြင်အာရုံ တစ်ခုခုနှင့် နေသည်။

ဥပမာ မြင်စရာတစ်ခုကို မြင်ရာ၌ မြင်သိစိတ်ဖြစ်၍ ထို ရူပါရုံ အမြင်အာရုံတွင် အပြင်ရောက်နေသည်။ ထို့အတူ – ကြားသိ – နံသိ – စားသိ – ထိသိ – ကြံသိ – အပြင်ရောက်စရာ – အာရုံခြောက်ပါး အပြင်သိ ၆ မျိုး တစ်မျိုးမျိုး ဖြစ်နေကျအတိုင်း တစ်မျိုးပြီးတစ်မျိုး အလှည့်အပြောင်းများစွာနှင့် ကျွန်ုပ်တို့ စိတ်ဖြစ်နေ၍ မိမိတို့၏ ခန္ဓာ သဘာဝကို အမှန်မသိပေ။ ထိုသဘောကို သိ၍ ညွှန်ပြသော မြတ်စွာ ဘုရားသည် –

'ချစ်သားတို့ မိမိတို့၏ အပြင်အာရုံ အမျိုးမျိုးသို့ အာရုံ အနေသွား ရောက်တတ်သော စိတ်ကို အပြင်အာရုံသို့ မရောက်စေပဲ – မိမိကိုယ်ထဲမှာသာ ထားနိုင်လျှင် ပင်ကိုယ်ကသိတတ်သော စိတ်သည် ခန္ဓာ၏ အရှိတရား အမှန်တရား တို့ကို ရှိသည့်အတိုင်း မှန်သည့်အတိုင်း သိပါလိမ့်မည်။ သိရမည့် အမှန်တရား တို့ဟူသည် – အဘယ်နည်းဆိုသော် (ရူပက္ခန္ဓာ) ဖောက်ပြန်မှု၏

ဖြစ်ခြင်းချုပ်ခြင်း။ (ဝေဒနာက္ခန္ဓာ) ခံစားမှု၏ ဖြစ်ခြင်းချုပ်ခြင်း၊ (သညာက္ခန္ဓာ) မှတ်မှု၏ ဖြစ်ခြင်း ချုပ်ခြင်း၊ (သင်္ခါရက္ခန္ဓာ) ပြုပြင်မှု၏ ဖြစ်ခြင်း ချုပ်ခြင်း၊ (ဝိညာဏက္ခန္ဓာ) သိမှု၏ ဖြစ်ခြင်းချုပ်ခြင်းတို့တည်း'

ဤသည်မှာ – ခန္ဓာ၏ သဘောတရားအမှန်သည် အမှန်ရှိနေပါလျက် ၎င်းကို သိတတ်သော ကျွန်ုပ်တို့၏ အသိသည် ခန္ဓာကိုယ်အပြင်ဖက် အာရုံအမျိုးမျိုးသို့ ရောက်ရှိနေသောကြောင့်သာ ခန္ဓာ၏ပင်ကိုယ်သဘာဝအမှန်ကို အမှန်အတိုင်း မသိပဲ ဖြစ်နေရာ မြတ်စွာဘုရား၏ လမ်းညွှန်ချက်အရ ကျွန်ုပ်တို့၏ စိတ် – ခန္ဓာတွင်း နေရန်သတိထားလိုက်သည်နှင့် –

'ဖောက်ပြန်မှုတို့ – ဖောက်ပြန်နေသည် – ပျက်နေသည်'
'ခံစားမှုတို့ – ခံစားသည် ပျက်သည်'
'မှတ်သားမှုတို့ – မှတ်သည် ပျက်သည်'
'ပြုပြင်မှုတို့ – ပြုပြင်နေသည် ပျက်သည်'
'သိမှုတို့ – သိနေသည် ပျက်သည်'

ခန္ဓာတွင် တွေ့သိရမည့် သဘာဝတရားအားလုံးဖြစ်သည်။ လေ့လာ လေ့ကျင့်သူသည် သဘာဝအရှိတစ်မျိုးမျိုးကိုသာ မိမိသဘော ပေါက်သည့် တရားကိုသိပါ – ဤတရားတို့သည် ခန္ဓာ၏အရှိတရား များဖြစ်သည်။ မည်သူတစ်စုံတစ်ဦးက လုပ်ကြံဖန်တီးသော တရားများမဟုတ် – မြတ်စွာဘုရားသည်ပင် – အပြင်ဖက်က ယူပြသော တရားမဟုတ် ခန္ဓာ၏ ပင်ရင်းသဘာဝတို့ဖြစ်၍ ကိုယ့်ဉာဏ်နှင့်ကို သိရန်အတွက် ကျွန်ုပ်တို့အတွက် သိရမှတ်ရလွယ်သော ရူပက္ခန္ဓာ၏ မငြိမ်မသက်သော ဖောက်ပြန် ပြောင်းလဲ

ရွေ့လျားနေမှုကို ရှု၍၊ ကြည့်၍၊ 'ဖောက်ပြန်မှုကို တွေ့၍ – ဖောက်ပြန်နေတယ်' ဟု သိ၍။

ထိုနည်းအတူ (ဝေဒနာက္ခန္ဓာ) ခံစားမှုရှုသူတွေလည်း ဤနည်းအတိုင်း ခန္ဓာ၏ ပင်ကိုယ်သဘာဝ အရှိကိုသာ အရှိအတိုင်း သိနေရန် သတိထားနေရသဖြင့် 'သတိပဋ္ဌာန်လုပ်ငန်း' ဟုခေါ်ပါသည်။ ဤသို့ ကျွန်ုပ်တို့ ခန္ဓာသည် နည်းမျိုးစုံနှင့် ဖောက်ပြန်နေသည်ကို ကိုယ်တိုင်ပင် မိမိရရ သိနေရသည်။ များလာသောအခါ 'ဖြစ်ပေါ်လာသော ဖောက်ပြန်မှုသဘောတရားတို့၏ ချုပ်ပျောက်ပျက်ဆုံးသွားမှုတို့ကို တွေ့လာသိလာပါလိမ့်မည် လက်တွေ့ကျကျ လေ့လာကြည့်ပါ။ မြတ်စွာ ဘုရား၏ လမ်းညွှန်ချက်သည် ဤမျှသာဖြစ်သည်။ ဤသည်ကိုသာ 'ဘာဝိတာ၊ ဗဟုလီကတာ' ပြုလုပ်လေ့ကျင့်ဖို့ လိုသည်။ ကျွန်ုပ်တို့မှာ ဤအချက်ချွတ်ယွင်းနေသည်။ ဝိပဿနာတရားသည် 'ခန္ဓာကို ကြည့် အရှိအတိုင်းသိ' ဤသဘောကိုသာ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ သိဖို့သာ ဖြစ်သည်။ မြတ်စွာဘုရားသည် –

'ဇဝံပဿံ ဘိက္ခဝေ သုတဝါအရိယသာဝကော
ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ'

တရားကား ဤအတိုင်း – 'ချစ်သားတို့ ခန္ဓာသဘာဝတရားတို့ကို ဖြစ်လာပြီးလျှင် ချုပ်ပျက်ကြကြောင်း အရိယာတို့၏ တရား၌ အသိအမြင်ရှိသော ယောဂီသည် ဖောက်ပြန်မှုသဘောတရားတို့ကို ကြိမ်ဖန်များစွာ ရှုသိနေရသည့်အတွက် ထိုဖောက်ပြန်မှုသဘောတရားစု၌ ငြီးငွေ့လာ၍။ ငြီးငွေ့ခြင်းဆက်ကာဆက်ကာ ဖြစ်၍လာသော် ထိုဖောက်ပြန်မှု၌

တွယ်တာမှုကင်းလာ၏။ အတွယ်အတာကင်းလာသော
ထိုအသိဖြင့် ထပ်ကာထပ်ကာ သိလေသော် – ထိုအသိ
ထိုဉာဏ်သည် ကိလေသာမှ လွတ်၏။”

ရိုးလွန်း၊ ရှင်းလွန်း၊ စင်းလွန်း၊ လွယ်လွန်း သောတရားဖြစ်၏။ သို့ဖြစ်၍ တိုအတိုင်းရှုသော ကျွန်ုပ်တို့ ကိလေသာမှ လွတ်ပါပြီလား ဟု မေးလေက ကျွန်ုပ်တို့အတွက် အဖြေပေးရန် ခက်ပါသည်။ တရားက လွယ်သည်၊ ရှင်းသည် မှန်၏။ ‘ဘာဝိတာ ဗဟုလီကတာ’ ကျွန်ုပ်တို့၏ ချွတ်ယွင်းချက်ကို ကျွန်ုပ်တို့ မြင်ပါသည်။ မြတ်စွာဘုရားသည် ဤခန္ဓာ၏ သဘာဝအရှိကို –

‘နာမဉ္စ ရူပဉ္စ ဣဓတ္ထိသစ္စတော’
‘ဤခန္ဓာတွင် အမှန်ရှိသည်ကား သိသဘော ဖောက်ပြန်
သဘော သာရှိသည်။’

ဟု ညွှန်ပြသောအတိုင်း ‘ကြိမ်ဖန်များစွာသာ ပွားများဖို့သာ’ ဖြစ်ပါသည်။ ကြိမ်ဖန်များစွာ ပွားများမှုသည် မဂ်, ဖိုလ်, နိဗ္ဗာန် အဆင့်ဆင့် ရရန်ဖြစ်သည်။ အဓိကဖြစ်သည်ကို ကျွန်ုပ်တို့ ချွတ်ယွင်းနေသည်။ ယင်းသို့ ခန္ဓာအရှိ ဖောက်ပြန်မှုသဘောတရားတို့၏ ဖြစ်ခြင်းချုပ်ခြင်း သဘောတရားတို့ကို ကြိမ်ဖန်များစွာ ရှုသိသဖြင့် ဤခန္ဓာသည် တည်တံ့ခိုင်မာမှု မရှိသော ရွေ့လျားပျက်စီးနေသော သဘောတရား တို့သာ ဖြစ်ရှိနေသော သဘောတရားစုဟူ၍ ခိုင်ခိုင်မာမာ ယုံကြည် ချက်ရပါက တစ်သံသရာလုံး စွဲယူလာခဲ့သော ငါကောင်သူကောင် မိန်းမ ယောကျ်ားယူစွဲမှားခဲ့သော သက္ကာယဒိဋ္ဌိ, အကောင်အထည် အခိုင်အမာဟု စွဲမှားခဲ့သော အတ္တဒိဋ္ဌိ –ဟူသည့် အဓိက ကိလေသာ

မှစ၍ အဆင့်ဆင့်ပြုတ်ပြီး ခန္ဓာဇာတ်သိမ်း ဒုက္ခသံသရာ ချုပ်ငြိမ်းသွားရသည်မှာ 'ဤဘာဝိတာ ဟူသော ထပ်ကာထပ်ကာ ပွားများမှု, ဗဟုလီကတာ ဟူသော အကြိမ်ကြိမ် အဖန်ဖန်လေ့ကျင့်အားထုတ်မှု သည် အဓိက လိုအပ်ချက်ဖြစ်သည့်အတိုင်း –

ပဋ္ဌမ – ဤခန္ဓာသည် ဖောက်ပြန်မှုသဘောတရားတို့၏ ဖြစ်ခြင်းချုပ်ခြင်းကို ခိုင်ခိုင်မာမာ ယုံကြည်မှုရရန် –

ဒုတိယ – ထိုယုံကြည်မှု ရထားသော ဖောက်ပြန်မှုသဘော ဖြစ်ခြင်း ချုပ်ခြင်းတို့ကို ထပ်ကာထပ်ကာ ကြိမ်ဖန်များစွာ လေ့ကျင့်အားထုတ်ပါက မိမိသိရှိသော ဉာဏ်၏ အတိုင်းအတာ အရ လွတ်မြောက်မှု အဆင့်ဆင့်ရမည်ကို သဘောပေါက် ရှုပွားနိုင်ကြပါစေသတည်း။

မိမိ၏ ခန္ဓာဒုက္ခသံသရာ ဒုက္ခကို မိမိခန္ဓာရှိ အမှန်တရားတို့ကို မိမိ၏ မှန်ကန်သော မဂ္ဂင်ဉာဏ်အသိဖြင့် ကယ်တင်နိုင်ကြပါစေ။

ဆရာကြီး ဦးကြည်
သစ္စာဒီပက ကမ္မဋ္ဌာနာစရိယ
ရန်ကုန်

# နိဂုံးချုပ်

ဤမျှဖြင့် ကျွန်ုပ်တို့သည် ဦးကျော်ဦး၏ ကိုယ်တိုင်လေ့လာလေ့ကျင့်မှုကြောင့် ရလာသော သဒ္ဓါတရား၊ စေတနာ မေတ္တာတို့ ပေါင်းစု၍ အခြားသော ဗုဒ္ဓသာသနာဝင်ရဟန်းရှင်လူ မည်သို့သော ဝေနေယျပုဂ္ဂိုလ်မဆို လွယ်ကူသော သတိပဋ္ဌာန်နည်းဖြင့် လေ့ကျင့်အားထုတ်ကြခြင်းဖြင့် အသိဉာဏ်အားလျော်စွာ အသိပညာဖြစ်ကာ မြတ်စွာဘုရား၏ လမ်းညွှန်မိန့်ကြားတော်မူသော သတိပဋ္ဌာန် တရားတော်လုပ်ငန်းကို စာအုပ်ရိုက်၍ ပေးလှူလိုပါသည်။ ဆရာရေးသားချီးမြှင့်ပေးပါရန် လေးလေးစားစား တောင်းပန်လာမှုကြောင့် -

ကျွန်ုပ်၏ ပဓာနလုပ်ငန်းများအကြားတွင် တတ်နိုင်သမျှ အချိန်ယူ၍ ဦးကျော်ဦး၏ စေတနာ ထက်သန်မှုကိုဂရုမ်း သာသနာတော်နောက်ပိုင်း အသိဉာဏ်အားနည်းကြသော သူတို့အတွက်ဂရုမ်း မြော်မြင်၍ နက်နဲသိမ်မွေ့လှသော ဗုဒ္ဓဘုရား၏ ဒေသနာတော် လမ်းညွှန်ချက်များကို လေ့လာ၍ လုပ်ငန်းလက်တွေ့အားထုတ်လေ့ကျင့်မှုတို့ကို စွမ်းနိုင်သမျှ လေ့ကျင့်အားထုတ်၍ ရလာသိလာသော သဘောတရားတို့ကို သက်ကြီးရွယ်အို ပုဂ္ဂိုလ်များနှင့် စာပေပရိယတ် အားနည်းကြသော ပုဂ္ဂိုလ်တို့ပါ လေ့လာအားထုတ်နိုင်ကြစေရန် ဒေသနာတော်ကို အကျဉ်းချုပ်က အရှုခံခန္ဓာငါးပါး ရုပ်နာမ်ပရမတ်တရားနှင့် ရှုဉာဏ်မဂ္ဂင်တို့သာ လိုအပ်ရကား -

- ခန္ဓာ ပင်ကိုယ်သည် မူလစတင်ဖွဲ့စည်းစဉ်ကပင် ပရမတ်အမှန်တရား ဖြစ်၍ ခန္ဓာကို မိမိတို့မည်သို့မှ ပြုလုပ်ဖန်တီးစရာမလိုပေ။

– ရှုဉာဏ် သည် အရှုခံခန္ဓာ၏ ပင်ကိုယ်သဘာဝအမှန်ကိုသာ အမှန်အတိုင်း သိရန်ဖြစ်၍ မိမိတို့က မည်သို့မျှ ကြံစည်စိတ်ကူး စရာမလိုပေ။

'သင်္ခါရာဝသင်္ခါရာဝိပဿန္တိ' ဟူသော ဝိသုဒ္ဓိမဂ်အရ ရုပ်နာမ် သင်္ခါရတို့ကို ဉာဏ်သင်္ခါရ ကရှုရသိရသည်ဖြစ်ရာ မြတ်စွာဘုရား ကလည်း –

– 'ဘူတံ ဘူတ တောပဿတိ' ခန္ဓာအရှိကို ရှိသည့်အတိုင်း ရှု၊ ညွှန်ထားသည်တို့ကို အတိုအကျဉ်းနှင့် နားလည်စေတော်မူ လိုသော မြတ်စွာဘုရား၏ ဆန္ဒတော်အရ မိမိဉာဏ်မီသမျှ လေ့လာ၍ လှူဒါန်းလိုသူ ဦးကျော်ဦး၏ စေတနာအတိုင်း ဖော်ပြ ရေးသားအပ်သည်ဖြစ်ပါကြောင်း ဤစာအုပ်ကို လက်ဝယ်ရရှိသူ တို့သည် သံသရာပြတ်ရေး မိမိတို့ အကျိုးအတွက် လှူဒါန်းသူ ဦးကျော်ဦး၏ မေတ္တာ စေတနာအတိုင်း လေ့လာလေ့ကျင့်၍ သာသနာတော်အကျိုးပွားတိုးစည်ပင်အောင် စွမ်းဆောင်နိုင် ကြပါစေ။

ဆရာကြီးဦးကြည် ( ရေးသားသူ ) | ဦးကျော်ဦး ( လှူဒါန်းသူ )

